စာပေခရီးသွားများ လူငယ်စာစဉ် - ၅

# ရောက်တဲ့နေရာမှာ ရပ်နေမှာလား


အောင်သင်း

သကျနွယ်(ရွှေပင်လယ်)

ခင်စောတင့်

ကိုရိုးကွန့်

ဦးတင်ဦး(ကျူရှင်)

ချစ်နိုင်(စိတ်ပညာ)

ခင်လန်းဆန်း

မောင်ကိုကို(အမရပူရ)

တင်နိုင်တိုး

ဒေါက်တာခင်ဇော်လွင်(သုခချမ်းသာ)

မောင်လွင်မွန်(ကသာ)

ရွှေစကား

မောင်ခင်မင်(ဓနုဖြူ)

ဒေါက်တာခင်မောင်ညို

မောင်သိန်းလွင်

လင်္ကာရည်ကျော်

မြနှောင်းညို

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

မြေလတ်မောင်မြင့်သူ

အဖြူရောင်(ရွှေ)

မင်းချမ်းမွန်

နှင်းဆီအောင်

ခင်မြစိမ်း(ပညာရေး)


လူငယ်အကျိုးပြုစာပေစုစည်းမှု

## တို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — တို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — တို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — တို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်ပေါက်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တာပေခရီးသွားများ လူငယ်စာစဉ် - ၅

# ရောက်တဲ့နေရာမှာ ရပ်နေမှာလား

လူငယ်အကျိုးပြုစာပေစုစည်းမှု

**စိစဉ်ဖန်တီး - (ရွှေစကား) စာပေခရီးသွားများ**

ထုတ်ဝေသူ - ဦးသိန်းလွင် (၀၄၁၃၇-မြ)၊
ရွှေဟသာ်စာပေ၊
၂၆၃၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးဝင်းလွင် (၀၅၃၆၆-မြ)၊
ရွှေဟသာ်ပုံနှိပ်တိုက်၊
၃၁၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

အတွင်းဖလင် - AZ

မျက်နှာဖုံးဖလင်၊ မျက်နှာဖုံးပုံနှိပ် - STARS

ကွန်ပျူတာစာစီ - Dream City

စာအုပ်ချုပ် - ကိုမြင့်

အုပ်ရေ - ၅၀၀

တန်ဖိုး - **၂၅၀၀ ကျပ်**

**ဖြန့်ချိရေး - စာပေခရီးသွားများ**
**ဖုန်း - ၀၉ ၅၄၀ ၃၃၆၉၊**
**၀၉ ၅၄၁ ၅၃၀၉**

[illegible]

၈၉၅.၈၃

ဘလောင်စုံ
ရောက်တဲ့နေရာမှာရပ်နေမှာလား /ကလောင်စုံ။
-- ရန်ကုန်၊ ရွှေဟသာ်စာပေ၊ ပထမအကြိမ်၊ ၂၀၁၂။
၁၉၉ - စာ၊ ၁၃.၅ စင်တီမီတာ × ၂၁ စင်တီမီတာ။
(၁) ရောက်တဲ့နေရာမှာရပ်နေမှာလား

ISBN 978-99971-0-007-8

# မာတိကာ


- ရည်ညွှန်းစကား
- ကျေးဇူးဖော်ကွန်း

၁။ ဇေအောင်သင်း — သင်ရောက်သည့်နေရာမှာ ရပ်နေရည်လား ၁၁

၂။ မောင်ခင်မင် (ဓနုဖြူ) — အရပ် အလျား အနေး အမြင့် ၁၅

၃။ သတကျွန်တယ် (ရွှေဖင်လာယ်) — ဟန်ချက်ညီသော ခြေလှမ်းတို့ဖြင့် ၂၀

၄။ ဒေါက်တာခင်မောင်ညို — မတူကွဲပြားခြားနားခြင်းတို့၏ စွမ်းအားများ ၃၀

၅။ ခင်မောတင့် — ရောက်တဲ့နေရာမှာ ရပ်မနေသူတစ်ဦး ၃၇

၆။ မောင်သိန်းလွင် — ရွက်လွှင့် ရှေ့ဆက် ခရီးဆက် ၄၈

၇။ တိုရိုးတွန်း — အမေ့သားအောင်ပွဲ ၅၀

၈။ လက်ကြာရည်ကျော် — ဘဝဦးတည်ရာ ဝိုင်းပြင်စေရန် ၆၉

၉။ ဦးတင်ဦး (ကျူရှင်) — တကယ်အောင်မြင်လိုစိတ် ရှေးပါ ၇၉

| | | | |
|---|---|---|---|
| ၁၀။ | မြနှောင်းညို | *သည်ခရီး* | ၈၇ |
| ၁၁။ | ချစ်နိုင် (စိတ်ပညာ) | *ရေးသားခြင်းဖြင့် တိုးတက်ပါစေ* | ၉၅ |
| ၁၂။ | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) | *နားတစ်ထိုင်၊ သွားတစ်တိုင်* | ၁၀၁ |
| ၁၃။ | ခင်လန်းဆန်း | *ဟင်းစားနဲ့ ကွန်ချက်* | ၁၀၇ |
| ၁၄။ | မြေလတ် မောင်မြင့်သူ | *လူငယ်နှင့် အားကျစိတ်* | ၁၁၃ |
| ၁၅။ | မောင်ကိုကို (အမရပူရ) | *ဖောက်ထွက်ပစ်* | ၁၂၃ |
| ၁၆။ | အဖြူရောင် (ရွှေ) | *မင်းလက်ညှိုးကို ပြန်သိမ်းပေးပါ* | ၁၂၉ |
| ၁၇။ | တင်နိုင်တိုး | ***သမိုင်းထဲက သင်ခန်းစာ*** | ၁၃၇ |
| ၁၈။ | မင်းချမ်းမွန် | ***မအိပ်ခင် ဆက်သွားရဦးမယ့် ခရီးမိုင်များစွာ*** | ၁၄၃ |
| ၁၉။ | ဒေါက်တာခင်ဇော်လွင် (သုခချမ်းသာ) | *ခရီးသွားခြင်းနှစ်မျိုး* | ၁၅၃ |
| ၂၀။ | နှင်းဆီအောင် | *ရဲရဲဝါတဲ့နေကြာ* | ၁၆၇ |
| ၂၁။ | မောင်လွင်မွန် (ကသာ) | *ခွန်အားပါတဲ့ ခြေလှမ်းများ* | ၁၇၇ |
| ၂၂။ | ခင်မြစိမ်း (ပညာရေး) | *ကိုယ့်ကိုယ်ကိုယ်တိုး ကိုယ်ပင်နိုး* | ၁၈၅ |
| ၂၃။ | ရွှေစကား . | *ရောက်တဲ့နေရာမှာ ရပ်နေမှာလား* | ၁၉၁ |

■

## ရည်ညွှန်းစကား

စာပေခရီးသွားများက လူငယ်စာစဉ်အမှတ်(၅)အဖြစ် လူငယ်စာဖတ်ပရိသတ်များထံသို့ ပေးပို့လိုက်သော စာအုပ်၏ အမည်မှာ **'ရောက်တဲ့နေရာမှာရပ်နေမှာလား'** ဟူ၍ဖြစ်ပါသည်။ စာအုပ်အမည်က ရိုးစင်းစွာဖြင့် အဓိပ္ပာယ်ပြည့်ဝနေလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဘဝခရီးကိုလျှောက်ကြရာတွင် လူမှန်းသိသည်မှစ၍ ရှေ့သို့ဆက်လက်ခရီးဆက်ထွက်ခွာကြသူများအနက် တစ်ဖြောင့်တည်းသွားသူ၊ နား-နားပြီးမှ သွားသူ၊ အလွယ်လမ်းလိုက်၍ သွားသူ၊ လမ်းရိုးဟောင်းအတိုင်း သွားသူ၊ လမ်းသွယ်လမ်းပြောင်မှ ပန်းတက်၍ သွားသူ၊ ပန်းတိုင်ကို စိတ်အတွေးဖြင့် မျှော်ကြည့်ကာ စိတ်ဖြင့် ဦးစွာခရီးဆက်ပြီးမှ သွားသူ၊ အသစ်ထွင်လမ်းဖောက်၍ ကိုယ်ပိုင်စိတ်ကူးကို အကောင်အထည်ဖော်ကာ ကိုယ့်လမ်းကိုယ်လျှောက်သူ၊ တွန်းအားအပြည့်ဖြင့် သက်သောင့်သက်သာသွားသူ၊ ဟူ၍ အမျိုးမျိုးတွေ့ရပေမည်။

မည်သည့်လမ်းမှ သွားသည်ဖြစ်စေ၊ ရည်မှန်းရာပန်းတိုင်မရောက်မီစပ်ကြား အခက်အခဲ၊ အတားအဆီး၊ အခုအခံ၊ အတွန်း**အတိုက်၊** တစ်ခုမဟုတ်တစ်ခုကို တွေ့ကြုံကြရပေလိမ့်မည်။ မည်သို့ပင် **ဖြစ်စေ** လူတိုင်းမကင်းနိုင်သော ထိုသဘောတရားများကို အမှုမထား၊ **မတုံ့ပြန်ဘဲ** ကိုယ့်လမ်းကိုယ်ဆက်လျှောက်ရပေမည်။

**စာပေခရီးသွားများ**

ထို့ပြင် ရည်မှန်းရာပန်းတိုင်သို့ သွားရာခရီးလမ်းတွင် မိမိနှင့်အတူ တစ်ပါတည်း ဆောင်ယူသွားသင့်သော အရာများ ရှိနေပါသေးသည်။ ယင်းကား ဖြဟ္မစိုရ်တရားလေးပါး ဟုဆိုအပ်သော သူတစ်ပါးအပေါ် မျှဝေတတ်သော မေတ္တာ၊ အချင်းချင်းညှာတာ ဖေးကူနစ်သိမ့်ပေးတတ်သော ကရုဏာ၊ တစ်ပါးသူ၏ အောင်မြင်ကြီးမြတ်မှုအတွက် အတူလိုက်ပါအားပေးဝမ်းသာတတ်သော မုဒိတာနှင့် မုန်းသူချစ်သူမခွဲခြား၊ တစ်သားတည်းသောစိတ်ဖြင့် တုန့်ပြန်အလေးထားတတ်သော ဥပေက္ခာတရားများပင်ဖြစ်ပါသည်။ မြတ်ဘုရား၏ဒေသနာတော်များကား ကျင့်သုံးနိုင်သမျှ အကျိုးထင်စေသော တရားများပင် ဖြစ်ပါသည်။

ယင်းအကျိုးတရားကိုဖြစ်ပေါ်စေသည့် အကြောင်းတရားကား မိမိ၏စိတ်သန္တာန်တွင် ကိန်းအောင်းနေသော **'မျှတစိတ်'** **'ကိုယ်ချင်းစာနာစိတ်'** ကလေးပင် ဖြစ်ပါသည်။ လူတိုင်းရင်ဝယ် ကိန်းအောင်းတည်ရှိနေသော စိတ်ကောင်းစိတ်မြတ်ကလေးကို မွေးမြူကြီးပြင်းစေရေးအတွက် ဤစာစုများက တစ်စုံတစ်ရာသော အကျိုးကို ဖြစ်ပေါ်စေလိမ့်မည်ဟု ယုံကြည်မိပါသည်။

စာဖတ်ခြင်းဖြင့် မိမိသူတစ်ပါးအကျိုးများစေရေးကို ရှေးရှုဆောင်ရွက်နိုင်သော လူချွန်လူမွန်များ ဖြစ်ပေါ်ပါစေကြောင်း ဆန္ဒပြုလျက်. . .

**ရွှေစကား**
**(စာပေခရီးသွားများ)**

## ကျေးဇူးမော်ကွန်း

စာပေခရီးသွားများမှ လှူငယ်စာစဉ် အမှတ် (၅) အဖြစ် စီစဉ်အပ်သော ဤ **"ရောက်တဲ့နေရာမှာရပ်နေမှာလား"** စာအုပ်တွင် စိတ်ပါဝင်စားစွာ မေတ္တာစေတနာပြည့်ဝစွာဖြင့် (လှူငယ်များအကျိုးရှေးရှုလျက်) စာမူများရေးသားပေးကြသော စာရေးဆရာ၊ ဆရာမများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ချစ်ခင်လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

ထို့ပြင် စာပေခရီးသွားများမှ စီစဉ်ပေးပို့အပ်သော လှူငယ်အကျိုးပြုစာအုပ်များကို အစဉ်တစိုက် ဖတ်ရှုသိမ်းဆည်းကြသော၊ လက်ဆောင်ပေးပို့လှူဒါန်းကြသော၊ ဖတ်မှတ်ကျင့်ကြံအပ်သော စာဖတ်သူပရိသတ်အပေါင်းကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

စာပေအကျိုး၊ စာပေတန်ခိုးဖြင့် အသိ ဘဝ တိုးတက်မြင့်မားစေရန် ကြိုးပမ်းစွမ်းဆောင်နိုင်ကြပါစေ။

**လေးစားစွာဖြင့်**

**ရွှေစကား**

**(စာပေခရီးသွားများ)**

■ 'သင်ရောက်သည့်နေရာမှာ ရပ်နေမည်လား'
ထိုမေးခွန်း၏ အဖြေက ရပ်နေလိုက နေနိုင်သည်။
သို့သော် နောက်မှပေါ်လာသည့် လူငယ်များက
သင့်ကို ကပ်ကာ ဖြတ်ကာ ကျော်တက်သွားကြလိမ့်မည်။
သင်ကတော့ 'သစ်ဆွေးငုတ်' ပမာ လမ်းဘေးတွင်
ကျန်ရစ်ပါလိမ့်မည်။

■ ရောက်သည့်နေရာတွင် ရပ်နေလို့မရသည့်အတူတူ
ဆင်ခြင်မှု ဘက်သို့ ခရီးထွက်ပါဟု
တိုက်တွန်းလိုက်ချင်ပါသည်။

# သင်ရောက်သည့်နေရာမှာ ရပ်နေမည်လား

**အောင်သင်း**

'သင်ရောက်သည့်နေရာမှာ ရပ်နေမည်လား' ဟူသော မေးခွန်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဂယက်မေးခွန်းတစ်ခု ပေါ်လာသည်။ 'ရပ်နေလို့ရသလား' ဟူသော မေးခွန်းဖြစ်သည်။

သက်ရှိသက်မဲ့ လူသူ ရုပ်ဝတ္ထုမှန်သမျှသည် 'အချိန်' ဟု ဆိုအပ်သော ကာလ နယ်ပယ်ကြီးထဲတွင် မှီအောင်းနေကြရသည်။ ကာလယန္တရားသည် နောက်သို့ ပြန်သည် ဟူ၍ မရှိ၊ ရပ်နေသည် ဟူ၍လည်း မရှိ၊ ရှေ့သို့ ခုန်ကျော်သွားသည် ဟူ၍လည်း မရှိ မှန်မှန်ကြီး ရွေ့လျားနေသည်။

လူတို့ ဖန်တီးထားသော နာရီလက်တံကို ရှေ့တိုးနောက်ဆုတ် လုပ်ချင် သလိုလုပ်၍ ရကောင်း ရနိုင်ပေသည်။ သို့သော် အချိန်ကို ရှေ့တိုးနောက်ငင် လုပ်၍မရ။ မိုးဦး စောစောကျကောင်းကျမည် အချိန်ကို ရှေ့တိုး၍ မရ။

သို့ဖြစ်၍ သင်က သင့်ကိုယ်သင် ရပ်ထားသည်ဟု ဆိုနိုင်သည်။ သို့သော် သင်၏အချိန် (ဝါ) သင် ရှင်သန်နေသော အချိန်ကာလကား ရပ်တည်၍ နေနိုင်စကောင်းသည် မဟုတ်ချေ။ သင်၏ အသက်ဇီဝတည်ရာ အချိန်ကမူကား မရပ်မနား ရှေ့ဆီသို့ တရစပ်သွားနေသည်။

သင်၏ လူမှုဘဝဆိုင်ရာ ပညာဂုဏ်သိန် စည်းစိမ် အဆင့်အတန်း စသည်တို့ကို ကျေနပ်ရောင့်ရဲ တစ်နေရာတည်းတွင် ရပ်တန့်ထား၍ ရကောင်း ရပေလိမ့်မည်။ သို့သော် အချိန်ကာလကို ရပ်တန့်ထား၍ ရမည်မဟုတ်။ အချိန်ကာလအလျောက် သင်သည် အိုမင်းလာရလိမ့်မည်။ ထို့အတူ သင် အမှတ်မထင် လျစ်လျူရှုထားခဲ့မိသော ကလေးသူငယ်တို့သည်လည်း ဖွံ့ဖြိုး ရွယ်ရောက် လူလားမြောက်လာကြလိမ့်မည်။ သင်၏ အရည်အသွေး စသည်

တို့ကို ရပ်တန့်ထားလိုက်လျှင် သင်သည်သာလျှင် လူ့လောကကြီး၏ သစ်ဆွေးသစ်ငုတ် ဖြစ်သွားပေလိမ့်မည်။

ကျွန်တော်တို့သည် လူ့ဘဝထဲသို့ ဝင်ခဲ့သည်နှင့် တစ်ပြိုင်နက် ရေထဲသို့ ခုန်ဆင်းလိုက်ခြင်းနှင့် ပမာတူသည်။ လက်မလှုပ်လျှင် ခြေက လှုပ်နေရသည်။ ခြေက မလှုပ်လျှင် လက်က လှုပ်နေရသည်။ ခြေရော လက်ပါ မလှုပ်လျှင် ရေထဲသို့ မြုပ်သွားပေတော့သည်။ ထို့အတွက် လူမှန်လျှင် ကိုယ်နှင့်စိတ် နှစ်ပါးအနက် စိတ်သော်လည်းကောင်း၊ ကိုယ်သော်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါးလုံးသော်လည်းကောင်း လှုပ်ရှားနေရပေလိမ့်မည်။ ထိုကဲ့သို့ မလှုပ်ရှားလျှင် ရပ်တန့်နေလို့မရ။ လူ့လောကထဲတွင် တိမ်မြုပ်ပျောက်ကွယ်သွားရသည်သာ ဖြစ်သည်။ သင်သည် စိတ်အားဖြင့် လှုပ်ရှားတက်ကြွနေသူ ဖြစ်သည်။ ဤဆောင်းပါးကို ဖတ်နေရသည်ကို ထောက်ချင့်၍ သိသာနိုင်ပါသည်။

ဆောင်းပါးအစတွင် 'ရပ်နေ၍ရသလား' ဟူသော ဂယက်မေးခွန်းကို ကျွန်တော် ရှေ့တန်းတင်ခဲ့သည်။ ကိုယ်ကာယ လှုပ်ရှားမှုကို ရပ်နေလို့ ရနိုင်စကောင်းတည်း။

သို့သော် စိတ်လှုပ်ရှားမှုကို ရပ်ထားလို့ ရနိုင်စကောင်းသည်မဟုတ်။ ယုတ်စွအဆုံး ဦးနှောက်ဖောက်ပြန် စိတ်မနှံ့သော သူများပင်လျှင် စိတ်လှုပ်ရှားမှုရှိပေသေးသည် (ဝါ) တွေးတောမှု ရှိနေသေးသည်။ သို့သော် သူတို့တွေးတောမှုသည် 'ဆင်ခြင်မှု' ကပ်ပါလာလေ့မရှိ။ 'တွေးတောဆင်ခြင်မှု' ဟု ကျွန်တော်တို့ သုံးလေ့ရှိသည့် တွေးတောမှုနောက်က ဆင်ခြင်မှု မပါလျှင် စိတ်မနှံ့သူနှင့် ထူးမခြားနားဖြစ်သွားမည်ကို ကျွန်တော်တို့ ဂရုပြုသင့်ပါသည်။

ကျွန်တော်တို့ခေတ်သည် 'သတင်းသုတခေတ်'ကြီး ဖြစ်သည်။ နေ့စဉ်လိုလို၊ နာရီတိုင်းလိုလို အသစ်အသစ်သော သတင်းများ၊ အသစ်အသစ်သော သုတများကို ရပ်မြင်သံကြားမှ မလစ်မလပ် ကြားနေရသည်။ ထိုသို့သော သတင်းစကားများကို မှတ်သားရသည်၊ ဆင်ခြင်ကြရသည်။ သိပ္ပံတွေ့ရှိချက်များကို မှတ်သားရသည်။ နိုင်ငံရေးကြေညာချက်များကို ဆွေးနွေးတောရသည်။ လူမှုရေး အကြံပြုချက်များကို ဆင်ခြင်ရသည်။ ဤကဲ့သို့ပြင့် **စိတ်က** မရပ်မနား လှုပ်ရှားနေကြရသည်။

## *'သင်ရောက်သည့်နေရာမှာ ရပ်နေမည်လား'*

ထိုမေးခွန်း၏ အဖြေက ရပ်နေလိုက နေနိုင်သည်။ သို့သော် နောက်မှ ပေါ်လာသည့် လူငယ်များက သင့်ကို ကပ်ကာ ဖြတ်ကာ ကျော်တက်သွားကြလိမ့်မည်။ သင်ကတော့ 'သစ်ဆွေးငုတ်' ပမာ လမ်းဘေးတွင် ကျန်ရစ်ပါလိမ့်မည်။

ကိုယ်ကာယ မလှုပ်ရှားလျှင် စိတ်က လှုပ်ရှားနေရပါလိမ့်မည်။ သင့်မှာ တွေးတောဆင်ခြင်မှု အနည်းနှင့် အများ ရှိနိုင်ပါသည်။ ယနေ့ ကမ္ဘာကြီးတွင် တွေ့ရှိမှု၊ တွေးတောမှု၊ ဆင်ခြင်မှု စကားတွေကို နေ့ညမပြတ် တရစပ် ကြားနေရသည်။ ထိုစကားများကို စာပေဖတ်ရှုခြင်း၊ ရုပ်သံ စသော မီဒီယာများ စသည်တို့မှ ရနိုင်ပါသည်။ သင်၏ ဆင်ခြင်ဉာဏ်ကို အားကိုးခြင်းဖြင့် သုံးသပ် ဆုံးဖြတ်နိုင်ပါသည်။ အကောင်းဆုံးနည်းလမ်းကို တတ်နိုင်သမျှ တွေးတောပြီး ပြောရလျှင် စာဖတ်ခြင်းပင် ဖြစ်ပါသည်။ တစ်ဦးနှင့် တစ်ဦး မတူ ကွဲပြား ပြောစကားများကို ကြားနာလိုလျှင် စာအုပ်စာပေတွေကို များများဖတ် နာနာတွေးတော အထပ်ထပ် ဆင်ခြင်ခြင်း ဖြစ်သည်ဟု ဆိုချင်ပါသည်။

ယနေ့ခေတ် လူငယ်အများစုမှာ သုတဘက်ကို စိတ်အားထက်သန်ကြသည်။ အထွေထွေသော အဆိုအမိန့်များကို နှိုင်းယှဉ်ဆင်ခြင်သည့်ဘက်တွင် အားနည်းနေသည်ဟု တွေးတောစရာ ဖြစ်လာပါသည်။ ဆိုလိုသည်မှာ သိမှတ်စရာတွေကို သိရမှတ်ရသည်နှင့် စိတ်မအားလပ်သောကြောင့် ဆင်ခြင်မှုဘက်တွင် အချိန်မပေးနိုင်အောင် ရှိသည်ဟု ထင်မိသည်။

ရောက်သည့်နေရာတွင် ရပ်နေလို့ မရသည့်အတူတူ ဆင်ခြင်မှုဘက်သို့ ခရီးထွက်ပါဟု တိုက်တွန်းလိုက်ချင်ပါသည်။

ထိုကဲ့သို့ ဆင်ခြင်မှုဘက်တွင် ခရီးမထွက်ချင်လျှင်-

ပြင်ပ ဗဟိဒ္ဓလောက ဆင်ခြင်မှုကို ရပ်ဆိုင်း၍ မိမိ၏ **အဇ္ဈတ္တ** အတွင်းသန္တာန် ခရီးစဉ်ကို လှည့်လည်ဆင်ခြင်ကာ ရှေ့သို့ လှမ်း**ပါတော့ဟု** တိုက်တွန်းရပါတော့သည်။

**'ရပ်လို့မရလျှင် ရပ်မနေပါနှင့်'**ဟု မိတ်ကောင်းစကား **ရေးသားလိုက်**ပါသည်။

**အောင်သင်း**

■ ထားကောင်းသောမာနဖြင့် 'သူတောင် အောင်မြင်အောင် လုပ်နိုင်ရင် ငါက ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ' ဟူ၍ ခံယူသော သဘောထားသည် ဘဝခရီးမှာ ရှေ့သို့ တက်လှမ်းဖို့ တွန်းအားတစ်ခုဖြစ်ကြောင်း ဆရာတော်၏မိန့်ကြားချက်ကို ဖတ်ပြီး အလေးအနက် နှလုံးသွင်းမိပါသည်။

# အရပ် အသွား အနေး အမြန်

**မောင်ခင်မင် (ဓနုဖြူ)**

ကျွန်တော်သည် (ရန်ကုန်) ပညာရေးတက္ကသိုလ်မှာ ဆရာငယ်၊ ဆရာလတ်အဖြစ် ကိုးနှစ် အမှုထမ်းခဲ့ဖူးပါသည်။ ထိုကာလတွင် အခွင့်ထူး တစ်ခုကို ကျွန်တော် ရခဲ့သည်။ ဌာနအကြီးအမှူး ဆရာမကြီးများက ကျွန်တော့်ကို ပထမနှစ် ဘီအီးဒီ သင်တန်းမှ ပဉ္စမနှစ် ဘီအီးဒီသင်တန်း အထိ ငါးတန်းစလုံးကို စာသင်ကြားရန် အခွင့်ပေးသောကြောင့် ထိုအခွင့်ထူး ကို ကျွန်တော် ရခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာစာက ဒုတိယနှစ်အထိ မယူမနေရဘာသာ ဖြစ်သည့်အတွက် ဒုတိယနှစ် ဘီအီးဒီ တန်းခွဲအားလုံးကို အတန်းလှည့်ပြီး သင်ခွင့်ကြုံရသည်။ တတိယနှစ်မှ ပဉ္စမနှစ်အထိ အင်္ဂလိပ်စာ နှင့် မြန်မာစာ ကြိုက်ရာတစ်ခုရွေးရသည့်စနစ် ဖြစ်သည့်အတွက် ထို သုံးတန်း မှာ မြန်မာစာယူသူများကိုလည်း သင်ရသည်။ ကျောင်းသားအားလုံး ဒုတိယ နှစ်ကို မလွဲမသွေ ဖြတ်သန်းရသည်ဆိုတော့ ဒုတိယနှစ်မှာ အတန်းခွဲအားလုံး လှည့်သင်သော ကျွန်တော်မှာ တစ်ကျောင်းလုံးက ကျောင်းသားအားလုံးနှင့် ထိတွေ့သင်ကြားဖူးသွားပါသည်။ အကျိုးကျေးဇူးမှာ ကျွန်တော် အမှုထမ်း ခဲ့သော ထိုကိုးနှစ်အတွင်းက ပညာရေးတက္ကသိုလ် သင်တန်းသားအားလုံးကို တပည့်တော်လိုက်ရခြင်း ဖြစ်သည်။

သူတို့ ဘွဲ့ရပြီး တာဝန်ထမ်းဆောင်ကြရင်း နှစ်တွေကြာလာသည်နှင့် အမျှ သူတို့ အခြေအနေတွေ အမျိုးမျိုး ကွဲပြားသွားသည်ကို တွေ့ရသည်။ ဦးစီးဌာန၊ ရုံးချုပ်တွေမှာ ဒုညွှန်ချုပ်၊ ညွှန်မှူးအဆင့်များအထိ ရောက်နေသူ

များကို တွေ့ရသည်။ တိုင်းနှင့်ပြည်နယ် ပညာရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်နေသူများလည်း တွေ့ရသည်။ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း ကျောင်းအုပ်ကြီးများအဖြစ် တာဝန်ထမ်းဆောင်နေကြသူများလည်း တွေ့ရသည်။ သူတို့နှင့် တွေ့ဆုံရသည့်အခါ ဝမ်းသာအားရ ပြောဖြစ်ဆိုဖြစ်ကြသည်။ ကျွန်တော်က ဘယ်မှာ တိုင်းပညာရေးမှူးဖြစ်နေပါပြီ၊ ကျွန်မက ဘယ်ကျောင်းမှာ ကျောင်းအုပ်ဖြစ်နေပါပြီ စသည်ဖြင့် ပြောကြသည်။ ဆရာ ဘယ်ကဗျာတွေ ဘယ်ဝတ္ထုတွေ ဘယ်လိုသင်ခဲ့တာပဲဟု နောက်ကြောင်းပြန်တာမျိုးတွေလည်း ကြားရသည်။ သူတို့အတွက် ဝမ်းသာကြည်နူးရမြဲပါ။

သို့သော်-

**'ဆရာရယ် ကျွန်မတော့ မိသားစုတာဝန်တွေနဲ့မို့ ရာထူးတိုးဖို့ မလျှောက်တော့ပါဘူး၊ အထက်တန်းပြနဲ့ပဲ အနားယူပါတော့မယ်'** ဟု ပြောသော တပည့်**တောင်းတော်တော်များများကို** တွေ့ရသောအခါ စိတ်ထဲမှာ **အားမလိုအားမရ** ဖြစ်ရသည်။ **အချို့ကတော့** အလုပ်ထွက်ပြီး ခင်ပွန်းသည်ကို အမှီအခိုပြုနေကြောင်း သိရသည်။ ကျူရှင်ဆရာကြီးတွေ၊ ကျူရှင်ဆရာမကြီးတွေ ဖြစ်သွားသူတွေလည်း မနည်းလှပါ။

ကျောင်းသားကျောင်းသူဘဝတုန်းက အားလုံးအတူတူပါပဲ။ အထက်တန်းပြအဖြစ် အလုပ်ဝင်ကြတော့လည်း အားလုံး အတူတူပါပဲ။ သို့သော် ဘဝခရီးကို ဆက်လျှောက်ရမှာတော့ အသွင်ကွဲလွဲသွားကြသည်။ အချို့က အားမာန်အပြည့်ဖြင့် သွက်သွက်လျှောက်လှမ်းသည်။ လှေကားတွေ တစ်ထစ်ပြီး တစ်ထစ် တက်သည်။ လှေကားထိပ်သို့ ရောက်သူများလည်း ရှိသည်။ အချို့က ခပ်မှန်မှန်လျှောက်သည်။ အချို့က ခြေလှမ်းနှေးသည်။ အချို့ကျတော့ ရှေ့ဆက်မလှမ်းတော့ဘဲ ရောက်ရာနေရာမှာ ပေပြီး ရပ်နေကြသည်။

အဲ... လမ်းကြောင်းပြောင်းသွားသူတွေ၊ လမ်းချော်သွားသူတွေလည်း ရှိသည်ပေါ့။ အကြောင်းရင်းကို စူးစမ်းတော့ ကံ၊ ဉာဏ်၊ ဝီရိယ ကွာခြားမှုလို့ပဲ ပြောရလိမ့်မည် ထင်ပါသည်။

'ရှေ့သို့' ဆိုသော ဝေါဟာရ တစ်ချိန်က ခေတ်စားခဲ့ဖူးသည်။ ဘဝနေရာတွင် ရပ်တန့်မနေဘဲ အားနှင့်မာန်နှင့် ရှေ့သို့ လှမ်းရန် အားပေး

လှုံ့ဆော်သောစကား ဖြစ်သည်။ ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း မန်းတက္ကသိုလ်)က ရှေ့သို့ စာစောင်တွင် 'ရှေ့သို့' ခေါင်းစဉ်ဖြင့် ရှေ့သို့ လှမ်းတက်သူများအကြောင်း အပတ်စဉ်ရေးသည်။ ပညာခရီးလမ်းတွင် ရှေ့သို့ တက်လှမ်းပြီး ထူးချွန်အောင်မြင်သော ပညာရှင်များ၊ စစ်မြေပြင်တွင် ရှေ့သို့ချီတက်၍ အောင်ပွဲခံသော သူရဲကောင်းများ၊ ကိုယ်ကျင့်တရား အဆင့် ဆင့် မြင့်မားအောင် အားထုတ်သူများ၊ မိမိ ဆောင်ရွက်ရမည့် အလုပ်ကို နောက်ဆုံးထွက်သက်အထိ မရပ်မနား အားထုတ်သွားသူများ စသည်ဖြင့် သာဓကများစွာ ပါဝင်ပါသည်။ 'ရှေ့သို့'၏ အနှစ်သာရကို ပြည့်ပြည့်ဝဝ ဖော်ညွှန်းသောစာများ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကျွန်တော်တို့၏ ဆရာတစ်ဦးဖြစ်သော ဆရာကြီး ဦးအောင်မိုး (ဓမ္မာစရိယ၊ ပါဠိပါရဂူ) ပြောဖူးသော အကြောင်းတစ်ခု ရှိသည်။

'မင်းကွန်းဆရာတော် ရှင်ဝိစိတ္တသာရနဲ့ ကျုပ်နဲ့ ရဟန်းဘဝတုန်းက စာသင်ဖက်ပေါ့။ ဆရာတော်ကတော့ ရဟန်းဘဝမှာ တစ်သမတ်တည်းနေပြီး ကြိုးစားတော့ တိပိဋကဓရဖြစ်သွားတယ်။ ကျုပ်ကတော့ လူဝတ်လဲပြီး တက္ကသိုလ်ဆရာအဖြစ် အမှုထမ်းလို့ အခု မင်းတို့နဲ့ ဆုံရတာပေါ့' ဟူ၍ ဖြစ်ပါသည်။

မင်းကွန်းဆရာတော်ကြီးမှာ မိမိဘဝခရီးကို တည့်တည့်မတ်မတ် ဇူးဇူးစိုက်စိုက် လျှောက်လှမ်းသည့်အတွက် တိပိဋကဓရဖြစ်ရဆရာတော်ကြီး အဖြစ်သို့ ရောက်သည်။ ဆရာကြီး ဦးအောင်မိုးကတော့ ထိုလမ်းကို ဆက်မလျှောက်ဘဲ လမ်းပြောင်းလိုက်သည့်အတွက် တက္ကသိုလ်ဆရာဘဝသို့ ရောက်သည်။ ပုဂ္ဂိုလ်နှစ်ပါး လမ်းကြောင်းချင်း ခြားနားသွားသော်လည်း ကိုယ့်နည်းနှင့်ကိုယ် 'ရှေ့သို့' ရောက်ကြသည်ချည်း ဖြစ်ပါသည်။

ကျွန်တော်တို့အိမ်နှင့် မနီးမဝေးမှာ ကားမီးပွိုင့်တစ်ခု ရှိသည်။ မီးပွိုင့်မှာ မီးနီပြသည့်အတွက် ကားများရပ်ထားချိန်တွင် စံပယ်ပန်းကုံးကလေး တွေ လာရောင်းသူတစ်ယောက်ရှိသည်။ ကားရပ်တိုင်း သူ့ကို အမြဲတွေ့ရ သည်။ တစ်နေ့မှာ ကျွန်တော်စီးလာသော တက္ကစီကို မောင်းသူက "ဒီလူ ဒီနေရာမှာ ပန်းရောင်းတာ ဆယ်နှစ်လောက်ရှိနေပြီဗျ၊ အရင်ကလည်း ခုလို

ကားတွေနား လိုက်ပြီးရောင်းတယ်၊ ခုလည်း အဲဒီလို ရောင်းနေတုန်းပဲ”” ဟု မှတ်ချက်ချသည်။ သူ့စကားကို နားထောင်ရင်း သူဆိုလိုချက်ကို စဉ်းစား ကြည့်နေမိသည်။

လူငယ်ကလေးတစ်ယောက်ကိုလည်း ဆက်စပ်မြင်ယောင်လာသည်။ သူက ကျွန်တော်တို့ဌာနမှာ ရုံးအကူ ဖြစ်သည်။ အသက် ၂၀ ပင် မပြည့် တတ်သေး။ မျက်နှာချိုချိုနှင့် ပေါ့ပါးသွက်လက်သည်။ သူ့နာမည်က စောချိုမြင့်ပါ။ သူ့ကို ဘာခိုင်းခိုင်း စိတ်ပါလက်ပါ လုပ်ပေးသည်။ အပြော အဆိုလည်း ယဉ်ကျေးသည်။ ဆရာ ဆရာမတွေက သူ့ကို ခင်မင်ကြသည်။ သူက သူ့ဘဝအတွက် ဆက်လက်လှုပ်ရှားသည်။ လုပ်ငန်းခွင်မှ ပြန်လျှင် လုပ်သားများကောလိပ်မှာ ညပိုင်း ဆက်တက်သည်။ အချိန်တန်တော့ ဘွဲ့ရသွားသည်။ ဌာနက အလုပ်ထွက်သွားပြီး သူ့ကို ပြန်မတွေ့တော့။ တစ်နေ့မှာ သူ့ဆီက စာရောက်လာသည်။ ပြည်ပနိုင်ငံတစ်ခုသို့ တရားဝင် ထွက်သွားပြီး ကုမ္ပဏီတစ်ခုမှာ တည်တည်တံ့တံ့ အလုပ်လုပ်နေကြောင်း သိရသည်။ ဆရာ ဆရာမတွေဆီ သတိတရ စာရေးခြင်း ဖြစ်သည်။ သူ့အတွက် အားလုံး ဝမ်းသာကြသည်။ ရှေ့သို့ ဦးတည်၍ လျှောက်လှမ်း သော လူငယ်တစ်ယောက်အကြောင်း သာဓက ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ ချုပ် ဆရာတော် အရှင်နန္ဒမာလာဘိဝံသ (PhD) ဟောကြားတော်မူသော ‘မေတ္တသုတ်အနှစ်ချုပ်’တွင် ထားသင့်သော မာနအကြောင်းနှင့် ဆက်စပ်၍ ဤသို့ မိန့်ကြားထားပါသည်။

““မြတ်စွာဘုရားအလောင်း သုမေဓာရသေ့ဟာ မာနထားလို့ ဘုရား ဖြစ်တာ၊ မာန မရှိရင် ဘုရားမဖြစ်နိုင်ဘူး။ ဘာကြောင့် ဒီစကားပြောရတုန်း ဆိုလို့ရှိရင် ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တွေ့တဲ့ အချိန်မှာ သူ့ရဲ့ ပညာအရည်အချင်းက အလွန်မြင့်တယ်၊ ဈာန် အဘိညာဉ်တွေရထားတဲ့ ရသေ့တစ်ဦး ဖြစ်တယ်။ ဒီပင်္ကရာမြတ်စွာ ဘုရားထံ တပည့်ခံပြီးတော့ တရားအားထုတ်မယ်ဆိုရင် ရဟန္တာဖြစ် သွားမှာ။ ဒါပေမဲ့ ‘ငါလို စွမ်းရည်သတ္တိရှိတဲ့ လူတစ်ယောက်က

ကိုယ်တစ်ယောက်တည်းသိရုံနဲ့ ကျေနပ်မှာမဟုတ်ဘူးတဲ့။ ငါကိုယ်တိုင် ဘုရားဖြစ်ပြီးတော့ သတ္တဝါတွေကို ကယ်တင်ဦးမယ်။ အမှန်တရားကို ငါကိုယ်တိုင် ဟောဦးမယ်။ ငါ သူများဟောထားတဲ့ တရားကို နာပြီးတော့ ရဟန္တာဖြစ်သွားတဲ့အဖြစ်မျိုး၊ ကိုယ်လွတ်ရုန်းသွားတာမျိုး ငါမလုပ်နိုင်ဘူး'တဲ့။ ဒါ မာနပဲပေါ့။ အဲဒီမာနကြောင့် ဘုရားဖြစ်တာ"

ထားကောင်းသောမာနဖြင့် "သူတောင် အောင်မြင်အောင်လုပ်နိုင်ရင် ငါက ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ" ဟူ၍ ခံယူသော သဘောထားသည် ဘဝခရီးမှာ ရှေ့သို့ တက်လှမ်းဖို့ တွန်းအားတစ်ခုဖြစ်ကြောင်း ဆရာတော်၏ မိန့်ကြားချက်ကို ဖတ်ပြီး အလေးအနက် နှလုံးသွင်းမိပါသည်။

"မင်းကော ဘယ်လိုလဲ"ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သည်။

ဘဝခရီးမှာ သွက်လည်းမသွက်လွန်း၊ နှေးလည်း မနှေးလွန်းသော ပုံမှန်ခြေလှမ်းဖြင့် လျှောက်လှမ်းခဲ့ကြောင်း နောက်ကြောင်းပြန်၍ ဆင်ခြင်မိသည်။

ရောက်သင့် ရောက်ထိုက်သော အပိုင်းအခြားတစ်ခုအထိတော့ ရောက်ပြီး ဖြစ်ပါသည်။

**ဘဝလမ်းတစ်လျှောက်** ဘယ်နေရာမှာမှ ငူငူငိုင်ငိုင်နှင့် ခြေစုံရပ်မနေခဲ့သည်ကတော့ **သေချာပါသည်။**

**မောင်ခင်မင် (ဓနုဖြူ)**

■ "အကြွင်သူသည် အိပ်၍ ပျော်နေ၏။ ထိုသူ၏ ဘုန်းကံ ပါရမီ အရှိန်အဝါတို့သည် အိပ်၍နေ၏။

"အကြွင်သူသည် လူးလွန့်လာ၏။ ထိုသူ၏ ဘုန်းကံ ပါရမီ အရှိန်အဝါတို့သည်လည်း ခေါင်းထောင်လာ၏။

"အကြွင်သူသည် လုပ်ငန်းခွင်သို့စ၍ ဝင်လာ၏။ ထိုသူ၏ ဘုန်းကံ ပါရမီ အရှိန်အဝါတို့သည်လည်း အကျိုးပေးဖို့ရန် အသင့်အနေအထား စောင့်စား၍ နေကြကုန်၏။

"အကြွင်သူသည် လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ပြီးမြောက်အောင် ဖွဲသန်သန်ဖြင့် ပြုလုပ်၏။ ထိုသူ၏ ဘုန်းကံ ပါရမီတို့သည်လည်း လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးကြကုန်၏" တဲ့။

## ဟန်ချက်ညီသောခြေလှမ်းတို့ဖြင့်

**သကျုနွယ် (ရွှေပင်လယ်)**

ဖြစ်ချင်တာက ဆန္ဒ၊ ဖြစ်နေတာက ဘဝ၊ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျခဲ့တယ်ဆိုတာ သိထားသော်လည်း ဖြစ်ချင်တာဖြစ်ရသောအခါမှာ ပျော်မဆုံး မော်မဆုံး ဖြစ်တတ်သလို၊ ဖြစ်ချင်တာတွေ မဖြစ်ရသောအခါကျတော့လည်း ဝမ်းနည်းပူဆွေးတတ်တာ ပုထုဇဉ်တို့ သဘာဝပါ။ ဒါက ဖြစ်တတ်ပါသည်။ ဖြစ်တတ်တဲ့ သဘောတရားလို့ပဲ ဆိုရမလားပဲ။

ကိုယ့်ဆန္ဒတွေ ကိုယ်လိုသလို ပြည့်ဝနေချိန်မှာ လက်မလေးထောင်ခါးလေးထောက်၊ မာန်တကြွကြွဖြစ်နေဖို့ထက် ကိုယ့်ဆန္ဒတွေ ကိုယ်လိုသလို မပြည့်ဝတဲ့အခါမှာ ရင်ကော့ခံနေနိုင်ဖို့ အဓိကကျသည်ဆိုသော ဒဿနကို နားမလည်၊ နှလုံးမသွင်းထားရင် ပိုလို့သာ ဆိုးတာပေါ့။

သူလည်း ပုထုဇဉ်ထဲက ပုထုဇဉ်တစ်ဦးမို့ ကိုယ့်ဆန္ဒပြည့်ဝရင် ဝမ်းသာကြည်နူးတဲ့ ပီတိလေးများ တဖွားဖွားဖြစ်တတ်ပြီး၊ ကိုယ့်ဆန္ဒ မပြည့်ဝတဲ့အခါကျတော့ ဘာမှမလုပ်ချင် မကိုင်ချင်လောက်အောင် စိတ်ဓာတ်ကျမိသည်။ အရာရာတိုင်းမှာ မဟုတ်ပေမယ့် ကိုယ်မျှော်လင့်ချက်ကြီးရင် ကြီးသလို ဖြစ်တတ်ပါသည်။ ယခုလည်းကြည့်၊ မဂ္ဂဇင်းစာစောင်တွေကို ပို့လိုက်သည့် စာမူတွေမှာ များသောအားဖြင့် လုံးခြင်းဖြစ်သွားသည်က များသည်။ (မရွေးလို့ လုံးပြီး ခြင်းထဲကို ထည့်ခြင်းကို ဆိုပါသည်။) သည်တော့ ဘောလ်ပင်ကို မကိုင်ချင်လောက်အောင် စိတ်ဓာတ်ကျမိသည်။ သူ့ဘဝမှာ ဝါသနာအပါဆုံးနဲ့ အဖြစ်ချင်ဆုံးက... ။

သူ့ဘဝရဲ့ နောက်ဆုံးအချိန်များကို စာဖတ်ခြင်း၊ စာရေးခြင်းဖြင့်သာ ကုန်လွန်သွားချင်သည်။ သူ့မှာ အားနည်းချက်တစ်ခုက သိမ်ငယ်စိတ်၊ အား

ငယ်စိတ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းသောစိတ်ကြောင့် စိတ်ပျော့ညံ့ချင်သည်။ ဖြစ်ပါ့မလားဆိုတဲ့ သံသယတွေကလည်း စိုးမိုးနေတတ်သည်။

သည်အကြောင်းတွေကို အခန်းဖော်သူငယ်ချင်းကို ပြောပြတော့ စာဖတ်အားကောင်းသော အခန်းဖော် သူ့သူငယ်ချင်းက အောက်ပါအကြောင်းအရာများကို ပြောပြပါသည်။

× × × × ×

ရှေးခေတ် သီရိလင်္ကာ ဗုဒ္ဓစာပေတွေကို သင်ကြားပို့ချပေးနေတဲ့ ကျောင်းမှာ စာပေလာသင်ယူနေတဲ့ ရဟန်းတော်တစ်ပါး ရှိတယ်။

အဲဒီရဟန်းဟာ ဉာဏ်ထိုင်းတယ်။ ဒါကြောင့် အခြားရဟန်းတွေလို မကျက်နိုင်မဖတ်နိုင်ဘူး။ ဂါထာလေးတစ်ပုဒ် အလွတ်ရဖို့တောင် လပေါင်းများစွာ ကျက်မှတ်ရတယ်။ အဲဒီလို ကျက်ရတဲ့အခါ ရှက်စိတ်တွေ စိတ်ပျက်အားလျော့မှုတွေ ဖြစ်လာပြီး "ရဟန်းဘဝမှာ နေနေလည်း အလကားပါပဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တာ ကောင်းပါတယ်" လို့ တွေးမိတယ်။ ဒီအတွေးကို ခဏခဏတွေးမိတယ်။ စာကျက်လို့ မရတိုင်း တွေးမိတယ်။

တစ်နေ့မှာ ရဟန်းဟာ ကြိုးခွေတစ်ခွေကိုယူပြီး ကျောင်းနဲ့လည်း မလှမ်းမကမ်း၊ မြစ်နဲ့လည်း မနီးမဝေးအရပ်မှာရှိတဲ့ သရက်တောအုပ်ဆီကို သွားတယ်။ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သတ်သေမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။

သရက်တောအုပ်ဆီကို ရောက်သွားတော့ ညနေစောင်းလေးပါ။ ရဟန်းဟာ သရက်ပင်ပေါ်ကို တက်တယ်။ ပြီးတော့ မြစ်ဆီကို အမှတ်မထင် ကြည့်လိုက်မိတယ်။ မြစ်ထဲကိုဆင်းတဲ့ ကျောက်လှေကားဆီကိုလည်း သူ့အကြည့်က ရောက်သွားတယ်။ အဲဒီကျောက်လှေကားကို မမှိတ်မသုန် ကြည့်နေတယ်။ အင်မတန် မာကျောလှတဲ့ ကျောက်လှေကားတွေရဲ့ ဘေးဘက်တစ်ချက်ဆီပေါ်က 'ဝ' လုံးလေးလို ဝိုင်းစက်နေတဲ့ အဝိုင်းလေးက ရဟန်းရဲ့အာရုံကို ဖမ်းစားထားတာကြောင့် သရက်ကိုင်းကို ကြိုးချည်ဖို့လည်း မေ့နေတယ်။ ရဟန်းကကြည့်ရင်းနဲ့ "ဒီလောက်မာကျောတဲ့ ကျောက်သား

ပေါ်မှာ ဒီလောက်ဝိုင်းနေတဲ့ အဝိုင်းလေးတွေကို ဘယ်သူများရေးထား ထုထွင်းထားတာလဲ" လို့ တွေးနေမိတယ်။

အဲဒီအချိန်မှာ အမျိုးသမီးနှစ်ယောက်ဟာ ရေအိုးကိုယ်စီနဲ့ ရေခပ် လာတာကို တွေ့လိုက်ရတယ်။ ရဟန်းကြည့်နေတုန်းမှာပဲ အမျိုးသမီး နှစ်ယောက်ဟာ ရဟန်းတက်နေတဲ့ သရက်ပင်အောက်ကနေဖြတ်ကျော်ပြီး ကျောက်လှေကားထစ်တွေကနေ မြစ်ထဲကိုဆင်းတယ်။ ရဟန်းမြင်နေရတဲ့ အဝိုင်းလေးတွေနားရောက်တော့ အမျိုးသမီးနှစ်ဦးက သူတို့ယူလာတဲ့ ရေအိုး တွေကို စောစောက အဝိုင်းလေးတွေပေါ်ကို တင်လိုက်ပြီး လှေကားထစ်မှာ နှစ်ဦးသားထိုင်ပြီး စကားပြောရင်း ခဏတစ်ဖြုတ် အမောဖြေကြတယ်။ ခဏကြာတော့ ရေအိုးကိုယ်စီယူပြီး ရေခပ်ဖို့ ဆင်းသွားကြတယ်။ မကြာခင် မှာပဲ တခြားရေခပ်မယ့်သူတွေ ရောက်လာကြပြီး သူတို့ပါလာတဲ့ ရေအိုးတွေ ကို အဝိုင်းလေးပေါ်တင် ခဏတစ်ဖြုတ် အမောဖြေပြီးတော့ ရေအိုးကိုယ်စီ ယူပြီး ရေခပ်ဖို့ ဆင်းသွားကြတယ်။

ကျောက်လှေကားထစ်တွေဆီ ကြည့်နေတဲ့ရဟန်းက "ဩော်…ငါ အခုမြင်နေတဲ့ ကျောက်လှေကားထစ်က အဝိုင်းလေးတွေဟာ ဘယ်သူကမှ လာပြီး အခုလောက်ဝိုင်းဝိုင်းစက်စက်လေးတွေ ဖြစ်နေအောင် ရေးထားတာ၊ ထုထွင်းတာ မဟုတ်ဘူး။ ညနေတိုင်း အခုလို ရေအိုးကလေးတွေ ချရင်း ချရင်းက ရက်တွေကြာလာတော့ အခုမြင်ရတဲ့အတိုင်း ဝလုံးလေးတွေလို ဝိုင်းစက်နေတဲ့ အဝိုင်းလေးတွေ ဖြစ်နေကြတာပါလား။ အင်မတန်မာကျော တဲ့ ကျောက်သားဖြစ်နေပေမယ့် ရေအိုးကို အကြိမ်ကြိမ်အခါခါ အထပ်ထပ် နေ့စဉ်ရက်ဆက် တင်ပါများလာတဲ့အခါမှာ ကျောက်သားကို ထုထွင်းထား သလို အမှတ်ထင်ထင် ဝိုင်းစက်နေတဲ့ ပုံသဏ္ဍာန်ပေါ်လာတာပဲ။

ငါဟာလည်း မမေ့လျော့တဲ့ လုံ့လနဲ့ အထပ်ထပ် အကြိမ်ကြိမ် အခါခါ စာပေတွေကို ကြိုးစားသင်ယူခြင်းဖြင့် ဘာကြောင့် အထင်ကရ ပုဂ္ဂိုလ် မဖြစ်နိုင်ရမှာလဲ" ဆိုတဲ့အတွေး တွေးမိတယ်။ အားမာန်သတ္တိတွေ တက်လာတယ်။ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသတ်မသေဖြစ်ဘဲ ကျောင်းတော် ဆီ ပြန်လာပြီး ရခဲ့တဲ့ အားမာန်သတ္တိတွေနဲ့ စာပေကြိုးစားလိုက်တာ စာပေ မှာ တော်လည်းတော်၊ ကျော်လည်း ကျော်ခဲ့တယ်။ အထူးအားဖြင့် သဒ္ဒါ

ကျမ်းတွေကို ဂြုစိုက်တဲ့နေရာမှာ ကျော်ကြားကျွမ်းကျင်တဲ့ ပညာရှင်တစ်ဦး ဖြစ်ခဲ့တယ်။

ပြောလက်စနဲ့ ဆက်ပြောရဦးမယ်။ အမေရိကန်လူမျိုး တီထွင်ရှင် သောမတ်(စ်)အယ်ဒီဆင်ဆိုတာ သူငယ်ချင်းသိပါတယ်။ သူ့နာမည်ပြော လိုက်ရင် တစ်ကမ္ဘာလုံး သူ့ကို မသိသူရှားတယ်။ သူ့ရဲ့တီထွင်မှုတွေဟာ အံ့မခန်းလောက်စရာပဲ။ သူတစ်ဦးတည်း တီထွင်တာရော၊ သူများနဲ့ ပူးတွဲ တီထွင်တာရော အားလုံးပေါင်းလိုက်ရင် မှတ်ပုံတင်ပြီးသား တီထွင်မှုပစ္စည်း မျိုးရေ (၁၁၀၀၀) လောက်ရှိတယ်။ ကမ္ဘာ့စံချိန်တင်ပါ။ ဘယ်သူမှ သူ့စံချိန် ကို မချိုးနိုင်သေးပါ။

သူဟာ ကမ္ဘာ့ပထမဦးဆုံး လုပ်ငန်းသုတေသန ဓာတ်ခွဲခန်းကြီးကို လည်း ဖန်တီးတည်ထောင်သွားခဲ့တယ်။ လျှပ်စစ်တစ်ခေတ်ပြောင်းလဲ ဆန်း သစ်ရေး၊ တယ်လီဖုန်းစနစ်၊ ကြေးနန်းရိုက်စက်၊ အသံဖမ်း၊ အသံသွင်း နည်းပညာတိုးတက်ရေး စတာတွေကို ကြိုးပမ်းအားထုတ်ခဲ့ရာမှာ သူ့ကျေးဇူးနဲ့ မကင်းခဲ့ပါ။ အများအပြား ရှိနေပါတယ်။

သူ့ရဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှုကို ကြည့်ပြီး သူ့ကို အဘက်ဘက်က ပြည့်စုံသူလို့ မထင်လိုက်ပါနဲ့ဦး။ သူ့ကို ကံတရားက မျက်နှာသာမပေးခဲ့လို့ ကျောင်းနေရမယ့်အရွယ်မှာ အမေရိကန် ပြည်တွင်းစစ်ကြီးဖြစ်လာခဲ့လို့ ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရဘဲ အသက် (၁၂) နှစ်အရွယ်မှာ မီးရထားအလုပ်သမားအဖြစ်နဲ့ အလုပ်ဝင်ခဲ့ရတယ်။

ရထားပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်မှာ ကြေးနန်းဆက်သွယ်ရေးစနစ် အသုံးတွင်ကျယ်လာတဲ့အခါ ကြေးနန်းရိုက် အလုပ်သင်တယ်။ အဲဒီအချိန်မှာ သူ့အသက် (၁၆) နှစ် ရှိနေပြီပေါ့။

သူ့မှာ မွေးရာပါ နားထင်ဘက်တစ်ခြမ်း ခေါင်းခွံအနေအထား မမှန် တာကြောင့် ငယ်ငယ်ကတည်းက အကြားအာရုံ ချို့တဲ့ခဲ့တယ်။ ဒါပေမဲ့ ကြေးနန်းရိုက်တဲ့အလုပ်က အစက်ကလေးတွေ၊ မျဉ်းတိုလေးတွေနဲ့ ဖော်ရတာ ဆိုတော့ နားမကောင်းတဲ့သူ့အတွက် အခက်အခဲမရှိဘူး။ နောက်ပိုင်းမှာ ကြေးနန်းဆက်သွယ်ရေးမှာ အကြားအာရုံ ပတ်သက်တာတွေပါလာလို့ အဆင် မပြေတာတွေဖြစ်လာတော့ အရင်ထက် အကြံအား၊ ဉာဏ်အား၊ ဝံ့လဝီရိယအားတွေကို ထုတ်သုံးတယ်။

(၁၆) နှစ်သားကတည်းက အလုပ်ခွင်ထဲမှာ သူမနေမနား ကြိုးစား တီထွင်လိုက်တာ ခြောက်နှစ်လောက်ကြာတော့ ကြေးနန်းကြိုးတစ်ချောင်း တည်းနဲ့ သတင်းပို့၊ သတင်းလက်ခံနိုင်တာတွေ ကြေးနန်းရိုက်စက်တွေ၊ လျှပ်စစ် အချက်ပြသင်္ကေတတွေကို အက္ခရာစာလုံးတွေ ပြောင်းလဲပုံနှိပ်ပေးတဲ့ စက်ကိရိယာတွေကို အောင်မြင်စွာ တီထွင်နိုင်ခဲ့တယ်။ အဲဒီလို တီထွင်နိုင် လောက်တဲ့ အသက် (၂၂) နှစ်အရွယ်မှာ သူဟာ နယ်လှည့် မီးရထား ကြေးနန်း အလုပ်သမားအဖြစ်ကနေ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဘဝကို ရောက် သွားတယ်။ လုပ်ငန်းရှင်ဖြစ်သွားပေမယ့် တီထွင်ဖန်တီးတဲ့အလုပ်ကို မစွန့် လွှတ်ဘူး။ ဆက်လုပ်တယ်။ အလုပ်လုပ်နေရတာကို သူပျော်တယ်။

လုပ်ငန်းမှာ အမှားအယွင်းတွေ၊ မအောင်မြင်တာတွေ အများကြီး တွေ့ရတယ်။ ဒါပေမဲ့ စိတ်မပျက်ဘူး၊ အားမလျှော့ဘူး၊ အတွေ့အကြုံထဲ သင်ခန်းစာယူတယ်။ ဇွဲရှိရှိနဲ့ ဖြစ်အောင်လုပ်တယ်။ အသက် (၈၃) နှစ် အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။ ကွယ်လွန်ခါနီးထိတောင် အလုပ်လုပ် ကောင်းဆဲ၊ တီထွင်လို့ ကောင်းဆဲပဲ၊ အလုပ်ကို စွဲစွဲမြဲမြဲ လုပ်သွားခဲ့တယ်။ ဒါကြောင့်လည်း စံချိန်ဘယ်သူမှ မချိုးနိုင်တဲ့ ကမ္ဘာ့စံချိန်တင် တီထွင်ပညာ ရှင် တစ်ယောက် ဖြစ်ခဲ့တာပေါ့။

အထက်မှာ ပြောခဲ့တဲ့ ရဟန်းငယ်လေးအကြောင်းကို ပြန်အာရုံပြု ကြည့်ပါ။ 'ဟင် ငါဉာဏ်ထိုင်းတာပဲ၊ စာကြိုးစားလည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး' ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ်ဆိုရင် သဒ္ဒါပညာရှင် တစ်ယောက် ဖြစ်လာခဲ့မှာ မဟုတ်ဘူး။ ဂါထာတစ်ပုဒ်ရအောင် လပေါင်း များစွာ ကြိုးစားအားထုတ်ခဲ့ရတာ၊ သဒ္ဒါပညာရှင်တစ်ယောက် ဖြစ်ထိုက်သူရဲ့ ကြိုးစားအားထုတ်မှုဟာ ဘယ်အတိုင်းအတာထိ ရှိတယ် ပြောပြစရာ မလို တော့ပါဘူး။

သောမတ် (စ်) အယ်ဒီဆင်ကိုလည်းကြည့်၊ ငါက ပညာမှ ဟုတ်တိ ပတ်တိ မသင်ရတာ၊ အလုပ်သမားပဲဆိုပြီးနေခဲ့ပါက သောမတ်(စ်)အယ်ဒီ ဆင်ဆိုတဲ့ နာမည်ကို ဘယ်သူမှသိမှာ မဟုတ်ဘူး။ ဘာမှတ်တမ်းမှာမှလည်း သူ့နာမည်ကို အရေးတယူ မှတ်တမ်းတင်ထားမှာ မဟုတ်ဘူး။ ကျန်မယ့်ကျန် သေစာရင်းမှတ်တမ်းထဲမှာပဲ ကျန်မယ်။ ကြိုးစားခဲ့လို့ ကမ္ဘာကျော်ပညာရှင် တစ်ယောက် ဖြစ်ခဲ့တယ်။ သူမသေခင်က စကားတစ်ခွန်း ပြောခဲ့ဖူးတယ်။

Oppo.:tunity is missed by most people because it comes dressed in overalls and looks like work.

"လူတော်တော်များများဟာ အခွင့်အလမ်းနဲ့ လွဲချော်တတ်တယ်။ ဘာပြုလို့လဲဆိုတော့ အခွင့်အလမ်းက အလုပ်သမားဝတ်ရုံကြီး ဝတ်လာပြီး ရုပ်ကလည်း အလုပ်ပုံပေါက်နေတာကိုး"

ဟုတ်တယ်။ အလုပ်လုပ်မှ အောင်မြင်မှုရမယ်။ အလုပ်မလုပ်ရင် အောင်မြင်မှု မရှိဘူး။ အောင်မြင်မှုနဲ့အလုပ်၊ အလုပ်နဲ့ အောင်မြင်မှု ခွဲခြားလို့ မရဘူး။ အလုပ်လုပ်ရင်း အခက်အခဲ အတားအဆီး အများကြီးတွေ့ရမယ်။ အဲဒီအခက်အခဲ အတားအဆီးကို ဖြတ်ကျော်ရမယ်။ အောင်မြင်မှု အသီးအပွင့်တွေကို ဆွတ်ယူစားသုံးချင်တယ်ဆိုရင် ခက်ခဲမှုလောကဓံတွေကို မလွဲမသွေ ဖြတ်ကျော်ရမယ်။ အခက်အခဲနဲ့ အတားအဆီးတွေမရှိရင် အောင်မြင်မှုဆိုတာ ရှိလာမှာမဟုတ်သလို ကြိုးစားမှုမရှိဘဲနဲ့လည်း အောင်မြင်မှုဆိုတာ ရှိလာမှာ မဟုတ်ဘူး။

ဖြစ်ချင်ရင် ဖြစ်ရမယ်ဆိုတဲ့စိတ်ထားပြီး ဖြစ်အောင်လုပ်မှ ဖြစ်တယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့လူဟာ မဖြစ်ရင်ဘာလုပ်မလဲ၊ ဖြစ်ကောဖြစ်ပါ့မလား ဆိုတဲ့ အတွေးကို အဝေးကို မောင်းထုတ်လိုက်၊ ကိုယ့်အတွေးထဲကို လုံးဝ ရောက်မလာစေနဲ့၊ "မဖြစ်နိုင်ဘူး" ဆိုတာ လူဖျင်းလူညံ့တွေရဲ့ အတွေး စကားပဲ။

ဝီရိယ ဝတော ကိံနာမကမ္မံ နသိဇ္ဈတိ - ကြိုးစားမှု မဆိတ်သုဉ်း သေးသမျှ အောင်မြင်မှုပန်းတိုင် ရှိနေတယ်။ ကြိုးစားမှုဆိတ်သုဉ်းသွားရင်တော့ အောင်မြင်မှုပန်းတိုင်ဆိုတာ ကွယ်ပျောက်သွားပြီပဲ။ ကံကြမ္မာက လူတိုင်းကို မျက်နှာသာပေးခဲ့တယ်။ ကံကြမ္မာဆိုတာကလည်း ကိုယ်လုပ်လို့ ဖြစ်ပေါ်လာတဲ့ အကျိုးတရားပဲလေ။ ကံကြမ္မာက မျက်နှာသာမပေးလို့ဆိုပြီး ကံကြမ္မာကို ယိုးမယ်ဖွဲ့ အပြစ်တင်နေစရာ မလိုဘူး။ ကိုယ်က လုံ့လဝီရိယ အား ဉာဏ်ပညာအား စိုက်ပြီးတော့ ကြိုးစားရမှာဖြစ်တယ်။

အောင်မြင်မှုရရန် အခြေအနေများက ဖန်တီးနေပါလျက် အခွင့်အလမ်းရှိနေပါလျက် လုံ့လဝီရိယအားကိုထုတ်ပြီး အောင်မြင်မှုကို မရယူတဲ့ သူဟာ နောက်ဆုံးတော့ နောင်တနဲ့ သောကကို ကိုယ်ပိုင်ရတတ်တယ်။

လှေကားဆိုတာ တစ်ထစ်ချင်းတက်ရတာ၊ ကျော်တက်မယ် မကြံနဲ့၊ ချော်ကျမှာ သေချာပဲ။ ဖွဲ့ရှိရှိနဲ့ တစ်ထစ်ချင်းသာတက် မကြာခင် အမြင့် ရောက်မှာပဲ။ မိုင်ထောင်ချီခရီးရဲ့ အစဟာ ခြေတစ်လှမ်းပဲ။ ကိုယ်တကယ် ဖြစ်ချင်ရင် တကယ်လုပ်ရတယ်။ အမှားတွေ၊ ချွတ်ယွင်းချက်တွေရှိနေလို့ မဖြစ်ဘူးလား။ မအောင်မြင်ဘူးလား။ ဘာဖြစ်လဲ။ ဒါစိတ်ဓာတ်ကျစရာ မဟုတ်ဘူး။ တစ်ခါလုပ်လို့မဖြစ်ရင် မအောင်မြင်ရင် ဆယ်ခါထပ်လုပ်၊ ဒါဆိုရင် တစ်ခါတော့ ကြိမ်းသေဖြစ်မှာပဲ။ ဘာမှ မလုပ်ချင်လောက်အောင် စိတ်ဓာတ်ကျနေတော့ ကိုယ်ဖြစ်ချင်တာတွေက ဖြစ်လာမှာလား။ အလုပ် လုပ်မှ ကြိုးစားမှုရှိမှ အောင်မြင်မှုကိုရမယ်။ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဝမယ်။

ဘာမှမလုပ်ဘဲ မှိုင်တွေငေးနေတာဟာ အချိန်တွေကို ဖြုန်းတီးရာ ရောက်တယ်။ အချိန်ကိုဖြုန်းတီးပစ်ရင် ဘဝကို ဖြုန်းတီးပစ်လိုက်တာနဲ့ အတူတူပဲ။ ဘဝဆိုတာ အနည်းငယ်အချိန်လေးတွေကို ပေါင်းစုဖွဲ့စည်း ထားတဲ့ အရာပါ။ ကိုယ့်အသက်ကိုချစ်ရင် အချိန်ကို ချစ်ပါ။ အချိန်ကို တကယ်ချစ်လို့ ကိုယ့်ဘဝအောင်မြင်မှု၊ လောကကောင်းကျိုးဖြစ်စေမှုတွေကို တကယ်လုပ်ရင် ကိုယ့်ဘဝကိုလည်း ချစ်ရာရောက်တယ်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက "အောင်မြင်မှုနဲ့ ကြိုးစားအားထုတ်မှု" အတွက် အောက်ပါအတိုင်း မိန့်တော်မူခဲ့တယ်။

"အကြင်သူသည် အိပ်၍ ပျော်နေ၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည် အိပ်၍နေ၏။

"အကြင်သူသည် လူးလွန့်လာ၏။ ထိုသူ၏ ဘုန်းကံပါရမီ အရှိန် အဝါတို့သည်လည်း ခေါင်းထောင်လာ၏။

"အကြင်သူသည် လုပ်ငန်းခွင်သို့စ၍ ဝင်လာ၏။ ထိုသူ၏ ဘုန်းကံ ပါရမီ အရှိန်အဝါတို့သည်လည်း အကျိုးပေးဖို့ရန် အသင့်အနေအထား စောင့်စား၍ နေကြကုန်၏။

"အကြင်သူသည် လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ပြီးမြောက်အောင် ဖွဲ့သန်သန်ဖြင့် ပြုလုပ်၏။ ထိုသူ၏ ဘုန်းကံပါရမီတို့သည်လည်း လန်းလန်း ဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးကြကုန်၏" တဲ့။

ဆရာတော်ကြီးက ဘာကိုဆိုလိုတယ်ဆိုတာ သိသာလှပါတယ်။ အောင်မြင်ချင်ရင် အလုပ်လုပ်ပါ။ အလုပ်လုပ်ရင် အောင်မြင်မှာပါ။

ကဲ… စကားကောင်းနေလိုက်တာ၊ နေ့လယ်စာ အချိန်တောင် ရောက်တော့မယ်။ ပြန်လိုက်ဦးမယ်။ ဩော်… နေဦး နေဦး ပြောစရာ ကျန်သေးတယ်။ "အောင်မြင်မှုဆိုတာ တိုက်တာခြံမြေ ရွှေငွေဥစ္စာ ရာထူးတွေနဲ့ တိုင်းတာရတာ မဟုတ်ဘူး။ လောကကောင်းကျိုးကို ဘယ်လောက်ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာနဲ့ပဲ တိုင်းတာရမယ်"

× × × × ×

စာဖတ်အားကောင်းသော သူငယ်ချင်းက သူလေ့လာဖတ်ရှုခဲ့သော စာအုပ်စာပေနှင့် ပညာရှင်များ၏ အဆိုအမိန့်များကို ကိုးကား၍ ပြောသွားခြင်း ဖြစ်ပါသည်။ သူငယ်ချင်းနှင့် စကားပြတ်သွားပေမယ့် သူ၏အတွေးများ မဆုံးသေး။ ဆက်လက်ဆင့်ပွားတွေးနေမိသည်။

လုပ်ငန်းတစ်ခုကို လုပ်ကိုင်တဲ့အခါမှာ ရည်ရွယ်ချက်ကို ဦးတည်ပြီး ရှေးဦးစွာ လုပ်ငန်းစမိဖို့ရန် အရေးကြီးသည်။ စတင်ခြင်းလုပ်ငန်းသည် ယုံကြည်ချက်သဒ္ဓါကို အခြေခံသည်။ ယုံကြည်ချက်သဒ္ဓါတရား ထက်ထက်မြက်မြက်မရှိလျှင် လုပ်ငန်းကို မစဖြစ်တော့။ မည်သည့်လုပ်ငန်းမဆို ပထမဦးဆုံးခြေလှမ်းသည် ခွန်အားအပြည့် ထည့်သွင်းပြီးတော့ လုပ်မှသာလျှင် လုပ်ငန်းသည် ခရီးရောက်ပြီးမြောက်မည်။ ဒါကြောင့် ဖြစ်ရမည်။ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်သည် အလုပ်လုပ်သူတိုင်း၌ ရှိနေရမည်။

လုပ်ငန်းတစ်ခုဖြစ်မြောက်ဖို့ အောင်မြင်ရန် ယုံကြည်ချက်သဒ္ဓါ တစ်ခုတည်းနှင့် မပြီးသေး။ သဒ္ဓါနောက်က ဝီရိယလည်း လိုသည်။ ပညာလည်း လိုသည်။ ကြိုးစားအားထုတ်မှု ဝီရိယမပါဘဲ သဒ္ဓါသက်သက်နှင့် လုပ်သော လုပ်ငန်းသည် များသောအားဖြင့် မကြာမီ ပျက်သွားတတ်သည်။ ဝီရိယသာရှိ၍ သဒ္ဓါမပါပြန်ဘူးဆိုလျှင်လည်း ထိုပုဂ္ဂိုလ်၏အလုပ်သည် ရည်ရွယ်ချက်မပါဘဲ ပဲ့ကိုင်မပါဘဲ ပင်လယ်ထဲမှာ လှေတစ်စင်း မျောနေသည်နှင့် တူနေမည်။ ပညာမပါဘဲ သဒ္ဓါနှင့်လုပ်သော လုပ်ငန်းသည်လည်း အလွဲလွဲအမှားမှား ဖြစ်တတ်သည်။

သဒ္ဓါ ဝီရိယ ပညာတို့ တွဲမိနေဖို့ အလွန်အရေးကြီးသည်။ **လုပ်ငန်း** တစ်ခု စမိဖို့ သဒ္ဓါကို အခြေခံရမည်။ စမိပြီး ဆောင်ရွက်ပြီဆိုလျှင် **သဒ္ဓါ၏** နောက်က လုပ်ငန်းအကောင်အထည်ဖော်ဖို့ စွဲမြဲဖို့ ဝီရိယကိုလည်း **အခြေခံ** ရမည်။

အဲသည်လုပ်ငန်းဖြစ်မြောက် အောင်မြင်စေရန် ပညာက လိုက်ပါနေရမည်။ ပညာလိုက်ပါနေလျှင် သဒ္ဓါသည်လည်း ခိုင်မြဲနေသော သဒ္ဓါ၊ အကောင်အထည်ပေါ်အောင် တွန်းအားပေးသည်။ သဒ္ဓါ ဝီရိယ ပညာတို့နှင့် ဟန်ချက်ညီညီ လုပ်ကိုင်ပါက မဖြစ်မြောက်မအောင်မြင်ဘဲ ဘယ်မှာရှိတော့မည်နည်း။

"ဒေါင် ဒေါင် ဒေါင်" ဟူသော နာရီထိုးသံသည် တပ်လှန့်နှိုးလိုက်တာ သူ၏အတွေးများကို ဖြတ်တောက်သွားသည်။ အထက်ပါ အတွေးများကို အစောပိုင်းက လုံးဝ သူ မတွေးမိခဲ့။ သူငယ်ချင်းပြောခဲ့သော စကားများကို အခြေခံ၍ ဤအတွေးများဖြစ်ပေါ်လာသည် ထင်သည်။ အတွေးကောင်းနေ၍ ထင်သည်။ ခန္ဓာကိုယ်ကို နေရောင်ထိုးသည်ကိုပင် သတိမထားမိခဲ့။

အပြင်မှာ နေရောင်ထိုးနေပြီဖြစ်၍ စာကြည့်ခန်းထဲသို့ သူ၏ ခြေလှမ်းများကို ဦးတည်လိုက်မိသည်။ ခြေလှမ်းများက အရင်နှင့်မတူ။ ပေါ့ပါးသွက်လက်နေသည်။ သူငယ်ချင်း ပြောပြခဲ့သော ဝတ္ထုထဲက ရဟန်းငယ်လေးလို အားမာန်သတ္တိတွေ ပြည့်ဝနေလို့လား။ ဒါမှမဟုတ် သောမတ်(စ်) အယ်ဒီဆင်လို စိတ်ဓာတ်ခိုင်မာလာလို့ပဲလား။

သေချာသည်ကတော့ ခြေလှမ်းများက...။

**သကျူနွယ် (ရွှေပင်လယ်)**

**အကိုး** - အရှင်စန္ဒာသီရိ (ဟသ်ာတ-မြစ်ကွေ့)၏ 'အသိတန်ဖိုး' တရားတော်၊
- နန္ဒာသိန်းဇံ၏ 'တင်ထားရမည့်အရာ'၊
- မြင့်စိုးလှိုင်၏ 'ပထမတန်းစားလူ'။

■ ကျွန်တော်တို့နိုင်ငံမှာ ကွဲပြားခြားနားတဲ့
တိုင်းရင်းသား ၁၃၅ မျိုးလောက် ရှိတယ်။
ဒါတွေဟာ အင်အားတွေလို့ ဆိုနိုင်ပါတယ်။
မတူတာတွေရှိတယ်ဆိုရင် တူတာတွေကိုလည်း
ရှာကြတာပေါ့။
လူတွေမှာ တူတာတွေ အများကြီးရှိတယ်။
မြန်မာတွေအားလုံး ထမင်းစားကြတယ်။
မိဘ ဘိုးဘွားကို ရှိသေတယ်။
အမျိုးဂုဏ် ဇာတိဂုဏ် စောင့်ရှောက်တယ်။
တူတာတွေကို ပေါင်းစည်းပြီး တိုးတက်အောင်
လုပ်ကြရပါမယ်။

## မတူကွဲပြားခြားနားခြင်းတို့၏ စွမ်းအားများ

ဒေါက်တာခင်မောင်ညို

(၁)

ဦးစွာပထမရောက်တဲ့နေရာ ရပ်လို့နေမှာလား ဆိုတဲ့မေးခွန်းကို မေးချင်ပါတယ်။ မရပ်နေပါဘူး၊ ရပ်နေလို့လည်း မရဘူး။ လဲတဲ့နေရာမှာ ကော လှဲပြီးတော့ပဲ နေမှာလား။ မထဘဲ နေမှာလား။ ထရမှာပေါ့။ ဘာကြောင့်လဲ။

(၂)

ကျွန်တော်တို့တစ်တွေဟာ တကယ့်ကို ရွေ့နေကြတာပါ။ ကျွန်တော် ငယ်ငယ်က စာတွေဖတ်ပြီး အများကြီး စဉ်းစားတယ်။ ဥပမာ ထမင်းလုံး တစ္ဆေခြောက်တယ်လို့ ပြောတာဆိုပါတော့။ အချို့ကတော့ ဒီလို ထမင်းလုံး တစ္ဆေခြောက်တဲ့ ဖီလင်ကို ခံစားဖူးမယ်။ ဟိုးအမြင့်ကြီးကနေ လွင့်မျောပြီး ချောက်အနက်ကြီးလိုမျိုး ထိုးကျလာတာမျိုးတွေ။ အိပ်မက်ဆိုတာ တစ်ကြိမ် တစ်ခါမှ မခံစားဖူးတာ မမြင်မက်ဘူးတဲ့၊ မစားဖူးတဲ့၊ မရောက်ဖူးတဲ့နေရာ ဒါတွေကို မမက်ဘူးတဲ့။ ဒါဆိုရင် ထမင်းလုံးတစ္ဆေခြောက်တာကတော့ ခံစားဖူးလို့နေမှာ။ ကျွန်တော်တို့ဟာ အခြားကမ္ဘာတစ်နေရာက လွင့်လာတာ ပဲလား။ ကျွန်တော်တို့ရဲ့ ဝိညာဉ်တွေဟာ ဒီလိုလွင့်တာများ ဖြစ်လေမလားပဲ။ ကျွန်တော်တို့ဟာ ဒီစကြဝဠာ ဒီကမ္ဘာကပဲလား။ အခြား စကြဝဠာက ရောက်လာတာလား။ အနီးဆုံးစကြဝဠာက အလင်းနှစ် သုံးနှစ်ကျော်သွား ရတယ်။ ကျွန်တော်တို့ဟာ နဂါးငွေ့တန်း (Milky Way) ထဲမှာရှိတဲ့ နေစကြဝဠာမှာ တည်နေတာပါ။

(၃)

တကယ်တော့ နဂါးငွေ့တန်းဟာ ရပ်မနေဘူး။ ရွေ့နေတယ်။ တစ်ချိန်က သိပ္ပံပညာရှင် ဂယ်လီလီယိုဟာ ကမ္ဘာကြီးဟာ နေကို လည်ပတ်ပြီး သွားနေတယ် ပြောခဲ့တယ်။ ဒီအတွက် ဒီလူ ရူးနေတယ်ဆိုပြီး ရုံးတော်ကနေ သူ့ကို နေအိမ်ချုပ်ချုပ်ထားခဲ့ကြတယ်။ သူဟာ သေဆုံးတဲ့အထိ အကျယ်ချုပ်နဲ့ နေသွားရတယ်။ အမှန်ကတော့ ကမ္ဘာကြီးဟာ အာကာသယာဉ်ကြီးပါပဲ။ တစ်နာရီကို မိုင်ခြောက်သောင်းနှုန်းနဲ့ သွားနေတဲ့ အာကာသယာဉ်ပါပဲ။ မိမိကိုယ်ကိုလည်း တစ်နာရီမှာ မိုင်တစ်သောင်းနှုန်းနဲ့ လည်ပတ်နေတယ်။ ကမ္ဘာကြီးဟာ ဒီလိုသွားနေပေမယ့် ညင်သာလွန်းတဲ့အတွက် သွားနေတာကို ဘယ်သူမှ မသိကြဘူး။ ရပ်နေသလိုပဲ ထင်ကြတယ်။ အာကာသယာဉ်ကြီးကို **စွမ်းအင်ပေးတာကတော့ နေမင်းကြီးပါပဲ။**

ဒါကြောင့် နေမင်းကြီးကို မိခင်ယာဉ်ကြီး Mother ship လို့ ခေါ်နိုင်ပါတယ်။ ဒီမိခင်ယာဉ်ကြီးဟာ ကမ္ဘာကနေ မိုင် ၉၂ သန်း ဝေးကွာပါတယ်။ ကျွန်တော်တို့ကမ္ဘာကြီးဟာလည်း မိမိကိုယ်ကို ၂၄ နာရီမှာ တစ်ပတ်နှုန်းနဲ့ ရွေ့နေတယ်။ တစ်နှစ်မှာလည်း ကမ္ဘာပတ်လမ်းကြောင်းအတိုင်း နေကို တစ်ပတ်ပတ်တယ်။

(၄)

အာကာသယာဉ်ထဲမှာရှိတဲ့ လူတွေ သတ္တဝါတွေ အပင်တွေဟာ အချိုးညီညီနဲ့ မျှခြေမှာ တည်နေတယ်။ ပထမကတော့ လူတွေဟာ သစ်ပင်ပေါ်မှာ နေကြတယ်။ ဂူတွေထဲမှာလည်း နေတယ်။ ဘယ်မှာနေနေ သူက အဆင်မပြေလှဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးဟာ အင်မတန် အားနည်းလို့ပါပဲ။ ခွေးတစ်ကောင်လောက်လည်း အပြေးမမြန်ဘူး။ ဆင်မပြောနဲ့ နွားတစ်ကောင် ကျွဲတစ်ကောင်လောက်တောင် အားမသန်ဘူး။ ငှက်တွေလိုလည်း မပျံတတ်။ ဒီအတိုင်းဆို ရေလည်း မကူးတတ်ဘူး။ ငုပ်လျှိုးသွားဖို့က ဝေးရော။ အဲဒီလူသားဟာ သူရဲ့ခွန်အားကို နှစ်ဌာနက ရယူတယ်။

ပထမဌာနက ဦးနှောက်ပဲ။ ကမ္ဘာမှာ လူ့ဦးနှောက်ဟာ အကောင်းဆုံး လို့ ဆိုထားတယ်။ ဒါပေမဲ့ လူတွေမှာ သူ့အလိုအလျောက် သိတယ်တတ် တယ်ဆိုတာ မရှိဘူး။ ဥပမာ ငှက်ကလေးတွေဟာ ဘယ်သူမှ မသင်ပေးဘဲ အိမ်ဆောက်လို့တတ်တဲ့ ဗီဇ (instinct) ဆိုတာ ရှိတယ်။ လူရဲ့ ဦးနှောက်မှာ ဒါမျိုးတွေ ပါမလာဘူး။ လူရဲ့ဦးနှောက်ဟာ ဗလာဦးနှောက်ပါ။ ဒီဗလာ ဦးနှောက်ဟာ သင်ရင်တော့ တတ်တယ်။ အသိဉာဏ်တွေ ကြွယ်ဝအောင် ဦးနှောက်ထဲမှာ ပညာတွေ ထည့်ပေးထားလို့ရတယ်။ ဒီပညာတွေဟာ လူ့ဘောင်လောကကြီးကို တိုးတက်စေတာ အားလုံးသဘောပေါက်ပါလိမ့် မယ်။ ပထမစွမ်းအားရရာဌာနက ဦးနှောက်လို့ မှတ်နိုင်တယ်။

ဒါပေမဲ့ ဒုတိယစွမ်းအားကတော့ လူမှုအသိုင်းအဝိုင်းပါပဲ။ လူဟာ Social Animal လို့ ခေါ်တဲ့ အသင်းအဖွဲ့နဲ့ နေတတ်သူပါ။ ဒီအသင်းအဖွဲ့ ဟာ သူ့ရဲ့ခွန်အားပါ။ သူဟာ ခွန်အားမရှိပေမယ့် များများလုပ်စရာမလိုဘူး။ သူက တစ်နေရာမှာပဲ တော်ဖို့ လိုတယ်။ တစ်ခုပဲတတ်ဖို့ လိုတယ်။

## (၅)

ဒီလိုနဲ့ လူတွေဟာ အစုအဖွဲ့တွေနဲ့ နေလာကြတယ်။ ရွာတွေ တည်လာတယ်။ မြို့တွေ တည်လာတယ်။ နိုင်ငံတွေ တည်လာတယ်။ လူသားမျိုးနွယ်ဆက်တွေဟာ ကမ္ဘာအနှံ့ များပြားလာတယ်။ ယနေ့ဆို လူဦးရေ သန်း ၇၀၀၀ ကျော်လာပြီ ဖြစ်တယ်။ ဒီလူတွေဟာ သူတို့ထဲကနေ အုပ်ချုပ်တတ်တဲ့သူကို အုပ်ချုပ်ရေးနေရာပေးတယ်။ ပညာသင်လို့တတ်သူကို ပညာရေးမှာ နေရာပေးတယ်။ လယ်ယာလုပ်တတ်သူကို လယ်ယာလုပ်စေ တယ်။ သွက်လက်အားကောင်းသူတွေကိုတော့ စစ်သည်အဖြစ် တာဝန် ထမ်းစေတယ်။ လူတွေဟာ တူတူမျှမျှ စေ့စားသောက်ကြပေမယ့် တစ်ယောက်နဲ့ တစ်ယောက် တဖြည်းဖြည်း ကွဲပြားလာတယ်။ အရင်တစ်ခေတ်က နိုင်ငံ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျူးကျော်ရန်စကြတယ်။ (ဒီနေ့ခေတ်လည်း ဒီလိုပါပဲ) ဒီလိုလူတွေထဲက ရန်ကို ကာကွယ်ခုခံနိုင်တဲ့သူက အကြီးအကဲ ခေါင်းဆောင် ဖြစ်လာတယ်။ ဆိုလိုတာက စစ်ဘုရင်တွေဟာ ဧကရာဇ်တွေ ဖြစ်လာတယ်။ လယ်လုပ်သူတွေက အောက်ဆုံးအဆင့်ကို ရောက်သွားပြီး ပညာတတ်တွေ

ကတော့ အလယ်မှာ တည်နေတယ်။ ကုန်သွယ်ရေးနဲ့ အရောင်းအဝယ် လုပ်သူတွေကလည်း ချမ်းသာစွာ နေကြရတယ်။ ပညာလည်းတတ်၊ အရောင်းအဝယ်ကျွမ်းကျင်သူတွေကတော့ လောကမှာ အဆင်အပြေဆုံးပါပဲ။

(၆)

ဒီတော့ လူတွေဟာ ပညာရေးဟာ အရေးကြီးတယ်ဆိုတာကို သိကြတယ်။ ပညာတတ်များဖြစ်အောင် ကျောင်းနေကြတယ်။ လူမှုရေး၊ စီးပွားကုန်သွယ်ရေး၊ နိုင်ငံရေးတွေမှာ ကျွမ်းကျင်အောင် ကြိုးစားလာကြတယ်။ ဒီလိုနဲ့ နေထိုင်ကြရင်း နိုင်ငံအများဟာ ကျူးကျော်ရန်စမယ့်အစား ပူးပေါင်းဆောင်ရွက်ကြမယ်။ အကူအညီပေးကြမယ်ဆိုရင် ပိုပြီး အဆင်ပြေတယ်ဆိုတာကို သဘောပေါက်လာတယ်။ တကယ်တော့ လူတွေရဲ့ အကြီးမားဆုံးမိတ်ဆွေတွေဟာ လူတွေဖြစ်သလို အကြီးမားဆုံး ရန်သူတွေဟာလည်း လူတွေ ဖြစ်နေတယ်။ ဒီတော့ လူတွေဟာ ဒါကို အမြင်ကျယ်ကျယ် သုံးသပ်ဆင်ခြင်လာကြတယ်။ ခုခေတ်ပြောနေကြတဲ့ Diversity ဆိုတာကို သဘောပေါက်ကြမှာပါ။ မတူကွဲပြားခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ လူဆိုတာနှစ်ယောက်တူတာ မရှိဘူးတဲ့။ DNA လို့ ခေါ်တဲ့ မျိုးရိုးဗီဇကအစ လူနှစ်ယောက်ဟာ ဘယ်တော့မှ မတူဘူး။ ဒီတော့ ဒီလိုမတူတာကို မတူရကောင်းလားဆိုပြီး ဆန့်ကျင်နေမှာလား။ ဒါမှမဟုတ် မတူတာဟာ သဘာဝပဲ။ လူတွေရဲ့ မတူတာတွေကို ပထမလက်ခံပြီး အဲဒါဟာ အင်အားလို့ သတ်မှတ်နိုင်တယ်။ မတူတာဟာ ခွန်အား Diversity is the Power ဆိုပြီး လူတွေ လက်ခံလာကြတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ကွဲပြားခြားနားတဲ့ တိုင်းရင်းသား ၁၃၅ မျိုးလောက် ရှိတယ်။ ဒါတွေဟာ အင်အားတွေလို့ ဆိုနိုင်ပါတယ်။ မတူတာတွေ ရှိတယ်ဆိုရင် တူတာတွေကိုလည်း ရှာကြတာပေါ့။ လူတွေမှာ တူတာတွေ အများကြီး ရှိတယ်။ မြန်မာတွေ အားလုံး ထမင်းစားကြတယ်။ မိဘဘိုးဘွားကို ရိုသေတယ်။ အမျိုးဂုဏ် ဇာတိဂုဏ် ဆောင့်ရောက်တယ်။ တူတာတွေကို ပေါင်းစည်းပြီး တိုးတက်အောင် လုပ်ကြရပါမယ်။

(၇)

ဒုတိယကမ္ဘာစစ်မှာ အင်္ဂလိပ်တွေနဲ့ ပူးပေါင်းထားတဲ့ မဟာမိတ်တပ်ဖွဲ့တွေဟာ ဂျာမနီကို စစ်နိုင်တယ်။ ယနေ့ ဂျာမနီနဲ့ မဟာမိတ်တွေ ပူးပေါင်းဆောင်ရွက်နေတာပါပဲ။ အမေရိကန်တွေကလည်း ဗီယက်နမ်ကို တိုက်တယ်။ ယနေ့ ဗီယက်နမ်နဲ့ အမေရိကန်လက်တွဲကာ လုပ်ဆောင်နေတာပါပဲ။ နိုင်ငံရေးစကားနဲ့ ပြောရရင်တော့ လူတွေဟာ ရှေ့ကို ချီတက်နေတာပါပဲ။ ဘယ်အခါမှာမှ မရပ်နေပါဘူး။ ရပ်ဖို့လည်း မသင့်ပါဘူး။ ချစ်တဲ့သူ၊ မုန်းတဲ့လူ၊ ရန်သူ၊ မိတ်ဆွေ၊ ဒါတွေအားလုံးဟာ တစ်ချိန်မှာ အတူပေါင်းစည်းပြီး တိုးတက်မှုကို ရှာရတယ်။ ပေါင်းစည်းခြင်းဟာ လူတွေရဲ့ အင်အားသာ ဖြစ်တယ်။ ဒီလိုပေါင်းစည်းတဲ့အတွက် တူတာတွေလုပ်ရမယ်လို့ မဆိုလိုပါဘူး။ မိမိအားသာရာကို ဆောင်ရွက်ကြတာပါပဲ။ ဥပမာ စင်ကာပူဟာ အမေရိကန်နဲ့ ပေါင်းတဲ့အတွက် ကွန်ပျူတာ ထုတ်ရောင်းစရာမလိုပါဘူး။ ရေတပ်အင်အားကိုလည်း တိုးချဲ့စရာ မလိုပါဘူး။ စင်ကာပူက ဝန်ဆောင်မှုကို အဓိကထားတယ်။ အမေရိကန်က နည်းပညာတွေကို အဓိကထားတယ်။ မတူကြပါဘူး။ တစ်ကမ္ဘာလုံးကို ကြည့်ရင် ပိုပြီး ထင်ရှားတယ်။

(၈)

သို့သော် ဘယ်လမ်းကိုရွေးရွေး၊ ရောက်တဲ့နေရာမှာ ရပ်မနေရပါ။ တိုးတက်အောင် ကြံဆောင်မယ်။ ရှေ့ကို ဆက်လက်ချီတက်ကြမှာပါပဲ။ တကယ်လို့ လမ်းမှားတယ် ထင်ရင်တော့ လမ်းသစ်ဖွင့်ကာ ပြောင်းလဲမှုတွေ လုပ်ရမယ်။ ကျွန်တော်တို့ လဲကျဖူးတယ်။ ခင်ဗျားတို့လည်း လဲကျဖူးမှာပဲ။ လဲကျရင် ကျတဲ့နေရာမှာ လှဲမနေကြပါဘူး။ ပြန်ထကြပါတယ်။ ခဏခဏ လဲရင်တော့ ဒီလမ်းဟာ တစ်ခုခုတော့ မှားနေပြီပဲ။ လမ်းကောင်းကိုရှာ ပြောင်းသင့်ရင် ပြောင်းရမှာပေါ့။ ရောက်နေတဲ့နေရာမှာ ရပ်နေလို့ မရပါဘူး။

**ဒေါက်တာခင်မောင်ညို**

■ အမှုဆောင်အဖွဲ့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများနဲ့ ခရီးသွားမှတ်တမ်းများကို "ပုံရိပ်"လို့ အမည်ပေးကာ ဆောင်းပါးတွေရေးပြီး စာအုပ်တွေထုတ်ဝေနေလို့ ဒေါ်မြင့်မြင့်ကြည်တို့ အသင်းသားတွေရဲ့လုပ်ဆောင်ချက်တွေကြောင့် ဝါးချက်ဇီဝိတသံဃာ့ဆေးရုံကြီး တိုးတက်နေတာ ဝမ်းသာစရာပါ။

# ရောက်တဲ့နေရာမှာ ရပ်မနေသူတစ်ဦး

ခင်စောတင့်

ထက်မြက်သွက်လက်ပြီး အများအကျိုးအတွက် စွမ်းဆောင်နိုင်စွမ်းရှိတဲ့ အမျိုးသမီးတွေကို တွေ့ရတဲ့အခါ ကျွန်မ သိပ်ပြီး လေးစားရသလို ချီးကျူးအားကျမိပါတယ်။ အနီးကပ်ဆုံး ဥပမာကိုပြရရင်တော့ ပညာထက်မြက်ပြီး ဦးဆောင်နိုင်စွမ်းရှိတဲ့အတွက် အများက လေးစားချစ်ခင်ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်ပဲ ဖြစ်ပါတယ်။

တစ်ခါက ကျွန်မ လေးစားချစ်ခင်ရတဲ့ ဒေါက်တာဒေါ်နှင်းရီဆိုတဲ့ သမားတော်ကြီး ရှိပါတယ်။ အခုအခါမှာတော့ နိုင်ငံခြားမှာ နေထိုင်နေပါတယ်။ တကယ်အားကိုးချင်စရာကောင်းတဲ့ ဆရာမကြီး ဖြစ်ပါတယ်။ လူနာနဲ့ ဆက်ဆံတဲ့အခါ အင်မတန် နူးညံ့ပြီး စိတ်ရှည်ပါတယ်။ မမဒေါ်နှင်းရီကို တွေ့လိုက်တာနဲ့ စိတ်ထဲမှာ အေးချမ်းသွားရပါတယ်။ မြန်မာအင်္ကျီအဖြူကို အမြဲဝတ်ဆင်ပြီး လှပကြော့ရှင်းသပ်ရပ်နေတာကို မြင်လိုက်ရင် အားကျရပါတယ်။ မျက်နှာပြုံးချိုပြီး စိတ်ပါလက်ပါ စမ်းသပ်ပေးပါတယ်။ လူနာကို လက်နဲ့ စမ်းသပ်တာ အကောင်းဆုံးလို့ ပြောလေ့ရှိပါတယ်။ ထူးခြားပြီး မသင်္ကာစရာတွေ့မှ တခြားနည်းလမ်းတွေနဲ့ စမ်းသပ်ခိုင်းပါတယ်။ လျှပ်စစ်နဲ့ စမ်းသပ်ရတဲ့ စက်တွေ၊ ဓာတ်ရောင်ခြည်တွေက ခန္ဓာကိုယ်နဲ့ ခဏခဏ ထိတွေ့ရင် မကောင်းဘူး။ မလိုအပ်ဘဲနဲ့ မစမ်းသပ်တာ ကောင်းတယ်လို့ ပညာပေးလေ့ရှိပါတယ်။ အင်မတန်လည်း ပညာထက်မြက်ပါတယ်။ အခုအခါ အသက်ကြီးရင့်နေပေမယ့် အရင်ကလိုပဲ လှပကျက်သရေရှိပြီး

အေးချမ်းနေမှာပဲဆိုတာကို မြင်ယောင်ကြည့်မိပါတယ်။

အနီးကပ်တွေ့နေရတဲ့ ဆရာမသန်းမြင့်အောင်ကတော့ သူ့ဘဝကို ပရဟိတလုပ်ငန်းတွေထဲမှာပဲ မြှုပ်နှံထားတဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်ကျိုး ဆိုတာကို ဘယ်တော့မှ ထည့်မတွက်တဲ့သူပါပဲ။ အများအကျိုးအတွက်သာ နေ့မအား ညမအား ပြေးပြေးလွှားလွှား ဆောင်ရွက်နေတာတွေ့ရတော့ "ညီမရေ... ဒီလောက်အတွေ့အကြုံတွေ များနေတာ စာရေးဦးလေ" လို့ ထပ်ပြီး မပြောရက်တော့ပါဘူး။ ဒီလို မြင့်မြတ်တဲ့ ကုသိုလ်အလုပ်တွေ လုပ်နေတဲ့ ညီမသန်းမြင့်အောင်ကို ကျွန်မ ဂုဏ်ယူပြီး လေးစားချစ်ခင်ပါတယ်။ သူဟာ ရောက်တဲ့နေရာမှာ ရပ်နေသူမဟုတ်ဘဲ ငှက်တွေဟာ ပျံရင်းနဲ့သေ၊ လူတွေဟာ ကြံရင်းသေဆိုသလို အဆုံးအထိ ပရဟိတလုပ်ငန်းတွေကို လုပ်နေမယ့်သူပါပဲ။

မိတ်ဆွေကြီး ဒေါ်ကလျာနဲ့ပတ်သက်ပြီး သိကျွမ်းခင်မင်ရတဲ့သူကတော့ ဘဝရဲ့ပေးအပ်လာတဲ့ တာဝန်တွေကို ထက်မြက်သွက်လက်စွာ စွမ်းဆောင်စီမံနိုင်တဲ့ ဒေါ်မြင့်မြင့်ကြည် ဖြစ်ပါတယ်။ သူက အသက် (၆၇) နှစ်ရှိပြီး ကျွန်မထက် (၈) နှစ်ငယ်ပေမယ့် လေးစားရလို့ ဒေါ်မြင့်မြင့်ကြည် လို့ပဲ ခေါ်ဆိုပါတယ်။ သူ့ကို ဘယ်အခါကြည့်လိုက် ကြည့်လိုက် ခေတ်မီလှပပြီး စမတ်ကျနေပါတော့တယ်။ လူမှုဆက်ဆံရေးလည်း အလွန်ကောင်းပြီး အမြဲပဲ ရယ်မောရွှင်ပျနေတာ တွေ့ရပါတယ်။ သူရရှိထားတဲ့ ဘွဲ့တွေက (B.Com R.A, HGP, R.L, DMA) ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့ပြီး ညွှန်ကြားရေးမှူးနဲ့ အငြိမ်းစားယူခဲ့ပါတယ်။ အကြံပေးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့တာ နှစ် (၄၀) တိတိပဲ ဖြစ်ပါတယ်။

ထို့အပြင် အမျိုးသားညီလာခံကျင်းပရေး ဘဏ္ဍာရေးဆပ်ကော်မတီမှာ အတွင်းရေးမှူး၊ ပြည်ထောင်စုနေ့ကျင်းပရေး ဘဏ္ဍာရေးဆပ်ကော်မတီမှာ အတွင်းရေးမှူး၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဘဏ္ဍာရေး ဆပ်ကော်မတီမှာလည်း တွဲဖက်အတွင်းရေးမှူး တာဝန်တွေ ယူခဲ့ရပါသေးတယ်။

၁၉၈၇ ခုနှစ်၊ ဩဂုတ်လမှ စတင်ပြီး ဝါးချက်ဇီဝိတသံဃာ့ဆေးရုံ

ကြီးကြပ်ထောက်ပံ့ရေး (အောက်မြန်မာပြည်) အမှုဆောင်အဖွဲ့ အကျိုးဆောင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး ယနေ့တိုင် ကုသိုလ်ယူဆောင်ရွက်ပေး နေပါတယ်။ အနားယူရမည့်အရွယ်တိုင်ခဲ့ပေမယ့် ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပြီး တွဲဖက်အတွင်းရေးမှူးတွေကို ခွဲဝေထမ်းဆောင် ကုသိုလ် ယူစေပါတယ်။ အမှုဆောင်အဖွဲ့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများနဲ့ ခရီးသွား မှတ်တမ်းများကို "ပုံရိပ်" လို့ အမည်ပေးကာ ဆောင်းပါးတွေရေးပြီး စာအုပ်တွေ ထုတ်ဝေနေလို့ ဒေါ်မြင့်မြင့်ကြည်တို့ အသင်းသားတွေရဲ့ လုပ် ဆောင်ချက်တွေကြောင့် ဝါးချက်ဇီဝိတသံဃာ့ဆေးရုံကြီး တိုးတက်နေတာ ဝမ်းသာစရာပါ။ အဖွဲ့အစည်းတစ်ခု တိုးတက်တာ ပါဝင်လှုပ်ရှားကြတဲ့ အသင်းသူ အသင်းသားတွေရဲ့ စည်းရုံးညီညွတ်မှုကြောင့်ဆိုတာ သိသာမြင် သာပါတယ်။ ထက်မြက်ပြီး ဦးဆောင်နိုင်သူတွေက တက်ညီလက်ညီ စီမံ နိုင်ကြလို့ စဉ်ဆက်မပြတ် စီးဆင်းနေတာပါပဲ။ ဒီအထဲမှာ စွမ်းဆောင်နိုင်အား ရှိတဲ့ ဒေါ်မြင့်မြင့်ကြည် အပါအဝင်ဖြစ်တာကို တွေ့ရပါတယ်။

ဒေါ်ပဒ္မာမြားခင် ရန်ပုံငွေအဖွဲ့မှာလည်း ပါဝင်ထမ်းဆောင်ပြီး ကျန်း မာရေး မပြည့်စုံတဲ့ စာပေပညာရှင်တွေကို နှစ်စဉ်ချီးမြှင့်နေတာ အားရစရာ ဖြစ်ပါတယ်။ ဒေါ်ကလျာက နှစ်စဉ်ဖိတ်တဲ့အတွက် ဒေါ်မြင့်မြင့်ကြည်တို့ရဲ့ လုပ်ဆောင်အားကို တွေ့နေရပါတယ်။

တစ်ခါက ဒေါ်မြင့်မြင့်ကြည်က မြန်မာပြည်ပေါက် အီတလီက ဆရာဝန်ကြီး Dr. Robin Chan က ဝါးချက်ဆေးရုံမှာ ကုသိုလ်ဖြစ်ခွဲစိတ် ကုသပေးလိမ့်မယ်။ ဝါးချက်ဆရာတော်ကြီးက ကျွန်မနဲ့ ဒေါ်ကလျာကို Dr. Robin နဲ့ တွေ့ဆုံပြီး မေးမြန်းပါ။ ပြီးရင် လူတွေသိအောင် ဆောင်းပါး ရေးကြပါလို့ မိန့်ကြောင်း ပြောပါတယ်။ Million Coins စားသောက်ဆိုင်မှာ ဆုံကြပါတယ်။ ဆရာဝန်ကြီးက မြန်မာလို ပွတ်နေအောင် ပြောတတ်ပြီး သဘောသိပ်ကောင်းသလို ပျော်တတ်ပါတယ်။ ဆောင်းပါးရေးပြီး "ကလျာ" မှာ ထည့်လိုက်ပါတယ်။ အဲဒီအချိန်ကစပြီး Dr. Robin က နှစ်စဉ်ဝါးချက်မှာ ခွဲစိတ်ပေးပြီး ဆေးရုံခွဲစိတ်ခန်းက လိုအပ်သမျှကို သူလည်းလှူပြီး တခြား သူတွေကိုလည်း လှူဖြစ်အောင် တိုက်တွန်းပေးလို့ ပြည့်စုံနေပြီဖြစ်ကြောင်း သိရပါတယ်။ Dr Robin က အခမဲ့ ကုသပေးပါတယ်။ လူနာတွေက

ကန်တော့ကြရင်လည်း "ကျွန်တော့်ကို မပေးပါနဲ့၊ ဆေးရုံကိုသာ လှူကြပါ" လို့ ပြောပါတယ်။ ကျွန်မ အကြိမ်ကြိမ် သာဓုခေါ်ပါတယ်။ လိုအပ်သမျှကို ဒေါ်မြင့်မြင့်ကြည်က ဆောင်ရွက်ပေးနေပါတယ်။

ဒေါ်မြင့်မြင့်ကြည်က ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်ပါတယ်။ အလုပ်လုပ်စဉ်က ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်းမှာ ဓမ္မစကြာဝတ်အသင်း ဖွဲ့စည်းပြီး ပရိတ်လိုက်ရွတ်ပေးခဲ့ပါတယ်။ အခုအခါမှာလည်း အချိန်ရရင် ရသလို ရွှေဥမင်ရိပ်သာ၊ သဒ္ဓမ္မရံသီရိပ်သာ (အင်းတိုင်) တို့မှာ တရားအားထုတ်ပါတယ်။ သူ ပဋ္ဌင်းခံပေးခဲ့တဲ့ ရဟန်းတွေ ပညာတွေတတ်ပြီး အဆင့်မြင့်မြင့် ဖြစ်နေကြတာကို ပီတိဖြစ်နေလေ့ ရှိပါတယ်။

ချီးကျူးစရာကောင်းတာက အသက်အရွယ် ကြီးရင့်နေပြီဖြစ်တဲ့ မိဘတွေကို ပြုစုစောင့်ရှောက်နေတာပဲ ဖြစ်ပါတယ်။ အိပ်ရာပေါ်က မထနိုင်တဲ့ အသက် (၉၈) အရွယ် ဖခင်ကြီးကို အချိန်ဇယားနဲ့ ကျွေးမွေးပြုစုနေတာ ကြားသိရတာ ကြည်နူးမိပါတယ်။ ခရီးထွက်တာလည်း ဝါသနာပါပါတယ်။ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ကို ဦးဆောင်ခဲ့ဖူးသလို ဝါးချက်အဖွဲ့ဝင်တွေ တစ်နှစ်တစ်ခါ ခရီးထွက်ကြရင်လည်း အဆင်ပြေအောင် ဦးဆောင်သူ ဖြစ်ပါတယ်။ ခရီးသွားဆောင်းပါးတွေ ရေးထားတာကို ဖတ်ကြည့်ရင်း အဘက်ဘက်က စွမ်းဆောင်နိုင်စွမ်း ရှိတာပါလား။ ဘက်စုံလုပ်ဆောင်နိုင်ပါပေရဲ့လို့ တွေးမိပါတယ်။ ကျန်းမာရေး ကောင်းမွန်ပါရင် အသက် (၇၅) အထိ အကျိုးဆောင်၊ အတွင်းရေးမှူး တာဝန်ကို ဆောင်ရွက်ပေးပြီး အသက် (၇၅) နှစ်အထက် ကျော်လွန်ကာ အသက်ရှည်ကျန်းမာနေဦးမယ်ဆိုရင် ဦးဆောင်နာယကတာဝန် ဆက်လက်ယူပေးပါ့မယ်လို့ တခြားအမှုဆောင်တွေနဲ့ အတူတိုင်ပင်ထားတယ်လို့ ဆိုပါတယ်။ ဒေါ်မြင့်မြင့်ကြည် သက်ရှည်ကျန်းမာနေဦးမှာပါ။ ပရဟိတလုပ်ငန်း၊ သာသနာပြုလုပ်ငန်းတွေကို ရပ်မထားဘဲ ဆက်လက် ထမ်းဆောင်နေဦးမှာ ဖြစ်တယ်ဆိုတာကို ကျွန်မ ယုံကြည်ပါတယ်။ လောကီရေးရာဌာန အလုပ်က အငြိမ်းစားယူခြင်း၊ အနားယူခြင်းဆိုတာ ရှိပေမယ့် ကုသိုလ်စိတ်နဲ့ ကောင်းကျိုးပြုဆောင်ရွက်တာတွေကတော့ အနားယူတယ်ဆိုတာ ဘယ်မှာ ရှိနိုင်မှာပါလဲရှင်။

ကျွန်မကတော့ လူအများနဲ့ ဖွဲ့စည်းထားတဲ့ အသိုင်းအဝိုင်းမှာ

ဒေါ်မြင့်မြင့်ကြည်လို ဝင်ဆံ့မှာမဟုတ်ပါဘူး။ ကျွန်မရဲ့ သဘာဝကိုက အေးဆေးစွာ တစ်ယောက်တည်းနေရတာကို မွေ့လျော်တတ်သူ ဖြစ်ပါတယ်။ ဟော ပြောပွဲများလာခေါ်ရင် တွင်တွင်ငြင်းခဲ့ပါတယ်။ လူတွေရှေ့မှာ ထွက်ပြီး စကားပြောဖို့ သတ္တိမရှိတာ အမှန်ပါ။ အငြိမ်းစားယူပြီးနောက် အချိန်မဖြုန်း ခဲ့ပါဘူး။ ရိပ်သာဝင်တရားအားထုတ်ပါတယ်။ သိသမျှတွေကို ရေးပြရင်း စာရေးသူဖြစ်ခဲ့တာပါ။ ဒီလိုနည်းနဲ့ပဲ အကျိုးပြုချင်ပါတယ်။ အိပ်ရာထဲ မလဲသေးသရွေ့တော့ ကလောင်ကိုချမည် မဟုတ်ပါ။ ဒေါ်မြင့်မြင့်ကြည်တို့လို ထက်မြက်ပြီး ဦးဆောင်နိုင်စွမ်းရှိသူတွေကို လေးစားဂုဏ်ယူမိပါတယ်။

ရောက်တဲ့နေရာမှာ ရပ်မနေဘဲ လောကအကျိုး၊ သာသနာ့အကျိုးတို့ အတွက် ပရဟိတစိတ်ဓာတ်နဲ့ ကုသိုလ်များကို ဖြည့်ဆည်းပေးမယ်ဆိုရင် ဘဝလမ်းကြောင်း ဖြောင့်ဖြူးကြမှာ မလွဲကေန်ပဲ မဟုတ်ပါလားရှင်။

ခင်စောတင့်

■ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းမှာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ သတင်းစာဆရာ စာရေးဆရာကြီး လူထုဦးစိန်ဝင်းကို ကြည့်ပါ။ သူဟာ ယုံကြည်ချက်ကြောင့် နှစ်ပေါင်းများစွာ အကျဉ်းကျခံခဲ့ရပါတယ်။ အကျဉ်းကျနေစဉ် ကာလအတွင်း လေဖြတ်ပြီး ညာဘက်လက်က မသန်မစွမ်းဖြစ်ခဲ့တယ်။ လုပ်ရှားလုပ်ကိုင်လို့ မရတော့ပါဘူး။ ဒီတော့ ငါတော့ လေဖြတ်ပြီ စာလည်း ရေးလို့ မရတော့ဘူးဆိုပြီး ဆရာကြီး လူထုဦးစိန်ဝင်းဟာ ရောက်တဲ့နေရာမှာ ရပ်မနေခဲ့ပါဘူး။ လက်ဝဲလက်နဲ့ စာရေးတတ်အောင် ကျင့်ပြီး ရေးတယ်။ ကွယ်လွန်ချိန်အထိ တိုင်းကျိုးပြည်ကျိုးပြုစာပေတွေကို ရေးသားသွားခဲ့ပါတယ်။

# ရွက်လွှင့် ရှေ့ဆက် ခရီးဆက်

**မောင်သိန်းလွင်**

စာပေခရီးသွားများ စာအုပ်တိုက်မှ ဒေါ်ခင်မို့မို့နီ (စာရေးဆရာမ ရွှေစကား)က “ရောက်တဲ့နေရာမှာ ရပ်နေမှာလား” ခေါင်းစဉ်နဲ့ စာမူတစ်ခု ပေးဖို့ တောင်းထားတာ ကြာပါပြီ။ သူပေးတဲ့ခေါင်းစဉ်ကိုကြည့်ပြီး ရေးရမှာ လက်တွန့်လို့ မရေးဖြစ်ခဲ့ပါဘူး။ အခုမှ ဆရာနဲ့ ဒေါက်တာခင်မောင်ညိုနဲ့ နှစ်ယောက်ပဲ ကျန်တော့တယ်လို့ ဖုန်းဆက်ပြီး သတိပေးတဲ့အတွက် ရေးဖြစ်သွားတာ ဖြစ်ပါတယ်။

သူ့ခေါင်းစဉ်ကို တည့်တည့်တွေးမယ်ဆိုရင်တော့ လွယ်လွယ်လေးပါပဲ။ သူကလည်း လူငယ်အကျိုးပြုစာပေတွေကို ထုတ်ဝေနေတဲ့သူ။ လူငယ်ထုကောင်းကျိုးကို ရည်စူးတဲ့ စာအုပ်တိုက်ဆိုတော့ ခေါင်းစဉ်မှာပါတဲ့ အတိုင်း ရည်ညွှန်းတိုက်တွန်းပြီး ရေးလိုက်ရင် လွယ်ပါတယ်။ လူငယ်လေးတွေအနေနဲ့ မိမိကိုယ်မိမိ မြှင့်တင်ရမယ်။ အဲဒီလို မြှင့်တင်ရင်း မြင့်မားတဲ့ အဆင့်တစ်ဆင့်ကို ရောက်ပြီဆိုရုံမျှနဲ့ ရပ်တန့်မနေသင့်ဘူး။ ဆက်လက်ပြီး မြင့်သည်ထက်မြင့်အောင် ကြိုးစားသင့်တယ် စသည်ဖြင့် ရေးစေချင်လို့လား လို့လည်း ကျွန်တော်တွေးပါတယ်။ ဒါပေမဲ့ ဆရာမအနေနဲ့ ခုလို ရိုးရိုးရှင်းရှင်းကြီး ရေးစေချင်တာ ဟုတ်ဟန်မတူဘူးလို့လည်း တွေးဆမိပါတယ်။ ဒါကြောင့် မရေးဖြစ်ဘဲ လက်တွန့်နေခဲ့တာပါ။

ကျွန်တော်တွေးမိတာ တစ်ခုရှိပါတယ်။ လူဆိုတာ ကိုယ့်လမ်းကိုယ်

လျှောက်နေသူချည်းပါပဲ။ လျှောက်နေတော့လည်း ရောက်တဲ့နေရာတစ်ခု ဆိုတာ ရှိမှာပေါ့။ ဒါပေမဲ့ ကိုယ်လျှောက်နေတဲ့လမ်းဟာ လမ်းမှန်လား၊ လမ်းမှားလား၊ လမ်းဆိုးလား၊ လမ်းကောင်းလား ဆိုတာလည်း ရှိပါသေးတယ်။ လမ်းကောင်းထင်ပြီး လျှောက်တယ်၊ ဒါပေမဲ့ ဘွားကနဲ ချောက်ကမ်းပါးကြီးတစ်ခုရဲ့ထိပ်ကို ရောက်သွားတယ်ဆိုပါစို့။ ဆက်လျှောက်လို့ ဖြစ်ပါ့မလား။ ရပ်လိုက်ရမှာပေါ့။ အဲဒီအခါမျိုးမှာ ရောက်တဲ့နေရာမှာပဲ ရပ်ကြရမှာ သေချာပါတယ်။ ဖြစ်နိုင်ရင် နောက်ကို ပြန်ဆုတ်သင့်ရင် ဆုတ်ရပါလိမ့်မယ်။

အခုခေတ် ကျွန်တော်တို့ စာပေလောကမှာ နာမည်ကြီးပုဂ္ဂိုလ်ကြီး တစ်ဦး ရှိပါတယ်။ သူ့နာမည်နဲ့ စာပေဆုတွေကိုလည်း ချီးမြှင့်ပေးနေပါတယ်။ စာပေလောက တိုးတက်မြင့်မားအောင်လည်း ကြိုးစားစီစဉ်ထောက်ပံ့နေပါတယ်။ ဒါပေမဲ့ သူ့ဘဝ ဇာတ်လမ်းကို သူကိုယ်တိုင် ပြောပြချက်အရ သူဟာ တစ်ချိန်က လူဆိုးကြီးတစ်ယောက် ဖြစ်ခဲ့တယ်။ ဆိုးတဲ့ဘဝရောက်ခဲ့တယ်။ ဒါပေမဲ့ ရောက်တဲ့နေရာဟာ မကောင်းမှန်းသိတဲ့အတွက် အသိဉာဏ်ဝင်တဲ့အချိန်မှာပဲ ရပ်တန့်ခဲ့တယ်။ မကောင်းမှုကိုရှောင်ပြီး ကောင်းမှုကို ဆောင်ခဲ့တဲ့အတွက် **ပခုက္ကူဦးအုန်းဖေ** ဆိုတဲ့ နာမည်ကျော် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ခဲ့တယ်။ သူဟာ ဆိုးဝါးတဲ့အခြေအနေတစ်ခုကို ရောက်စဉ်က ရောက်တဲ့နေရာမှာ မရပ်ခဲ့ရင် ဒီလို တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုတဲ့လူတစ်ယောက် ဘယ်ဖြစ်လာနိုင်ပါတော့မလဲ။

မော်ဘီမြို့နားမှာ အလွန်နာမည်ကြီးတဲ့ တရားစခန်းကြီးတစ်ခု ရှိပါတယ်။ မြန်မာတစ်ပြည်လုံးရှိ အနယ်နယ် အရပ်ရပ်မှ သူတော်စင်များ၊ တရားလာရောက် အားထုတ်ကြတဲ့ ရိပ်သာကြီးတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီရိပ်သာကို စတင်တည်ထောင်တဲ့ ဆရာတော်ဟာ တစ်ချိန်က ဓားပြကြီး တစ်ယောက် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ သူလျှောက်လှမ်းတဲ့လမ်းဟာ မှားနေပြီလို့ သိတဲ့အချိန်၊ သတိပြုမိတဲ့အချိန်မှာ ရောက်တဲ့နေရာမှာပဲ ရပ်ခဲ့ပါတယ်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ပြီး တရားဓမ္မကျင့်ကြံ အားထုတ်ခဲ့တဲ့အတွက် **သဲအင်းဂူဆရာတော်ကြီး** ဆိုပြီး နိုင်ငံတစ်ဝန်း ကျော်ကြား

ခဲ့ရပါတယ်။ လူတွေရဲ့ဘဝကို လမ်းပြမြှင့်တင်ပြီး **နိဗ္ဗာန်ကူးတို့သို့ ပို့နိုင်ခဲ့**ပါတယ်။ ဆိုးဝါးသော လမ်းများရောက်ရှိစဉ် ရောက်**တဲ့နေရာမှာပဲ ရပ်ခဲ့တဲ့**အတွက် ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်တဲ့ သူ**တော်စင်ကြီး ဖြစ်ခဲ့**ရပါတယ်။

ကျွန်တော်တို့ ကျောင်းသားဘဝ စကားပုံတွေကို လေ့လာ**ရတဲ့အခါ မချစ်သော်လည်း အောင့်ကာနမ်း** ဆိုတဲ့စကားပုံနဲ့ အဲဒီစကားပုံရဲ့ **အခြေခံရာ**ဇာတ်လမ်းကလေးကိုလည်း သင်ယူခဲ့ရပါတယ်။ အဲဒီဇာတ်လမ်းအရဆိုရင်–

အလွန်ချောမောလှပတဲ့ သူဌေးသမီးတစ်ယောက် ရှိတယ်။ တစ်နေ့မှာ လေသာပြတင်းကနေ ကြည့်နေတုန်း မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတယ်။ မင်းချင်းယောကျ်ားတွေက သူခိုးတစ်ယောက်ကို လူသတ်ကုန်းသို့ ဖမ်းဆီး ခေါ်ဆောင်သွားတဲ့ မြင်ကွင်းပါပဲ။ မင်းသမီးအနေနဲ့ အဲဒီသူခိုးကို မြင်မြင်ချင်းပဲ မေတ္တာသက်ဝင် ချစ်ခင်သွားမိတယ်။ အဲဒီချစ်ခင်စိတ်ကြောင့် မအိပ်နိုင်၊ မစားနိုင် တပိန်ပိန် တလိမ်လိမ်နဲ့ ကျန်းမာရေးပါ ထိခိုက်လာခဲ့ရတယ်။ မိဘတွေဖြစ်တဲ့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးက အမျိုးမျိုးဖျောင်းဖျပြီး နားချကြပေမယ့် မရပါဘူး။ ဒီသူခိုးကိုမှ လက်မထပ်ရရင် သေပွဲဝင်မလောက် ဖြစ်နေတဲ့အတွက် မိဘနှစ်ပါးက သမီးကို ချစ်တဲ့ဇောနဲ့ လိုက်လျောခဲ့ပါတယ်။ အာဏာ ပါးကွက်သားတွေကို တံစိုးလက်ဆောင်ပေးပြီး သူခိုးကို လွတ်မြောက်စေခဲ့တယ်။ ပြီးတော့ သမီးရဲ့ဆန္ဒအတိုင်း ထိမ်းမြားလက်ထပ်ပေးခဲ့တယ်။ ဒါပေမဲ့ သူခိုးက သူဌေးသမက်အဖြစ် ည်းစိမ်ရှိရှိ ချမ်းချမ်းသာသာ နေရပေမယ့် မကျေနပ်ဘူး။ သူဌေးသမီးရဲ့ ရွှေ၊ ငွေ လက်ဝတ်ရတနာတွေကို ယူပြီး ထွက်သွားဖို့ ကြံစည်တယ်။ တစ်နေ့ကျတော့ တောင်စောင့်နတ်ကို ပူဇော်ပသဖို့ဆိုပြီး ရွှေ၊ ငွေ၊ လက်ဝတ်ရတနာအပြည့် ယူဆောင်စေကာ သူဌေးသမီးကို တောင်ပေါ်သို့ ခေါ်သွားတယ်။ တောင်ပေါ်ရောက်တော့ သူဌေးသမီးကို သတ်ပြီး ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတွေကို ယူဖို့ ပြင်ဆင်တယ်။ သူဌေးသမီးက **သူဟာ** သူခိုးကို သေတွင်းထဲက ကယ်တင်ထားတဲ့ အသက်သခင် **ကျေးဇူးရှင်** ဖြစ်ပါတယ်။ ဒါကြောင့် ရွှေ၊ ငွေ၊ လက်ဝတ် ရတနာ**တွေကိုသာယူပြီး**

သူ့အသက်ကို ချမ်းသာပေးပါလို့ တောင်းပန်တယ်။ ဒါပေမဲ့ မရပါဘူး။ သတ်မယ်လို့ပဲ ပြင်ဆင်ပါတယ်။ ဒီအခါမှာ သူဌေးသမီးက "ကျွန်မဟာ ရှင့်အပေါ် အလွန်စွဲလမ်း ချစ်ခင်ရသူ ဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံး အနေနဲ့ ရှင့်ကို မြတ်နိုးယုယစွာ နမ်းရှုပ်ပါရစေ" လို့ တောင်းဆိုတယ်။ ဒါကိုတော့ သူခိုးက ခွင့်ပြုတယ်။ အဲဒီအချိန်မှာ မိမိ အသက်ကိုတောင် သတ်တော့မယ့် သူခိုးကို **သူဌေးသမီးအနေနဲ့** မချစ်တော့ပါဘူး။ သူ့ရဲ့ ရောက်နေတဲ့ အချစ်ခရီးကို **ရပ်တန့်လိုက်ပါပြီ။** မချစ်တော့ပေမယ့်လည်း မုန်းစိတ်ကို အောင့်အည်းသည်းခံပြီး သူခိုးကို နမ်းရှုပ်ရင်း တောင်ပေါ်ကနေ တွန်းချလိုက်ပါတယ်။ **သူခိုးသေပြီး** သူဌေးသမီး အသက် ချမ်းသာရာ ရခဲ့ပါတယ်။ အဲဒါလည်း **ရောက်နေတဲ့နေရာဟာ** မကောင်းမှန်း သိပြီး အချိန်မီ ရပ်တန့်ခဲ့လို့သာ **အသက်ချမ်းသာရာ** ရခဲ့တာ ဖြစ်ပါတယ်။ မူလက ချစ်စိတ်နဲ့ **ချစ်ခရီးကို ဆက်မယ်၊** ရောက်တဲ့နေရာမှာ မရပ်ဘူးဆိုရင် **သူဌေးသမီးအနေနဲ့** အသက်သေဆုံးခဲ့ရမှာ အမှန်ပါပဲ။

ရောက်တဲ့နေရာမှာ ရပ်မနေဘဲ နည်းအမျိုးမျိုးနဲ့ ရှေ့ဆက်သင့်တဲ့ အခါတွေလည်း ရှိတာပေါ့။ လူရယ်လို့ ဖြစ်လာရင် လောကဓံတရားနဲ့ ရင်ဆိုင်ကြရမှာပါပဲ။ လောကဓံတရားဆိုတာ ရှောင်ပြေးဖို့ မဟုတ်ပါဘူး။ ရဲရဲရင့်ရင့် ရင်ဆိုင်ဖို့ပါပဲ။ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းမှာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ သတင်းစာဆရာ စာရေးဆရာကြီး **လူထုဦးစိန်ဝင်း** ကို ကြည့်ပါ။ သူဟာ ယုံကြည်ချက်ကြောင့် နှစ်ပေါင်းများစွာ အကျဉ်းကျခံခဲ့ရပါတယ်။ အကျဉ်းကျနေစဉ် ကာလအတွင်း လေဖြတ်ပြီး ညာဘက်လက်က မသန် မစွမ်း ဖြစ်ခဲ့တယ်။ လှုပ်ရှားလုပ်ကိုင်လို့ မရတော့ပါဘူး။ ဒီတော့ ငါတော့ လေဖြတ်ပြီ၊ စာလည်း ရေးလို့ မရတော့ဘူးဆိုပြီး ဆရာကြီး **လူထုဦးစိန်ဝင်း** ဟာ ရောက်တဲ့နေရာမှာ ရပ်မနေခဲ့ပါဘူး။ လက်ဝဲလက်နဲ့ စာရေးတတ်အောင် ကျင့်ပြီး ရေးတယ်။ ကွယ်လွန်ချိန်အထိ တိုင်းကျိုး ပြည်ကျိုးပြု စာပေတွေကို ရေးသားသွားခဲ့ပါတယ်။ ဒါကလည်း ရောက်တဲ့နေရာမှာ ရပ်မနေဘဲ ဖွဲမာန် သတ္တိအပြည့်နဲ့ ခရီးဆက်ခဲ့လို့သာ ဖြစ်ပါတယ်။

ရောက်တဲ့နေရာမှာ ရပ်မနေဘဲ ခရီးဆက်ခဲ့တဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး တွေလည်း ရှိပါတယ်။ ကမ္ဘာကျော်စာရေးဆရာကြီး **အိတ်ချ်ဂျီဝဲလ်** (H.G.

Wells) ငယ်စဉ်က ခြေထောက်သွင်သွင် ကျိုးခဲ့ဖူးပါတယ်။ သူထက် အသက်အရွယ်ကြီးတဲ့ တစ်ယောက်က သူ့ကို လေထဲသို့ မြှောက်မြှောက်တင် ပြီး ပြန်ပြန်ဖမ်းတယ်။ တစ်ကြိမ်မှာတော့ ပြန်မဖမ်းဘဲ လွှတ်ချလိုက်တယ်။ ဒါကြောင့် ခြေထောက်ကျိုးပြီး ဆေးရုံမှာ လပေါင်းများစွာ တက်ခဲ့ရတယ်။ လပေါင်းများစွာကြာအောင် ပြင်းထန်သော ဝေဒနာကို ခံစားရင်း တလူးလူး တလွန့်လွန့် နေခဲ့ရတယ်။ ဒါပေမဲ့ အရိုးက ပြန်မကောင်းလို့ ခြေထောက်ကို ပြန်ချိုးပြီး ပြန်ဆက်ရတယ်။ ကြောက်စရာကောင်းလှတဲ့ အတွေ့အကြုံပါပဲ။ ဆေးရုံကဆင်းတော့လည်း အိမ်ထဲမှာ တစ်နှစ်ပတ်လုံး နေခဲ့ရတယ်။ အိမ်ပြင် ကို လုံးဝ ထွက်ခွင့် မရခဲ့ပါဘူး။ ဒီတော့ ရနိုင်သမျှ စာအုပ်အားလုံးကို အားရပါးရ ဖတ်နိုင်ခဲ့တယ်။ စာအုပ်တွေဖတ်ရင်း စာပေကို မြတ်နိုးလာ ခဲ့တယ်။ သူ့ရဲ့စိတ်တွေ နိုးကြားတက်ကြွလာကြတယ်။ အနုပညာဈာန်ဝင်စား လာတယ်။ နောက်တစ်ကြိမ်လည်း သူဟာ ကြမ္မာဆိုးကြီးတစ်ခုနဲ့ ကြုံခဲ့ ရတယ်။ ဘောလုံးပွဲတစ်ခု လှုပ်လှုပ်ရွရွ ဖြစ်နေတုန်း အခြားလူတွေနဲ့ တိုက်မိ ပြီး လဲကျသွားတယ်။ ဘောလုံးပွဲကြည့်တဲ့ လူအုပ်ကြီးက တက်နင်းတာ ခံလိုက်ရတယ်။ သေလုမြောပါးပါပဲ။ သူ့ရဲ့ ကျောက်ကပ်တစ်ဖက် ကြေသွား တယ်။ အဆုတ်ရဲ့ ယာဘက်ခြမ်း ပေါက်သွားတယ်။ သွေးထွက်လွန်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေမှ ဆေးရုံရောက်သွားတယ်။ ဆရာဝန်တွေက လုံးဝ လက်လျှော့လိုက်ကြတယ်။ သေအံ့မူးမူး အနေအထားနဲ့ လပေါင်းများစွာ နေထိုင်ခဲ့တယ်။ အဲဒီနောက် ၁၂ နှစ်လုံးလုံး မသန်မစွမ်းဘဝနဲ့ ရှင်သန်ခဲ့ ရတယ်။ ဒါပေမဲ့ သူဟာ ရောက်တဲ့နေရာမှာ ရပ်မနေပါဘူး။ အဲဒီလို ဒုက္ခရောက်နေတဲ့ နှစ်တွေအတွင်း သူ့ရဲ့ စွမ်းရည်တွေ၊ အရည်အချင်းတွေ၊ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်နိုင်ခဲ့တယ်။ ရနိုင်သမျှစာပေတွေကို ဖတ်ရှု တယ်။ အဲဒီ အရည်အချင်းတွေကြောင့် သူ့နာမည် ဂုဏ်သတင်းဟာ တစ်ကမ္ဘာလုံးမှာ ကျော်ကြားခဲ့တာ ဖြစ်ပါတယ်။

ဒုက္ခရောက်နေတဲ့ ပထမငါးနှစ်အတွင်း စာပေကျမ်းဂန် ဝတ္ထု ဆောင်းပါး စသည်ဖြင့် အမျိုးစုံအောင် ရေးသားခဲ့တယ်။ ဒါပေမဲ့ သူ့လက်ရာ တွေဟာ ပညာနုတယ်။ အသက်မပါဘူး၊ စိတ်ဝင်စားဖွယ် မကောင်းဘူးလို့ သူ့စာတွေ သူပြန်ဖတ်ပြီး သူ့ဘာသာသူ သုံးသပ်ပါတယ်။ ဒါကြောင့်

ငါးနှစ်တာအတွင်း ရေးခဲ့သမျှ အားလုံးလိုလိုကို မီးရှို့ပစ်လိုက်တယ်။ အဲဒီနောက် နှစ်စဉ် ဝတ္ထုရှည်ကြီး အစအဆုံး နှစ်အုပ်လောက် ရေးသားနိုင်ခဲ့တယ်။ ၁၉၄၆ ခုနှစ် သူသေဆုံးတဲ့အချိန်ထိ စာအုပ်ပေါင်းများစွာကို ရေးသားခဲ့တယ်။ ကမ္ဘာတစ်ခွင်မှာ သူ့နာမည်ဂုဏ်ရှိန်သတင်းကို လျှမ်းလျှမ်းတောက် ဟိန်းစေခဲ့တဲ့ စာအုပ်တွေပေါ့။ သူသာ ရောက်တဲ့နေရာမှာရပ်ပြီး လောကဓံတရားကို အရှုံးပေးခဲ့ရင် ကမ္ဘာကျော်စာရေးဆရာကြီးတစ်ယောက် ဖြစ်လာမှာ မဟုတ်ပါဘူး။

**ကိုလန်ဘတ်စ်** ဆိုရင် အမေရိကတိုက်ကြီးကို စတင်တွေ့ရှိသူလို့ လူတိုင်းသိကြပါတယ်။ နှစ်စဉ် အောက်တိုဘာလ ၁၂ ရက်နေ့ကို ရောက်တိုင်း အမေရိကန်လူမျိုးတွေဟာ သူတို့ရဲ့သမိုင်းမှာ အရေးကြီးဆုံးဖြစ်တဲ့ အခမ်းအနားတစ်ခုကို ကျင်းပလေ့ရှိပါတယ်။ အမေရိကတိုက်ကြီးကို **ခရစ်စတိုဖာကိုလန်ဘတ်စ်** (Christopher Columbus) ရှာဖွေတွေ့ရှိတဲ့နေ့ အမှတ်တရအဖြစ်နဲ့ ကျင်းပကြတာ ဖြစ်ပါတယ်။

**ကိုလန်ဘတ်စ်**က ပိုက်သာဂိုရပ်စ် (Pythagoras) ရေးတဲ့စာအုပ်ကို ကျောင်းနေစဉ်ကာလမှာ လေ့လာသင်ယူခဲ့ဖူးတယ်။ ကမ္ဘာကြီးဟာ လုံးဝိုင်းသတဲ့။ ဒီတော့ **ကိုလန်ဘတ်စ်**က စိတ်ကူးတစ်ခု ရခဲ့တယ်။ တကယ့်ကို ကမ္ဘာကြီးသာ လုံးခဲ့ရင် အိန္ဒိယပြည်ကို သွားမယ့် ဖြတ်လမ်းကို ရှာဖွေတွေ့ရှိနိုင်လိမ့်မယ် ဆိုတဲ့ စိတ်ကူးပါပဲ။ ဒါပေမဲ့ ပညာရှိ ပါမောက္ခကြီးတွေ၊ တက္ကသိုလ်က တွေးခေါ်ပညာရှင်ကြီးတွေက ပြက်ရယ်လှောင်ပြောင်မှု ပြုခဲ့ကြတယ်။ "ဒီကောင်ဟာ အရူးပဲ။ အိန္ဒိယပြည်ဆိုတာ အရှေ့ဘက်အရပ်မှာ ရှိတာ။ အနောက်ဘက်စူးစူး အရပ်ကို ရွက်လွှင့်ထွက်ခွာသွားလို့ အရှေ့ဘက်ကို ရောက်မယ်တဲ့လား။ ကမ္ဘာကြီးက မလုံးဘူး၊ ပြားနေတာ။ သူ့ရဲ့ သင်္ဘောတွေဟာလည်း ကမ္ဘာရဲ့ အစွန်းတစ်ဖက်ကို ရောက်သွားပြီး အဆုံးအစမရှိတဲ့ ဟင်းလင်းပြင်ထဲသို့ ကျွမ်းထိုးမှောက်ခုံ ကျသွားလိမ့်မယ်" လို့ ဆိုကြတယ်။

**ကိုလန်ဘတ်စ်** ကတော့ စိတ်မပျက်ပါဘူး။ အဲဒီခရီးကို သွားနိုင်ဖို့ ၁၇ နှစ်လုံးလုံး ကြိုးစားခဲ့တယ်။ နောက်ဆုံးကျတော့ ရောမရှိ ပုပ်ရဟန်းမင်းကြီးက စပိန်နိုင်ငံ ဘုရင်မကြီး **အစ်စဘယ်လား** (Queen Isabella)

ကို ပန်ကြားပေးတဲ့အတွက် သွားဖြစ်ခဲ့တယ်။ ဘုရင်မက လိုအပ်တဲ့ **သင်္ဘော** တွေကို ပေးတယ်။ ဒါပေမဲ့ သင်္ဘောသားရဖို့ နည်းအမျိုးမျိုးနဲ့ **လုပ်ဆောင်** ခဲ့ရတယ်။ အကျဉ်းထောင်ထဲက ရာဇဝတ်သားတွေကိုတောင်မှ သူတို့ လိုက်မယ်ဆိုရင် လွတ်ပေးမယ်၊ လွတ်လပ်ခွင့် ပေးမယ်ဆိုပြီး ခေါ်ဆောင်ခဲ့တယ်။

နောက်ဆုံးကျတော့ ၁၄၉၂ ခုနှစ် ဩဂုတ်လ ၃ ရက် သောကြာနေ့မှာ သင်္ဘော သုံးစင်း၊ လူ ၉၀ နဲ့ ထွက်ခွာဖြစ်ခဲ့တယ်။ ကမ္ဘာ့သမိုင်းမှာ အရေးကြီးဆုံးနဲ့ မော်ကွန်းတင်ရတဲ့ ခရီးစဉ်ပါပဲ။

ကမ္ဘာ့သမိုင်းမှာ **ကိုလန်ဘတ်စ်** ကို ရဲရင့်တဲ့ အာဇာနည်တစ်ဦး၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံသူ၊ မတွန့်ဆုတ်တဲ့ ကြံ့ခိုင်တဲ့စိတ်ပိုင်းဖြတ်မှုတို့အတွက် ထာဝရဂုဏ်ပြုခံရတဲ့ သူရဲကောင်းတစ်ဦးအဖြစ် မော်ကွန်းတင်ခံခဲ့ရပါတယ်။ လူတိုင်းလူတိုင်းက လက်လျှော့နောက်ဆုတ်ချင်တဲ့အချိန်မှာ သူက ရှေ့သို့ပဲ ခရီးဆက်ခဲ့တယ်။ သူ့ရဲ့သင်္ဘောသားတွေက အကြောက်လွန်ပြီး ခြိမ်းခြောက်မှုကို ပြုတယ်။ သူသာ နောက်ပြန်မလှည့်ရင် သင်္ဘောပုန်ကန်မှုပြုမယ်၊ သူ့ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့ကြတယ်။

**ကိုလန်ဘတ်စ်** အနေနဲ့ကတော့ သူတို့အတွက် အဖြေတစ်ခုကိုပဲ ပေးခဲ့တယ်။

**"ရွက်လွှင့်… ရွက်လွှင့်၊ ရှေ့ဆက်… ခရီးဆက်"** တဲ့။

"Brave Admiral, speak; what shall I say?"

"Why, say: 'Sail on! sail on! and on!"

ဇာနည်ယောက်ျား၊ သင်္ဘောသားတို့
တို့များ ရှေ့ဆက်၊ ခရီးဆက်စို့
ရွက်ကုန်သာလွှင့်၊ တက်စုံဝင့်…
ရွက်ကုန်သာလွှင့်၊ တက်စုံဝင့်…

**ချစ်ခင်လေးစားစွာဖြင့်**
**မောင်သိန်းလွှင်**

■ သားတော် သိဒ္ဓတ္ထသည် ထိုနေရာကို လွယ်လွယ်ရနိုင်ပါလျက် ရပ်မနေ။ ဘုရားဖြစ်သည့်တိုင် ကျင့်ကြံအားထုတ်၍ သဗ္ဗညုတဉာဏ် ရရှိသည်။ စကြဝဠာအနန္တရှိ သတ္တဝါ အသင်္ချေအနန္တကို ကယ်တင်သည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်။ ကောင်းပေစွ၊ ကောင်းပေစွ၊ ကောင်းပေစွ။

# အဖေ့သားအောင်ပွဲ

**ကိုရိုးကွန့်**

''ဟဲ့… ရံရွေတော်များ၊ လာကြစမ်း၊ ပြတင်းတံခါးတွေ ဖွင့်ကြစမ်းပါ၊ ဘာလို့ ပိတ်ထားတာလဲ''

ကျွန်ုပ် သုဒ္ဓေါဒနစ၏အသံကြားသော် ရံရွေတော်များသည် အိပ်ဆောင်ထဲသို့ ပြေးဝင်လာကြသည်။

''ဘိုးဘိုးမင်းကြီး နိုးထတော်မူတာကို မသိလို့ပါ ဘုရား။ ညက ရာသီဥတုအေးလို့ ပြတင်းတံခါးတွေ ပိတ်ထားတာပါ ဘုရား''

''နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်းတဲ့။ နွေဦးရာသီ ရောက်ပြီပဲကွယ် ညည့်အခါ အေးပေမယ့် ခဏကြာရင် နေပူတော့မှာ။ အိုကွာ… ပြတင်းတွေတင်မကဘူး၊ နန်းတော်တစ်ခုလုံးမှာရှိတဲ့ တံခါးတွေအားလုံး ဖွင့်ထားရမယ်လို့ မနေ့က ပြောထားတာ၊ ဒီနေ့ မေ့သွားပြီလား။ ငါလို အသက် ၉၀ ကျော်အဘိုးကြီးကို ကြောင်အိုလို့ ကြွက်မလေးကြတာလား''

''မဟုတ်ပါ ဘိုးဘိုးမင်းကြီး၊ ဘိုးဘိုးကောင်းမွန်စွာ အိပ်စက်ရအောင် မနှိုးကြတာပါ ဘုရား''

''သယ်…၊ သားတော် သိဒ္ဓတ္ထလာမယ်ဆိုကတည်းက ငါစားမဝင်၊ အိပ်မပျော်ဖြစ်နေတာ မရိပ်မိကြဘူးလား။ သားတော်ကို ကြိုဆိုရမယ်။

တစ်နန်းတော်လုံး၊ တစ်ပြည်လုံးက ကြိုရမယ်။ သာကီဝင်တွေ အားလုံး ကြိုရမယ်။ သောင်းသောင်းဖြဖြ စည်စည်ကားကား ကြိုရမယ်"

သားတော် သိဒ္ဓတ္ထသည် ကပိလဝတ်နန်းတော်ကြီးမှ ထွက်ခွာသွားသည်မှာ (၇) နှစ် ကြာမြင့်ပြီ။ သွားစဉ်က အိမ်ရှေ့စံမင်းသား၊ ပြည်တော်ပြန်ဝင်လာသော် ဘုရားဖြစ်နေပြီ။

ဪ... သားတော်ကို သတိရတော့လည်း သားတော်လေးမွေးပြီး ခုနစ်ရက်တည်းနှင့် နတ်ရွာစံသော မိဖုရားကြီး သီရိမဟာမာယာဒေဝီသည် ကျွန်ုပ်၏ အာရုံထဲတွင် ပြက်ပြက်ထင်ထင် ပေါ်ပေါက်လာသည်။

× × × × ×

သီရိ-ကျက်သရေ၊ မဟာ- မြင့်မြတ်ကြီးကျယ်သူ၊ မယ-ပြီးစီးပြည့်စုံသူ၊ ဒေဝီ- နတ်သမီး ဆိုပါလား။ မြင့်မြတ်ပြီး ကျက်သရေမင်္ဂလာဖြင့် ပြည့်စုံ၍ နတ်သမီးကဲ့သို့ ချောမောလှပသူဟု ညွှန်းဆိုပေသည်။

သူနှင့် ကျွန်ုပ်သည် အသက်အရွယ်ချင်းလည်း မတိမ်းမယိမ်း၊ ဂုဏ်အရည်အချင်းလည်း ညီမျှကြသည်။ ကျွန်ုပ်သည် ကပိလဝတ်ပြည် ဘုရင်သီဟဟနု၏သားတော် ဖြစ်သည်။ သူက ဒေဝဒဟပြည် အဥ္စနဘုရင်၏ သမီးတော် ဖြစ်သည်။ ကျွန်ုပ်တို့မှာ မွေးချင်းညီအစ်ကို၊ မောင်နှမ ခုနစ်ယောက်ရှိ၍ သူတို့မှာ မွေးချင်းမောင်နှမလေးယောက် ရှိသည်။ ရာဇသွေးသာကီနွယ်များဖြစ်၍ အမျိုးဇာတ်မြင့်မြတ်ကြသည်။ ကျွန်ုပ်က မဟာသက္ကရာဇ် ၁၀ ခုနှစ်တွင် မွေးသည်။ မာယာဒေဝီက မဟာသက္ကရာဇ် ၁၂ ခု၊ နတ်တော်လပြည့်ကျော် (၂) ရက်၊ တနင်္လာနေ့တွင် မွေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်နှစ်နှစ်သာ ကွာခြားသည်။

ခမည်းတော် သီဟဟနုမင်းကြီးသည် ကျွန်ုပ်တို့နှစ်ဦးကို ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီး ဆင်ယင်၍ ထိမ်းမြားလက်ထပ်ပေး၏။ ထို့နောက် ရာဇဘိသေက မင်္ဂလာပြု၍ ထီးနန်းကို လွှဲအပ်ခဲ့၏။ ခမည်းတော်သည် ဝေဒဘာသာတို့၏ အဆုံးအမအတိုင်းနေထိုင်၍ အလှူပေးခြင်း၊

သီလဆောက်တည်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ဖြင့် ကျန်သောဘဝအစိတ်အပိုင်းကို အေးချမ်းစွာနေတော်မူ၏။ ငြိမ်သက်ငြိမ်းချမ်းစွာဖြင့်ပင် သက်တမ်းစေ့ ကံတော်ကုန်၏။ သို့သော် မြေးတော်ကိုမူ မြင်တွေ့မသွားရရှာပေ။

ကျွန်ုပ်၏ နိုင်ငံသည် နိုင်ငံကြီးမဟုတ်သော်လည်း စည်ပင်ဝပြောသည်။ ကောက်ပဲသီးနှံပေါကြွယ်ဝသည်။ ကျွန်ုပ်က မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်သောကြောင့် ပြည်သူက ယုံကြည်အားကိုးကြသည်။ မင်းနှင့်မိဖုရားသည် အဆင်း၊ ပညာ၊ သီလနှင့် ပြည့်စုံသောကြောင့် ပြည်သူက ချစ်ခင်လေးစားကြသည်။

သို့သော် ကျွန်ုပ်တို့မှာ သားသမီးရတနာမထွန်းကားသဖြင့် ပြီးပြည့်စုံမှု မရှိပေ။ ကျွန်ုပ်တို့ လက်ထပ်မင်္ဂလာပြုစဉ်က (၁၇) နှစ်၊ (၁၈) နှစ်အရွယ်တွေမို့ တစ်နှစ်၊ နှစ်နှစ်အတွင်း မရလည်း သုံးလေးနှစ်ကြာလျှင် သားသမီးရကြမည်ဟု မျှော်လင့်ကြသည်။ သို့သော် (၁၀) နှစ်ကြာလည်း မရ၊ အနှစ် (၂၀) ကြာလည်း မရ။ အိမ်ထောင်သက် အနှစ် (၃၀) ကြာသော် စိုးရိမ်စိတ်ဝင်လာသည်။ မိဖုရားကြီး၏ သက်တော်က (၄၅) နှစ်၊ (၄၆) နှစ်။ သွေးဆုံးတော့မည်။ အမျိုးပြတ်လိမ့်မည်။ မင်းဆက်သုဉ်းလိမ့်မည်ဟု ဆွေတော်မျိုးတော်တို့ စိုးရိမ်လာသည်။ ပြည်သူကလည်း ပူပန်ကြသည်။

ထို့ကြောင့် အားလုံးကောင်းစေဖို့ ရည်ရွယ်၍ မိဖုရားခေါင်ကြီး၏ ညီမတော် မဟာပဇာပတိဂေါတမီနှင့် ကျွန်ုပ်သည် လက်ထပ်မင်္ဂလာပြုခဲ့ရသည်။ မိဖုရားကြီး မာယာဒေဝီသည် ကြည်ဖြူစွာ လက်ခံခွင့်ပြုသည်။

ကျွန်ုပ်သည် ငါးစိမ်းမြင် ငါးကင်ပစ်သူ မဟုတ်။ အသစ်တွေ့လို့ အဟောင်းကိုမေ့သူ မဟုတ်။ မာယာဒေဝီ မိဖုရားခေါင်ကြီးကို ရှေးကထက်ပင် သနားစိတ်ပို၍ ချစ်ခင်ကြင်နာယုယပါသည်။

× × × × ×

မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်နေ့သည် ကျွန်ုပ်ဘဝအတွက်

ထူးခြားသော နေ့တစ်နေ့ဖြစ်သည်။ ကျွန်ုပ်နှင့် မိဖုရားများသည် သီလဆောက်တည်ကြသည်။ ကိုယ့်အိပ်ဆောင်တွင် ချမ်းသာစွာ အိပ်စက်ကြသည်။

နံနက်မိုးသောက်သော် ရွှင်လန်းစွာနိုးထ၍ ခြေ၊ လက်၊ မျက်နှာ ဆေးကြောသန့်စင်ပြီး နံနက်ညီလာခံကျင်းပနေစဉ် မိဖုရားခေါင်ကြီး ဝင်လာသည်။ မျက်နှာတော်မှာလည်း ထူးခြားနေသဖြင့် ဘာဖြစ်ပါလိမ့်ဟု ကျွန်ုပ်စိုးရိမ်မိသည်။ အလာတော်ထူးသဖြင့် ညီလာခံကို ခေတ္တ ရပ်နားသည်။

"တောင်ညာဒေဝီမိဖုရားကြီး၊ ဘာအရေးတော်ပေါ်လို့လဲ၊ လျှောက်တင်ပါ"

"ညီလာခံကျင်းပနေစဉ် ဝင်လာတာ ခွင့်လွှတ်ပါ မောင်တော်၊ နှမတော်မပြောဘဲ မနေနိုင်လို့ပါ"

"မြန်မြန်သံတော်ဦးတင်ပါ"

မှူးမတ်များသည် အလိုက်သိစွာပင် နောက်ဆုတ်ခစားကြသည်။

"လင်းအားကြီးအချိန်မှာ နှမတော် အိပ်မက် မက်တယ်။ အိပ်မက်ကတော့ ညတိုင်း မက်တာပါပဲ။ ဒါပေမဲ့ ဒီအိပ်မက်က ထူးခြားတယ်။ ပြတ်ပြတ်သားသားလည်း မြင်ရတယ်။ ပြီးတော့ မေ့မသွားဘူး။ နှမတော် အာရုံမှာ စွဲကျန်နေတယ်"

'ဆက်ပြောပါ' ဟူသော သဘောဖြင့် ကျွန်ုပ်က ခေါင်းညိတ်ပြသည်။

"အိပ်မက်ထဲမှာ ဆင်ဖြူတော်ပါတယ်။ အဲဒီ ဆင်ဖြူတော်က မြောက်ဘက်အရပ်မှ ရွှေလာပြီးတော့ နှမတော်ဝမ်းဗိုက်ထဲဝင်မယ် လုပ်တယ်တဲ့။ အဲဒီ အချိန်မှာ နှမတော်ရဲ့ လက်ယာရင်က တံခါးပွင့်သလို ပွင့်လာတယ်။ ဆင်ဖြူတော်လည်း အဲဒီအပေါက်ကနေ နှမတော်ရဲ့ဝမ်းထဲဝင်လာပြီး ဝပ်နေတယ်တဲ့။ ပီပီပြင်ပြင် ပြတ်ပြတ်သားသားကို မြင်လိုက်တာပါ မောင်တော်၊ အဲဒါ... အဲဒါ..."

"ဘာလဲဟင်၊ နှမတော် ထင်ကာက..."

"ကိုယ်ဝန်ထင်တာပဲ မောင်တော်"

ကျွန်ုပ်ရင်ဝသို့ ဝမ်းသာလုံးကြီးက ဒုန်းခနဲ ဝင်ဆောင့်သည်။ မာယာဒေဝီ၏ လက်ကိုဆွဲကိုင်၍ ပွတ်သပ်နေမိသည်။

ယုံချင်ပါသည်။ သို့သော် ယုံရခက်ခက်။

မာယာဒေဝီအသက်က (၅၇) နှစ်။ သည်အရွယ်မှာ ဖြစ်နိုင်ရဲ့လား။

သေချာအောင် ပုဏ္ဏားတော်ကြီးများကို လှမ်းခေါ်၍ အိပ်မက်နိမိတ်ကို ဟောစေသည်။ ပုဏ္ဏားတော်များလည်း စိစစ်တွက်ချက်ပြီး မိဖုရားခေါင်ကြီးတွင် ကိုယ်ဝန်ရှိသည်မှာ မှန်ကန်ကြောင်း၊ မွေးလာမည့်ကလေးသည် ဘုန်းကံကြီးမားသော ယောကျ်ားဖြစ်ကြောင်း၊ သစ္စာလေးပါးကို သိမြင်သော ဘုရားဖြစ်လိမ့်မည်ဟု ဟောကြားသည်။

ကျွန်ုပ်မှာ ဝမ်းသာပီတိကြောင့် မွေးညင်းများပင် ထောင်ထလာသည်။ ညီလာခံမှာသာ မဟုတ်လျှင် ကျွန်ုပ်သည် ရာဇပလ္လင်ပေါ်မှာ မဆည်တော့ဘဲ ခုန်ပေါက်နေမိမည်လား မသိ။ မင်္ဂလာသတင်းကြားရပြီမို့ ညီလာခံရပ်နားပြီး နန်းတွင်း နန်းပြင်တွင် မင်္ဂလာပွဲသဘင်များကျင်းပကြရန် အမိန့်ချမှတ်သည်။ ပျော်ပွဲရွှင်ပွဲအတွက် ဘဏ္ဍာတိုက်ထဲမှ အသပြာ ငွေကြေးလိုသလောက် ထုတ်ယူသုံးစွဲခွင့်ပြုသည်။ မင်းပျော်တော့ ပြည်သူတွေလည်း ပျော်ကြသည်။

တောင်ညာဒေဝီမိဖုရားကြီးနှင့် ကိုယ်ဝန်ကို စောင့်ရှောက်ရန် ရံရွေတော်တစ်သိန်း ခန့်ထားသည်။ မိဖုရားကြီးနှင့် နီးနီးဝေးဝေးမှနေ၍ ၂၄ နာရီမပြတ် စောင့်ကြည့်နေစေသည်။ ကျွန်ုပ်လည်း တိုင်းရေးပြည်ရာကိစ္စများဆောင်ရွက်ပြီးသည်နှင့် မိဖုရားကြီးအနားမှာပင် အနေများသည်။

မိဖုရားကြီး၏ ကိုယ်ဝန်လည်း ကိုးလလွယ် ဆယ်လဖွား ရင့်မာလာသည်။ ကပိလဝတ်ရွှေနန်းတော်မှာ ရွှေလင်ပန်းဖြင့် အချင်းဆေးရန် ပြင်ဆင်ထားပါသည်။ သို့သော် မိဖုရားကြီးက မိဘများရှိရာ ဒေဝဒဟပြည်မှာသာ မွေးဖွားလိုသဖြင့် ခွင့်ပြုပါဟု လျှောက်ထားသောအခါ မိဖုရားကို ချစ်သည့်

စိတ်ဖြင့် မိဖုရား၏ အလိုဆန္ဒကို သဘောတူခေါင်းညိတ်ခဲ့သည်။ ဦးရိုး၊ ဦးလေး၊ ဆွေတော်မျိုးတော်တို့က တားဆီးနေသည့်ကြားကပင် မိဖုရားကြီး စိတ်ချမ်းသာမှုရှိစေရန် အစောင့်အရှောက်၊ အစီအမံများစွာဖြင့် စေလွှတ်လိုက်သည်။

မိဘရပ် ဒေဝဒဟပြည်သို့မရောက်မီ လမ်းခရီးတွင် လုမ္ဗိနီအင်ကြင်းတောဌ် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် သားယောကျ်ားလေး ဖွားမြင်သည်။ မာယာဒေဝီသည် မိဘများကို ပြသလိုသဖြင့် ဒေဝဒဟပြည်သို့လည်း သွားသည်။ ကျွန်ုပ်ကို ပြသလိုသဖြင့် ကပိလဝတ်ပြည်သို့လည်း ပြန်လာသည်။ အထိန်းတော်များ၊ အစောင့်အရှောက်များပါသည်ဆိုငြား သွေးနုနုသားနုနုမှာ ဤကဲ့သို့ ခရီးရှည်မသွားသင့်ပေ။ မာယာဒေဝီကတော့ "ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး" ဟု ပြောသည်။

စိတ်မာသော မာယာဒေဝီကိုကြည့်ကာ ကျွန်ုပ်မှာ စုတ်သပ်နေရုံသာ တတ်နိုင်တော့၏။

(၅) ရက်မြောက်နေ့တွင် သားတော်၏ အနာဂတ်ကို ပုဏ္ဏားတော် (၈) ဦးအား ဖတ်ကြားစေသည်။ ပုဏ္ဏားကြီး (၇) ယောက်သည် လက်နှစ်ချောင်းထောင်၍ "သားတော်သည် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်မည်၊ သို့မဟုတ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဖြစ်မည်" ဟု ဟောသည်။

အငယ်ဆုံးပုဏ္ဏား ကောဏ္ဍညသည် လက်ညှိုး တစ်ချောင်းသာထောင်၍ "သားတော်သည် ဧကန်စင်စစ် ဘုရားဖြစ်မည်" ဟု ပိုင်ပိုင်နိုင်နိုင် တိတိကျကျ ဟောသည်။ မိဖုရားကြီးသည် ကျေနပ်အားရသော အသွင်ဖြင့် ပြုံးရွှင် သဘောကျသော်လည်း ကျွန်ုပ် မပြုံးနိုင်ပေ။

ကျွန်ုပ်က သားတော်ကို ကျွန်ုပ်ကဲ့သို့ပင် မိဘအမွေထိန်းနန်းကို ဆက်ခံစေချင်သည်။ တစ်ကမ္ဘာလုံးကို အုပ်စိုးရသော စကြဝတေးမင်း ဖြစ်စေချင်သည်။ ကျွန်ုပ်က ကပိလဝတ်ပြည်လောက်ကို အုပ်ချုပ်ရသော်လည်း သားကို

အဖထက် ပိုလွန်ကာ နိုင်ငံများစွာ အုပ်ချုပ်ရသောမင်း ဖြစ်စေချင်သည်။

"ဘုရား" ဟု ဆိုသူများကို ကျွန်ုပ် တွေ့ဖူးသည်။ မြတ်စွာဘုရား ပွင့်တော့မည်ဟူသော ကောလာဟလ ထွက်ပေါ်နေသည်မှာ လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ကတည်းက ဖြစ်သည်။ ထိုအတောအတွင်း ဘုရား အမည်ခံ တိတ္ထိဆရာကြီးများစွာ ပေါ်ပေါက်ခဲ့သည်။ တိတ္ထိဆရာကြီးများက သူတို့ကိုယ်သူတို့ "ဘုရား"ဟု ကြေညာခဲ့ကြသည်။ သို့သော် ဘာမှလည်း မဟုတ်ကြ။ ဘုရားအဆင့်အတန်းမှာမရှိ။ ထိုအတုအယောင်များထဲတွင် သား တော်ကိုလည်း ရောရောနှောနှော မပါစေချင်ပေ။

"သားလေးက လိမ္မာတယ်နော်။ မိဘစကား နားထောင်နော်။ ဖခမည်းတော်လိုပဲ မိဘပေးစားတဲ့မိန်းမကိုယူ၊ မိဘလက်လွှဲပေးတဲ့ ထီးနန်း ကိုယူ၊ ဟောဒီ ကပိလဝတ်ပြည်ကို ကြီးထွားဖွံ့ဖြိုးအောင်လုပ်နော်။ ဘုန်း လက်ရုံးနဲ့ ပြည့်စုံတဲ့ ဘုရင်ကို သကျနွယ်ဝင်တွေက တောင့်တနေချိန်မှာ သားတော်မွေးဖွားလာတာ အချိန်အခါကောင်းပဲ"

ကျွန်ုပ်က သားတော်လေးအား ရင်ခွင်ပိုက်၍ တတွတ်တွတ်ပြောကြား နေသည်ကို မိဖုရားခေါင်ကြီး မာယာဒေဝီသည် ချစ်မျက်စောင်းထိုး၍...

"မောင်တော်ရယ်၊ သားက နားလည်တာ ကျနေတာပဲ"

"မပိုပါဘူး နှမ၊ တို့သားက သာကီဝင်မျိုး၊ အမျိုးအားဖြင့် မြင့်မြတ် တယ်။ ဘုရင့်သားတော်ဖြစ်တဲ့အတွက် ဘုရင်ဖြစ်ဦးမယ်။ တခြားသူတွေ မရနိုင်တဲ့ အခွင့်ထူးတွေအားလုံးကို သားလေးရတယ်။ သားလေးရောက်တဲ့ နေရာက တကယ့်နေရာကောင်းပါ နှမရယ်"

× × ×

ဘဝလမ်းကြောင်းတို့သည် ငှက်ခါးပျံဘီသကဲ့သို့ နိမ့်တုံမြင့်တုံ ဖြစ် နေ၏။

ပျော်ရွှင်ဝမ်းသာနေစဉ်မှာပင် ဝမ်းနည်းပူဆွေးစရာများ ဝင်ရောက်လာ သည်။

သားတော်လေးမွေးဖွားပြီး (၇) ရက်အကြာတွင် ချစ်လှစွာသော

မိဖုရားကြီး မာယာဒေဝီသည် ကိုယ်ရောင်ကိုယ်ဝါညှိုးမှိန်၍ နတ်ရွာစံသည်။

"ရပါတယ်၊ ဘာမှ မဖြစ်ပါဘူးဆို၊ ဒေဝီနှမရယ် အခုဖြစ်ပြီလေ။ ချစ်ရက်နဲ့ဝေးကွာ၊ ဘဝတွေ ခြားရပြီ"

ကျွန်ုပ်သာမက တစ်တိုင်းပြည်လုံး ပူဆွေးဝမ်းနည်းကြသည်။

အရွယ်လွန်မှ သားတော်တစ်ပါးမွေးဖွားပေးခဲ့ပြီး အရွယ်မတိုင်မီမှာပင် ခွဲခွာသွားလေသည်။

"အို... နှမငယ်၊ ချစ်လှစွာသော တောင်ညာဒေဝီ မိဖုရားကြီးရယ်"

ကျွန်ုပ်နှုတ်မှ အရှုးကြီးပမာ တတွတ်တွတ် ရေရွတ်နေမိသည်။ ရာဇဂ္ဂန္တေလည်း မဆည်နိုင်၊ အပူမီးကိုလည်း မျိုသိပ်မထားနိုင်။ မိဖုရားခေါင်ကြီး၏ ရုပ်ကလာပ်ကို ပွေ့ဖက်ထားသည်။ (၁၆) နှစ်၊ (၁၇) နှစ်အရွယ်ကတည်းက ချစ်ခင်မြတ်နိုးပေါင်းဖက်လာခဲ့သော မာယာဒေဝီအလှရှင်မနှင့် ကျွန်ုပ်သည် အိမ်ထောင်သက် (၄၀) ရှိပါပြီ။ နှစ်ပေါင်း (၄၀) အတူနေ၊ အတူအိပ်၊ အတူစားခဲ့သူကို စွန့်ခွာဖို့ဆိုသည်မှာ မလွယ်ကူပေ။

မိဖုရားကြီး၏ သက်မဲ့ရုပ်ကြွင်းနံဘေးမှ ထွက်ပေးဖို့၊ ခွာပေးဖို့ လျှောက်ထားကြသည်။ ဆွေတော်မျိုးတော်တို့က ဖျောင်းဖျကြသည်။ မှူးမတ်နှင့် ပုဏ္ဏားတော်များက သတိလက်ကိုင်ထားဖို့ လျှောက်ထားကြသည်။

"ကျွန်ုပ်ကို ရှင်ဘုရင် သုဒ္ဓေါဒနလို့ မမြင်ဘဲ၊ မယားသေလို့ ပူဆွေးနေတဲ့ လင်အဖြစ် ကြည့်မြင်ပြီး ခွင့်လွှတ်ကြပါ ဘိုးဘိုးတို့ရယ်"

ကျွန်ုပ်ကို မည်သူမှ ဆွဲခွာခြင်းမပြုနိုင်သော်လည်း သားတော်လေးထံမှ အဲ့ခနဲအသံတစ်ချက်ကြားသောအခါ ခေါင်းထောင်ကြည့်မိသည်။

"ဩော်... ငါပြုစုစောင့်ရှောက်ရမယ့် သားလေး ရှိပါသေးလား"

ကျွန်ုပ်သည် ရံရွေတော်များလက်မှ သားတော်ကိုယူ၍ ပွေ့ချီသည်။ သားတော်က မျက်ရည်စိုရွှဲနေသော ကျွန်ုပ်မျက်နှာကို မော်ကြည့်သည်။ ယခင်နေ့များလို ခိုးခိုးခစ်ခစ်မရယ်၊ ဂူးဂူးဝါးဝါး အသံမပြည်။ တည်ကြည်သော မျက်နှာဖြင့်သာ ရှုငေးသည်။

"မဟာပဇာပတိဂေါတမီ... လာပါဦး၊ ဒါဟာ နှမတော်ရဲ့ တူလေးပဲ၊ ဒါပေမဲ့ အစ်မတော်လည်း မရှိတော့ သားတော်အဖြစ်ပဲ ကျွေးမွေး

စောင့်ရှောက်ပါ။ စကြဝတေးမင်းဖြစ်အောင် ပြုပြင်သွန်သင်ပါ"

မလှမ်းမကမ်းမှာ ခစားနေသော ဂေါတမီအားခေါ်၍ သားတော်ကို ပေးအပ်သည်။ ထို့နောက် မိဖုရားခေါင်ကြီး၏ အဆောင်တော်မှ တစ်ကိုယ် တည်းထွက်၍ နန်းဥယျာဉ်ထဲတွင် ကျောက်ရုပ်အသွင် ထိုင်ငေးနေမိသည်။

× × ×

ကောဏ္ဍညပုဏ္ဏားက သားတော်သည် လူအို၊ လူနာ၊ လူသေ၊ ရဟန်းတည်းဟူသော နိမိတ်လေးပါးကို မြင်တွေ့ပြီး ရဟန်းပြုမည်။ သက်တော် (၃၆) နှစ်အရွယ်တွင် ဘုရားဖြစ်မည်ဟု ဟောထားသည်။ ထို့ကြောင့် နန်းတွင်းနန်းပြင်တို့တွင် လူအို၊ လူနာ၊ လူသေနှင့် ရဟန်းများကို မမြင်မတွေ့ရအောင် စောင့်ရှောက်ကြရမည်။ အထူးသဖြင့် သားတော်သွားရာ လမ်းတစ်လျှောက်တွင် လုံးဝ မရှိအောင် စီမံဆောင်ရွက်ကြရမည်ဟု အမိန့်တော် ထုတ်ပြန်သည်။

သားတော်၏ ပတ်ဝန်းကျင်တွင် နုပျိုသော၊ ချောလှသော၊ ကျန်းမာသော သူတို့ကိုသာ နေထိုင်ပြုစုစေသည်။ သားတော်၏ အလိုကျ အကြိုက် ဆောင်ပေးကြ၊ ရတနာစိန်ကျောက်ကို ဖယ်တောက်ကစားချင်လျှင်လည်း ချပေးကြဟု အစွမ်းကုန် လိုက်လျောထားသည်။

တစ်ချိန်တွင် သားတော်သည် ရေကစားလိုကြောင်း လျှောက်တင်သဖြင့် ကျွန်ုပ်သည် ကန်တော်မင်္ဂလာကို လူအင်အားမြောက်မြားစွာဖြင့် နေ့ချင်းပြီး တူးဖော်တည်ဆောက်စေသည်။ ကန်ပေါင်တွင် နီလာ၊ ကျောက်စိမ်း၊ ပတ္တမြား၊ စိန်ကျောက်တို့ဖြင့် စီခြယ်သည်။ ကန်အတွင်း၌ ရွှေလှေ၊ ငွေလှေများ ပြင်ဆင်ပေးထားသည်။ နတ်ရေကန်အလား တင့်တယ်ခံ့ညားသည်။ နောက်တစ်နေ့ရောက်သော် သားတော်ကို အတီးအမှုတ် အကအခုန်များဖြင့် ပျော်ရွှင်စွာ ရေကစားစေသည်။

"သားတော် သိဒ္ဓတ္ထ...၊ ဖွားဖက်တော်တွေ၊ သူငယ်ချင်းတွေ၊ မောင်းမမိဿံတွေနဲ့ ရေကစားရတာ ပျော်သလား"

"ပျော်တယ် ဖခမည်းတော်၊ ဒီရေကန်ကြီးလုပ်တာ မြန်တယ်နော်"

"မြန်တာပေါ့သားတော်၊ သိဒ္ဓတ္ထလိုချင်တာ မှန်သမျှကို ဖခမည်းတော်က ချက်ချင်းလုပ်ပေးနိုင်တယ်။ ခမည်းတော်က ဒီတိုင်းပြည်ရဲ့ ဘုရင်ပဲ။ ဘုရင့်အာဏာ၊ ဘုရင့်ဘုန်းသမ္ဘာနဲ့ လက်ညှိုးညွှန်စေခိုင်းလို့ရတယ်။ သားတော်လည်း အရွယ်ရောက်ရင် ဘုရင်လုပ်ရမယ်နော်။ ခမည်းတော်က သားတော်ကို ထီးနန်းပေးမယ်၊ ဟုတ်လား"

ကျွန်ုပ်ပြောသောအခါ သားတော် သိဒ္ဓတ္ထမင်းသားသည် ပြုံး၍ နာခံနေသည်။ သားတော် နားဝင်စေမည့်စကားကို ကျွန်ုပ်သည် ရံဖန်ရံခါ ပြောရသည်။

မွေးမိခင် မာယာဒေဝီ မရှိသည့်မှလွဲ၍ သားတော်၏ဘဝတွင် တောင့်တစရာမလို၊ ကြောင့်ကြစရာမလိုအောင် နေထိုင်ကြီးပြင်းရသည်။ ကျွေးမိခင် ဂေါတမီတွင် သားသမီးရင်းရှိသော်ငြား ကလေးချင်းမခွဲခြားဘဲ သိဒ္ဓတ္ထကို သားရင်းပမာပြုစုစောင့်ရှောက်သည်။

ထို့ကြောင့် သိဒ္ဓတ္ထသည် ကျန်းမာစွာ၊ ကြံ့ခိုင်စွာ၊ ရုပ်ဆင်းအင်္ဂါ ချောမောပြေပြစ်စွာ၊ ဉာဏ်ပညာ မြင့်မားစွာဖြင့် ကြီးပြင်းလာသည်။

ကျွန်ုပ်သည် (၁၈) နှစ်သားတွင် အိမ်ထောင်ပြုခဲ့သော်လည်း သားတော် သိဒ္ဓတ္ထကို (၁၆) နှစ်သားအရွယ်မှာပင် ဘဒ္ဒကစ္စနာမင်းသမီးနှင့် လက်ဆက်စေခဲ့သည်။ ဘဒ္ဒကစ္စနာမင်းသမီးသည် ကျွန်ုပ်၏ညီတော် အမိတောဒနမင်းသား၏သမီး ဖြစ်သောကြောင့် ကျွန်ုပ်၏တူမတော်သည်။ သားတော် သိဒ္ဓတ္ထနှင့် မောင်နှမဝမ်းကွဲများ ဖြစ်သည်။ သူတို့နှစ်ယောက်သည် တစ်နေ့တည်း တစ်ချိန်တည်း မွေးဖွားသော ဖွားဖက်တော်များ ဖြစ်သည်။ ငယ်စဉ်ကတည်းက ကစားအတူ၊ သွားအတူ၊ စားအတူမို့ အရွယ်ရောက်သည်နှင့် အချိန်ဆိုင်းမနေဘဲ ထိမ်းမြားလက်ထပ်ပေးသည်။

မင်္ဂလာပွဲသဘင်ကို ခမ်းနားစည်ကားစွာ ကျင်းပသည်။ ဘဒ္ဒကစ္စနာမင်းသမီးကို ယသော်ဓရာဘွဲ့မည်ပေးသည်။ သားတော်ကို ရာဇာဘိသေက

ခံယူတော်မူကာ အိမ်ရှေ့အရာ အပ်နှင်းသည်။

သားတော်သည် နန်းစည်းစိမ်၊ လူ့စည်းစိမ်ကို အပြည့်အဝခံစားရင်း နန်းတွင်းမှာ ပျော်မွေ့သည်။ ယခု တစ်ပြည်ထောင်ကို အုပ်စိုးပြီးလျှင် နောင်တွင် ပြည်ထောင်အများကို အုပ်စိုးရသော စကြဝဠာမင်း ဖြစ်တော့မည်။

အိမ်ထောင်ကျခြင်းသည် ထောင်ကျသလို အထိန်းအချုပ်ခံရပြီဆိုလျှင် သားသမီးရတနာထွန်းကားခြင်းသည် အချုပ်ထဲမှာ သံခြေချင်း ခတ်ခံရသလို ရှိလိမ့်မည်။ အကြောင်းမှာ ချွေးမတော် ယသော်ဓရာမှာ ကိုယ်ဝန်ရှိပြီဟူသော သတင်းစကားသည် ကျွန်ုပ်နားထဲ ဝင်ရောက်လာသည်။ အိမ်ထောင်သက် (၁၃) နှစ်၊ သို့မဟုတ် ထောင်သက် (၁၃) နှစ်တွင် သိဒ္ဓတ္ထခြေအစုံကို ဖမ်းချုပ်ထားမည့် ရင်သွေးတော်ဝင်ရောက်လာသည်။ သားတော်သိဒ္ဓတ္ထသည် လောကီနယ်ပယ်မှ ရုန်းထွက်နိုင်တော့မည်မဟုတ်။ မယားသံယောဇဉ်ကြိုး၊ သားသမီးသံယောဇဉ်ကြိုးတို့ အထပ်ထပ် တုပ်နှောင်မိပြီ။

အသက်လည်း (၂၉) နှစ်အရွယ်မို့ တည်ငြိမ်ရင့်ကျက်လောက်ပြီ၊ အကောင်းအဆိုးကို တွေးတောဆင်ခြင်တတ်လိမ့်မည်။ ဦးပြည်းတုံး၍ သင်္ကန်း ခြုံရသော ရဟန်းဝတ်တော့မည် မဟုတ်။

ကျွန်ုပ် ဖြစ်စေချင်သော စကြဝဠာမင်း ဧကန်ဖြစ်တော့မည်။

သက္ကရာဇ် ၉၇၊ ကဆုန်လပြည့်နေ့တွင် မြေးတော်ကို နေ့စေ့လစေ့ ဖွားမြင်ဖို့အတွက် နန်းတော်တစ်ခွင်မှာ လူတိုင်းပင် အလုပ်များနေကြသည်။ ကျွန်ုပ်နှင့် ဆွေတော်မျိုးတော်တို့သည် ယသော်ဓရာ ကောင်းမွန်ချောမောစွာ မီးဖွားနိုင်ရန် စုပေါင်းရွတ်ဆိုကြသည်။ ခေါ်လျှင်၊ ခိုင်းလျှင် အဆင်သင့် ဖြစ်နေစေရန် မှူးမတ်၊ စစ်သည်များ၊ သမားတော်များ၊ မင်းမှုထမ်းများ သည် မလှမ်းမကမ်းမှာ ရှိနေကြသည်။ ထို့ကြောင့် သားတော်သိဒ္ဓတ္ထကို ကျွန်ုပ်တို့သည် ခေတ္တမျှ မေ့လျော့နေသည်။ သူရှိသလား၊ မရှိလား မသိ။

နံနက်မိုးသောက်တော့မှ သားတော်သိဒ္ဓတ္ထသည် ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍက မြင်းကိုစီးကာ တောထွက်သွားပြီဟူသော သတင်းဆိုး ရောက်ရှိ

လာသည်။

လိုက်ပါပို့ဆောင်သူ ဆန္နအမတ်ကို ချက်ချင်းပင် ရှေ့တော်ခေါ်သွင်းစေ၍ စုံစမ်းစစ်ဆေးသောအခါ...

လူအားလုံးက ယသော်ဓရာအနီးတွင် ဝိုင်းအုံနေစဉ် သိဒ္ဓတ္ထသည် အငြိုးပြေ၊ အညောင်းပြေအဖြစ် ဥယျာဉ်တော်ဘက်ထွက်ပြီး လေကောင်းလေသန့်ရှူရှိုက်လိုသဖြင့် လိုက်ပို့ပါဟု သိဒ္ဓတ္ထကပြောကြောင်း၊ ထို့ကြောင့် ဆန္နအမတ်လည်း ရထားဖြင့် လိုက်ပို့ရပါကြောင်း၊ မင်္ဂလာဥယျာဉ်တွင် ဘယ်အချိန်က ဘယ်လို ရောက်နေမှန်းမသိသော လူအို၊ လူနာ၊ လူသေနှင့် ရဟန်းတို့ကို တွေ့ပါကြောင်း၊ အချောအလှများကိုသာ တွေ့မြင်ဖူးသော သိဒ္ဓတ္ထသည် အနိဋ္ဌာရုံကို တွေ့သည့်အခါ အံ့ဩ ထိတ်လန့်ပါကြောင်း၊ ထို့နောက် နန်းတော်သို့ ပြန်လာပါကြောင်း၊ သားတော်မွေးဖွားကြောင်းကို ကာဠုဒါယီအမတ်က လျှောက်တင်သဖြင့် သိရှိပါကြောင်း၊ မိဖုရား၏ အဆောင်တော်သို့ဝင်၍ သားတော်ကို ကြည့်ပါကြောင်း၊ မောမောပန်းပန်းဖြင့် တစ်နန်းတော်လုံး အိပ်မောကျနေစဉ် ကဏ္ဍကမြင်းကိုစီး၍ မြို့ပြင်ထွက်ပါကြောင်း၊ အနော်မာမြစ်ကမ်းအရောက်တွင် ထားခဲ့၊ ပြန်တော့ဟု ပြောသဖြင့် ပြန်လာရပါကြောင်း လျှောက်တင်သည်။

"ဩော်... ခက်လိုက်တဲ့သား၊ ဤဘဝ ဤအခြေအနေမှာ အနည်ထိုင်၊ တည်ငြိမ်ပြီလို့ ထင်မှတ်ထားပေမယ့် သူကရောက်တဲ့နေရာမှာ ရပ်မနေ၊ သွားချင်တဲ့သား၊ သွားပေတော့။ ပြေးချင်တဲ့သား၊ ပြေးပေတော့" ဟု ကရုဏာဒေါသောဖြင့် မိန့်တော်မူသည်။

× × × × ×

သားတော် သိဒ္ဓတ္ထသည် ကပိလဝတ်နန်းတော်မှ ထွက်ခွာသွားသည်မှာ (၇) နှစ် ကြာမြင့်ပြီကော။

ကျွန်ုပ်ပေးသော နန်းစည်းစိမ်နှင့် သားမယားတို့ကို စွန့်ပစ်ပြီးကောက် ကာင်ကာ တောထွက်၍ ရဟန်းပြုသွားသော် တဒင်္ဂမှာတော့ ကျွန်ုပ်လည်း စိတ်ဆိုးစိတ်ပျက်မိပါ၏။ ကျွန်ုပ်ရည်မှန်းခဲ့သော စကြဝတေး

မင်းဖြစ်ရေးမှာလည်း ပျက်ပြယ်သဖြင့် သားတော်အပေါ် **လွန်စွာစိတ်ကုန်ခဲ့**သည်။

ယခုဆိုလျှင် ကျွန်ုပ်လည်း သက်တော် (၈၀) ကျော်ပြီ။ **အိုမင်းမစွမ်း**ဖြစ်နေပါပြီ။ အချိန်မရွေး နတ်ရွာစံနိုင်သည်။ မသေခင်မှာ **သားဘုရားနှင့်**တွေ့ချင်သေးသည်။ ကျွန်ုပ်ဘဝတွင် အချစ်ဆုံးနှစ်ယောက် **ရှိသည့်အနက်**တစ်ဦးက သေကွဲ ကွဲသည်။ တစ်ဦးနှင့်မူ ရှင်ကွဲ ကွဲနေသည်။

သားတော်သိဒ္ဓတ္ထ တောထွက်သွားပြီဟု သိရှိစဉ်က လွမ်းစိတ်ကိုနာစိတ်ဖြင့် ဖြေဖျောက်သော်လည်း မပြေခဲ့။ သားသိဒ္ဓတ္ထကို သစ်စိမ်းချိုးမချိုးနိုင်ခဲ့။ အထောက်တော်များထံမှ သားသတင်းကို အမြဲနားစွင့်ခဲ့ပါသည်။

သားတော်သည် နန်းစည်းစိမ်နှင့် သားမယားကို စွန့်လွှတ်၍ တောထွက်၊ ရဟန်းပြုပြီးနောက် တရားရှာသောအားဖြင့် တပည့်သုံးရာခြံရံနေသောအာဠာရဂိုဏ်းဆရာကြီးထံ ချဉ်းကပ်ကြောင်း၊ သို့သော် သူရှာသော တရားကိုမရသဖြင့် တပည့်နှစ်ရာကျော်ခြံရံသော ဥဒကဂိုဏ်းဆရာကြီးထံ ပြောင်းလဲချဉ်းကပ်ကြောင်း၊ ထိုဆရာကြီးထံမှာလည်း ရှာသောတရားကို မတွေ့သဖြင့်ဥရုဝေလတောထဲဝင်ကာ တစ်ပါးတည်း ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံကြောင်း၊ အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို (၆) နှစ်ပတ်လုံးကျင့်တော်မူကြောင်း၊ အစာရေစာ မစားမသောက် ပြင်းထန်စွာ ကျင့်ကြံသော်လည်း သဗ္ဗညုတဉာဏ်ကို မရရှိကြောင်း၊ ထို့ကြောင့် အစာရေစာစားသောက်ပြီး မလျော့လွန်း၊ မတင်းလွန်းဘဲ ကျင့်ကြံမှုကို ပြောင်းလဲကြောင်း၊ ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံတွင် သဗ္ဗညုတဉာဏ်တော်ရရှိကြောင်း ထောက်လှမ်းကြားသိခဲ့သည်။

(၂၉) နှစ်သားကတည်းက တောထွက်သွားသော သား၊ **ခြောက်နှစ်**အကြာ သက်တော် (၃၅) နှစ်မှာ ဘုရားဖြစ်ပြီ။ သားအတွက် **ရည်မှန်းချက်**ပြည့်ပြီမို့ ဖခမည်းတော်ထံ လာမလားဟု မျှော်နေမိသည်။

သို့သော် တစ်နှစ်ကြာလည်း ပေါ်မလာ၊ သတင်းလည်း **မကြားရ၊**နှစ်နှစ်ကြာမှ သားတော် သိဒ္ဓတ္ထသည် ရာဇဂြိုဟ်ပြည်မှာ **ရောက်ရှိသီတင်း**

သုံးနေသည်ဟု ကြားသိရသည်။

ထို့ကြောင့် ချက်ချင်းပင် အမတ်တစ်ယောက်နှင့် စစ်သည် တစ်ထောင်ကို စေလွှတ်၍ ကပိလဝတ်ပြည်က ခမည်းတော်ထံ ကြွလာဖို့ ပင့်လျှောက်စေသည်။ ထိုအဖွဲ့သည် ဘုရားထံမှောက်ရောက်သော် တရားတော်နာယူပြီးနောက် ရဟန်းပြုသွားပြီဟု ကြားရသည်။ ဤနည်းပင် ဒုတိယ အကြိမ် အမတ်တစ်ယောက်နှင့် စစ်သည်တစ်ထောင်ကို ထပ်မံစေလွှတ် သည်။ သူတို့လည်း ရှေ့နည်းအတိုင်း ရဟန်းပြုသွားကြသည်။ ဤနည်းပင် ကျွန်ုပ်သည် စိတ်မပျက်၊ စိတ်မလျှော့ဘဲ အကြိမ်ကြိမ် စေလွှတ်သည်။

"သားရယ်... ၊ ခမည်းတော်အပေါ် ခွင့်လွှတ်ပါ။ သားငယ်စဉ် (၇) ရက်သားကလေးနဲ့ အမိမဲ့သားဖြစ်တော့ ဂေါတမီနဲ့ ရံရွေတော် ထောင်ပေါင်းများစွာ ရှိပေမယ့် ဖခင်ကိုယ်တိုင် သားကို ချီပိုးထိန်းကျောင်းခဲ့ပါတယ်။ အဖရဲ့ ကျောပေါ်တက်စီးတာလည်း သားပါပဲ။ အဖရဲ့ ဆံတော်ကို ဆွဲတာလည်း သားပါပဲ။ အဖကို ဟဲ့မြင်းလို့ ခေါ်တာလည်း သားပါပဲ။ သားကို အထိန်းတော်တွေနဲ့ ပစ်မထားခဲ့ပါဘူး။ သားရဲ့ ဖခင်ပေမယ့် မိခင်လိုလည်း စောင့်ရှောက်ခဲ့ပါတယ်။ အရွယ်ရောက်တော့ နန်းပြင်မထွက်စေပေမယ့် နန်းတွင်းမှာ သားလိုသမျှ ပြီးပြည့်စုံအောင် စီမံပေးတာ၊ ပညာရပ်အလုံးစုံကို ဆရာများစွာနဲ့ ခေါ်ယူသင်ကြားပေးခဲ့တာ သားမှတ်မိမှာပါ။ သားတော်ကို ချုပ်ချယ်ချင်လို့ နေရာကန့်သတ် သွားလာစေတယ်လို့ မထင်ပါနဲ့သားရယ်။ လူအို၊ လူနာ၊ လူသေ၊ ရဟန်းတွေနဲ့မတွေ့အောင် စီမံခဲ့ခြင်းဟာ ဖခမည်းတော် အစိုးရိမ်လွန်သွားတာပါ။ သားကို စကြဝတေးမင်းလောက်နဲ့တင် ရည်မှန်းခဲ့တဲ့ အဖရဲ့ စေတနာအမှားပါ။ ခွင့်လွှတ်ပါသားရယ်၊ ကပိလဝတ်ပြည်ကို ပြန်ကြွလာပါ။ ဖခမည်းတော်က အသက် (၉၀) ကျော်အရွယ်၊ သားရဲ့ ကျေးမိခင်က အသက် (၉၀) နီးနီးအရွယ်။ အဘိုးအို၊ အဘွားအို တွေ ဖြစ်နေပါပြီ။ တုန်တုန်ချည့်ချည့်အရွယ်တွေမို့ သားထံ မလာနိုင်တော့ပါဘူး။ သားဘုရား လာမှသာ အဖတို့ ဖူးတွေ့ရမှာပါ"

ကိုးကြိမ်မြောက်စေလွှတ်ပြီးလည်း သားလာမည့်သတင်းစကား မကြားရသဖြင့် ကျွန်ုပ် မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းသည်။

ထို့ကြောင့် ဆယ်ကြိမ်မြောက် ပင့်လျှောက်ဖို့အတွက် ခေါင်းဆောင်အဖြစ် ကာဠုဒါယီအမတ်ကို ရွေးချယ်စေလွှတ်သည်။ ကာဠုဒါယီသည် သားတော်သိဒ္ဓတ္ထနှင့် တစ်နေ့တည်း တစ်ချိန်တည်း မွေးဖွားသူ ဖြစ်သည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ချစ်ခင်ကြသော သူငယ်ချင်းဖြစ်ကြသည်။ ထို့ကြောင့် သူငယ်ချင်းအချင်းချင်း ပြောဆိုစည်းရုံးခေါ်ဆောင်လျှင် ပါလာနိုင်သည်ဟု ကျွန်ုပ် တွက်ဆ၍ စေလွှတ်ခဲ့သည်။

ကာဠုဒါယီခေါ်လို့မှ မလာလျှင်လည်း သားတော် သိဒ္ဓတ္ထနှင့် ကျွန်ုပ် သုဒ္ဓေါဒနသည် ဤဘဝမှာ ပြန်တွေ့ကြတော့မည် မထင်။ ကာဠုဒါယီကတော့ သူ ရအောင် ခေါ်ခဲ့ပါမည်ဟု လျှောက်ထားသွားသည်။

၁၀ ကြိမ်မြောက်မှာလည်း ကာဠုဒါယီနှင့် စစ်သည်တစ်ထောင်တို့ ရဟန်းဝတ်သွားကြပြီဟု ပထမ သတင်းရောက်ရှိလာသည်နှင့် ကျွန်ုပ်သည် အရုပ်ကြိုးပြတ်သလို ပုံကျသွားသည်။ မှူးမတ်များက ကျွန်ုပ်ကို သလွန်တော်ပေါ်တင်သည်။ သမားတော်များက ပြုစုကုသကြသည်။

"တော်ပြီကွယ်... ဆေးတွေလည်း မသောက်ချင်ဘူး၊ အာဟာရလည်း မစားချင်ဘူး။ ငါ့ကို ကုသမနေနဲ့၊ အသက်ရှည်လည်း ဘာမှမထူးဘူး၊ အသက်ရှင်လည်း အလကားပဲ။ ငါ့အနားမှာ ဘယ်သူမှ မနေနဲ့၊ သွားကြ၊ သွားကြ။ ငါသေမှပဲ ဝင်လာကြ"

မျှော်လင့်ချက်ကုန်ဆုံးပြီဖြစ်သော ကျွန်ုပ်သည် ဆက်လက်အသက်မရှင်လိုတော့ပြီ။ ကျွန်ုပ်အခန်းထဲမှ နောက်ဆုံးထွက်ခွာသွားသူမှာ ဂေါတမီဖြစ်သည်။ သူက ကျွန်ုပ်နှင့်စာလျှင် ခံနိုင်ရည်ရှိသည်။ လောကဓံတရားကိုရင်ဆိုင်နိုင်သည်။ ထိုအချိန်တွင် အိပ်ဆောင်တံခါး ပြန်ပွင့်လာသည်။ အခန်းထဲသို့ တစ်ဦးတစ်ယောက် ဝင်လာသည်။

မှုန်မှုန်မွှားမွှားမျက်စိဖြင့် ပွတ်သပ်ကြည့်မှ ရဟန်းတစ်ပါးဟု သိလိုက်

သည်။ သလွန်ထက်မှ လူးလဲထသောအခါ-

"မထပါနဲ့ မင်းကြီး၊ ကာဠုဒါယီရဟန်းပါ"

သားဘုရားသည် ကပိလဝတ်ပြည်သို့ ကြွလာမည့်သတင်းကို ကာဠုဒါယီရဟန်းသည် ခြေမြန်တော်တပ်သားအား မစေလွှတ်တော့ဘဲ ကိုယ်တော်တိုင် အလျင်အမြန် လာရောက် လျှောက်ထားသည်။

ရာဇဂြိုဟ်ပြည်မှ တပေါင်းလပြည့်ကျော်တစ်ရက်တွင် ထွက်မည်။ မဂဓတိုင်းသား သံဃာတစ်သောင်းနှင့် ကပိလဝတ်ပြည်သား သံဃာ တစ်သောင်းလည်း ပါလာမည်။ တစ်နေ့တစ်ယူဇနာ လျှောက်လှမ်းလာမည်။ ရာဇဂြိုဟ်နှင့် ကပိလဝတ်မှာ ယူဇနာ ၆၀ ကွာဝေးသဖြင့် နှစ်လကြာလျှင် ရောက်လာမည်ဟု သိရှိရသည်။

"သမားတော်များ၊ မှူးမတ်များကို ပြန်ခေါ်ကြစမ်း။ ဘိုးဘိုးကို ဆေးတိုက်ကြစမ်း၊ အာဟာရတွေ တိုက်ကျွေးကြစမ်း၊ သေလို့ မဖြစ်သေး ပါဘူး"

× × × × ×

ကျွန်ုပ်သည် လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းနေရာ လောက်သာ သားအတွက် ရည်မှန်းခဲ့သည်။ သားတော် သိဒ္ဓတ္ထသည် ထိုနေရာကို လွယ်လွယ်ရနိုင်ပါလျက် ရပ်မနေ။ ဘုရားဖြစ်သည့်တိုင် ကျင့်ကြံအားထုတ်၍ သဗ္ဗညုတဉာဏ် ရရှိသည်။ စကြဝဠာအနန္တရှိ သတ္တဝါ အသင်္ချေအနန္တကို ကယ်တင်သည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူသည်။

ကောင်းပေစွ၊ ကောင်းပေစွ၊ ကောင်းပေစွ။

ကိုရိုးကွန့်

**မှီငြမ်းသောစာအုပ်များ**

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
(သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန)

၂။ ကမ္ဘာ့ဂန္ထဝင်သာသနာ့သင်ခန်းစာကျမ်း (သာသနာပြုဆရာတော် ဓမ္မပွဲမာဏိက မဟာဋီကာဂန္ထကာရက)

၃။ ထေရဝါဒအလင်းပွင့် (မင်းနန် - မော်ကျွန်း)

၄။ မဟာဗုဒ္ဓဝင် ကွက်စိပ်ဓာတ်ထုပ်များနှင့် ဒဂုန်ဆရာညွန့် (မင်းသျှင်အောင် - တွံတေး)

၅။ မြတ်ဗုဒ္ဓမယ်တော် အံ့ဖွယ်ရွှေမင်းသမီး သိရီမဟာမာယာဒေဝီ (ဓမ္မာစရိယ ဦးအောင်ကျော်မိုး)

၆။ အခါတော်နေ့များ (မာဂဓီ - သာစည်)

■ အဲသည့်ခေတ် ရေနံချောင်း အ.ထ.က ကနေ မြန်မာတစ်ပြည်လုံး ဒုတိယနဲ့ (၁၀)တန်း အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ ဆရာတော်ဟာ သူ့ဘဝဦးတည်ရာဟာ ဘာလဲဆိုတာ သူ (၁၆)နှစ်သားကတည်းက ပြတ်ပြတ်သားသား သိခဲ့လို့ ဘဝမှာ အောင်မြင်ဖို့ကိုသာမက သံသရာကို အောင်မြင်နိုင်ရေးအတွက် ကိုယ့်ကိုယ်ကိုယ်လည်းလုပ်၊ သူများတွေကိုလည်း ကူညီလမ်းပြပေးနေတာ မြင်ရတဲ့ အတိုင်းပါပဲ။

# ဘဝဦးတည်ရာ ပီပြင်စေရန်

လက်ာရည်ကျော်

မန္တလေးဆေးတက္ကသိုလ်မှ လူငယ်များကို 'လူငယ်နှင့်အောင်မြင်မှု' ဆိုသည့်ခေါင်းစဉ်နှင့် သွားဟောပြောခဲ့ရာ ပရိသတ်မှ အားပေးမှုများ မျှော်လင့် တာထက် ပိုရခဲ့သဖြင့် ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် ပြန်လာခဲ့စဉ် 'စာပေခရီးသွားများ' အဖွဲ့မှ 'ရောက်တဲ့နေရာမှာရပ်နေမှာလား' ဆိုသည့် စာအုပ်အတွက် လိုက်ဖက်မည့် ဆောင်းပါးကလေး ရေးခိုင်းတော့ ချိန်သား ကိုက်ဖြစ်သွားသည်။

## အောင်မြင်မှုဆိုတာ

Life Style (today) မှ မကြာခင်ထုတ်ဝေမည် 'ခေါင်းဆောင် ကောင်းဖြစ်မည့်စိတ်နေသဘောထား ၁၀၁' ဆိုသည့်စာအုပ်ကလေးက John Maxwell ၏ Attitude 101 ကို ကျွန်တော် ဘာသာပြန်ရေးထားတာပါ။

ဘာသာပြန်အနေနှင့် ရေးတာဆိုတော့ ကွန့်၍မရ၊ ကိုယ့်ဘဝအတွေ့ အကြုံကလေးတွေ ထည့်လို့မရ၊ ကြိုက်သည့်နေရာကလေးတွေချဲ့ရေး၍မရ။ မူရင်းအာဘော်အတိုင်း ဘာသာပြန်ခဲ့သည်။

ကြိုက်သည့်နေရာက 'အောင်မြင်မှုဆိုတာ' ဆိုသည့်အပိုင်း ဖြစ်ပါသည်။ အဲဒါကလေး နည်းနည်း ပြန်အစဖော်ပါရစေ။

John Maxwell က ပြောပါသည်။

အောင်မြင်မှုဆိုတာ ချမ်းသာတာမဟုတ်ပါတဲ့။ ချမ်းသာခြင်းသည် ပြဿနာအလုံးစုံကို ပြေလည်အောင် လုပ်နိုင်စွမ်းမရှိပါ။ ပြဿနာအသစ်တွေ ပင်လျှင် ထပ်ယူဆောင်လာတတ်ပါသတဲ့။ ဒါက ကျွန်တော်နားလည်ပြီး လက်ခံပြီး ကိစ္စ ဖြစ်နေ၍ နောက်တစ်ရွက်သာ ထပ်လှန်မိသည်။

ပျော်ရွှင်မှုကိုလည်း အောင်မြင်မှုနှင့် ညီမျှခြင်းမချပါနှင့်တဲ့။ ပျော်ရွှင်မှု နောက်ကို မရအရလိုက်နေရင်းကပဲ မရနိုင်လို့ လူတွေ စိတ်ဆင်းရဲနေရတာပါတဲ့။ ဘဝဆိုတာ မရေရာပါတဲ့။ စိတ်ခံစားမှုဆိုတာလည်း မတည်ငြိမ်ပါတဲ့။ ဒါကတော့ ကျွန်တော် မကွေးဆေးတက္ကသိုလ်မှာ (မမ) ဂျူး၊ ကိုစိုးလွင်တို့နှင့်အတူ ဟောပြောစဉ်က ကျွန်တော် ပြောခဲ့ဖူးသည့် စကားကလေးနှင့် သွားဆင်သည်။

"ဘဝနဲ့ဆန္ဒ ထပ်တူကျပါစေလို့ လူငယ်တွေ အော်တိုရေးတတ်ကြတယ်။ အဲဒါက သိပ်ရယ်စရာကောင်းတာပဲ။ ဘဝဆိုတာကလည်း ခုန်ဆွခုန်ဆွ ဆန္ဒဆိုတာကလည်း ခုန်ဆွခုန်ဆွ။ ငြိမ်ငြိမ်နေတဲ့အရာနှစ်ခုမှသာလျှင် ထပ်တူကျလို့ ရတော့မပေါ့။ ဘဝနဲ့ဆန္ဒ ထပ်တူကျဖို့ လိုက်ကြိုးစားနေတဲ့ ဘဝက ဘယ်လိုလုပ်အောင်မြင်နိုင်မှာတဲ့လဲ။"

John Maxwell ကို မဖတ်ဖူးခင်ကတည်းက သူနှင့် ကျွန်တော် သဘောထား တိုက်ဆိုင်နေခဲ့သည်။

လိုချင်တာကို ရတာကိုလည်း ဘဝအောင်မြင်မှုဟု မခေါ်ချင်ပါတဲ့။ လိုချင်တာကို တောင့်တတာက ရလာလျှင်လည်း နောက်တစ်ခုထပ်လိုချင်စမြဲပါ။ ပြီးသွားသည်ရယ်လို့မရှိတော့ အောင်မြင်ပြီထင်လိုက်၊ မအောင်မြင်သေးပြန်ဖြစ်လိုက်ပါတဲ့။ ကျွန်တော် ရေးခဲ့ဖူးသည့် 'အောင်မြင်မှုပန်းတိုင်နှင့် မရှိလို့မဖြစ်' ဝတ္ထုကိုပင် သတိရသေးတော့။ အဲသည်မှာလည်း ကျွန်တော်က

အောင်မြင်မှုဆိုတာ တစ်ခုရလိုက်၊ ရင်ဆိုင်စရာ နောက်တစ်ခုပေါ်လာလိုက်ဖို့ အောင်မြင်မှုပန်းတိုင်ဟု မခေါ်ဘဲ ဘတ်စ်ကားမှတ်တိုင်တွေနှင့် နှိုင်း၍ အောင်မြင်မှုမှတ်တိုင်ဟု ခေါ်သင့်ကြောင်း ရေးခဲ့ဖူးပါသည်။

ပါဝါခေါ် ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုလည်း မခေါ်ပါတဲ့။ ပါဝါဆိုတာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးပါတဲ့။ ဟုတ်ပ။ ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလိပ်အစိုးရက အစိုးရအဖွဲ့ခေါင်းဆောင် ရာထူးပေးတော့ ဗိုလ်ချုပ်က လွတ်လပ်ရေးရအောင် တောင်းယူသွားသည်။ ကောင်းကျိုးကို မြန်မာပြည်သူတို့ ခံစားခဲ့ရသည်။ ဟစ်တလာ ပါဝါရှိစဉ်က ဂျူးလူမျိုး ခြောက်သန်းကို အကြောင်းမဲ့ သတ်ပစ်ခဲ့သည်။ ဆိုးကျိုးကို တစ်ကမ္ဘာလုံး ခံစားလိုက်ရသည်။ အောင်မြင်မှုကို ဒါနှင့်တိုင်းတာ၍ မဖြစ်ပြန်။ ဟစ်တလာကို အောင်မြင်သူဟု ကျွန်တော်တို့ လက်မခံနိုင်ပါ။

သည်အထိက သူရေးတာတွေကို ကျွန်တော် သိပ်အထူးအဆန်း မဖြစ်မိ။ ကိုယ်ပြောဖူးတာတွေနှင့် တူတူနေသည်။ ဆန်းသစ်တာကလေးက နောက်ဆုံး တစ်ချက်ကျမှ သွားတွေ့သည်။

ရည်မှန်းချက်ပန်းတိုင်တစ်ခုခုကို ဆုပ်ကိုင်နိုင်တာကိုလည်း အောင်မြင်မှုဟု မခေါ်ပါတဲ့။ သူက ရည်မှန်းချက်ရောဂါ (Destination Disease) ဟုပင် နာမည်ပေးလိုက်သေးသည်။

အဲသည့်နေရာအရောက်မှာ ကျွန်တော် နည်းနည်း မျက်လုံးပြူးသွားသည်။ အဲဒါကျတော့ ကျွန်တော်က ဟုတ်သလိုလို ထင်နေတာကိုး။ သူကလည်း အချိန်တော်တော်ကြာအောင် အဲသလိုပဲ ထင်ခဲ့တာပါတဲ့။ ကိုယ်ချသည့် ရည်မှန်းချက်ပန်းတိုင်က ချသင့်ချထိုက်တာမျိုးဖြစ်လျှင် အဲသည်ပန်းတိုင် အောင်မြင်မှုနှင့် အချို့ချ၍ ရသည်ဟု ယုံကြည်ခဲ့တာပါတဲ့။ ဘဝအတွေ့အကြုံ တော်တော်ရင့်ကျက်လာသောအခါတွင်မှ အောင်မြင်မှုဆိုတာ ရည်မှန်းချက်ပန်းတိုင်တွေကို စာရွက်ပေါ်မှာ ချရေးပြီး တစ်ခုပြီး တစ်ခု အမှန်ခြစ်ပေးရသည့်ကိစ္စမျိုးမဟုတ်မှန်း ရိပ်မိလာတာပါတဲ့။ အောင်

မြင်မှုဆိုတာ ပန်းတိုင် မဖြစ်သင့်ပါတဲ့။ နေနေသောဘဝ၊ သွားနေသော ခရီး တစ်ခုလုံး ဖြစ်ရမှာပါတဲ့။

အောင်မြင်တာတွေ ခဏခဏကြုံနေရတာကို အောင်မြင်တာဟု မသတ်မှတ်ချင်၊ အောင်မြင်နေသောဘဝခရီးလမ်းမှာ လျှောက်နေချင်သည်။ ရေးတေးတေးတော့ သဘောကျနေမိသည်။ ရှင်းရှင်းနားမလည်သေး။ ဒါနှင့်ပဲ သူ ပြဋ္ဌာန်းသည့် အောင်မြင်မှုအဓိပ္ပာယ်ကို ကမန်းကတန်း ရှေ့သို့ တိုးဖတ်ကြည့်မိသည်။

**Success is**

**Knowing Your Purpose in Life**

**Growing to reach your maximum potential, and**

**Sowing seeds that benefit others.**

**အောင်မြင်မှုဆိုတာ...**

**ဘဝဦးတည်ရာ ပီပီပြင်ပြင်ရှိစေဖို့**

**မိမိစွမ်းရည်ကို တတ်နိုင်သမျှ အမြင့်မားဆုံးဖြစ်အောင် ပျိုးထောင်ဖို့နှင့် အဲသည်စွမ်းရည်ဖြင့် အများအတွက် အကျိုးရှိသည့်ကိစ္စတွေ ဆောင်ရွက်ဖို့ ဖြစ်သည်တဲ့။**

တစ်ခါတည်း ကြိုက်သွားသည်။

ကျွန်တော် ဝတ္ထုတွေ၊ ဆောင်းပါးတွေ အများကြီးနှင့် ရေးခဲ့သည့် 'အောင်မြင်မှု'၏ အဓိပ္ပာယ်ကို သူက စာကြောင်းကလေး သုံးကြောင်းနှင့် ဖော်သွားသည်။

ကျွန်တော်ရေးခဲ့သည့် 'ကြိုးကြာတောင်ပံခတ်သံ' ထဲက ချင်းတောင်လတ်ငြိမ်းဆိုတာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိန်းလှိုင် (နာဂ သိန်းလှိုင်) ကို မမြင်ဖူးပါဘဲနှင့် အဝေးကနေ ကြည်ညိုလေးစားစိတ်နှင့် ကျွန်တော် ရေးခဲ့တာပါ။ ဝေဖန်ရေးသမား တချို့က 'ဒီလို ဆရာဝန်မျိုး အပြင်မှာ မရှိနိုင်ဘူး' ဟု ရေးခဲ့ကြသော်လည်း တကယ်တော့ ချင်းတောင်

လတ်ငြိမ်း၏ စွန့်လွှတ်စွန့်စားမှုတွေက နာဂသိန်းလှိုင်၏ ဆယ်ပုံတစ်ပုံပင် မမီတာကို ဆရာကြီးကို သိသူအားလုံး သိကြပါသည်။ ဆရာကြီးကို အဲသည်စာအုပ် အမျိုးသားစာပေဆုရတော့မှ ပြင်ဦးလွင်မှာ ကျွန်တော် သွားတွေ့မိတ်ဆက်ပြီး ထိုင်ကန်တော့ခဲ့တာပါ။

အဲသည်နေ့က ကင်မရာ ပါသွားသဖြင့် ပြင်ဦးလွင်က သူငယ်ချင်း သမားတော်ကြီး အောင်စန်းဦးက လက်ကိုင်ဖုန်းနှင့် ရိုက်ပေးခဲ့သော ကျွန်တော်နှင့်ဆရာကြီး တွဲလျက်ပုံကို ကျွန်တော် မန္တလေး ဆေးတက္ကသိုလ် ဟောပြောပွဲတုန်းက ပြပါသည်။

ဆရာကြီးဟာ သူ့ဘဝရဲ့ ဦးတည်ရာဟာ ဝေးလံခေါင်ဖျားဒေသတွေမှာ ဆရာဝန်ကို မမြင်ဖူးဘဲနဲ့ ရောဂါဝေဒနာတွေ ခံစားနေရတဲ့ တိုင်းရင်းသားတွေဆီကိုသွားပြီး ခွဲစိတ်သင့်တာခွဲစိတ်၊ ကုသသင့်တာကုသ တတ်နိုင်သလောက် ကူညီဖို့ဆိုတာ သူငယ်စဉ်ကတည်းက သူ ပြတ်ပြတ်သားသား သိခဲ့ပါတယ်။ သူ့စွမ်းဆောင်နိုင်ရည်ကို သူ အမြင့်ဆုံးရောက်အောင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်အထူးကုဆရာဝန်ကြီးတွေနဲ့အတူ လက်ထောက် ဆရာဝန်အဖြစ် ဆောင်ရွက်နဲ့ ကြိုးကြိုးစားစား လေ့လာခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ ခွဲစိတ်ပညာနဲ့ နာဂတောင်တန်းပေါ်က လည်ပင်းကြီးရောဂါသည်တွေကို နေ့မနား ညမနား ခွဲစိတ်ပေးခဲ့ရာက စေတနာ ဆရာဝန်တစ်ဦးအနေနဲ့ရော၊ Anbulatory Surgery လို့ခေါ်တဲ့ နေရာမရွေးခွဲစိတ်ပေးမှုမှာရော မြန်မာ ကသာမက ကမ္ဘာကပါသိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဆရာကြီးရဲ့ဘဝကိုမှ အောင်မြင်တဲ့ဘဝလို့မခေါ်ရင် ဘယ်ဘဝကို ခေါ်ရမှာတဲ့လဲ။

အဲသည်နောက် ကျွန်တော်က ဆရာတော် အရှင်ဆန္ဒာဓိက မကွေးကို ကြွလာကတည်းက မကွေးကရဏာရှင်များအသင်း ဆေးခန်းမှာ စာရေးဆရာ ဒေါက်တာရဲနှင့် တွေ့ချင်သည်ဟု ဆရာတော်မိန့်သဖြင့် ဝမ်းသာအားရ ကျွန်တော် သွားဖူးတွေ့နေစဉ် ရိုက်သောဓာတ်ပုံကို ထပ်ပြသည်။

"အဲသည်အောင်မြင်တဲ့ဘဝကိုပဲ ပါရမီလည်းရှိမယ်၊ ကြိုးစားချင်

စိတ်လည်း ရှိမယ်ဆိုရင် ထပ်ပြီး တစ်ဆင့်တင်လို့ ရပါသေးတယ်။ ဆရာတော် အရှင်ဆန္ဒာဓိကဟာ ကျွန်တော့်ထက် အသက်အနည်းငယ်ပဲ ငယ်ပါတယ်။ အဲသည်ခေတ် ရေနံချောင်း အ·ထ·က ကနေ မြန်မာတစ်ပြည်လုံး ဒုတိယနဲ့ (၁၀) တန်းအောင်မြင်ခဲ့တယ်။ ဒါပေမဲ့ ဆရာတော်ဟာ သူ့ဘဝ ဦးတည်ရာဟာ ဘာလဲဆိုတာ သူ (၁၆) နှစ်သားကဘည်းက ပြတ်ပြတ်သားသား သိခဲ့လို့ ဘဝမှာ အောင်မြင်ဖို့ကိုသာမက သံသရာကို အောင်မြင်နိုင်ရေးအတွက် ကိုယ့်ကိုယ်ကိုယ်လည်းလုပ်၊ သူများတွေကိုလည်း ကူညီလမ်းပြပေးနေတာ မြင်ရတဲ့အတိုင်းပါပဲ"

အဲသည်နေ့က ဟောပြောပွဲကလေး တော်တော်အောင်မြင်ပါသည်။ အင်တာနက်မှာတောင် ကျွန်တော့် စကားလုံးတွေကို ဆေးကျောင်းသူ၊ ကျောင်းသားတွေက တင်ကြသည်။

အဓိက စကားလုံးကလေး သုံးလုံးပါ။

**knowing**

**growing and**

**sowing...တဲ့။**

## ဘဝဦးတည်ရာ

စာပေခရီးသွားများအဖွဲ့က ရေးခိုင်းတာ 'ရောက်တဲ့နေရာမှာရပ်နေမှာလား' ဆိုတော့ **John Maxwell** ၏ **Success** နံပါတ်တစ်လေ။

**knowing your purpose in life.**

ဘဝမှာ ဦးတည်ရာ ပီပြင်စေဖို့ ဖြစ်သည်။

လူတိုင်း လူတိုင်း၏ ဘဝမှာ ဦးတည်ရာရှိပြီးသားပါတဲ့။ အဲဒီလို သိအောင်လုပ်ဖို့ လူတိုင်းမှာ တာဝန်ရှိပါသည်။ သိအောင်လုပ်ရတာလည်း ဘဝ၏ ပျော်စရာ ဖြစ်ပါသည်တဲ့။

ကျွန်တော်တို့၏ နှလုံးသား ဟိုးအတွင်းထဲတစ်နေရာမှာ ကိုယ့်ဘဝမှာ

ကိုယ်ဘာတွေ စဉ်ဆက်မပြတ် လုပ်သွားချင်သည်ဆိုသည့် ဆန္ဒတွေက တဖွားဖွားရှိနေတတ်စမြဲ။ အဲဒါကို တွေ့အောင် ရှာရမှာပါ။ (ကျွန်တော်ကတော့ တွေ့ပါသည်။ သည်လိုစာမျိုးတွေ ရေးနေချင်တာပေါ့။)

လူတိုင်းမှာလည်း သူများနှင့် မတူသည့်အရည်အချင်းတွေ ရှိနေတတ်ပါသည်။ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်တွေကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ ရရှိနိုင်သည့် အခွင့်အရေးတွေကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ ဘဝအတွေ့အကြုံတွေကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပါ။ အဲသည်မတူသည့် အရည်အချင်းတွေကို စောစောကရှာတွေ့ထားသည့်ဆန္ဒနှင့် သမမျှတစွာပေါင်းစပ်နိုင်လျှင် ကိုယ့်ဘဝဦးတည်ရာကို ကိုယ်တွေ့မှာပါ။

ကိုယ့်ကိုယ်ကိုယ်ပဲ ဥပမာပေးပါရစေဦး။

ကျွန်တော်က ရင်ထဲ၊ အသွေးထဲ၊ အသားထဲကနေ စာရေးဆရာဖြစ်ချင်နေခဲ့သူတစ်ဦး ဖြစ်သည်။ သို့သော် အသက် (၄၃)နှစ်အထိ စာရေးဆရာပီပီပြင်ပြင် ဖြစ်မလာခဲ့ပါ။ ဆရာဝန်တစ်ဦးဘဝနှင့် ရှေ့တန်းစစ်မျက်နှာများဘဝ ပင်ပင်ပန်းပန်း တာဝန်ထမ်းဆောင်ခဲ့ရဖူးသည်။ နိုင်ငံခြားကိုလည်း ပညာတော်သင် သွားခဲ့ဖူးသည်။ လူငယ်လေးတွေကို သင်ကြားဆုံးမရသည့်ကျောင်းဆရာဘဝမှာလည်း နှစ်ပေါင်းများစွာ နေခဲ့ရဖူးသည်။ အပူတွေဝေဒနာတွေနှင့် ----တွေ၏ဘဝကိုလည်း နေ့စဉ်ကူညီနေရသည်။ ဒါတွေကို စာရေးဆရာဖြစ်ချင်နေသည့် နှလုံးသားက ရိုးရိုးလိုက်မှတ်နေတာမဟုတ်။ စာရေးချင်သည်နှင့် လိုက်မှတ်နေတာဖြစ်သည်။ အဲသည်အချိန်မှာ ခေတ်ကာလအချိန်အခါ ဆေးပညာ၊ မဂ္ဂဇင်း၊ ဂျာနယ်များ အမြောက်အမြားပေါ်ထွက်လာသော ကလေးအထူးကုဆရာဝန်တစ်ဦးအနေနှင့် ကလေး ကျန်းမာရေးပညာပေးဆောင်းပါးများ ရေးပေးဖို့ တောင်းဆိုခံရတာတွေ ရှိလာသည်။ ကျွန်တော်လည်း ရေးပေးပါသည်။ သို့သော် အဲသည်အချိန်မှာ ရင်ထဲက ဘဝဦးတည်ရာ ရှင်းနေပြတ်နေပြီ။ စာရေးမည်၊ ဆေးဆောင်းပါး

လောက် ရေးချင်တာတော့ မဟုတ်။ တစ်သက်လုံး တွေ့ကြုံခဲ့ရသည့် သုခ၊ ဒုက္ခ၊ အောင်နိုင်မှု၊ ကျရှုံးမှုအားလုံး အရင်းတည်၍ လူငယ်တွေအတွက် ဘဝလမ်းညွှန်ဖြစ်နိုင်မည့် စာမျိုးတွေရေးမည်။ ရေးရာမှာလည်း လူငယ်တွေ ဖတ်ချင်လာအောင် ဆွဲဆောင်နိုင်သည့်စာမျိုး ဖြစ်ဖို့ ဦးတည်မည်။

ရသစာရေးဆရာပေါ့။ ဒါ ရှင်းနေ ပြတ်နေပြီ။

ဆေးဆောင်းပါးလာတောင်းသည့် အယ်ဒီတာတွေကို ညှိသည်။ ကနဦးအယ်ဒီတာများဖြစ်သည့် ဒေါက်တာခင်ဇော်လွင် (နရသုခိသုခချမ်းသာ)၊ ဆရာမောင်သွေးသစ် (Family မဂ္ဂဇင်း) တို့နှင့် ဆွေးနွေးသည်။ ဆရာခင်ဇော်လွင်ကတော့ အစကတည်းက ဒေါက်တာစိုးလွင် (မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီး) က ညွှန်းထားပြီးဖြစ်၍ ရသစာပေပဲ လာတောင်းတာပါ။ ဆရာသွေးကတော့ "ဆရာရဲ့ ရေးကြည့်လေ" ဟု အားပေးသည်။ ပြကြည့်တော့ ကြိုက်သည်ဆိုကာ ထည့်သည်။ သူတို့ထည့်သည့်စာတွေကို ဖတ်မိရာက တခြား အယ်ဒီတာများ လာတောင်းကြတာ တဖြည်းဖြည်းများလာသည်။ နောက်ပိုင်းတော့ သိပြီးသည့် အတိုင်းပါပဲ။

အဲသည်အချက်ကို အမေရိကန်သမ္မတ သီယိုရုစဗဲ့လ်က စကားလုံးတိုတိုကလေးနှင့် ပြောဖူးသည်။

"Do what you can, with what you have, where you are"တဲ့။

ကိုယ်လုပ်နိုင်တာကို ကိုယ့်မှာရှိတာနဲ့ ကိုယ်ရောက်နေတဲ့အခြေအနေကနေ အကောင်အထည်ဖော်ပါပေါ့။

John Maxwell ကတော့ သည့်ထက် တိုအောင် ထပ်ချုံ့သည်။

'Believe in your potential'

ကိုယ့်အရည်အချင်းကို ကိုယ်ယုံပါပေါ့။

ဘဝမှာ ကိုယ့်ဦးတည်ရာကို ကိုယ် ကွင်းကွင်းကွက်ကွက် သိထား၊ မြင်ထားသူတစ်ဦးကို အဲဒါကို အကောင်အထည်ဖော်နိုင်ဖို့ ဘယ်အရာမှ မဟန့်တားနိုင်ပါ။

ဘယ်တော့ စအကောင်အထည်ဖော်မလဲဆိုသည့် **မေးခွန်းသာ ကျန်**ပါတော့သည်။

အဲဒီအတွက် အဖြေကလည်း စကားလုံးကလေး နှစ်လုံး...

'အခု'...တဲ့။

**ဆန္ဒမွန်ဖြင့်**
**လက်ာရည်ကျော်**

■ ဦးကျော်သည် (၁၉၅၅ ခုနှစ်မှာ ထင်၏။) ခုနစ်တန်းစာမေးပွဲကိုရော ၁၀ တန်းစာမေးပွဲကိုပါ တစ်နှစ်တည်းရှေ့နောက်ဆင့်၍ ဖြေဖို့ စီစဉ်လေသည်။ ဘယ်ကျူရှင်တက်ပြီး ဖြေမှာလဲဟု မမေးပါနှင့်။ ဘာကျူရှင်မှလည်းမရှိပါ။ ကိုယ်လိုချင်တာကို ကိုယ့်ဘာသာရအောင် ကြိုးစားရပါမည်။ အင်္ဂလိပ်စာ မသိတော့ မျက်နှာဖြူကပြား ရှုပိုင်မစ္စတာပေါလ်ကို မေးသည်။ ဦးထွန်းငြိမ်း အဘိဓာန်ကြီးကိုကြည့်သည်။ ရနိုင်သမျှ မှတ်စုတွေ ရှာဖွေဖတ်သည်။

# တကယ်အောင်မြင်လိုစိတ်မွေးပါ

ဦးတင်ဦး (ကျူရှင်)

မကြာသေးမီက ဂျာနယ်တစ်စောင်တွင် ၁၀ တန်းစာမေးပွဲကို ယခုနှစ် ၂၀၁၂ ခုနှစ်တွင် အကြိမ် ၃၀ မြောက်အဖြစ် ဝင်ရောက်ဖြေဆိုမည့်လူ တစ်ယောက်အကြောင်းကို ဖတ်လိုက်ရသည်။ ထိုသူသည် နှစ်စဉ်ဖြေဆိုလာခဲ့သူ ဖြစ်သည်။ ထိုသူ မဖြေဆိုဖြစ်ခဲ့သည့် နှစ်များမှာ ကျောင်းတွေပိတ်ထားသည့် ၁၉၈၉ ခုနှစ်နှင့် သူ မကျန်းမာသော နှစ်တစ်နှစ်တို့တွင်သာ ဖြစ်သည်။ ကျန်နှစ်များ၌ အကြားအလပ်မရှိ ဖြေဆိုလာခဲ့သည်။ ယခုဆိုလျှင် သူ့အသက်သည် ၄၈ နှစ်တောင် ရှိနေပြီ ဖြစ်ပြီး ယခုနှစ်ပါဆိုလျှင် အကြိမ် ၃၀ တောင် ရှိသွားပြီဟု ထိုဂျာနယ်အရ သိရပေသည်။

ဤသတင်းကို ဖတ်ရသည့်အခါ ကျွန်တော့်စိတ်ထဲမှာ ထိုသူကို ချီးကျူးသင့်သည့်အချက်လည်း ပေါ်လာသည်။ မချီးကျူးနိုင်သည့်အချက်လည်း ပေါ်လာသည်။

ချီးကျူးသင့်သောအချက်ကား စိတ်အားမလျှော့ဘဲ ဇွဲနပဲကြီးသည်ဟု ဆိုနိုင်သောအချက် ဖြစ်ပေသည်။

ကျွန်တော့်တပည့်တစ်ဦး ရှိသည်။ ယခုအခါ ထိုတပည့်၏အသက်မှာ အထက်တွင် ဖော်ပြခဲ့သည့် အကြိမ် ၃၀ မြောက် ၁၀ တန်းစာမေးပွဲဖြေမည့် သူ အရွယ်လောက်ပင် ဖြစ်သည်။ တပည့်က တစ်နှစ်လောက်သာ ကြီးပါမည်။ ကျွန်တော့်တပည့်သည် ယခုအခါ နိုင်ငံရေးပါတီတစ်ခုတွင် ခေါင်းဆောင်အဆင့်တာဝန်မျိုးကို ထမ်းဆောင်နေလေသည်။

ထိုတပည့်သည် ကျွန်တော်၏ အကြီးဆုံး ရင်သွေးဖြစ်သူ သမီးအကြီး ထက်ပင် တစ်နှစ်လောက် ကြီးသေးသည်။ သမီးအကြီးနှင့် အတူတူ ၁၀ တန်းစာမေးပွဲကို စတင်ဖြေခဲ့သည်။ သို့ရာတွင် ထိုတပည့် ၁၀ တန်းစာမေးပွဲ အောင်သည်မှာ ကျွန်တော်၏ အငယ်ဆုံးရင်သွေးဖြစ်သူ သမီးအငယ် နောက်တစ်နှစ်တွင်မှ ဖြစ်ပေသည်။ သူသည် အထက်က အကြိမ် ၃၀ သမားကဲ့သို့ပင် နှစ်စဉ်မပျက်ဘဲ တစ်နှစ်ပြီးတစ်နှစ် စာမေးပွဲ ဝင်ဖြေလာခဲ့တာ ၁၃ နှစ်အကြာတွင်မှ အောင်သွားခဲ့လေသည်။

ထိုတပည့်သည် အကယ်၍သာ နှစ်နှစ်၊ သုံးနှစ် ကျရှုံးရုံမျှနှင့် လက်လျှော့ခဲ့သော် ၁၀ တန်းစာမေးပွဲ အောင်မြင်ခွင့်ရလိုက်မည် မဟုတ်ပေ။ ထို့ကြောင့် သူ၏ ဖွဲဝီရိယကိုတော့ ချီးကျူးရပေသည်။

သို့ရာတွင် ၁၀ တန်းစာမေးပွဲကို ၁၃ နှစ်ဖြစ်စေ၊ ၃၁ နှစ်ဖြစ်စေ မလျှော့သောဖွဲနှင့် ဖြေဆိုမည်ဆိုသော ကျွန်တော့်တပည့်လိုလူများကို မချီးမွမ်းထိုက်သောအချက်လည်း ရှိနေပေသည်။

ယင်းအချက်ကား အခြားမဟုတ်ပါ။ သေသေချာချာ စိစစ်ကြည့်မည်ဆိုလျှင် ၁၃ နှစ်သမားဖြစ်စေ၊ ၃၁ နှစ်သမားဖြစ်စေ ၁၀ တန်းစာမေးပွဲကို တကယ်ကို အောင်ချင်သည့်ဆန္ဒ ပြင်းပြင်းထန်ထန် ရှိနေပုံမရခြင်းကို တွေ့ရမည် ဖြစ်သည်။ အကယ်၍သာ ၁၀ တန်းသာ မအောင်မြင်ခဲ့လျှင် ဘဝတွင် နေ၍မရလောက်အောင်ပင် အရေးကြီးသည့်နှယ် ငါတော့ အောင်မြင်မှုကိုဖြစ်မည်ဟူသော ပြင်းထန်သော ဆန္ဒမျိုးသာရှိပါလျှင် အောင်ရာအောင်ကြောင်း နည်းလမ်းကို မရအရ ရှာဖွေလာပေလိမ့်မည်။ ထိုသို့ ရှာဖွေလျှင်လည်း နှစ်အနည်းငယ်အတွင်း တွေ့လာမည် မုချဖြစ်သည်။

ကျွန်တော့်တပည့် ၁၀ တန်းအောင်မြင်သွားသည်မှာ စာမေးပွဲ မအောင်လျှင် ကိုယ့်ကိုယ်ကိုယ် သေမလောက် အထင်ရောက်ပြီး အောင်ရာအောင်ကြောင်းနည်းလမ်းကို မရမနေ ရှာဖွေကြိုးစားသွားသောကြောင့် မဟုတ်ပေ။ အကြောင်းအားလျော်စွာ အောင်နိုင်သည့် အခြေအနေမျိုးနှင့် ကြုံသွားသောကြောင့်သာ ဖြစ်ပါသည်။

တစ်ခါတစ်ရံ မျှော်လင့်မထားသော အခွင့်ရေးမျိုးလည်း ကြုံတတ်

သည်မျိုးကား ရှိတတ်ပါ၏။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက ၁၉၅၆ ခုနှစ်တွင် သတ္တမတန်း (ထိုစဉ်က အလယ်တန်းအဆင့်သည် သတ္တမတန်း တွင် ဆုံး၏။ ယခုလို အဋ္ဌမတန်းတွင် ဆုံးခြင်းမျိုး မဟုတ်သေး။) စာမေးပွဲ ကို ပထမဦးဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံးတွင် မေးခွန်းတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် အစိုးရစစ်စာမေးပွဲစနစ်သို့ ပြောင်းလဲလိုက်သည်။ သို့ရာတွင် အစဦးဆုံးနှစ်မှာပင် သင်္ချာမေးခွန်းပေါက်သွား၍ ကျောင်းသားတွေ မကျေ မနပ်ဖြစ်ကာ ဆန္ဒပြရင်း ဟယ်ရီတန်အမည်ရှိသော ကျောင်းသားတစ်ဦး သေဆုံးသွားသည်။ (အမှန်က အစိုးရရဲများက ဟယ်ရီတန်ကို တည့်တည့် ချိန်ပစ်၍ သေခြင်းမဟုတ်၊ မိုးထောင်ပစ်ရာတွင် ဟယ်ရီတန်က သစ်ပင် ခွကြားမှာ ရောက်နေသဖြင့် မိုးထောင်သွားသည့် ကျည်ဆန်က သူ့ကို သွားမှန်ခြင်းဖြစ်ကြောင်း ထိုအရေးခင်းတွင် ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့ဖူးသူတစ်ဦးက ပြောပြဖူးပါသည်။) ထို့ကြောင့် အစိုးရက ပြဿနာ အေးအောင် ထိုနှစ်တွင် စာမေးပွဲဝင်ဖြေသူအားလုံးကို (ဖြေလွှာတွေ စစ် မနေတော့ဘဲ) အအောင်ပေးလိုက်ဖူးသည်။

ဘဝတွင် ထိုသို့သော ရှားရှားပါးပါး အခြေအနေမျိုးနှင့်လည်း ကြုံချင် ကြုံနိုင်ပါသည်။ သို့ရာတွင် ကျွန်တော်၏ အသက် ၇၂ နှစ်အတွင်း၌ စာမေးပွဲဖြေသူစာရင်း၌ ပါဝင်သွားရုံမျှနှင့် အအောင်ပေးလိုက်တာမျိုးကား ထိုတစ်ကြိမ်မျှသာ ကြုံဖူးသေးပါသည်။

၁၀ တန်း စာမေးပွဲကို အကြိမ် ၃၀ ဖြေဆိုသူမျိုးတို့သည် အောင်ရာ အောင်ကြောင်းတော့ ဘာမျှမကြိုးစားဘဲ စာမေးပွဲဝင်ကြေးမျှလောက်သာ အရင်းပြု၍ စာမေးပွဲဖြေမည်ဆိုသော် ဖော်ပြပါ ဟယ်ရီတန်နှစ်က အခြေ အနေမျိုး ကြုံလာလျှင်သာ အောင်ဖို့ရှိပေလိမ့်မည်။ ကျွန်တော့်တပည့် အောင် သွားသည်မှာ သူ ကြိုးစားလွန်းလှ၍ မဟုတ်ဘဲ ထိုနှစ်က သူဖြေသည့် စာစစ်ဌာနတွင် အတော်ကြီး စည်းကမ်းလျော့ရိလျော့ရဲ နိုင်လှသောကြောင့် ဖြစ်သည်။

မျှော်လင့်ချက် စွန့်လွှတ်မထားခြင်းကိုတော့ ချီးမွမ်းထိုက်ပါ၏။ သို့သော်လည်း တကယ်တော့ အလုပ်တစ်ခု လုပ်ပြီဆိုလျှင် တကယ်ကို အောင်မြင်လိုသော စိတ်ပြင်းပြွန်းပြီး ကြိုးစားခြင်းကိုသာ အလေးပေးချီးမွမ်း

ရမည် ဖြစ်ပေသည်။ လောကတွင် စာမေးပွဲအောင်မြင်ခြင်းကဲ့သို့သော ပညာရေးကိစ္စမျိုးသာမက စီးပွားရေးကိစ္စ၊ ဘာသာရေးကိစ္စ စသည်ဖြင့် လုပ်ဆောင်ကြရသော ကိစ္စအများအပြားရှိတတ်ပေရာ ဘယ်ကိစ္စကို ဆောင်ရွက်သည်မဆို တကယ်အောင်မြင်လိုသော စိတ်ဆန္ဒမျိုး ပြင်းပြနေစေရမည် ဖြစ်ပေသည်။ ဘုရားဟောသော အဓိပတိလေးပါးတွင် ဆန္ဒာဓိပတိဟု ပြသည်။ ဣဒ္ဓိပါဒ်လေးပါးအနေဖြင့် ဆန္ဒိဒ္ဓိပါဒ်ဟုလည်း ပြပေသည်။

ဆန္ဒာဓိပတိ အားကောင်းမှ ဝီရိယာဓိပတိ (လုံ့လစိုက်ထုတ်ကြိုးပမ်းမှု) ကောင်းလာနိုင်သည်။ ထိုသို့ ဆန္ဒနှင့် ဝီရိယအားကောင်းလာသောအခါ စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ်ဆိုသကဲ့သို့ စိတ္တာဓိပတိလည်း အားကောင်းလာသည်။ ကိုယ့်ရည်မှန်းချက် အောင်မြင်ရာ အောင်မြင်ကြောင်းအတွက် အမြဲတမ်းစိတ်ရောက်ကာ စူးစမ်းနေသဖြင့် ဝီမံသာဓိပတိလည်း အားကောင်းလာပေသည်။

ပညာရေးကိစ္စအတွက် ဆန္ဒာဓိပတိတပ်ပြီး တကယ်အောင်မြင်လိုစိတ်ဖြင့် ကြိုးပမ်းသွားခဲ့သူ တစ်ဦးအကြောင်းကို ပြောပြလိုပေသည်။

ထိုပုဂ္ဂိုလ်မှာ ဦးကျော်ဟုခေါ်သူ ဖြစ်သည်။ ယခုအခါ သက်ရှိထင်ရှား ရှိသေးသလား၊ မရှိတော့ဘူးလား ကျွန်တော် အတပ်မပြောနိုင်ပါ။ သက်ရှိထင်ရှားရှိသေးလျှင် ပဲခူးမြို့တွင် နေထိုင်လျက်ရှိမည်ဟု ယူဆရပါသည်။ သူ့မှာ ခင်မောင်ဦးနှင့် ခင်မောင်မြင့်ဟူသော သားနှစ်ဦးရှိရာ အကြီးသားမှာ ကျူရှင်ဆရာဖြစ်ပြီး အငယ်သားမှာ ဆရာဝန် ဖြစ်သည်။ ထိုသားအငယ်နှင့်အတူ ပဲခူးမြို့တွင် နေသည်ဟု ကျွန်တော် ထင်သည်။

ဦးကျော်သည် ကျွန်တော်တို့မြို့သား ဖြစ်သည်။ 'ကျွန်တော်တို့မြို့' ဟု ဆိုရသော်လည်း တကယ်တော့ ကျွန်တော်တို့မြို့ သာဝတ္ထိဆိုသည်မှာ ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ မီးရထားလမ်း၊ မော်တော်ကားလမ်းများလည်းရှိ၊ ရဲစခန်းလည်းရှိ၊ အထက်တန်းကျောင်းလည်းရှိ၊ ဘူတာရုံလည်းရှိ ဆိုတော့ မြို့အင်္ဂါတွေထဲမှ တော်တော်များများ အချက်တွေစုံနေ၍သာ မြို့ဟု ပြောရခြင်း ဖြစ်ပါသည်။

ဦးကျော်သည် ၁၉၃၀ ဝန်းကျင်လောက်တွင် မွေးသူဖြစ်ရာ စစ်ကြီး

ဖြစ်လာတော့ လေးတန်းအောင်၊ ငါးတန်းကျောင်းသား အရွယ်လောက်နှင့်ပင် ကျောင်းထွက်လိုက်ရပါသည်။ ထို့ကြောင့် သူ့ပညာအရည်အချင်းမှာ စတုတ္ထ တန်းအောင် အဆင့်မျှလောက်သာ ဖြစ်ပါသည်။

ကျောင်းမနေနိုင်တော့ဘဲ အရွယ်ရောက်လာတော့ အိမ်ထောင်ကျကာ ဦးကျော်သည် သာဝတ္ထိဘူတာထဲမှာ လက်ဖက်ရည်ဆိုင်လေးဖွင့်၍ အသက် မွေးရပါသည်။ လက်ဖက်ရည်သောက်လိုသူ ခရီးသွားက လက်ဖက်ရည် မှာသောက်၍သာ လက်ဖက်ရည်ဖျော်ပေးနေရသော်လည်း ဦးကျော်၏ စိတ်အာရုံမှာကား ခုနစ်တန်းအောင်ပြီး ၁၀ တန်းအောင်ရေးသာ ဖြစ်နေပါ သည်။

အမှန်တော့ ၁၀ တန်းအောင်ပြီး မီးရထားဝန်ထမ်းလုပ်လိုခြင်း ဖြစ်၏။ သို့ရာတွင် ၁၀ တန်းစာမေးပွဲမှာ ခုနစ်တန်းစာမေးပွဲအောင်အောင် အရင် လုပ်ရမည်။ ထို့နောက် ၁၀တန်းအောင်အောင် လုပ်ရပါမည်။

သို့ရာတွင် ထိုသို့ တစ်ဆင့်ပြီး တစ်ဆင့် သွားနေသော် ကိုယ်က အသက်အရွယ် ကြီးလာပြီဖြစ်၍ အချိန်က သိပ်အဖိုးတန်နေသည်။ ထို့ကြောင့် ဦးကျော်သည် (၁၉၅၅ ခုနှစ်မှာ ထင်၏။) ခုနစ်တန်း စာမေးပွဲကိုရော ၁၀ တန်းစာမေးပွဲကိုပါ တစ်နှစ်တည်း ရှေ့နောက်ဆင့်၍ ဖြေဖို့ စီစဉ်လေ သည်။

ဘယ်ကျူရှင်တက်ပြီး ဖြေမှာလဲဟု မမေးပါနှင့်။ ဘာကျူရှင်မှလည်း မရှိပါ။ ကိုယ်လိုချင်တာကို ကိုယ့်ဘာသာရအောင် ကြိုးစားရပါမည်။ အင်္ဂလိပ်စာမသိတော့ မျက်နှာဖြူကပြားရုံပိုင် မစ္စတာပေါလ်ကို မေးသည်။ ဦးထွန်းငြိမ်း အဘိဓာန်ကြီးကို ကြည့်သည်။ ရနိုင်သမျှမှတ်စုတွေ ရှာဖွေ ဖတ်သည်။ ဂဏန်းသင်္ချာကို ဦးပန်းရည်စာအုပ်ကြီး စားပွဲပေါ် ချကာ တွက်ကြည့်၊ နောက်မှာပါသောအဖြေနှင့် တိုက်ကြည့်လုပ်သည်။ ဘယ်လိုမှ တွက်၍မရသော် ဘူတာပလက်ဖောင်းပေါ် ဖြတ်သွားသော ၁၀ တန်း ကျောင်းသားကို 'လာပါဦးကွ၊ ငါ့ကို ဒါလေးတွက်ပြသွားပါဦး' ဟု အကူအညီတောင်းသည်။ သင်္ချာ(၂)အဖြစ် ဖြေရမည့် ဂျီသြမေတြီနှင့် အက္ခရာ သင်္ချာတို့ကိုလည်း ကိုယ့်ဘာသာ အဖြေထုတ်၊ အဖြေထုတ်မရလျှင် စာတော် သူ ၁၀ တန်း ကျောင်းသား သို့မဟုတ် ၁၀ တန်း အောင်ပြီးသူ ကျောင်းဆရာ

တို့အား မေးသည်။

ဦးကျော်သည် စာမေးပွဲကို တကယ်အောင်လိုသူဖြစ်ရာ ထိုနှစ်က ခုနစ်တန်း စာမေးပွဲရော တက္ကသိုလ်ဝင်တန်း စာမေးပွဲပါ အောင်သွားလေသည်။

မီးရထားဌာနတွင် အလုပ်ဝင်လုပ်ရာ ရာထူးအဆင့်ဆင့်တက်ပြီး တိုင်းပို့ဆောင်ရေး မန်နေဂျာအဆင့်လောက်နှင့် ပင်စင်ယူသည်။ နောင်တွင် အလုပ်ထဲမှပင် စာမေးပွဲတွေ ဆက်ဖြေသေး၍ ဘွဲ့လည်းရသည်။ H.G.P စသော ရှေ့နေစာမေးပွဲတွေ၊ အဘိဓမ္မာစာမေးပွဲတွေလည်း အောင်ပေသည်။

ဦးကျော်သည် ၁၀ တန်းစာမေးပွဲကို အနှစ် ၆၀ အထိ ဝင်သွားသူ အဖြစ်နှင့် ဂင်းနစ်မှတ်တမ်းတွင် ဝင်အောင်မကြိုးစားပါ။ လေးတန်းအောင် အဆင့်လောက်မှသည် တစ်နှစ်တည်းမှာပင် ခုနစ်တန်းရော ၁၀ တန်းပါ အောင်အောင် ကြိုးစားသွားသူ ဖြစ်လေသည်။

တကယ်အောင်မြင်လိုစိတ်မွေးပြီး အလုပ်လုပ်လျှင် 'လိုလျှင် ကြံဆ နည်းလမ်းရ' ဟူသကဲ့သို့ ကိုယ်လိုချင်သော အောင်မြင်မှုကို ရသွားတတ်သည်သာ ဖြစ်သည်။

ဟင်နရီဖို့သည် မိမိနာမည် ကမ္ပည်းနောက် အောင်မြင်သော စာမေးပွဲတွေ တန်းစီရေးပြီး နာမည်ဆိုင်းဘုတ်ကြီးကြီး ချိတ်နိုင်အောင် မကြိုးစားပါ။ သူဌေးကြီးဖြစ်အောင်သာ ကြိုးစားသွားသည်။ ပညာအရည်အချင်း ဟုတ်တိပတ်တိ မရှိသော်လည်း ကမ္ဘာကျော်သူဌေးကြီး ဖြစ်သွားသည်။

ဘီလ်ဂိတ်သည် ကိုယ်စိတ်ဝင်စားသည့် ကွန်ပျူတာမှာသာ အောင်မြင်အောင် လုပ်လိုသဖြင့် ဘွဲ့ရသည်အထိ ကျောင်းဆက်တက်မနေတော့ဘဲ မိမိအောင်မြင်ချင်သော ကိစ္စမှာ ဆန္ဒာဓိပတိတပ်ပြီး လုပ်ကိုင်သွား၍ အားလုံးသိကြသည့်အတိုင်းပင် ကမ္ဘာ့နံပါတ်တစ်အဆင့်ရှိ သူဌေးကြီးဖြစ်နေလေသည်။ ဒေါ်လာဘီလျံပေါင်းများစွာ စွန့်ကြဲပေးကမ်းနေပေသည်။

လူ့ဘဝသည် ပညာတတ်ခြင်း၊ သူဌေးဖြစ်ခြင်းတို့လောက်မျှသာ မဟုတ်။ လူ့ဘဝ၏ အဓိပ္ပာယ်သည် ထိုထက်ကျယ်ဝန်းသည်။ ပညာတတ်ကြီး မဖြစ်ဘဲ၊ သူဌေးကြီးမဖြစ်ဘဲနှင့် လူ့ဘဝ၏အဓိပ္ပာယ်လေးနက်တန်ဖိုး

ရှိလာအောင် လုပ်ရသည့်ကိစ္စတွေလည်း အများပင်ရှိသေးသည်။ **ကိုယ့်အတွက်အထိပ် ရောက်လိုသည်ဆိုသည့် နယ်ပယ်သည် ဘာနယ်ပယ်ဖြစ်**သည်ဆိုသည်က အဓိကမဟုတ်၊ နယ်ပယ်တိုင်းမှာ သူ့တန်ဖိုးတွေနှင့်သူရှိကြသည်။ အရေးကြီးသည်မှာ ကိုယ်အောင်မြင်ချင်သည်မှာ ဘယ်နယ်ပယ်ပဲဖြစ်ပါစေ ထိုနယ်ပယ်တွင် တကယ်အောင်မြင်ချင်စိတ်ရှိဖို့ပင် ဖြစ်ပါ၏။

လောက၌ မချမ်းသာချင်ဘဲနှင့် သူဌေးဖြစ်နေသူတွေကိုဖြစ်စေ၊ စာမေးပွဲ မအောင်မြင်ချင်ဘဲနှင့် ပညာတတ်ကြီးတွေ ဖြစ်နေသူတွေကိုဖြစ်စေ၊ သံသရာကို ငြီးငွေ့စိတ်မဖြစ်ဘဲ အရိယာပုဂ္ဂိုလ်ကြီးတွေ ဖြစ်နေသူတွေကိုဖြစ်စေ လိုက်လံရှာဖွေကြည့်လျှင် ထိုသို့သောသူမျိုးကိုတွေ့ဖို့ အလွန်ခဲယဉ်းပေလိမ့်မည်။

အောင်မြင်ရေးကျမ်းတွေထဲတွင် ရှုံးနိမ့်ခြင်းကို အောင်မြင်ခြင်း၏အတွေ့အကြုံအရင်းအနှီးအဖြစ် ဖော်ပြလေ့ ရှိကြသည်။ ထိုသို့ ဖော်ပြကြသည်မှာလည်း မှန်ပါ၏။

သို့ရာတွင် အောင်မြင်လိုသူသည် ရှုံးနိမ့်မှုနှင့်ကြုံလျှင် စိတ်ဓာတ်မကျဘဲ ဘယ်လိုကျော်လွှားမည်ဟူသောစိတ်ကို ပြင်ဆင်ထား၍သာ အောင်မြင်အောင် ကြိုးစားသွားရမည် ဖြစ်သည်။ 'ငါ ဘယ်နှကြိမ် ရှုံးနိမ့်ခဲ့တာကွ' ဟု လက်မထောင် ဂုဏ်ယူပြီး 'အခု ငါ့ကိုကြည့်ပါလား၊ အရင်အတိုင်းပဲ ဘာမျှတိုးတက်မလာသေး၊ မအောင်မြင်သေးဘူး' ဟု တလွဲဆံပင်ကောင်းကြရမည်မျိုး မဟုတ်ပါ။

တကယ်တော့ ကိုယ်လိုချင်သော အောင်မြင်မှု၊ လိုအပ်သော အခြေအနေမျိုး ကိုယ့်မှာ ပြည့်စုံလာအောင် လုပ်ရင်းဖြင့် ကြိုးစားသွားခြင်းသာလျှင် အောင်မြင်မှု၏ နည်းကောင်းအမှန် ဖြစ်ပေသတည်း။

**ဦးတင်ဦး (ကျူရှင်)**

■ ဟိုဘက်ခြံက မိဘမဲ့ကလေးလေးတောင် ဒီနှစ် ဆယ်တန်းရောက်လာပြီလို့လည်း နှိုင်းယှဉ်ပြလိုက်သေးရဲ့။ ဆယ်တန်းတောင်မှ မအောင်ဘဲနဲ့တော့ နင်အလုပ်ဝင်လုပ်ရင်လည်း အိမ်ဖော်အဆင့်က တက်လာမှာ မဟုတ်ဘူးနော်တဲ့။

# သည်ခရီး

**မြနှောင်းညို**

ရှေ့ကနေ ခရီးနှင်သွားကြသူတွေအနက် တချို့တလေဟာ တစ်ချိန်ချိန် မှာတုန်းက ရပ်တန့်တွေဝေခဲ့ဖူးသူတွေ ဖြစ်ဖူးမှာပါပဲ။ ခဏတစ်ဖြုတ် ရပ်တန့် တွေဝေတာလား၊ အကြာကြီး ကြာမြင့်ပြီးတော့မှပဲ အိုလေ မထူးတော့ပါဘူး ရယ်လို့ ဆုံးဖြတ် ရှေ့တိုးသူတွေ နည်းမှာမှ မဟုတ်တာနော်။

စာပေခရီးသွားများ စာအုပ်တိုက်မှ မေးခွန်းတင်ထားတာတွေကို ဘယ်လို အဖြေပေးကြပါမလဲရယ်လို့ ကျွန်မ စဉ်းစားနေမိပါတယ်။

သည်ခရီးကို ဆက်လျှောက်မှာလား...

ရောက်တဲ့နေရာမှာ ရပ်နေမှာလား...

နောက်ကြောင်းလှည့်ပြန်တော့မလို့လား...

** ဒီတစ်ခါ ဖြေဆိုရမှာက ရောက်တဲ့နေရာမှာ ရပ်နေမှာလား ဆိုတာပါ။ ဘယ်နေရာကို ရောက်နေတာလဲ။ ဘယ်တုံးကတည်းက ရောက် နေတာလဲ။ ဘာဆက်လုပ်မလဲ။*

ဘယ်လို အဖြေပေးကြမလဲ။

စစချင်းတော့ ဆုတ်ဆိုင်းတွေဝေဖို့ များပါတယ်။ ကိုယ်တိုင် ဆုံးဖြတ် ဖြေဆိုရမှာလား။ ဘေးပတ်ဝန်းကျင်က ဩဇာညောင်းသူတွေရဲ့ အာဘော်နဲ့

ဆန္ဒအလျောက်လား။ လောလောဆယ်မှာတော့ ပေးလိုက်တဲ့အဖြေအရ ဘာလုပ်မယ်ဆိုတဲ့စကားဟာ စိတ်ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ တကယ် လုပ်ဖြစ်မှာ၊ မလုပ်ဖြစ်မှာထက် လုပ်မယ်၊ မလုပ်ဘူး ဆိုတာဟာ ဖြေဆိုမယ့်သူအပေါ်မှာ လုံးဝ မူတည်နေပါပြီ။

အရေးပါအရာရောက်သလောက် လေးနက်တဲ့အချက်က ပြန်စဉ်းစားနိုင်ပါသေးတယ်၊ ကိုယ့်အဖြေကို ပြန်ပြင်ဆင်နိုင်ပါသေးတယ်။

ယုံကြည်နားလည်ထားစေချင်တာကတော့ ကိုယ့်ဘဝကို ကိုယ်သာ ပိုင်ဆိုင်ပါတယ်။ မှန်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ၊ အားနည်းချို့တဲ့သည်ဖြစ်စေ၊ အဓိက ခံစားစံစားရမှာက ကိုယ်တိုင်ပဲ မဟုတ်လား။

ဒီအကြံပြုသတိပေးချက်ကလေးအဆုံးမှာတော့ ကျွန်မ ဘာတွေ စဉ်းစားနေတယ်၊ ဘယ်သူတွေနဲ့ သက်ဆိုင်နေတယ် ဆိုတာတွေကို အသိပေး ပြောပြရပါလိမ့်မယ်။ မဟုတ်ရင် ဘဲဥ အစရှာသလို ဘယ်လိုကဘာတွေ ပြောလို့ ဘယ်လို အဆုံးသတ်ရမယ်မှန်း သိရခက်ခဲရှုပ်ထွေးနေကြတော့မှာ။

ရပ်တန့်တွေဝေနေသူတစ်ယောက်ကို လောလောဆယ် နီးနီးကပ်ကပ် မြင်နေတွေ့နေရလို့ပါဆိုတာ ကျွန်မက စောစောစီးစီး ပြောပြချင်ပါတယ်။ သူ့အတွက် သင့်လျော် အကျိုးပြုမယ်ထင်တဲ့၊ သူကလည်း လက်ခံကျင့်သုံး လိမ့်မယ်လို့ ယူဆရတဲ့ အတွေးအကြံဉာဏ်တွေကို ချပြနိုင်ဖို့ စိတ်ကူး စိတ်သန်း အများကြီး ထုတ်ရင်း ကျွန်မရဲ့ ကိုယ်ပိုင်အချိန်တွေ အတော် ရင်းနှီးမြှုပ်နှံလိုက်ရပါတယ်။

ကျွန်မက သူဖြစ်လာစေချင်တာကို အကြံပေးလိုက်ဖို့ ဆိုတာ တတ်နိုင်သလောက်တော့ တရားမျှတမှုရှိမှ ကောင်းမယ်လေ။ သူ့နေရာမှာ ကျွန်မ ကိုယ်တိုင်ဆိုရင်ကော အဲဒီအတိုင်း လုပ်မှာမို့လားရယ်လို့ သူကဖြစ်စေ၊ နံဘေးက ပါဝင်စဉ်းစားနေသူကဖြစ်စေ မေးခွန်းထုတ်လာခဲ့ရင် ကျွန်မ ဘယ်လို ဖြေမှာလဲ။

အဲဒီအတိုင်းလုပ်မှာပါလို့ ကျွန်မက အဖြေပေးနိုင်ရလိမ့်မယ်။

ဒါဆိုရင် ကျွန်မ နီးနီးကပ်ကပ် တွေ့မြင်နေတဲ့ ရပ်တန့်တွေဝေနေသူဟာ ဘယ်သူလဲဆိုတာ ကျွန်မ အသိပေးမှ ဖြစ်တော့မယ်။ သူ့နာမည်က ဘယ်သူတဲ့လဲ။ နာမည်ကို ပြောလိုက်ပါ့မယ်။

အတော်နှစ်သက်ခုံမင်ကြလို့ မိဘတွေက ပေးလေ့ရှိကြတဲ့ နာမည်ပါ။ အေးမြတာ။

အေးမြတဲ့ဟန်မူရာရှိလို့၊ အေးမြစေချင်လို့ ပေးထားကြတဲ့နာမည်ကလေး။

မရှိမရှား မိသားစုက ပေါက်ဖွားလာတဲ့ အေးမြတာဟာ အသက် ငါးနှစ်အရွယ်မှာ စာသင်ကျောင်းကို တက်ရောက်ခွင့်ရနိုင်ခဲ့သူပါ။ တစ်နှစ် တစ်တန်းလည်း မှန်မှန်အောင်မြင်ခဲ့သူပါ။ ဆယ်တန်းအထိတိုင် ဆိုပါစို့။ စာတော်တယ်လို့ မိဘတွေက ဂုဏ်ယူတယ်။ ဆရာသမားတွေကလည်း နှစ်ချင်းပေါက် အောင်မြင်ရုံမျှမက မျှော်လင့်တယ်၊ ဂုဏ်ထူး သုံးခုလောက်တော့ ပါနိုင်တယ် ဆိုပြီးတော့လေ။

စာမေးပွဲဆိုတာ ဆယ်တန်းမှ မဟုတ်ပါဘူး။ အရည်အချင်း စစ်ဆေးပွဲမှာ အကြောင်းကြောင်းကြောင့် ခြေချော်လက်ချော် ကျရှုံးရတတ်ပါတယ်။ မေးခွန်းကို ဖြေဆိုရာမှာ အမိပ္ပာယ် အကောက်လွဲလို့၊ မျက်စိလျှမ်းသွားလို့၊ ခေါင်းမူးသွားလို့၊ စာမေးပွဲခန်းကို အရောက်နောက်ကျလို့၊ မိဘတွေရဲ့ အိမ်ထောင်ရေး အဆင်မပြေနေတော့ စိတ်ဆင်းရဲလို့။ တစ်ခုခုကြောင့်။

ဒါကြောင့်သာလျှင် နောက်တစ်ခါ ယှဉ်ပြိုင်ဖို့ အခွင့်အရေးပေးရိုးထုံးစံ ရှိနေတာပေါ့။ နောက်တစ်ခါမက နှစ်ခါသုံးခါ အခါခါ အခွင့်အရေး ရှိရင် ရှိသလောက်ပေါ့။

အဲသလိုလည်း အေးမြတာ နားဝင်အောင် အားပေးလမ်းပြမယ့်သူ ရှိခဲ့ဟန် မတူပါဘူး။ အေးမြတာရဲ့ ကျရှုံးခြင်းဟာ ဆယ်တန်းကျရာမှ စတင်ခဲ့ပါတယ်။ စာမေးပွဲကျရှုံးခြင်းနဲ့အတူ သူ့စိတ်ဓာတ်ကလေး ကျရှုံးသွားတယ်လို့ ကျွန်မ ယူဆမိပါတယ်။ မာနကလေးလည်း ထိခိုက်သွားတယ်ထင်ပါရဲ့။

* တော်တယ်ဆို။ ဒါက ထွေငေါ့တာ။
* ခြေချော်လက်ချော် ဖြစ်တတ်ပါတယ်။ ဒါက နှစ်သိမ့်တာ။
* လာမယ့်နှစ်မှာ ကြိုးစားလိုက်၊ အောင်ရမှာပေါ့။ ဒါက အားပေးတာ။
* ဆယ်တန်းအောင်လာတော့ကော ဘာအမြတ်ရှိမှာလဲ။ ဘာဝင်ငွေရှိမှာလဲ။ အလုပ်လုပ်မှ ပိုက်ဆံရမယ်။ ကိုယ့်တစ်ဝမ်းတစ်ခါးလှနိုင်မယ်။ ဒါက အဆင်းတွန်းတာ။

ပထမအကြိမ်ကျတုန်းက အဖေက ကျူရှင်တွေ လိုက်အပ်တယ်၊ ကျူရှင်ခတွေ ထုတ်ပေးတယ်။ အဖေ့မှာ မပိုလျှံတဲ့ကြားက သမီးအတွက် ကျူရှင်ခ ထုတ်ပေးရတာလို့ ပြောတာကို အေးမြတာက အထအနကောက်ပြီး အဖေက နှစ်အိမ်ထောင် မျှပေးနေတော့ ဘယ်ပိုလျှံပါတော့မလဲလို့ ပြန်ပက်တယ်။ အဖေက ရှက်ဒေါသနဲ့ နားရင်းတစ်ချက် အုပ်တယ်။ အေးမြတာ အိမ်က ဆင်းသွားပါလေရော။

အဲဒီနှစ်က အေးမြတာ စာမေးပွဲ ကျပြန်တယ်။ နောက်နှစ်မှာ အေးမြတာ အပြင်ဖြေဖြစ်သွားပြီ။ ဆယ်တန်းမဖြေဘူး။ နောက်သုံးနှစ်အကြာမှာတော့ ကျောင်းက ဆရာ ဆရာမတွေ တရားအချကောင်းတာနဲ့ ဖြေလိုက်တယ်။ ကျပါတယ်။

အေးမြတာရဲ့ ကိုယ်ရေးမှတ်တမ်းကို လေ့လာရင်း ကျွန်မ အစကောက်မိလာပါပြီ။ မိဘတွေရဲ့ မပြေလည်တဲ့အိမ်ထောင်ရေးဟာ အေးမြတာအတွက် စိတ်ဆင်းရဲ ရှုပ်ထွေးစရာတစ်ခု ဖြစ်ခဲ့ရတယ်။

ရည်းစားသနာ ထားကောင်းထားမှာပေမယ့် စိတ်ကစားတဲ့အရွယ်မှာ ပေါ့လားဝါးလားနဲ့ မိန်းမပျက်ကလေး ဖြစ်မသွားတာ ကံကောင်းတယ်လို့ ကျွန်မ ယူဆပါတယ်။ မိဘဆီက ကျောင်းစရိတ်၊ မုန့်ဖိုး မတောင်းချင်တာက မာနပေါ့။ တလွဲမာနလည်း ဆိုနိုင်ပါတယ်။ မာနကြောင့်ပဲ ရေလိုက်လွဲပြန်ရှာတော့တယ်။ မြှောက်ထိုးပင့်ကော် အားပေးတဲ့ သူငယ်ချင်းရဲ့ စတိုး

ဆိုင်မှာ အကူရောင်းဝယ်ပေးတယ်။ သူငယ်ချင်းရဲ့အိမ်မှာနေ၊ ဝိုင်းလုပ် ဝိုင်းစားပေါ့။ လစာငွေ သတ်သတ်မှတ်မှတ် မရှိဘဲ လုပ်ခဲ့ပါတယ်။ အေးမြတာရဲ့ အမြင်မှာ သူငယ်ချင်းရဲ့ မိသားစုလုပ်ငန်းကို ကူညီတာလေ။ သူငယ်ချင်းရဲ့ မိသားစုရဲ့မှတ်ချက်ကတော့ အိမ်မှာမနေဘဲ လေလွင့်နေတဲ့ အေးမြတာကို သူတို့က တင်ကျွေးထားရပါသတဲ့။

အမြင်ချင်းခံယူချက်ချင်း မတူညီတဲ့သူတွေဟာ နှစ်နှစ်သုံးနှစ်အကြာမှာ နာကြည်းချက်၊ အထင်လွဲချက်တွေ စုပေါင်းပြီး လမ်းခွဲကြပါတော့တယ်။

အေးမြတာရဲ့ အစ်ကိုဟာ အလုပ်အကိုင် အထိုင်ကျနေပါပြီ။ ချီးကျူးစရာကောင်းတာကတော့ နှမ ဆယ်တန်းပြန်ဖြေဖြစ်အောင် သူက ကျူရှင်ထားပေးတယ်။ ခက်တာက အေးမြတာပါပဲ။ ကောင်းပြီးကောင်းရက် ကျူရှင် တက်ရင်း မကြာခင် ပျက်ကွက်လာတယ်။

အစ်ကိုပေးတဲ့ ကျူရှင်ခတွေ သုံးပစ်တယ်။ သူကလေ၊ ဖြေဆိုခွင့် လျှောက်လွှာကိုတော့ တင်ဖြစ်အောင် တင်လိုက်ပါသေးတယ်။ စာမှ မကျက်ထားတော့ သူမဖြေတော့ပါဘူး။ အစ်ကိုက စိတ်ကွက်တယ်။ အပန်းတကြီးရှာရတဲ့ငွေ လုပ်အားခကို နင်ဖြုန်းပစ်ရက်တယ် အေးမြတာရယ်လို့ သူက ညည်းတွားရှာတယ်။

အေးမြတာတစ်ယောက်ဟာ အချိန်ကုန်မှန်းမသိ လေလွင့်နေလိုက်တာ ငါးနှစ်ကြာခဲ့ပါတယ်။ ဒီနှစ်ဟာ နင့်အတွက် နောက်ဆုံးအခွင့်အရေးပဲ အေးမြတာ။ ရှေ့နှစ်ခါဆို သင်ရိုးညွှန်းတမ်းတွေ ပြောင်းတော့မယ် ကြားတယ်။

ဆယ်တန်းပြန်ဖြေဦးမှာလားလို့ ပူပန်တတ်ဆဲ အစ်ကိုကြီးဖြစ်သူက မေးပြန်ပါတယ်။ ဟိုဘက်ခြံက မိဘမဲ့ကလေးလေးတောင် ဒီနှစ် ဆယ်တန်းရောက်လာပြီလို့လည်း နှိုင်းယှဉ်ပြလိုက်သေးရဲ့။ ဆယ်တန်းတောင်မှ မအောင်ဘဲနဲ့တော့ နင်အလုပ်ဝင်လုပ်ရင်လည်း အိမ်ဖော်အဆင့်က တက်လာမှာ မဟုတ်ဘူးနော်တဲ့။

ငါမိန်းမရရင်လည်း နင်က ငါ့မီးဖိုချောင်ကို ထိန်း၊ ငါ့ကလေးတွေကို ကျောင်းပို့၊ ငါ့မိန်းမရဲ့ အကျႌတွေပဲ ဝတ်စားရမှာတဲ့။ နင့်အသက်ကလည်း သုံးဆယ်နီးလာပြီနော်။ ငါ အိမ်ထောင်ရက်သား ကျမသွားခင် ထောက်ပံ့နိုင်သေးတဲ့အချိန်မှာ နင့်ဘဝကို တည့်မတ်ပေးခဲ့ချင်တယ်တဲ့။

ရပ်တန့်နေတဲ့ အေးမြတာတစ်ယောက် တွေဝေစဉ်းစားတယ်။ အေးမြတာထက် အသက်ဆယ်နှစ်လောက်ငယ်တဲ့ အိမ်နီးချင်း မိဘမဲ့ကလေးဟာ ဝိုင်းလုပ်ဝိုင်းစားဘဝနဲ့ ကျောင်းနေခွင့်ရခဲ့ရာက ဆယ်တန်းတောင် ရောက်လာပါပေါ့လား။

နောင်သုံးလေးနှစ်အကြာမှာ သူကလေးက ဘွဲ့ရဖြစ်လာမှာလား။ ဒါပေါ့၊ ဖြစ်လာမှာပေါ့၊ ကျောင်းဆရာမ၊ တက္ကသိုလ်ဆရာမ ဖြစ်လာနိုင်တာပေါ့။ အရာရှိမတစ်ယောက်၊ ဆရာဝန်မတစ်ယောက် ဖြစ်မလာဘူးလည်း မပြောနိုင်ဘူးနော်။

အေးမြတာကတော့လေ ဝိုင်းလုပ်ဝိုင်းစား၊ နောက်နောင် အသက်ကြီးလာတော့ ကျီးစောင့်ကြက်နှင်။

အေးမြတာဟာ ကိုယ့်အနာဂတ်ကို ကိုယ်စဉ်းစားရင်း ရှက်အားငယ်တတ်လာပါပြီ။ တစ်ချိန်ချိန်မှာတော့ လူတစ်ယောက်ဟာ ပြောင်းလဲသွားနိုင်တယ်တဲ့။

အေးမြတာ ပြောင်းလဲပါပြီ။

အစ်ကို တစ်ကိုယ်သာ ကြားသိအောင် အေးမြတာ ပြောပါတယ်။ အစ်ကို ဝမ်းသာသွားတယ်။ မယုံမရဲလည်း ရှိရှာရဲ့။ နင့်ကို ငါ ကျူရှင်ထားပေးမယ်။ ငါ မစားရက် မဝတ်ရက် နင့်အတွက် ခြိုးခြံတယ်ဆိုတာ နင် နားလည်ပါ။

ငါ နားလည်ပါပြီဟယ်။ ငါ ကြိုးစားပါ့မယ်။ အများစုကတော့ အေးမြတာအပေါ်မှာ အယုံအကြည် မရှိပါဘူး။ ကဲ့ရဲ့ရှုတ်ချသူတွေ အပုံအပင်ပေါ့။

**ခွေးမြီးကောက် ကျည်တောက်စွပ်ပါ။**

**ကျည်ပွေ့အတက်ပေါက်ရှိးထုံးစံ ရှိလို့လား။**

အောင်မြင်သွားတဲ့အခါကျရင်တော့လည်း သူတို့ မဟုတ်သလို နေကြမှာပဲ ထင်ပါရဲ့။

အစ်ကိုဖြစ်သူဟာ သူတို့ မိသားစုပညာရေးနဲ့ လူနေမှုအဆင့်အတန်း တိုးတက်ရေးအတွက် တစ်ဦးတည်းသော ညီမအပေါ် ပုံအောပြီး စွန့်စားနေပါတယ်။

အေးမြတာ ကြိုးစားမှာလား။

မလှမ်းမကမ်းကနေ မြင်တွေ့နေရတာကတော့ အေးမြတာ ခရီးဆက်လျှောက်နေပါပြီ။

** အားပေးနေတယ် အေးမြတာရေ။*

မြနှောင်းညို

■ လူကောင်းဖြစ်နေတဲ့ သူကြီး ကိုအုန်းဖေဟာ ဒိုင်ယာရီကို နေ့စဉ် ရေးသားတော့တာပဲ။ ဘာအကြောင်းနဲ့မှ မပျက်ကွက်ခဲ့ဘူး။ တစ်နေ့ တစ်မျက်နှာ မဖြစ်မနေရေးတယ်။ အသက် ၃၀ မှ ၈၀ အထိ နှစ်ပေါင်း (၅၀)၊ အို... ဒိုင်ယာရီ အုပ်ပေါင်း ၅၀၊ စာမျက်နှာ တစ်သောင်းရှစ်ထောင်ကျော် ရေးသားခြင်းကြောင့် ပခုက္ကူမြို့ပေါ်မှာ ပွဲစား၊ ကုန်သည်၊ ဆေးပေါင်းရုံပိုင်ရှင် သူဌေးကြီးဖြစ်လာတဲ့အပြင် စာရေးဆရာ နိုင်ငံကျော်ပင် ဖြစ်လာခဲ့ပေတော့တယ်။

# ရေးသားခြင်းဖြင့် တိုးတက်ပါစေ

**ချစ်နိုင် (စိတ်ပညာ)**

မြို့နယ်အဆင့်တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ တစ်ရာကျော် ပါဝင်တဲ့ မွမ်းမံသင်တန်းတစ်ခုမှာ သွားရောက်ပို့ချရဖူးပါတယ်။ သူတို့ကို ယနေ့သင်တဲ့ သင်ခန်းစာများအား ညအိမ်စာအနေနဲ့ ဘယ်လိုခံယူသလဲ ရေးသားခဲ့ပါ။ နက်ဖြန် ပြန်လည်တင်ပြပါလို့ ခိုင်းတဲ့အခါ အင်တင်တင်ပဲ။ အများစုက ရေးရမှာ ပျင်းတယ်။ မရေးချင်ကြပါဘူး။

အသက်အရွယ် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ရှိကြတဲ့ လူငယ်မောင်မယ်များကို စာရေးသူ ဟောပြောပို့ချရတာ မကြာမီက ရှိခဲ့ပါတယ်။ ယနေ့ ဘာတွေရသလဲ။ ဘာတွေ တွေးမိသလဲ။ ည အိမ်စာအနေနဲ့ ရေးခဲ့စမ်းပါ။ နက်ဖြန်ကျရင်ပြပါလို့ စေခိုင်းတဲ့အခါ သူတို့ အများစုက စိတ်မပါဘူး။ စိတ်ပါလက်ပါရေးတဲ့သူနှစ်ယောက်၊ သုံးယောက်မျှသာ တွေ့ခဲ့ရပါတယ်။ စာရေးရတာ၊ စာရေးဖို့စဉ်းစားရတာကို တော်တော်ပျင်းစရာကောင်းတဲ့ အလုပ် လို့ ခံယူကြသူ များပြားတယ်။ ဩော်... ဩော်...။

အမှန်တကယ်ကတော့ ရေးမှ တိုးတက်တာ။

ရေးသားခြင်းက ဘဝကို တိုးတက်စေတယ်။

အင်းဝခေတ်စာဆိုအကျော် အရှင်မဟာရဋ္ဌသာရဆိုတာ ကြားဖူးပါလိမ့်မယ်။ ငယ်မည် မောင်မောက်တဲ့။ အသက် ၁၆ နှစ်အရွယ်ကပင် ဘူရိဒတ်ဇာတ်တော်ကြီးကို ကဗျာရှည်ရေးသား သီကုံးခဲ့သူပေါ့။ ပါရမီထူးတဲ့ မြန်မာစာဆိုတော် တစ်ဦးပေါ့။

အသက် ၂၆ နှစ်အရွယ် (ရဟန်းဘဝ) ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့ကို ရေးသားသီကုံးတော်မူပါတယ်။ ကဗျာလင်္ကာအရာတွင် ပါရမီရှင်၊ ထိပ်တန်းစာဆိုတော်ပုဂ္ဂိုလ်မြတ်ပေါ့။ အရှင်မဟာရဋ္ဌသာရ ဆုံးမစာတစ်ပုဒ်မှာပါတယ်။

''သုစိပုဘာ၊ ဝိလိသိဓါ၊ အက္ခရာစွဲသုံး၊
ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊
နေ့တိုင်းဆင်လော့'' တဲ့။ 'စာသင်ပျိုနု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု' စသည်ဖြင့် ကြိုးစားခဲ့ရင် 'သူ့ထက်မသာ ဘယ်မှာမကျော်၊ မထင်ပေါ်ဘဲ၊ တီမှာလွဲအံ့' ဆိုတာမျိုး တိုက်တွန်းအားပေး ထားတယ်။

သု = သုဏေယျ = ကြားနာပါ
စိ = စိန္တေယျ = ကြံစည်စဉ်းစားပါ
ပု = ပုစ္ဆေယျ = မေးပါ
ဘာ = ဘာသေယျ = ဆွေးနွေးပါ
ဝိ = ဝိစရေယျ = စူးစမ်းပါ၊ သုတေသနပြုပါ
လိ = လိက္ခေယျ = ရေးသားပါ
သိ = သိက္ခေယျ = လေ့ကျင့်ပါ
ဓါ = ဓါရေယျ = ကျက်မှတ်ပါ

အင်မတန် ထူးချွန်ထက်မြက်တဲ့ ဆရာတော်ရဲ့ ဆုံးမပုံကို ကြည့်ပါဦး။ ပါဠိဝေါဟာရရဲ့ ထိပ်စီးစာလုံး (၈) ခုကို လင်္ကာထဲမှာ သုစိပုဘာဝိလိ သိဓါလို့ ဝှက်စာလိုလို ရေးထားပေးသေး။ ဒါလောက်တော့ အတိုကောက် ကျက်ပြီးသား သိပြီးသား၊ နားလည်နေပြီးသား ဖြစ်ရမှာပေါ့လို့ ကဗျာဖတ်သူ ကို မြှင့်ကြည့်ထားတယ်နော်။

ပညာကို ဆည်းပူးတဲ့ နည်းနာ (၈) ချက်ထဲမှာ ဆဋ္ဌမအချက်က ရေးရမယ်လို့ ဆိုပါတယ်။ လိ = လိက္ခေယျ = ရေးပါ။

ရေးဖန်များရင် ရေးရင်းရေးရင်း အရေးအသား တိုးတက်သလို တွေးခေါ်စဉ်းစားပုံလည်း နည်းစနစ်ကျနပြီး သိသိသာသာ တိုးတက်စေပါ တယ်။ ရေးသားခြင်းရဲ့အကျိုးတရားကတော့ မှတ်သားမှု ရေရေရာရာ ရှိခြင်းပဲပေါ့။ ရေးပြီး ရေရေရာရာ မှတ်သားတော့ တိကျစေတယ်။

တိကျတော့ ခိုင်မာတယ်။
ခိုင်မာတော့ ယုံကြည်ရတယ်။
ယုံကြည်ရတော့ အားကိုးထိုက်တယ်။

အားကိုးရတယ်ဆိုတော့ ဒီလူ ကြီးပွားပြီ။ လူအများရဲ့ ယုံကြည်အားကိုးမှုကို ခံရတယ်ဆိုရင် သူဟာ ခေါင်းဆောင်တာဝန်၊ ခေါင်းဆောင်ဝတ္တရားတွေလည်း ထမ်းရပေလိမ့်မယ်။ ရေးသားခြင်းကြောင့် တိကျမှု၊ ခိုင်မာမှု၊ ယုံကြည်စိတ်ချရမှု၊ ယုံကြည်လေးစားမှုတွေ ရတယ်။

စာရေးသူ စာပေဟောပြောပွဲတွေ ဟောပြောတဲ့အခါ စာဖတ်ခြင်းကြောင့် ဓားပြဗိုလ် ကိုအုန်းဖေဆိုသူတစ်ဦးဟာ ထောင်ထဲမှာ (ထောင်မှူးဦးမောင်မောင်တင်ရဲ့ ကျေးဇူး) စာကြည့်တိုက်မှ စာအုပ်တွေဖတ်ကာ လူဆိုးမှ လူကောင်း ပြောင်းလဲလာခဲ့တယ်။ ဒါကို သာဓက ပြခဲ့ပါတယ်။

စာအုပ်က လူကို ပြုပြင်ပါတယ်။

စာဖတ်ခြင်းက လူကို ကောင်းမွန်စေတယ်။

ထောင်ထွက်လူဆိုး ကိုအုန်းဖေကို နောက်တစ်ခု သာဓက ပြစရာ ဟောပြောလေ့ ရှိပါသေးတယ်။

ထနောင်းကုန်းကျေးရွာအုပ်စု၊ တိုက်နယ်သူကြီးအဖြစ် ကိုအုန်းဖေ ရွေးကောက်တင်မြှောက်ခံရတော့ သူဟာ ယခင်က ဓားပြ (၈) ကြိမ် တိုက်ခဲ့ဖူးပြီး ထောင် (၃) ကြိမ်ကျတဲ့ ရာဇဝင်လူဆိုးမို့ ရဲစခန်းက အမြဲ စောင့်ကြည့်တာ ခံရပါတယ်။

စာရေးဆရာကျော်အောင်ရဲ့ ယောက္ခမ ပခုက္ကူ ရဲအရေးပိုင်ကြီးက သူကြီးကိုအုန်းဖေကို နေ့စဉ် ဒိုင်ယာရီရေးမှတ်ဖို့ အကြံပေးလိုက်ပါတယ်။ ဒါမှသာ မှတ်တမ်းမှတ်ရာနဲ့ သက်သေခံ အလီဘိုင်ပြသနိုင်မယ် မဟုတ်လား။

လူကောင်းဖြစ်နေတဲ့ သူကြီးကိုအုန်းဖေဟာ ဒိုင်ယာရီကို နေ့စဉ် ရေးသားတော့တာပဲ။ ဘာအကြောင်းနဲ့မှ မပျက်ကွက်ခဲ့ဘူး။ တစ်နေ့ တစ်မျက်နှာ မဖြစ်မနေရေးတယ်။ အသက် ၃၀ မှ ၈၀ အထိ နှစ်ပေါင်း (၅၀)၊ အို... ဒိုင်ယာရီအုပ်ပေါင်း ၅၀၊ စာမျက်နှာ တစ်သောင်းရှစ်ထောင် ကျော် ရေးသားခြင်းကြောင့် ပခုက္ကူမြို့ပေါ်မှာ ပွဲစား၊ ကုန်သည်၊ ဆေးပေါင်းရုံပိုင်ရှင် သူဌေးကြီးဖြစ်လာတဲ့အပြင် စာရေးဆရာနိုင်ငံကျော်ပင် ဖြစ်လာခဲ့ပေတော့တယ်။

ရေးလို့သာ တိုးတက်တာ။

တက္ကသိုလ်မဆိုထားနဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းတောင် မနေဖူးပါဘူး။ ဘုန်းကြီးကျောင်းမှာ ရေးတတ်ဖတ်တတ် ရုံသာ သင်ခဲ့ရသူပါ။

ကဲ... နေ့စဉ် နေ့စဉ် အဆက်မပြတ်ရေးတော့ တောလက်ကျေးရွာက သူကြီးဟာ မြို့မျက်နှာဖုံး သူဌေးသူကြွယ် ဖြစ်လာခဲ့တော့တာပဲ။ ရေးသားခြင်းရဲ့ တန်ခိုးပါဗျာ။

ဘယ်သူမဆို များများရေးပါ။ ရေးသားရင်ရေးသလောက် မိမိဘဝ တစ်လျှောက် တိုးတက်လာမှာပဲဆိုတာ စိတ်ချပါ။

ကောင်းပြီ၊ ဘာရေးရမှာလဲ။ မေးပြီ။

ရေးချင်ရာရေးပါလို့ ကျယ်ကျယ်ပြန့်ပြန့် ဖြေပါရစေ။

မရေးတတ်ဘူး။ စာရေးနည်းလေး ပြောပါဦးလို့ ဆိုလာခဲ့ရင်တော့ ဆရာချစ်နိုင် (စိတ်ပညာ) ရေးတဲ့ "**စာရေးနည်း**" ဆိုတဲ့စာအုပ် (တန်ဖိုး ၁၀၀၀ိ) ရှာဖတ်ကြည့်လိုက်ပါလို့သာ ပြောပါရစေ။ (ကြော်ငြာဝင်တယ်ဆိုချင်ဆိုပေရော့)

စာရေးတယ်ဆိုတာ စကားပြေရေးရမှာပါ။

စာရေးရာမှာ ပထမဦးဆုံး လိုအပ်ချက်က ရေးဖို့အကြောင်းအရာ ရှိရမယ်။ ဟုတ်တယ်။ **အကြောင်းအရာ**။

အကြောင်းအရာ ရှိပြီ။ ဟုတ်ပြီ၊ ဒါဆိုရင် ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးမှာလဲ။ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိစမြဲပါပဲ။ အဲဒီ ရည်ရွယ်ချက်အရ အကြောင်းအရာက ပုံပေါ်လာပါလိမ့်မယ်။

**ရည်ရွယ်ချက်**က ပဓာနကျပါတယ်။

စာရေးပြီဆိုရင် မြန်မာစာ၊ စကားပြေကို ထိရောက်အောင် အသုံးချပါ။ စာရေးသူ တင်ပြမယ့် အောက်ဖော်ပြပါ (၆) ချက်ကို လိုက်နာကျင့်သုံးရင် ထိရောက်တဲ့စာ၊ ထိရောက်တဲ့စကားပြေ ဖြစ်ပေမှာပဲ။

(၁) မှန်ကန်စွာ ရေးရမယ်။
(၂) ရှင်းရှင်းလင်းလင်း ရေးရမယ်။
(၃) ကျစ်ကျစ်လျစ်လျစ် ရေးရမယ်။
(၄) တိတိကျကျ ရေးရမယ်။
(၅) ပြေပြေပြစ်ပြစ် ရေးရမယ်။
(၆) လိုက်ဖက်ဆီလျော်၊ အဆီအငေါ်တည့်အောင် ရေးရမယ်။

မှန်မှန်ကန်ကန် ရေးရမယ်ဆိုတာ စာလုံးပေါင်းသတ်ပုံကအစ ဝါကျဖွဲ့ပုံ၊ အသုံးအနှုန်း၊ သဒ္ဒါစည်းကမ်းနဲ့အညီ ဖြစ်လေကောင်းလေလို့ ပြောတာပါ။ အသုံးအနှုန်းမှားရင် မထိရောက်ဘူး။ ဝါကျဖွဲ့ထုံးလွဲရင် အဓိပ္ပာယ်တလွဲတချော် ဖြစ်သွားမယ်။ ဒါကြောင့် မှန်ကန်ပါစေ။

ရှင်းရှင်းလင်းလင်း ရေးရမယ်ဆိုတာက စာဖတ်သူ တစ်ခေါက်ဖတ်ရုံမျှနဲ့ ရှင်းခနဲ လင်းခနဲ နားလည် သဘောပေါက်သွားစေရမယ်။

ကျစ်ကျစ်လျစ်လျစ်ရေးရမယ်ဆိုတာက စာလုံးဝါကျ မဖောင်းပွဘဲ တိုတိုနဲ့လိုရင်းရောက်ဖို့ပါပဲ။

တိတိကျကျရေးရမယ်ဆိုတာက စာရေးသူရဲ့ ဆိုလိုချက်ကို အတိမ်းအစောင်းမရှိ အတိအကျ နားလည်စေအောင်ပါ။ ကိန်းဂဏန်းများကအစ တိကျရမယ်။

ပြေပြေပြစ်ပြစ် ရေးရမယ်ဆိုတာ စာဖတ်သူအတွက် အထစ်အငေါ့မရှိဘဲ ချောချောမောမော ပြေပြစ်ရင် အကောင်းဆုံး မဟုတ်လား။

နောက်ဆုံးတစ်ချက်ဖြစ်တဲ့ လိုက်ဖက်ဆီလျော်ရမယ်ဆိုတာက ရေးတဲ့အကြောင်းအရာနဲ့ လိုက်ဖက်ကိုက်ညီတဲ့ ရေးဟန်၊ လေသံ၊ စကားလုံး၊ အသုံးအနှုန်းကို ရွေးချယ်ရေးသားဖို့ ဆိုလိုပါတယ်။

အို… ဒီလိုဆိုတော့လည်း ရေးသားခြင်းဆိုတာ ဘာမှမခက်ခဲပါဘဲကလား။ ဟုတ်ပါတယ် လွယ်လှတယ် မပြောနိုင်ပေမယ့် အထက်ဖော်ပြပါအချက်များကိုသာ သိရှိအသုံးချရင် ရေးသားခြင်းဖြင့် ဘဝမှာ အောင်မြင်တိုးတက်မှုတွေ ရနိုင်ပါလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ ဖော်ပြရရင် အသုံးချစကားပြေ မြန်မာစာကို ရေးပါ။ များများရေးပါ။ ရေးတဲ့အခါ အကြောင်းအရာ၊ ရည်ရွယ်ချက်၊ ရှင်းလင်းခြင်း၊ မှန်ကန်ခြင်း၊ ကျစ်လျစ်ခြင်း၊ တိကျခြင်း၊ ပြေပြစ်ခြင်း၊ လိုက်ဖက်ဆီလျော်ခြင်းဆိုတဲ့ အင်္ဂါရပ်တွေကို နားလည်ထားရင် ထိရောက်အောင်မြင်ပါလိမ့်မယ်။ ရေးသားခြင်းဖြင့် တိုးတက်ကြပါစေ။

ချစ်နိုင် (စိတ်ပညာ)
၃၀-၁၀-၂၀၁၀

■ ကျွန်တော်တို့ ထိုင်နေတုန်း သူများတွေက ခရီးသွားနေကြတယ်။ သူတို့ ခရီးရောက်၊ ခရီးပေါက်နေကြပြီ။ ကျွန်တော်တို့ ထိုင်နေသမျှ "တစ်ထိုင်"ကလေး အတွင်းမှာပဲ သူတို့တစ်တွေ "တစ်တိုင်" ရောက်သွားကြပြီ။ သူတို့တစ်တွေ တော်တော် ခရီးပေါက်နေကြပြီ။ တစ်ချိန်က ကိုယ့်နောက်က ကိုယ့်ကို မျှော်ကြည့်နေရတဲ့သူတွေ ခရီးရောက်နေကြပြီ။ ကျွန်တော်တို့ ထိုင်နေတုန်း သူတို့က သွားနေကြတာကိုး။ ကျွန်တော်တို့ ဒီအခြေအနေကို ဒီလိုပဲ လက်ခံနေကြမလား။

## နားတစ်ထိုင် သွားတစ်တိုင်

**ဒေါက်တာမြင့်သန်း (ညောင်လေးပင်)**

အချိန်ကာလဆိုသည်က မြစ်ထဲကရေအလျဉ်လို တသွင်သွင်စီးဆင်းနေတာပါပဲ။ ဒီရေအလျဉ်မှာ ကျွန်တော်တို့တစ်တွေ မျောပါကြရသလိုနဲ့လည်း တူပါတယ်။ ကိုယ့်မျက်စိရှေ့က ရေစီးဆင်းသွားတိုင်း ဒီရေ၊ ဒီအချိန်နဲ့ ကြုံကြိုက်တဲ့ရေဟာ နောက်တစ်ချိန် ပြန်မဆုံနိုင်တော့မှန်း တွေးမိဖို့လည်း လိုပါတယ်။ ရေအလျဉ်ဟာ စမ်းချောင်းကလေးရဲ့ကမ်းပါး၊ မြစ် ဆိုရင်လည်း မြစ်ရဲ့ကမ်းပါးတွေကို တိုက်စားသွားပါတယ်။ ကျောက်တုံး၊ ကျောက်ခဲတွေကိုလည်း တိုက်စားပါတယ်။ ခိုင်မာတောင့်တင်းတဲ့ ကျောက်သားထု၊ မြေသားထုတွေကို တိုက်စားသွားသလို အချိန်ဟာလည်း ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်ကို တိုက်စားပါတယ်။ အချိန်ရဲ့ တိုက်စားမှုကို ကျွန်တော်တို့ ခံစားကြရရင်း အိုမင်းရင့်ရော်လာကြပါတယ်။ တစ်ချိန်က ပျိုမျစ်နုပျိုတဲ့ အဆင်းသဏ္ဍာန်တွေက အချိန်ကာလရဲ့ တိုက်စားမှုများကြောင့် လူအိုတွေ ဖြစ်လာကြတယ်။ ဒီအိုမင်းခြင်းဟာ မရဏဆိုတဲ့နေရာရောက်တော့ လောင်ကျွမ်းပျက်စီးသွားတယ်။ လူဆိုတာ မရှိတော့ဘူး။ ခင်ဗျားတို့ ကျွန်တော်တို့ ဆိုတာ မရှိတော့ဘူး။ တကယ်တော့ ဘာများမြဲတာ ရှိသေးလဲ။ မမြဲပါဘူး။ ဖြစ်ပြီးရင် ပျက်ရတာပဲ။ အားလုံးပျက်ရ၊ နိဂုံးချုပ်ကြရမှာပဲ။ ဒါကို လူသားတွေက သတိနဲ့ အသိနဲ့ယှဉ်ပြီး ခံစားလာတတ်ကြတယ်။ ဒါကြောင့် အသက်ရှိနေတုန်း၊ ရှင်သန်နေတုန်း၊ အရှိန်အဟုန်ရှိနေတုန်းမှာ အဓိပ္ပာယ်ရှိတဲ့ ဘဝဖြစ်အောင် အချိန်ကို အသုံးချကြတယ်။ ဒါကြောင့် လောကကြီးဟာ အဓိပ္ပာယ်ရှိတယ်၊ တန်ဖိုးရှိတယ်၊ အနှစ်သာရ ရှိလာတယ်။ **အချိန်ရဲ့** တန်ဖိုးကို မသိ၊ တန်ဖိုးမထားကြသူများ အဖို့ကတော့ **အချိန်ဟာ**

ပျင်းစရာကောင်းတဲ့ ကာလတစ်ခုအဖြစ် တန်ဖိုးမဲ့ခဲ့ရပါတယ်။

"Time goes, you say? Ah no! Alas, time stays, we go.?

Auston Dobson

"အချိန်တွေက သွားနေတာပါလို့ မင်းပြောသလား၊ အာ... မဟုတ်ဘူး။ အချိန်တွေက ရှိနေတယ်။ တို့ကသာ သွားနေတာ"

အော်စတင် ဒေါ့(ဘ်)ဆင်

အချိန်တွေက သူ့တာဝန်နဲ့သူ လည်ပတ်နေတာ၊ အချိန်ဟာ ကုန်ဆုံးသွားတယ် မရှိပါဘူး။ အချိန်နဲ့ တစ်ပြေးညီ ကျွန်တော်တို့ လုပ်သင့်ရာကို မလုပ်လိုက်မိရင်သာ အချိန်တွေ ကုန်သွားသလို၊ ဆုံးသွားသလိုဖြစ်တာ။ တကယ်တော့ အချိန်တွေက ရှိနေမြဲ၊ ကျွန်တော်တို့ကသာ သွားနေတာ၊ ရွေ့နေတာ ဖြစ်ပါတယ်။

အမေရိကန် ဒဿနပညာရှင် Binjamin Franklin ဘင်ဂျမင်ဖရန်ကလင်ပြောတဲ့စကားကလည်း "သင်သည် ဘဝကိုချစ်လျှင် အချိန်မဖြုန်းပါနှင့်၊ ဘဝဟူသည် အချိန်ဖြင့် ပြုလုပ်ထားသောပစ္စည်း ဖြစ်သည်" လို့ ဆိုပါတယ်။ Life is time လို့ ဆိုလိုတာပါပဲ။ တန်ဖိုးရှိ အဓိပ္ပာယ်ရှိပြီး ကမ္ဘာမြေကို လာခြင်းကောင်းသူဖြစ်ဖို့ကတော့ ဘဝရဲ့အချိန်များကို လေ့လာသင်ယူ ဆည်းပူး လက်တွေ့အသုံးချခြင်းဖြင့်သာ ကောင်းစွာ ကွယ်လွန်စေသင့်တာပဲ ဖြစ်ပါတယ်။

"အချိန်ကာလ" ဆိုသည်ကို ပါဠိသဒ္ဒါကျမ်းများမှာ...

(က) ကောင်းကင်ကဲ့သို့ မပျက်မစီးတည်နေသော ပညတ်တရား

(ခ) ရုပ်နာမ်မှ သတ္တဝါ သင်္ခါရတို့ရဲ့ အမူအရာ ပရမတ်သဘော တရားလို့ ဖွင့်ဆိုထားပါတယ်။

ပညတ်သဘောတရားအရ အစလည်းမရှိ၊ အဆုံးလည်းမရှိ၊ ကောင်းကင်ကြီးလို အမြဲတည်နေပြီး ပရမတ်သဘောတရားအရ သတ္တဝါအပေါင်းတို့ရဲ့ ကောင်းမွန်သော အမူအရာများ တည်ရာမှီရာအမှန် ဖြစ်ကြောင်း

သိရပါတယ်။ အစအဆုံးမရှိတဲ့ **ကာလကြီးကို** ကောင်းသောအမှုများဖြင့်သာ ကုန်လွန်စေသင့်ကြောင်း **နှလုံးသွင်းကြရမှာ** ဖြစ်ပါတယ်။

**"ကာလောဃသတိ ဘူတာနိ၊ သဗ္ဗာနေဝသဟတ္တနာ။**

**ယော စ ကာလဃသော ဘူတော၊**

**သဘူတ ပစနိံပစိ"**

**(ဇာ၊ ပါ၊ ပ၊ ၆၈)**

ဗုဒ္ဓဘုရားရှင်က အချိန်နဲ့ပတ်သက်ပြီး မူလပရိယာယသုတ္တန်မှာ မေးထားတဲ့မေးခွန်း ဖြစ်ပါတယ်။ အဓိပ္ပာယ်က "ကာလက ဘူတတွေကို စားတယ်။ သို့စားရာမှာ မိမိကာလနှင့်တကွ ဘူတတွေကို မကြွင်းမကျန် အောင် စားတယ်။ အစားခံ ဘူတတွေထဲက တစ်ခုကတော့ ကာလကို ပြန်စားတယ်။ အဲဒီ ဘူတက ဘူတများကို ရှို့မြိုက်ဖျက်ဆီးနေတဲ့ အရာကို ပြန်လည်ရှို့မြိုက် ဖျက်ဆီးနိုင်တယ်။ ဒီဘူတဟာ ဘယ်လိုဘူတပါလဲ" ဆိုပြီး ကိုယ့်ကိုယ်ကိုယ် တတ်လှတယ်ဆိုပြီး မာန်တက်နေကြတဲ့ ပုဏ္ဏားလုလင် များကိုမေးတာ ဖြစ်ပါတယ်။

"ကာလ" ရဲ့ အဓိပ္ပာယ်ကတော့ -

၁။ အခါကာလ

၂။ ကိုယ်၊ နှုတ်၊ စိတ်၊ အမှုအရာတို့ဖြင့် ပြုလုပ်ခြင်း ဖြစ်ပါတယ်။

"ဘူတ" ရဲ့ အဓိပ္ပာယ်များကတော့ -

၁။ သစ်ပင်၊ ၂။ ထင်ရှားသော အရာဝတ္ထု၊ ၃။ ရဟန္တာ၊ ၄။ သတ္တဝါ၊ ခန္ဓာငါးပါး၊ ၅။ မဟာဘုတ်လေးပါး၊ ၆။ ဘီလူး စသည်တို့ ဖြစ်ကြပါတယ်။ "ကာလ"ရဲ့သဘောက "အချိန်အခါ"၊ "ဘူတ" ရဲ့ သဘောက "သတ္တဝါ" သာဖြစ်ကြောင်း အဋ္ဌကထာဆရာများက ဖွင့် ကြကြောင်း သိရပါတယ်။

ဒီမေးခွန်းကို မဖြေနိုင်ကြလို့ ဘုရားရှင်က ဖြေဆိုရာမှာ "**ကာလက** သတ္တဝါတွေကို စားတယ်ဆိုရာမှာ ကိုက်ဖြတ်စားသောက်**တာကိုဆိုတာ**

မဟုတ်ဘဲ အချိန်ကြာမြင့်လေ သတ္တဝါတွေရဲ့ အဆင်း၊ ခွန်အား၊ အသက်တွေကို ကုန်ခန်းသွားစေတာ ဖြစ်ပါတယ်။ နုနယ်ပျိုမျစ်၊ ကျန်းမာလှပမှုတို့ တစ်စတစ်စ ပျက်စီးလာတာ ဖြစ်ပါတယ်။ ဒီလိုစားရာမှာ အချိန်ကာလက သတ္တဝါတွေကိုသာမက မိမိကိုယ်ကိုယ်လည်း စားသွားပါတယ်။ နံနက်အချိန်က နံနက်ခင်းမှာရှိတဲ့ သတ္တဝါတွေကို စားသွားသလို၊ နံနက်ချိန်ကိုလည်း နေ့လယ်ချိန်က စားသွားပြန်တယ်။ နေ့လယ်ခင်းချိန်ကိုလည်း ညနေချမ်း အချိန်က စားသွားပြန်တယ်။ ဒီလိုအချိန်ကာလက မိမိကိုယ်တိုင်နဲ့ သတ္တဝါတွေကို စားနေရာမှာ စွမ်းရည်သတ္တိရှိသူကတော့ အချိန်ကာလကို ပြန်စားနိုင်ပါတယ်။ မိမိတို့ကို ရှို့မြိုက်ဖျက်ဆီးနေတဲ့အရာကို ပြန်လည်ရှို့မြိုက်ဖျက်ဆီးနိုင်ပါတယ်။ ဒီလိုစွမ်းရည်ရှိတဲ့ ဘူတခေါ် သတ္တဝါကတော့ ရဟန္တာပုဂ္ဂိုလ်နဲ့ ထိုပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်မှုသာ ဖြစ်တယ်။ ကျင့်ကြံအားထုတ် တရားထူးရပြီးပြီမို့ ပဋိသန္ဓေနေရမယ့် အခါကာလတွေကို စားတယ်။ လောင်မြိုက်ဖျက်ဆီးနေတဲ့ ကိလေသာတဏှာမီးကိုလည်း ငြိမ်းသတ်ဖျက်ဆီး ုလိုက်တယ်'' စတဲ့အချက်များ ပါဝင်ပါတယ်။ ]

တရားလက်နက်ကင်းကွာ ငေးမောမေ့လျော့နေသူများသာ တိုက်စားလောင်မြိုက်ခံရ၊ သေပျောက်ချုပ်ငြိမ်း ဇာတ်သိမ်းကြရပေမယ့် စိတ်ဓာတ်ကြံ့ခိုင်တရားလက်ကိုင်ရှိသူများ၊ ပညာရှိသူတော်ကောင်းများကတော့ ကိုက်စားတဲ့ ကျားလို အချိန်ကာလကို ပြန်လည်ကိုက်စားဝါးခြေနိုင်တယ်ဆိုတဲ့ သဘောပါပဲ။ လောကီအရေးနဲ့ တွေးရင်တော့ အပါယ်ငရဲကို လားစေနိုင်တဲ့ ပျင်းရိမှုးမေ့ ခလေ့ဆိုးများ ရှိသူများဟာ အချိန်ကာလ ရွေ့လျားမှုနဲ့အတူ အဓိပ္ပာယ်မဲ့စွာ ဘဝနိဂုံးချုပ်ကြရတယ်။ နိုးကြားထကြွလုံ့လ ဝီရိယရှိသူများ၊ လူကောင်းလူတော်များကတော့ အချိန်ကာလကို ကောင်းစွာလက်ခံ အသုံးချနိုင်ကြလို့ ကာလရွေ့လျားမှုတို့နဲ့အတူ မြင့်မြတ်သောဘဝများ တည်ဆောက်နိုင်ကြတယ်လို့ ကျွန်တော် တွေးမိပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးများ အများစုဟာ ယခုအချိန်မှာ အတော်ချမ်းသာကြပါတယ်။ အချိန် ချမ်းသာကြတာကို ပြောတာပါ။ သူများတကာတွေ အလုပ်ထဲ အချိန်ကုန်နေစဉ်မှာ ကျွန်တော်တို့တစ်တွေ အပျော်အပါး

စိတ်ကစား အသုံးမဝင်တဲ့ အချိန်တွေနဲ့ ကုန်လွန်နေကြတယ်။ အချိန်တွေ ဖြုန်းနေကြတယ်။ ပျင်းရိငေးမောနေကြတယ်။ အဓိပ္ပာယ်မဲ့စွာ တွေးတော ကြံဆနေကြတယ်။ မရေရာတဲ့ အနာဂတ်များကို မျှော်ကြည့်နေကြတယ်။ မရေရာတဲ့ လေ့လာဆည်းပူးမှုများ ပြုလုပ်နေကြတယ်။ လက်တွေ့မဝါတဲ့ လေ့လာဆည်းပူးမှုဟာ အသုံးမဝင်တဲ့ကာလ ဖြစ်နေပါတယ်။ သောက်စား မူးယစ်ပျော်မွေ့နေကြတာကို သာယာနေကြတယ်။ ကျွန်တော်တို့တစ်တွေ ထိုင်နေကြတယ်။ သူများတွေက သွားနေကြတယ်။ ကျွန်တော်တို့ ထိုင်နေ တုန်း သူများတွေက ခရီးသွားနေကြတယ်။ သူတို့ ခရီးရောက်၊ ခရီးပေါက် နေကြပြီ။ ကျွန်တော်တို့ ထိုင်နေသမျှ "တစ်ထိုင်" ကလေး အတွင်းမှာပဲ သူတို့တစ်တွေ "တစ်တိုင်" ရောက်သွားကြပြီ။ သူတို့တစ်တွေ တော်တော် ခရီးပေါက်နေကြပြီ။ တစ်ချိန်က ကိုယ့်နောက်က ကိုယ့်ကို မျှော်ကြည့်နေရတဲ့ သူတွေ ခရီးရောက်နေကြပြီ။ ကျွန်တော်တို့ ထိုင်နေတုန်း သူတို့က သွားနေ ကြတာကိုး။ ကျွန်တော်တို့ ဒီအခြေအနေကို ဒီလိုပဲ လက်ခံနေကြမလား။ ဘာကြောင့် ဒီလို ဖြစ်ရတာလဲ။

အဖြေက ရှင်းရှင်းလေးပါ။ သူများကို လက်ညှိုးမထိုးပါနဲ့တော့။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့သာ ပြန်မေးကြဖို့ပါ။ ဘာကြောင့် ငေးမော စွာ ထိုင်နေမိကြတာလဲလို့။ "ရေထဲကျရုံနဲ့ ရေမနစ်ပါဘူး။ ရေထဲမှာ ဆက်နေရင်သာ ရေနစ်မှာပါ" ဆိုသလိုပါပဲ။ ကျွန်တော်တို့ ထကြွနိုးကြားစွာ ခရီးထွက်ကြဖို့၊ သွားကြဖို့၊ အလုပ်လုပ်ကြဖို့ပါ။ "The best drug to alter the mind is the truth" တဲ့။ အဖြေမှန်၊ အဖြစ်မှန်၊ အကြောင်းရင်း မှန်ကို လက်တွေ့ကျကျ လက်ခံပြီး၊ လက်တွေ့ကျကျ ပြုပြင်ကြရမယ်။ တို့မြန်မာများ စည်းလုံးကြရမယ်။ လက်တွဲကြရမယ်။ တို့သွေးတွေထဲမှာ ဘိုးဘေးတွေ အမွေပေးခဲ့တဲ့ သတ္တိတွေ၊ မြင့်မြတ်တဲ့စိတ်ထားတွေ၊ မြင့်မားတဲ့ ပညာဇာတိစိတ်တွေ ရှိတယ်။ တို့တစ်တွေ တကယ်လုပ်ရင် တကယ်ဖြစ် မှာပဲ။ တို့တစ်တွေ ရပ်မနေနဲ့တော့။

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

■ တကယ်တော့ ရပ်တန့်နေသူ၊ တွေဝေနေသူ၊ ကြန့်ကြာနေသူ၊ ခက်ခဲနေသူတွေအတွက် 'ဉာဏ်အလင်း' လေး တစ်ချက် ပွင့်သွားနိုင်ရင် သူရဲ့ဘဝခရီးအတွက် အတော်ဝေးဝေးထိ ရောက်အောင် မီးမောင်းကြီး ထိုးပြလိုက်သလို အကျိုးကျေးဇူးကောင်းတွေ ရနိုင်စေဖို့အတွက် ဖြစ်ပါတယ်။

## ဟင်းစားနဲ့ ကွန်ချက်

**ခင်လန်းဆန်း**

မြန်မာ့စကားပုံအနေနဲ့ ဆိုရိုးလေးတစ်ခု ကြားဖူးပါတယ်။ တံငါသည်များနဲ့ သက်ဆိုင်တဲ့စကားဆိုပေမယ့် ယူတတ်ရင်တော့ လူတိုင်းနဲ့သက်ဆိုင်ပါလိမ့်မယ်။

လုပ်ငန်းတူတံငါသည်ချင်း၊ တံငါအလုပ်နဲ့ အသက်မွေးကြသူချင်း နေ့စဉ် ငါးရှာထွက်ရာမှာ တစ်ယောက်ကရတဲ့နေ့ရတယ်။ မရတဲ့နေ့ မရဘူး။ မိသားစုအတွက် လုံ့လပြုပြီး ရှာဖွေတတ်ပါတယ်။ ကြိုးစားမှုလည်း ထိုက်သင့်သလောက် ပြုပါရဲ့။ ဒါပေမဲ့ ငါးက မရတစ်ချက် ရတစ်ချက်နဲ့ပါ။

တစ်ယောက်ကတော့ ပုံမှန် ငါးရှာထွက်ပါတယ်။ နေ့စဉ်လည်း ငါးမရတဲ့နေ့မရှိ ရပါတယ်။ ငါးရှာရခက်ခဲတဲ့ မိုးဦးကျ ငါးရစ်ထချိန်လို အခါမျိုးမှာပင် သူတကာမရပေမယ့် သူကတော့ အနည်းအကျဉ်းပဲဖြစ်စေ ရလာတတ်ပါတယ်။ ငါးရှိတတ်တဲ့နေရာ၊ ငါးတွေ ခိုအောင်းတတ်တဲ့နေရာတွေကို သူက မှတ်သားတတ်သလို ကြောင်းကျိုးဆက်စပ်ပြီး ဆင်ခြင်ပိုင်းခြားလည်း လုပ်တတ်တယ်။ ကြိုးစားရှာဖွေတာကတော့ သူလည်း အတူတူပဲ ဖြစ်ပါတယ်။

တစ်နေ့လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်း သည်အတိုင်း၊ ငါးမရမရှိ။ ရနေတဲ့ သူ့မှာ ထူးခြားချက်တစ်ခုခုတော့ရှိရမှာပါလို့ သိချင်စူးစမ်းချင်သူများလည်း ရှိသလို ဘာကိုမှ အမှတ်မထား၊ နေ့စဉ်ဘဝကို အမှတ်တမဲ့သာ ဖြတ်သန်းကြသူလည်း အများအပြားပါ။ အချင်းချင်းကို

ငဲ့ညှာတတ်တဲ့ မျှဝေလိုတဲ့ စိတ်ရင်းခံလို့ပဲ သတ်မှတ်ချင် သတ်မှတ်၊ သူကတော့ ငါးမရတဲ့ သူငယ်ချင်းတွေအတွက် နေ့စဉ် ဟင်းစားလေးတော့ မျှနေကျတဲ့လေ။ သူမျှတဲ့ဟင်းစားကို ကျေနပ်ကြည်ဖြူယူပြီး ဝမ်းမြောက်ဝမ်းသာနဲ့ အိမ်အပြန် မျက်နှာပန်းလှတဲ့သူတွေလည်း အများသားတဲ့။

ဒါပေမဲ့ ဘယ်သူကမှ သူ့ကို ဘာကြောင့် ငါးတွေအများကြီး နေ့စဉ် ရနေသလဲလို့ မမေးကြပါဘူး။ မေးသူရှိတဲ့တိုင် သူကလည်း ဘယ်သူ့ကိုမှ ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူးတဲ့။

ဘာကြောင့်လဲဆိုတော့ ရှေးလူကြီးအချို့ ပြောတတ်ကြတဲ့ စကားက 'ဟင်းစားပဲပေး၊ ကွန်ချက်မပြနဲ့' လို့ဆိုတယ် မဟုတ်လား။ သူက ရှေးထုံးမပယ်တတ်သူလို့ ဆိုရမယ်။

ခုလို မိုးဦးကျ၊ လေဦးကျ နယုန်မိုးသေး မြက်သားမွေးလို့ဆိုတဲ့ အချိန် ဝါဆိုမိုးလေး ဖွဲစ သည်းစ အချိန်ခါမျိုးမှာ သစ်တောဝါးတောက သစ်ရွက်ခြောက်ကြွေတွေရဲ့ အကြားမှာ ဖက်ဆွတ်မှိုလို့ခေါ်တဲ့ မှိုပွင့်ဖြူဖြူတွေ အစီအရီ ထွက်ပေါ်စပြုပါပြီ။ တစ်နွေလုံး ကြွေလွင့်ပြီး၊ ပင်ခြေပင်ကြား မြေပြင်တစ်လွှားမှာ တစ်ရွက်ပြီးတစ်ရွက်၊ တစ်လွှာပြီးတစ်လွှာ ထူထပ်သိပ်သည်းစွာ စုပုံနေတဲ့ သစ်ရွက်ခြောက်တွေက မိုးရိပ်မိုးနံ့လေးရလာတော့ အစိုဓာတ်ကို တောင့်တလာကြပြီ။ မိုးရေစက်တွေ တစ်ပေါက်ပြီးတစ်ပေါက် ကျလာပြန်တော့ အစိုဓာတ်နဲ့ နွေရဲ့အပူငွေ့က တစ်နှစ်တာလုံး ပုန်းအောင်းနေရတဲ့ မှိုမျိုးစေ့လေးတွေကို ရှင်သန်ပြူထွက်လာဖို့ ရင်ငွေ့ပေးသလို အားကိုလည်းဖြစ်စေပြန်ရော။ မြေအပြင် တောအန္တံမှိုခင်းကြီး၊ မှိုကျင်းကြီးတွေ ဖွေးဖွေးထလို့ ဟိုနားတစ်စု၊ ဒီနားတစ်စု မှိုပင်တွေကြားမှာ မှိုရှာသူများလည်း အစုလိုက်၊ အဖွဲ့လိုက် ပျော်တပြုံးပြုံးပါပဲ။

အဲဒီမှာလည်း နှစ်စဉ် မှိုရှာသူချင်းအတူတူ ရတဲ့လူ၊ မရတဲ့လူ၊ နည်းတဲ့လူ၊ များတဲ့လူ ကွဲပြန်တာပါပဲ။ မလျှောက်နိုင်၊ မရှာနိုင်လို့ အရနည်းတာလား။ လျှောက်နိုင်၊ ရှာနိုင်လို့ အရများတာလား။ ဒီလိုလည်း ပုံသေတွက်လို့ မရပြန်ပါ။ လျှောက်တိုင်းလည်း ခရီးက ရောက်ချင်မှ ရောက်တာပါ။ လမ်းမသိဘဲ လျှောက်နေလို့တော့ မောရုံသာအဖတ်တင်မှာလေ။

ရှာတိုင်းလည်း တွေ့ချင်မှ တွေ့မှာပါ။ ကိုယ်ရှာနေတဲ့အရာဟာ ဘယ်လို နေရာမှာ ရှိနေနိုင်သလဲ။ ဘယ်လိုနေရာမှာ များများစားစား တွေ့ရနိုင်မလဲ ဆိုတဲ့ ဆင်ခြင်ဉာဏ်မသုံးဘဲ ရှာနေရင်လည်း အချိန်ကုန်ရုံ ရှိမှာပါ။

မှိုတွေ တစ်ပွေ့တစ်ပိုက်၊ တစ်ခြင်းတစ်တောင်းရလာသူကတော့ အလွန်အကျွံ မပင်မပန်းရဘဲ အကျိုးများစွာရလိုက်မှာပါ။ မှိုတွေအများအပြား ရအောင် သူ ဘယ်လို ရှာသလဲ။ စဉ်းစားရတော့မှာပါ။

ဝီရိယမရှိတဲ့သူက သူများပြန်မှ ရောက်သွားလို့ အရနည်းတယ်။ ဝီရိယရှိသော်လည်း အားထုတ်မှုနည်းတဲ့သူက နေ့ကွေးလေးလံတဲ့ လှုပ်ရှားမှု ကြောင့် သူတစ်ပါးထက် နောက်ကျပြီးမှ တွေ့ရနုတ်ရမယ်။ များများ ကောင်းကောင်းကို မရနိုင်တော့ပါ။ ဝီရိယလည်းရှိ အားထုတ်မှုလည်းရှိပါရဲ့။ ဆင်ခြင်ဉာဏ် နည်းပါးတဲ့သူကတော့ ဘယ်နေရာမှာရှာရင် တွေ့နိုင်မလဲ ဆိုတဲ့ တွေးခေါ်မြော်မြင်မှုမရှိတဲ့အတွက် ရသင့်သလောက် မရနိုင်တော့ပါ။ တွေးတောဆင်ခြင်ဉာဏ်ကိုသုံးပြီး ရှာဖွေသူက ဝီရိယကြောင့် စောစော ရောက်မယ်။ ကြိုးစားမှုကြောင့် များများရမယ်။ ဆင်ခြင်တွေးတောနိုင်တဲ့ ဉာဏ်ပညာကြောင့် ပိုများများရမယ်။ မနှစ်က ဒီနေရာ အရနည်းတယ်။ ဟိုနေရာမှာ မှိုကျင်းတွေ့ခဲ့တယ်။ ဘယ်လဘယ်ရက်ဆိုတာကအစ မှတ်သား ထားရကောင်းမှန်းသိတယ်။ တောတောင်ရဲ့အနေအထား ရာသီဥတုရဲ့ အခြေ အနေကို လေ့လာမှတ်သားထားပြီး စူးစမ်းဆင်ခြင်မှု၊ ကိုယ့်ရဲ့ထင်မြင်ချက် တွေနဲ့ ပူးပေါင်းကာ အပင်ပန်းခံရှာဖွေတတ်တဲ့အတွက် သူတကာထက် ပိုသာတဲ့အကျိုးရလဒ်တွေ ရလာခဲ့တာပေါ့။

သူ ဘာကြောင့် မှိုတွေအများအပြား ရတယ်ဆိုတာ သူပဲ သိပါတယ်။ မရတဲ့သူတွေအတွက်လည်း ဟင်းစားမျှဝေပေးဖို့ သူ မမေ့ပါဘူး။

အထက်မှာ ဖော်ပြခဲ့တဲ့ ငါးဖမ်းသူနဲ့ မှိုရှာသူတို့ရဲ့ လုပ်ငန်းအောင်မြင်မှု က သူတို့ရဲ့ စူးစမ်းလေ့လာမှု မှတ်သားထားနိုင်မှု၊ ဒေသရဲ့သဘာဝနဲ့ အခြေအနေ အချိန်အခါကို ဆက်စပ်တွေးယူတတ်မှု၊ တွေးခေါ်မြော်မြင်နိုင်မှု ဆိုတဲ့ စွမ်းရည်တွေကြောင့်ဆိုတာ သတိပြုမိကြမယ် ထင်ပါတယ်။

လုံ့လဝီရိယစိုက်ထုတ်မှုတူ၊ ကြိုးစားအားထုတ်မှုတူ၊ မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ဇွဲသတ္တိရှိမှုချင်း တူကြပေမယ့် တကယ့်အရင်းအမြစ်ဖြစ်တဲ့

အခြေခံကျတဲ့ မိမိရဲ့ ဦးနှောက်ဉာဏ်ကို အသုံးပြုပြီး တွေးခေါ်ကြံစည် ချင့်ချိန်ဆင်ခြင်နိုင်တဲ့ ဉာဏ်ပညာ ကင်းမဲ့တာ၊ နည်းပါးတာ၊ အသုံးပြုရကောင်း မှန်း မသိတာ စတဲ့အချက်တွေကြောင့် အောင်မြင်မှုနဲ့ အလှမ်းဝေးကြရတယ် ဆိုတာ ထင်ရှားနေပါတယ်။

မြန်မာရာဇဝင်မှာ ရှိခဲ့ဖူးပါတယ်။ ဝါရီရူမင်းဆက်ကို တည်ထောင်သွားခဲ့တဲ့ မွန်တိုင်းရင်းသား မဂဒူးဆိုတဲ့ လူငယ်ကလေးရဲ့ ကြံစည်တွေးတောနိုင်စွမ်းအား (ဘုရင့်အမှုတော်ထမ်းနိုင်ဖို့ ဘုရင့်အနီးအပါးရောက်အောင် ကြံစည်နိုင်တဲ့အတွေး)နဲ့ ဘုရင်ရဲ့ ဆင်တင်းကုပ်မှာ အလုပ်သွားလုပ်ခဲ့တယ်။ သူ့ရဲ့ အသွင်အပြင်ကို ကြည့်ပြီး ဘုရင်က စမ်းသပ်မှုတစ်ခု လုပ်ခဲ့တယ်။ (မြေမှာမြုပ်နေတဲ့ ကြွေစေ့တစ်စေ့ကို လက်ညှိုးညွှန်ပြလိုက်တာပါ) အဲဒီ ကြွေစေ့တစ်စေ့ကို အစပြုပြီး မဂဒူးက ဘုရင့်စားတော်ကဲရာထူးကို ရခဲ့တယ်။ အဲဒီနောက် သူ့ရဲ့အကြံအစည် လုံ့လဝီရိယကြောင့် ဝါရီရူမင်းဆက်ကိုပါ ထူထောင်နိုင်တဲ့အထိ စွမ်းဆောင်ခဲ့တဲ့ သာဓကရှိပါတယ်။

ငါးဖမ်းသူက ဟင်းစားပဲ ဝေမျှလိုက်ပါတယ်။ ကွန်ချက်ကိုတော့ မပြပါဘူး။ မှိုရှာသူကလည်း ဟင်းစား မျှဝေပေးပါတယ်။ မှိုကျင်းကိုတော့ မပြပါဘူး။

နည်းပညာတွေ တိုးတက်နေတဲ့ ခုလိုအခါမျိုးမှာ မီးခိုးတလုံးလုံးနဲ့ ထမင်းဟင်းချက်စရာ မလိုတော့ပါ။ အိုက်လွန်းလို့ ယပ်တောင်ခတ်နေစရာ မလိုတော့ပါ။ အမေနဲ့စကားပြောဖို့၊ တွေ့ရဖို့ အမေ့ထံအရောက် ခရီးမိုင်များစွာ၊ နာရီပေါင်းများစွာ မသုံးရတော့ပါ။ (အမေ့ရဲ့ ရင်ငွေ့ကလွဲလို့ပေါ့) များစွာသော တိုးတက်မှုများရဲ့ အရင်းအမြစ်က 'နည်းပညာ' ပါ။ အဲဒီ နည်းပညာကို ရှာဖွေ၊ စူးစမ်း၊ တွေးတော၊ ကြံစည်၊ တီထွင်၊ ဖန်တီးကြသူများရဲ့ အကြံဉာဏ်၊ ကြိုးစားအားထုတ်မှု၊ ဇွဲ၊ လုံ့လတွေကြောင့် လူသားအားလုံး သက်သောင့်သက်သာ စား၊ ဝတ်၊ နေ၊ သွားလာဆောင်ရွက်နေနိုင်ကြတာ မဟုတ်လား။

အဲဒီ နည်းပညာတွေကို ရှေးရိုးအတိုင်း သိုဝှက်ထားသူများလည်း ရှိနိုင်ပါတယ်။ လူအများဆက်လက်ပြီး ဖန်တီးသုံးစွဲနိုင်ဖို့ မျှဝေဖြန့်ဖြူးပေး

နေသူတွေ၊ ကိုယ်သိတာကို မျှပေး၊ ကိုယ်တတ်တာကို **ဖြန့်ဖြူးပြီး သဘာထတို** ကျေးဇူးပြုနေကြသူများလည်း ရှိနေပါတယ်။

ရယူလိုသူကိုယ်တိုင် လိုအပ်နေသူကိုယ်တိုင်က **အာရုံစူးစိုက်ပြီး** ခံယူ နိုင်ဖို့၊ လေ့လာရယူနိုင်ဖို့၊ လေ့ကျင့်မှတ်သားအားထုတ်**နိုင်ဖို့သာ လိုအပ်**ပါတယ်။

တကယ်တော့ ရပ်တန့်နေသူ၊ တွေဝေနေသူ၊ ကြန့်ကြာ**နေသူ၊ ခက်ခဲ**နေသူတွေအတွက် 'ဉာဏ်အလင်း' လေးတစ်ချက် ပွင့်သွားနိုင်ရင် **သူ့ရဲ့ဘဝ**ခရီးအတွက် အတော်ဝေးဝေးထိ ရောက်အောင် မီးမောင်းကြီး **ထိုးပြလိုက်**သလို အကျိုးကျေးဇူးကောင်းတွေ ရနိုင်စေဖို့အတွက် ဖြစ်ပါတယ်။ **မေ့လျော့**နေတာလေးတွေ သတိပေးတာမျိုး၊ ကျန်ရစ်နေမှာလေးတွေ **ထည့်ပေးလိုက်**တာမျိုးပါ။

ကွန်ချက်ပြပေးနေပါတယ်။ မှိုကျင်းရှာပေးနေပါတယ်။

ကိုယ်တိုင်ဖွဲ့ရှိဖို့နဲ့၊ အကြိမ်ကြိမ် လေ့ကျင့်နိုင်ဖို့သာ လိုပါ**တယ်။**

အာရုံစူးစိုက်မှုကို အပြည့်အဝ အသုံးပြုရပါလိမ့်မယ်။

သင့်အတွက် ကွန်ချက်၊ သင့်အတွက် မှိုကျင်းများကတော့ **သက်**ဆိုင်ရာ အကြောင်းအရာ၊ ဘာသာရပ်တွေကို ရေးသားထားကြတဲ့ '**စာအုပ်**စာပေ' များပဲ ဖြစ်ပါတယ်။ လေ့လာမှတ်သား ဆင်ခြင်ဆပွား၊ **တွေးတော**ကြံစည်၊ တီထွင်ဖန်တီးလိုစိတ်ရှိသော လူငယ်များ ဆတက်တိုး၍ **ပေါ်ပေါက်**နိုင်ပါစေ။

ဟင်းစားယူပြီး ပြန်မလား။

ကွန်ချက်ကို ရအောင်ယူမလား။

ကိုယ်တိုင်ဆုံးဖြတ်ပြီး အားထုတ်ရမှာပါ။

**မေတ္တာမွန်မြင့်**

**ခင်လန်းဆန်း**

■ ငါတို့ပခုံးပေါ် မင်းတို့ တက်ကြည့်ကြပါ
ငါတို့ ဦးခေါင်းအမြင့်ထက်
မင်းတို့ ဦးခေါင်းတစ်လုံး ပိုမြင့်အောင် ကြည့်ကြပါ
တာဝန်သိစိတ်အပြည့်နဲ့ ကြည့်ပါ
တာဝန်ယူစိတ်အပြည့်နဲ့ ကြည့်ပါ
ပိုဝေးဝေးမြင်အောင် ကြည့်ပါ
ပိုကျယ်ကျယ်မြင်အောင် ကြည့်ပါ...
အဲဒီလို ကြည့်နိုင်ဖို့
လူငယ်ဘဝကတည်းက အများကောင်းကျိုးအတွက်
အားကျစရာတွေကို
အားကျတတ်ကြစမ်းပါ
အားကျစိတ်ကိုလည်း မွေးမြူကြစမ်းပါ...။ ။

## လူငယ်နှင့် အားကျစိတ်

**မြေလတ် မောင်မြင့်သူ**

"အားကျပါ... အားကျပါ
အားကျလိုက်စမ်းပါ
အားကျစရာကို အားကျ
အတုယူစရာကို အတုယူ
လူငယ်ရဲ့ မနက်ဖြန်ဆိုတာ
တလူလူလွင့်ရမယ့် အလံပေါ့"

လူငယ်နှင့် ပတ်သက်၍ ကျွန်တော်ရေးခဲ့ဖူးသည့် **ကဗျာတစ်ပိုင်း** တစ်စ ဖြစ်ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လူငယ်**အပေါ်ထား**သော ကျွန်တော့်သဘောထားကို ရိပ်မိနိုင်လိမ့်မည် ထင်ပါသည်။

လူငယ်တွေနှင့် ပတ်သက်၍ အားမလိုအားမရစရာတွေ တွေ့တိုင်း ကျွန်တော့် အက်ဆေးများ၊ ဆောင်းပါးများတွင် ထည့်ရေးလေ့ရှိပါသည်။ ထိုအခါမျိုးတွင် ကျွန်တော့်စာ (အရေးအသား) အချို့သည် အပြစ်တင်သံ၊ ဒေါသသံပေါက်ကောင်း ပေါက်နေပါလိမ့်မည်။ တကယ့်စေတနာကမူ **အပြစ်**တင်သံ၌ အမှားအမှန်ကို ချင့်ချိန်စေရန်ဖြစ်ပြီး ဒေါသသံ၌ **ကရုဏာတရား**တွေ လွှမ်းကဲသွားခြင်းသာ ဖြစ်ပါသည်။

သေချာသည်မှာ ထိုအပြစ်တင်သံနှင့် ဒေါသသံတို့တွင် အမုန်း၊ အာဃာတမြူတစ်မှုင်မျှ မပါကြောင်း တိတိလင်းလင်း ဆိုရဲပါသည်။ အဲဒါကိုက လူငယ်အပေါ်ထားသော ကျွန်တော့်မေတ္တာ၊ ကျွန်တော့်မျှော်လင့်ချက်၊ ကျွန်တော့် ယုံစားချက်ပဲ ဖြစ်ပါသည်။

"ကလေးလူငယ်ကို ဆုံးမရာ၌ ငါးနှစ်အရွယ်ကို ချော့မော့၍၊ ဆယ်နှစ်အရွယ်ကို ရိုက်ပုတ်၍၊ ၁၆ နှစ်အရွယ်ကို မိတ်ဆွေကဲ့သို့ ကျင့်သုံး၍ ဆုံးမရာသည်"

စဏက္ကနီတိက ယခုလို ဆုံးမပြပါသည်။ မှတ်စရာ ကောင်းပါ၏။ ကျွန်တော်တို့ ဆုံးမရမည့်အရွယ်မှာ မိတ်ဆွေကဲ့သို့အရွယ်ဖြစ်၍ 'ဆုံးမ' တယ်လို့ မပြောလိုပါ။ မိတ်ဆွေလိုဖြစ်၍ လွတ်လပ်စွာ ဆွေးနွေးခြင်းသို့မဟုတ် ငြင်းခုံခြင်းသာ ဖြစ်ပါသည်။ အလိုမတူခဲ့လျှင်လည်း လှပစွာ အလိုမတူခြင်းပဲ ဖြစ်ပါသည်။

သည်အခါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာတစ်ယောက်ရေးသည့် လူငယ်ဝတ္ထုတိုအမှာစာထဲက စကားတစ်ခွန်းကို သွားသတိရပါသည်။ 'ဒီကနေ့ လူငယ်တွေကို ဆရာကြီး သွားလုပ်လို့မရ' ဟူသော စာတစ်ကြောင်း ဖြစ်သည်။ ဒါကို ကျွန်တော် မငြင်းလိုပါ။

သို့သော် လူငယ်တွေကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့် ဆရာကြီးဟိတ် ထုတ်နေတာလည်း မဟုတ်သေးဘူးလို့ ဆိုတာမျိုးကိုတော့လည်း အမုန်းခံပြီး ဝေဖန်ရဲဖို့ လိုပါသည်။

တစ်လောကပဲ လူငယ်စာရေးဆရာ အဝန်းအဝိုင်းလေးတစ်ခုထဲတွင် စိတ်မကောင်းစရာ သတင်းတစ်ခု သဲ့သဲ့ကြားလိုက်ရ၏။ အွန်လိုင်းစကားဝိုင်းသဘောမျိုး ဖြစ်၏။ အပြန်အလှန် အီးမေးလ်ပို့ရင်း စာရေးဆရာမလေးထံ ပို့သည့် အီးမေးလ်ထဲတွင် ကြည့်မကောင်းသည့်ပုံတွေ ပါသွားသည်ဆို၏။ ထိုအခါ စာရေးဆရာမလေး အသိုင်းအဝိုင်းက ပို့သူ စာရေးဆရာလေးကို အထင်မှားလေတော့၏။ တကယ်တော့ စာရေးဆရာလေးရဲ့ အမှားမဟုတ်ဘဲ

ထိုပညာကို သင်ပေးပါဆိုလို့ စာရေးဆရာလေးကို သင်ပေးသည့် လူငယ်လေးတစ်ဦးရဲ့ အမှားဟု ကြားရဖူးပါသည်။ ကျွန်တော် ပြောလိုသည်မှာ ဘယ်သူတွေ ဘယ်ဝါတွေသဘော မပါဝင်ပါ။ ရှားပါးသော ပညာရပ်တစ်ခုကို အလွဲသုံးသည့် လူငယ်စိတ်ကိုပဲ ပြောလိုခြင်း ဖြစ်ပါသည်။

အဲဒီလို လူငယ်စိတ်အလွဲတွေက နေရာတကာ တွေ့ရတတ်ပါသည်။ အင်တာနက်ကဖီးတွေထဲမှာ ချက်တင်ထိုင်ရင်း ရည်းစားစကားပြောတာတွေ ကြည့်မလား၊ တစ်ဂိမ်းပြီးတစ်ဂိမ်း ဂိမ်းနေကြသည့် လူငယ်တွေ ကြည့်မလား၊ ကားပေါ်မှာ၊ ရထားပေါ်မှာ ကိုယ့်အဖေရဲ့ အဖေလောက်အရွယ်တွေနဲ့ နေရာလုထိုင်တာ ကြည့်မလား၊ ကိုယ့်အဖေလောက်ရှိသော လူကြီးသူမ၏ခေါင်းကို မိမိလက်နှင့် ထိုးမိခိုက်မိတာကို ရှိရှိသေသေ "ကန်တော့ပါ၊ မတော်လို့ပါ" လို့ ပြောရမှန်းမသိဘဲ လူမကြည့်ဘဲ ဘာသိဘာသာ 'sorry' ဆိုပြီး မျက်နှာလွှဲထားသည့် တက္ကသိုလ်ကျောင်းသူမျိုးတွေကို ကြည့်မလား။ ဒါမျိုးတွေက ကိုယ်အမူအရာ၊ နှုတ်အမူအရာ အလွဲတွေကိုပဲ နမူနာပြောပြခြင်း ဖြစ်သည်။

ဝတ်စားဆင်ယင်ပုံ အလွဲတွေလည်း မျိုးစုံပါပဲ။ ကြက်ဖအမောက်လို ဆံပင်ပုံစံတွေနှင့်၊ နားမှာလည်း နားပေါက်တွေ နားကပ်တွေနှင့် တော်တော်ကြည့်ရဆိုးပါသည်။ အဆိုးဆုံးကတော့ လက်မောင်းအိုးပေါ်မှာ တက်တူးကြောင်ကြောင်ကျားကျားတွေ ထိုးထားခြင်းပဲ ဖြစ်၏။ ခုတစ်လော လူငယ်အတော်များများမှာတွေ့ရသော ရောဂါဟု ပြောရမလားမသိ။

တစ်ခါက သုဝဏ္ဏကို ဖြတ်မောင်းသော သီးသန့်အထူးယာဉ်လိုင်းမှ ကားစပယ်ယာ လူငယ်တစ်ဦး ဖြစ်၏။ သတ်မှတ်ထားသော ယာဉ်နောက်လိုက်ဝတ်စုံကို မဝတ်ဘဲ သူ့အသားမည်းမည်းပေါ်တွင် တက်တူးကြောင်ကြောင်ကျားကျားတွေက အကြည့်ရဆိုးရသည့်အထဲ ချွေးတွေသံတွေနှင့် လူကြားထဲ အတင်းတိုးဝှေ့ပြီး ပိုက်ဆံတောင်းသောအခါ ဒေါသလည်းထွက်၊ ရွံလည်းရွံနှင့် အတော်စိတ်ပျက်ဖို့ ကောင်းပါသည်။

ဒီလို အမြင်မတော်တာတွေတွေ့လို့ ကျွန်တော်က စာထဲ ထည့်ရေးသောအခါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာတစ်ဦးက ခင်ဗျားရေးတဲ့စာကို အဲဒီလူငယ်တွေက ဖတ်လို့လားဟု စောဒက တက်ခဲ့ဖူးပါသည်။

ကိစ္စ မရှိပါ။ ကျွန်တော်ကတော့ ဆရာမြသန်းတင့်ထုံးပဲ နှလုံးမူပါသည်။ သူများပြောတာ ပြန်ကြားဖူးတာ ဖြစ်ပါ၏။

တစ်ခါက စာပေဟောပြောပွဲတစ်ခုတွင် ဆရာမြသန်းတင့်နှင့် နာမည်ကြီးလူငယ် အချစ်စာရေးဆရာတို့ အတူဟောပြောဖြစ်ကြပါသတဲ့။ ပထမဟောပြောရမှာက လူငယ်စာရေးဆရာ။ အချိန်ကလည်း ကျပြီ။ ပရိသတ်က ကျဲတိကျဲတောက်။ အကုန်မရောက်သေး။ လူငယ်စာရေးဆရာက လူမရှိလို့ သူမဟောရဲသေးသဖြင့် ဆရာမြပဲ ရှေ့က ဟောပေးပါဟု တောင်းဆို၏။ ဆရာမြကတော့ ခပ်တည်တည်ပဲ တက်ဟော၏။ ဟောရင်းဟောရင်းကြာတော့ လူတွေပြည့်သွားပါတော့သည်။ သည်တော့မှ လူငယ်စာရေးဆရာက ဆက်ဟောသည်။ ပွဲပြီးတော့မှ ဆရာမြက လူငယ်စာရေးဆရာကို ပြောပြပုံမှာ တော်တော်မှတ်စရာ ကောင်းသည်။

'အေးကွ... တို့စာရေးဆရာဆိုတာ သာသနာပြုတဲ့ပုဂ္ဂိုလ်လိုပဲတဲ့။ တစ်ယောက်တည်းရှိလည်း ရှိတဲ့တစ်ယောက်တည်းကို ဟောလို့ အကျွတ်တရားရသွားရင် ကုသိုလ်ရတာပဲ' တဲ့။

ကျွန်တော်လည်း ဆရာမြထုံးနှလုံးမူပြီး လူငယ်တွေနဲ့ ပတ်သက်တဲ့ အလွဲတွေကို မြင်သမျှ အမုန်းခံရေးပြခဲ့တာပဲ ဖြစ်ပါသည်။ သည်တော့ လူငယ်တွေကို ပြောချင်သည်မှာ ဒီလိုပဲတစ်ခုပြီးတစ်ခု လွဲနေကြဦးမှာလား၊ မပြင်ကြတော့ဘူးလား၊ ချက်တင်ဆို ချက်တင်လိုက်ကြ၊ အွန်လိုင်းဆို လိုင်းလိုက်ကြ၊ ဂိမ်းဆိုလည်း ဂိမ်းလိုက်ကြ၊ ဒါတွေနဲ့ပဲ ပြီးကြကောလား။

ဘယ်မှာလဲ ဘဝအတွက်၊ ဘယ်မှာလဲ အနာဂတ်အတွက်၊ ဘယ်မှာလဲ မျှော်လင့်ချက်...။

အနာဂတ်အတွက် ဘာမျှော်လင့်ချက်မှ မရှိသော လူငယ်၌

ဘာစွန့်စားချက်မှလည်း ရှိနိုင်မည်မဟုတ်ပါ။ ဘာအားကျချက်မှလည်း ရှိနိုင်မည် မဟုတ်ပါ။

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ မျှော်လင့်ချက်နှင့် အားကျချက်တွေ တစ်ဆင့်ပြီးတစ်ဆင့် ရှိခဲ့ကြပါသည်။ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုတွေ ဖတ်ပြီး ဆင်းရဲ၍ စာတော်သောပညာတတ် ဖြစ်ချင်သည်။ အားကျသည်။ ထိုစိတ်ကြောင့် ဆယ်တန်းအောင်ခဲ့သည်။ တက္ကသိုလ်တက်ခဲ့သည်။ အားကျစိတ်၏ ပထမလှုံ့ဆော်ချက်အကျိုး ဖြစ်ပါသည်။ တက္ကသိုလ်တက်ရင်း ကျောင်းစာဖတ်၊ အပြင်စာတွေဖတ်၊ ဘွဲ့ရချင်၊ စာရေးဆရာဖြစ်ချင်၊ စာရေးဆရာတောင်မှ ဘက်ဆဲလားမဟုတ်လျှင်နေ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုသည့် စာရေးဆရာမျိုး ဖြစ်ချင်ခဲ့သည်။ နောက်ဆုံး ကိုယ်ဖြစ်ချင်သည့် စာရေးဆရာဘဝတွင် ကိုယ်ရသည့် ဂုဏ်ဒြပ်အပေါ် လိပ်ပြာလုံစွာနှင့် ကျေနပ်နိုင်ခဲ့ပါသည်။ အားကျစိတ်၏ နောက်ထပ်လှုံ့ဆော်ချက် အကျိုးကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါသည်။ ထို့ကြောင့် အားကျစိတ်သည် ဘဝ၏ ရည်မှန်းချက်အတွက် လိုအပ်သော သော့ချက်ဟုဆိုက မမှားပါပေ။ အားကျစိတ်ဆိုရာ၌ ဖြောင့်သောအားကျစိတ်၊ မှန်သောအားကျစိတ်၊ ကောင်းမြတ်သော အားကျစိတ်ဖြစ်ဖို့တော့ လိုပါသည်။ အများအကျိုးအတွက် မျှော်ကိုးသော အားကျစိတ်မျိုးဆိုလျှင်ကား အတိုင်းထက် အလွန်ပင်။

တစ်ခုတော့ ပြောနိုင်ပါ၏။ ကျွန်တော့်အားကျစိတ်ထဲတွင် နိုင်ငံတော်သမ္မတဖြစ်ဖို့ မပါ။ ဝန်ကြီးချုပ်ဖြစ်ဖို့ မပါ။ နိုင်ငံရေးခေါင်းဆောင် လုပ်ဖို့ မပါ။ နိုင်ငံကျော် ရုပ်ရှင်မင်းသားလုပ်ဖို့ မပါ။ အင်ဂျင်နီယာချုပ်လုပ်ဖို့လည်း မပါ။ ပြီးတော့ လူတွေကို သဟောက်သဟဲနှင့် ပိုက်ဆံသဲ့ယူသော အထူးကုဆရာဝန်လုပ်ဖို့ မပါ။ သည့်အတွက် ကျွန်တော် ရွေးချယ်ခဲ့သော ဝါသနာအပေါ် လိပ်ပြာလုံသလို ကျေးဇူးလည်း တင်မိတာ အမှန်ပင်။

လောကတွင် အားကျမည်ဆိုက သို့မဟုတ် အားကျတတ်မည်ဆိုက အားကျချင်စရာတွေ အများကြီး ရှိပါသည်။

× × × × ×

ပြောရလျှင် လူငယ်ဘဝ အားကျစရာတွေထဲက သမိုင်းအချို့ကို တို့ထိကြည့်ချင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လူငယ်ဘဝ ၂၃ နှစ်မှာပင် နိုင်ငံရေးလုပ်သော အိုးဝေအယ်ဒီတာ ဖြစ်နေပါပြီ။ ဝင်စတန်ချာချီသည် လူငယ်ဘဝ အသက် ၂၅ နှစ်အရွယ်တွင် လခစား စစ်သတင်းထောက်ဖြစ်ပြီး ၂၆ နှစ်သားတွင် နိုင်ငံရေးထဲဝင်၍ အောက်လွှတ်တော်အမတ် ဖြစ်နေပြီ။ ဂျင်ဂျစ်ခန်ဆိုသော မွန်ဂိုအင်ပါယာ ထူထောင်သူကြီးသည် လူငယ်ဘဝ အသက် ၂၀ မပြည့်ခင် လူမျိုးစုကြီးတစ်စု၏ ခေါင်းဆောင်ဖြစ်နေပြီ။ နယ်လ်ဆင်မင်ဒဲလ်လားသည် လူငယ်ဘဝ ၁၉ နှစ်သားတွင် ကျောင်းသားဘဝနှင့် နိုင်ငံရေးလုပ်ရင်း ၂၆ နှစ်သားအရွယ်တွင် ANC လူငယ်အဖွဲ့ကို ထူထောင်သူဖြစ်နေပြီ။ ဂျဝါဟာလာနေရူးသည်လည်း လူငယ်ဘဝ အသက် ၂၃ နှစ်မှာ ဘွဲ့ရရှေ့နေအဖြစ် နိုင်ငံရေးထဲ စဝင်နေပါပြီ။

ဟိုချီမင်းသည် လူငယ်ဘဝ အသက် ၁၆ နှစ်ကတည်းက နိုင်ငံရေးစိတ်ဝင်စား၊ လူထုကို ဆင်းရဲတွင်းက ကယ်ချင်သူ၊ အသက် ၃၀ တွင် ပြင်သစ်ကွန်မြူနစ်ပါတီကို ထူထောင်သူ ဖြစ်နေပြီ။ ဟွန်ဆန်သည် လူငယ်ဘဝ ၁၈ နှစ်သားအရွယ်တွင် သမ္မတအစိုးရ ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုအဖွဲ့ဝင်ခဲ့။ ၂၃ နှစ်သားတွင် အရှေ့ပိုင်းဒေသ ခမာနီအထူးတပ်ရင်း၏ စစ်ဦးစီးမှူးဖြစ်ပြီး ၂၇ နှစ်သားတွင် ခမာနီအစိုးရကိုဖြုတ်ပြီး ကမ်ပူးချားပြည်သူ့သမ္မတနိုင်ငံစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်နေပြီ။

အလားတူပင် သမိုင်းတွင် လူငယ်ဘဝ သူရဲကောင်းတွေ၊ စံပြတွေ၊ အားကျစရာတွေ အများကြီးရှိပါသေးသည်။ သေချာသည်မှာ သမိုင်းတွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်း၊ သူရဲကောင်း သို့မဟုတ် စံပြပုဂ္ဂိုလ်ဟူသမျှတို့သည် လူငယ်ဘဝကတည်းက ကြိုးစားခဲ့သူများ၊ စွန့်စားခဲ့သူများ ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် လူငယ်ဘဝကတည်းက ကိုယ်

တိုင် စိုက်ပျိုးခဲ့ကြလို့ လူရွယ်လူကြီးဘဝတွင် ကိုယ်တိုင် ရိတ်သိမ်းနိုင်ကြခြင်းပင် ဖြစ်ပါ၏။ အစကောင်းမှ အနှောင်းသေချာဆိုသော **စကားက** ဤနေရာတွင် ပို၍ အဓိပ္ပာယ်ရှိပါသည်။

ဤနေရာတွင် လူငယ်အကြောင်းကို အဓိကထား၍ပြောတာဖြစ်သော်လည်း သဘာဝအရ လူငယ်နှင့် ဒွန်တွဲလျက်ရှိသော လူကြီးအကြောင်းကိုလည်း ဆက်စပ်၍ ထည့်ပြောချင်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူအဆညီမျှမည်ဆိုလျှင် နားလည်မှု သဟဇာတရှိကြမည်ဆိုလျှင် လူကြီးလူငယ်ဆိုသည့် ပြဿနာမရှိနိုင်ပါ။ ယနေ့ခေတ်တွင် အမြင်တွေက အပြန်အလှန် ပြောင်းနေကြပါပြီ။ လူငယ်တွေကို 'မင်းတို့၊ ငါတို့နောက်မှ ထမင်းစားတာပါကွာ' ဆိုသော လူကြီးခေတ်မျိုး မရှိတော့သလို 'ဒိတ်အောက်နေတဲ့ ဘူဒါးကြီးတွေပါကွာ၊ လူငယ့်အသံတွေကို ဘာမှကြားမှာ မဟုတ်ပါဘူး' ဆိုသော လူငယ်အမြင်မျိုးတွေလည်း ခေတ်မရှိတော့ပါ။

ဒါကြောင့် လူငယ်ဘက်ကလာသော အသံသည် ဘာအသံပဲ ဖြစ်ပါစေ မှန်ကန်ဖြောင့်မတ်ဖို့တော့ လိုပါသည်။ မှန်ကန်ဖြောင့်မတ်သော အသံကို လက်မခံသောလူကြီး မရှိနိုင်ပါ။ ဤသို့ ပြောရသည်မှာ လူကြီးနှင့် လူငယ်ကြားတွင် ကွာဟမှုရှိတယ်ဟု ထင်နေသော ပညာတတ်အချို့၏ လူကြီးတွေအပေါ် အထင်သေးစိတ်အချို့ကြောင့် ဖြစ်ပါသည်။

ကျွန်တော် နားလည်လက်ခံသည်ကတော့ လူငယ်ဟူသည် လမ်းလျှောက်သူ၊ လူကြီးဟူသည် လမ်းပြသူ။ လူကြီးတွင် ဖြတ်သန်းခဲ့သော အတွေ့အကြုံအရ လမ်းဆိုးလမ်းကောင်းကိုပဲ ပြနိုင်ပါတော့သည်။ **ရောက်**အောင်သွားနိုင်သည့်ခွန်အား မရှိပါ။ ထိုလမ်းကို တကယ်**ရောက်အောင်** သွားမည့် ခွန်အား၊ ဉာဏ်အား၊ သတ္တိအားရှိသူမှာ ထက်မြက်**သော အခွင့်**အစရှိသော လူငယ်တွေသာ ဖြစ်ပါသည်။ ဒါကြောင့် **လူကြီးလူငယ်** ပေါင်းစပ်မှုကတော့ သဘာဝကျသော လိုအပ်မှုဟု **မြင်ပါသည်။**

မတူညီတာကတော့ နေရာတိုင်းမှာ ရှိပါသည်။ လူကြီးနှင့် လူငယ်မှ မဟုတ်ပါ။ လူကြီးအချင်းချင်းမှာလည်း ရှိနိုင်သည်။ လူငယ်အချင်းချင်းမှာလည်း ရှိနိုင်သည်။ လက်ချောင်းများသည်ပင် အတိုအရှည်မတူသလို တစ်မိသားစုတည်းဖြစ်လင့်ကစား မတူညီနိုင်တာတွေက ရှိတတ်စမြဲ ဖြစ်ပါသည်။ အပြန်အလှန် နားလည်မှုကသာ အခရာ ဖြစ်ပါသည်။ နားလည်မှုကိုသာ တည်ဆောက်တတ်ဖို့ လိုပါသည်။

နယူတန်က ပြောပါသည်။

'ကျွန်တော်ဟာ

ကျွန်တော့်ရှေ့က မျိုးဆက်တွေရဲ့ ပခုံးပေါ်

တက်ကြည့်ခွင့်ရခဲ့လို့

သူတို့ထက် ပိုဝေးဝေးနဲ့

ပိုကျယ်ကျယ် မြင်နိုင်တာပါ' တဲ့

လက်တွေ့မှာ အိုင်းစတိုင်းက နယူတန့်ပခုံးပေါ်တက်

ကြည့်ခဲ့သလိုမျိုး

စတင်ဗင်ဟော့ကင်းကလည်း အိုင်းစတိုင်း ပခုံးပေါ်

တက်ကြည့်ခဲ့သလိုမျိုး

ငါတို့ပခုံးပေါ် မင်းတို့ တက်ကြည့်ကြပါ

ငါတို့ ဦးခေါင်းအမြင့်ထက်

မင်းတို့ ဦးခေါင်းတစ်လုံး ပိုမြင့်အောင် ကြည့်ကြပါ

တာဝန်သိစိတ်အပြည့်နဲ့ ကြည့်ပါ

တာဝန်ယူစိတ်အပြည့်နဲ့ ကြည့်ပါ

ပိုဝေးဝေးမြင်အောင် ကြည့်ပါ

ပိုကျယ်ကျယ်မြင်အောင် ကြည့်ပါ...

အဲဒီလို ကြည့်နိုင်ဖို့

လူငယ်ဘဝကတည်းက အများကောင်းကျိုးအတွက်

အားကျစရာတွေကို

အားကျတတ်ကြစမ်းပါ

အားကျစိတ်ကိုလည်း မွေးမြူကြစမ်းပါ ...။ ။

မြေလတ်မောင်မြင့်သူ

■ လူတစ်ယောက်အတွက် အဆိုးဆုံးမှာ ကြောက်စိတ်ကို လက်ခံထားမိခြင်းဖြစ်သည်။
ကျွန်တော် နားလည်ထားဖို့ရာက အပြောင်းအလဲ မလုပ်လျှင် ကျွန်တော် ကျဆုံးသွားနိုင်သည်။
အပြောင်းအလဲမလုပ်လျှင် ဤပတ်ဝန်းကျင်အဟောင်း ထဲမှာ ကျွန်တော်သည် သာမန်လူအဖြစ်နှင့် ပျောက်ဆုံးသွားနိုင်သည်။

# ဖောက်ထွက်ပစ်

**မောင်ကိုကို (အမရပူရ)**

ကျွန်တော် အနုပညာတက္ကသိုလ်သို့ တက်သည်။ ပန်းချီပညာ သင်ယူသည်။ ဆရာများက ကျွန်တော့်ကို ပန်းချီရေးဆွဲနည်း သင်ကြားပေးကြသည်။ ခန္ဓာဗေဒကိုလည်း နားလည်အောင် သင်ကြားပေးကြသည်။

ကျွန်တော် တတိယနှစ်မှာ ပေါလ်ဂေါဂင်အကြောင်း ဆရာမြသန်းတင့် ဘာသာပြန်ထားသည့် မှော်ရုံတောမှာ မောလှပြီကို ဖတ်ဖြစ်သည်။ ခင်ဝမ်း၏ စိတ္တဇပန်းချီစာအုပ်ကို ကျွန်တော် ဖတ်ဖူးပြီ။ ဖရီဒါကားလို့စ်အကြောင်း ရုပ်ရှင်ဇာတ်ကား ကြည့်ဖူးပြီ။ မိုဒီဂလီယာနီအကြောင်း ရုပ်ရှင်ဇာတ်ကား ကြည့်ဖူးပြီ။ ဗင်ဂိုး ပန်းချီကားတွေနှင့်စာအုပ်ကို တွေ့ဖူးပြီ။ မင်းဝေအောင် ပန်းချီကားများကို မြင်ဖူးပြီ။

ကျွန်တော်၏ အနုပညာတက္ကသိုလ်မှ ဆရာများက အခြေခံပန်းချီရေးဆွဲနည်းပညာ သင်ကြားပေးကြသည်။

ကျွန်တော်၏ သင်ဆရာများသည် ဗင်ဂိုးမဟုတ်။ ပေါလ်ဂေါဂင် မဟုတ်။ ဆရာများနှင့် Artist သည် ကွဲလွဲသည်။ သို့သော် ဆရာများ၏ ကျေးဇူးကြောင့် အခြေခံပန်းချီရေးဆွဲနည်းကို ကျွန်တော် နားလည်သဘော ပေါက်ရပါသည်။

သည့်လိုနှင့် ကျွန်တော် ကျောင်းပြီးသွားသည်။ အနုပညာတက္ကသိုလ်မှ ဘွဲ့ရသွားပြီ။ ကျွန်တော် ကျောင်းတွင် ပန်းချီကာ ရေးခဲ့ပြီးပြီ။ သို့သော် ကျွန်တော်သည် ပန်းချီဆရာမဖြစ်သေးပါ။ ပန်းချီဆရာဖြစ်ဖို့ ဘယ်လောက်လိုပါသေးသလဲ။

စိတ်ထဲမှာ ရုပ်လုံးဖော်လို့ ရလာသည့်အရာဆိုလျှင် ထိုအရာကို စိတ်က စွမ်းဆောင်နိုင်သည်ဟု ကျွန်တော် ကြားဖူးပါသည်။

ကျွန်တော် အနုပညာတက္ကသိုလ်သို့ တက်သည်မှာ ရည်ရွယ်ချက်ဖြင့် တက်ခဲ့ခြင်း ဖြစ်သည်။ အနုပညာတက္ကသိုလ်ကို ရည်ရွယ်ချက်ဖြင့် ရွေးချယ်ခဲ့သည်။ ကျွန်တော့်စိတ်ထဲက ရုပ်ပုံမှာ Artist ဖြစ်သည်။ ထိုရုပ်ပုံ ပီပြင်ရန်၊ ထိုရုပ်ပုံ မပျက်ပြယ်ရန် ကျွန်တော် သတိရှိရ၏။

လူသာမန်အဆင့်အတွက် ပျော်ရွှင်မှုသာလျှင် တစ်ခုတည်းသော မက်လုံးဖြစ်သည်ဟု ကြားဖူး၏။

ဘောလုံးပွဲ၊ လက်ဖက်ရည်ဆိုင်၊ ဂိမ်း၊ သာမန်ဆန်လွန်းသော သူငယ်ချင်းများ၊ သာမန်ဆန်လွန်းသော ပတ်ဝန်းကျင်များ။ ထိုအထဲက ကျွန်တော် ရုန်းထွက်ရမည်။ ထိုအထဲက ကျွန်တော် လွတ်မြောက်နေရမည်။

ကျွန်တော့် ဒိန်ခဲအသစ်တွေက ဘယ်မှာလဲ။

ကျွန်တော်၏ ဒိန်ခဲအသစ်သည် ကျွန်တော့် ပတ်ဝန်းကျင်မှာ မရှိတာ ကျွန်တော် သိသည်။

အတွေးအခေါ်ဟောင်းများ

သူငယ်ချင်းဟောင်းများ

လမ်းဟောင်းများ

ပတ်ဝန်းကျင်အဟောင်းများ

သီချင်းအဟောင်းများ

တံတားအဟောင်းများ

စိတ်ကူးပေါင်းများသည် ကျွန်တော့်အား ဒိန်ခဲအသစ်ရှိရာသို့ လမ်းညွှန်နိုင်လိမ့်မည် မဟုတ်ပါ။

အတွေးများ ပေါင်းနှမ်းလျှင် လမ်းများမှာလည်း ပေါင်းနေမည်။

ပတ်ဝန်းကျင်အပေါင်းထဲမှာ ကျွန်တော်သည် အမူအကျင့်အပေါင်း၊ အပြုအမူအပေါင်းများဖြင့် နေထိုင်လျှင် ကျွန်တော့်မြို့ကလေးထဲမှာ ကျွန်တော်သည် သာမန်လူ ဖြစ်သွားပါလိမ့်မည်။

ပန်းချီအနုပညာမှာ

ထက်ထက်မြက်မြက် ဘယ်သူ ရှိသလဲ။

ထူးထူးချွန်ချွန် ဘယ်သူ ရှိသလဲ။

ကျွန်တော့် ပတ်ဝန်းကျင်ကလူတွေ ယုံကြည်သလို ကျွန်တော် ယုံကြည်၍ မဖြစ်ပါ။ ကျွန်တော့် ယုံကြည်ချက်က သူတို့နှင့် ကွဲလွဲနေသော ယုံကြည်ချက်အသစ် ဖြစ်ပါသည်။

"သတ္တိမှာ ချိန်ချိန်ဆဆ ရှိရမယ်ဆိုတဲ့ အယူအဆကို လက်ကိုင်ထားကြသူတွေ သတ္တိနည်းတဲ့သူတွေပါ"

ဟု အဲလ်ဘတ်ကမူးက ပြောဖူး၏။

သတ္တိမှာ ပြောင်မြောက်ရန် လိုအပ်သည်။

ဒိန်ခဲမရှိသောအရပ်မှာ ကျွန်တော်ကဖြင့် အဓိပ္ပာယ်မဲ့ စောင့်ဆိုင်း မနေလိုပါ။

ကျွန်တော့် သတ္တိကို ချိန်ဆနေရန် မလိုအပ်။

ကျွန်တော် မြန်မြန်ဆန်ဆန် လှုပ်ရှားရမည်။ ကျွန်တော့်သတ္တိသည် တောက်ပရမည်။

ကျွန်တော် အပြောင်းအလဲကို ချစ်မြတ်နိုးရမည်။

စွန့်စားခန်းများကို ကျွန်တော် တန်ဖိုးထားရမည်။

ဒိန်ခဲပေါင်းတွေကို ကျွန်တော် မြန်မြန် သံယောဇဉ် ဖြတ်ရမည်။

ဒိန်ခဲအသစ်ကိုတွေ့ရန် မြန်ဆန်သွက်လက်ဖို့ လိုအပ်သည်။

အတွေးအခေါ်ဟောင်းကို သံယောဇဉ် မြန်မြန် ဖြတ်နိုင်လေ အတွေးအခေါ်သစ်နှင့် တွေ့ဖို့ နီးကပ်လေ။

ဝက်ပါကို မကြောက်နဲ့။

စွန့်စားခန်းကို မကြောက်နဲ့။

ကြောက်ရွံ့ခြင်းကို ကျော်လွှားခဲ့ပြီ။

ကျွန်တော် မကြောက်တော့ဘူး။

ကျွန်တော် မကြောက်တော့ပါ။

လူတစ်ယောက်အတွက် အဆိုးဆုံးမှာ ကြောက်စိတ်ကို လက်ခံထားမိခြင်း ဖြစ်သည်။

ကျွန်တော် နားလည်ထားဖို့ရာက အပြောင်းအလဲ မလုပ်လျှင် ကျွန်တော် ကျဆုံးသွားနိုင်သည်။

အပြောင်းအလဲ မလုပ်လျှင် ဤပတ်ဝန်းကျင် အဟောင်းထဲမှာ ကျွန်တော်သည် သာမန်လူအဖြစ်နှင့် ပျောက်ဆုံးသွားနိုင်သည်။

ချန်ပီယံဖြစ်ချင်တယ်ဆိုရင်ဖြင့် နောက်တစ်ချီလောက် ဆက်ထိုးလိုက်ပါဦး။

ကျွန်တော် ထခုန်လိုက်သည်။

ဖောက်ထွက်လိုက်။

ဖောက်ထွက်လိုက်။

ဖောက်ထွက်လိုက်။

ဒိန်ခဲအသစ်ရှိရာသို့ ကျွန်တော့်ခန္ဓာကိုယ်ကို ရွှေ့လိုက်ပါပြီ။

ဤဒိန်ခဲအသစ် အတွေးအခေါ်ဖြင့် ကျွန်တော့် မြို့ကလေးကို၊ ကျွန်တော့် ဒေသအဟောင်းကို၊ ကျွန်တော့် သူငယ်ချင်းအဟောင်းကို၊ ကျွန်တော့် ချစ်သူအဟောင်းကို စွန့်ခွာခဲ့ပါသည်။

အနာဂတ်အသစ်ရှိရာသို့ သတ္တိဖြင့် ပြောင်းရွှေ့ခဲ့သည်။

ကျွန်တော့်စိတ်ထဲက ရုပ်ပုံကို အကောင်အထည်ဖော်ရန် ရန်ကုန်မြို့သို့ ကျွန်တော် ရောက်ရှိလာပါပြီ။ ပန်းချီဂယ်လာရီများသို့ ကျွန်တော် သွားသည်။ မုတ်သုန်၏ ပန်းချီကားအကြီးကြီးများကို ကျွန်တော်ကြည့်သည်။ ဇော်ဝင်းဖေ၊ ကိုညြတို့၏ ပန်းချီကားများရှေ့မှာ ကျွန်တော် အကြာကြီး ရပ်တန့်ငေးမော နေမိ၏။

မြောက်ဥက္ကလာ သန္တာလမ်းက ဦးခင်မောင်ရင်ထံသို့ ကျွန်တော် သွားသည်။ Artis ကို တွေ့မြင်ရသည်။ ဦးဝင်းဖေမြင့်ထံ ကျွန်တော် သွားသည်။

ဒီမှာ မိတ်ဆွေ လူဆိုတာ အပြောင်းအလဲမလုပ်ရင် ကျဆုံး သွားနိုင်တယ်။ ဖောက်ထွက်လိုက်။ ပြောင်းလဲပစ်လိုက်ပါ။ ဖောက်ထွက်ပစ်။

မောင်ကိုကို (အဓရပူရ)

■ တိုင်းပြည်တည်ဆောက်ရေးမှာ တိုက်ရိုက်တာဝန်ယူရတဲ့ အင်ဂျင်နီယာတွေက အရည်အချင်းပြည့်ဝပြီး တကယ် တတ်၊ တကယ်တော်၊ တကယ်သိတဲ့ အင်ဂျင်နီယာတွေ ဖြစ်မှ မြန်မာနိုင်ငံ လှပခေတ်မီတဲ့နိုင်ငံ ဖြစ်မှာပါ။ အင်ဂျင် နီယာတွေ စံနှုန်းမမီရင် အုတ်ပုံကြားက မြန်မာနိုင်ငံကြီး ဖြစ်သွားပါလိမ့်မယ်။

# မင်းလက်ညှိုးကို ပြန်သိမ်းပေးပါ

**အဖြူရောင် (ရွှေ)**

လူငယ်အရွယ်ကို ကျော်ဖြတ်ပြီး သက်လတ်ပိုင်းအရွယ်ကို ဖန်းဝင်လာတဲ့ ကျွန်မရဲ့ဝန်းကျင်မှာ လူငယ်လေးတွေကို နီးနီးကပ်ကပ် တွေ့မြင်လာရတဲ့အခါ အတွေးတစ်ခုက အလိုအလျောက် ရင်နှလုံးကို စိုးမိုးလာပါတော့တယ်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုတဲ့စကားကို စဉ်းစားကြည့်မယ်ဆိုရင် လူကြီးတော့ ဟုတ်ပါရဲ့ ဘာလူကြီးလဲ၊ ဘယ်လိုလူကြီးလဲ။ တိုင်းပြည်ကို ကာကွယ်မယ့်လူကြီးလား။ လမ်းဘေးမှာ မူးအိပ်မယ့်လူကြီးလား။ ပြည်သူကို အကျိုးပြုမယ့်လူကြီးလား။ လူမြင်ကွင်းမှာ လက်ဝါးလိုက်ဖြန့်မယ့် လူကြီးလား။ ကိုယ့်ပတ်ဝန်းကျင်နဲ့ အမျိုး၊ ဘာသာ၊ သာသနာအတွက် ကိုယ်စိတ်နှလုံး မြှုပ်နှံဆောင်ရွက်မယ့် လူကြီးလား။ ဒါမှမဟုတ် ကိုယ့်အတ္တ အကျိုးစီးပွားအတွက် ဘယ်သူသေသေ ငတေမာပြီးရော သဘောထားမယ့် လူကြီးမျိုးလား။

တွေးဆဆင်ခြင်စရာတွေ အများကြီးကို နှလုံးသွင်းဆင်ခြင်ရင်း တွေးမိနေတာက နောင်တစ်ခေတ် လူကြီးအဖြစ်နဲ့ တိုင်းပြည်ကို စီရင်ဖန်တီးမယ့် ယနေ့လူငယ်တွေဟာ ကိုယ်၊ စိတ်၊ နှလုံး စွမ်းရည်ပြည့်ဝဖို့လိုတယ်။ ဒါကို လူငယ်အားလုံး လေးလေးနက်နက် ခံယူစေချင်တယ်ဆိုတာပါပဲ။ အားလုံးသဘောတူမှာပါ။

ဒါကြောင့် ကိုယ့်ဘဝတိုးတက်ရေး ကိုယ့်အပေါ်မှာ မူတည်ပါတယ်ဆိုတာကို လူငယ်ထုကြီးတစ်ရပ်လုံးကို တိတိကျကျ ပြောပြချင်ပါတယ်။ ကိုယ်တိုင် ကြိုးစားကြရမှာပါ။ ဒီစကားကို ဘာဖြစ်လို့ ပြောရသလဲဆိုတော့ ကြိမ်ဖန်များစွာ ကြုံတွေ့နေရတဲ့ ကျွန်မရဲ့ လုပ်ငန်းခွင်ဖြစ်ရပ်ပေါင်းများစွာမှာ ခပ်ဆင်ဆင်တူနေတဲ့ ပြဿနာရင်းမြစ်တွေနဲ့ ရင်ဆိုင်နေရလို့ပါပဲ။

ကျွန်မရဲ့ လုပ်ငန်းလိုအပ်ချက်အရ အင်ဂျင်နီယာ၊ စာရင်းကိုင်၊ မန်နေဂျာ အလုပ်တွေအတွက် အင်တာဗျူး ခဏခဏခေါ်ရပါတယ်။ CV Form လေးကို ကိုင်လာကြတဲ့လူငယ်လေးတွေကို ကျွန်မ အမြဲမေးတတ်တဲ့ မေးခွန်းတစ်ခု ရှိပါတယ်။ သူတို့ရဲ့ CV Form ကို ကြည့်လိုက်တဲ့အခါမှာ ထုံးစံအတိုင်း သင်တန်းဆင်းလက်မှတ်တွေ၊ ဘွဲ့လက်မှတ်တွေကတော့ သက်ဆိုင်ရာဘာသာရပ်အလိုက် တစ်ထပ်ကြီးပါပဲ။ သူတို့ရဲ့ "လုပ်ငန်းအတွေ့အကြုံ" ဆိုတဲ့ နေရာမှာလည်း တကယ့်ကို တစ်ပြုံတစ်မကြီးပါပဲ။ ကုမ္ပဏီကြီး/ငယ်မျိုးစုံက တစ်နှစ်နဲ့ထွက်တာ၊ (၆) လနဲ့ ထွက်တာ။ တချို့တလေများ (၁) လနဲ့ ထွက်လာတာတောင် ပါသေးရဲ့။

CV Form ကို ကြည့်ပြီးတာနဲ့ "အရင်အလုပ်က ဘာဖြစ်လို့ ထွက်ခဲ့တာလဲ" ဆိုတာကို အမြဲပဲ မေးဖြစ်ပါတယ်။ ဒါဆိုရင် သူတို့ ပြန်ဖြေတဲ့ အဖြေတွေက တွေးကြည့်ရင် တကယ့်ကို အနာဂတ်အတွက် ရင်လေးဖွယ်ပါ။

"ထမင်းစားချိန်မှာ ထမင်းစားခွင့်မပေးလို့"

"မန်နေဂျာနဲ့ မတည့်လို့"

"သူဌေးက မျက်နှာလိုက်လို့"

"အတူတွဲလုပ်တဲ့ အင်ဂျင်နီယာချုပ်က ဆူလို့"

"ခွင့်မပေးလို့"

"လစာနည်းလို့"

"အလုပ်ရှင်က တင်စီးတယ် ထင်လို့"

အဲဒီလိုပေါ့လေ။ အကြောင်းပြချက်တွေက မျိုးစုံမှ တကယ့်မျိုးစုံပါပဲ။

အဲဒီတော့ ဒီလိုအကြောင်းပြချက်နဲ့ အလုပ်ထွက်လာပါတယ်ဆိုတဲ့

လူငယ်တွေကို ဘယ်လို အလုပ်ခန့်ကြမလဲ။ သက်ဆိုင်ရာ ဘာသာရပ်မှာ ကျွမ်းကျင်ပါတယ်လို့ ဘယ်လိုယုံကြည်ရမလဲ။ ဒီလိုနဲ့ ခေါင်းခါလိုက်ရတဲ့သူတွေ၊ လုပ်ငန်းခွင်ထဲ ရောက်ခါမှ ပြန်လွှတ်လိုက်ရတဲ့သူတွေ အများကြီးပါ။

ပိုင်ရှင်နေရာကဖြစ်ဖြစ်၊ ဝန်ထမ်းနေရာကဖြစ်ဖြစ် အလုပ်ဆိုတာ စွဲစွဲ မြဲမြဲ ဖွဲ့ရှိရှိလုပ်မှသာ အဲဒီသက်ဆိုင်ရာအလုပ်ရဲ့ အကျိုးအပြစ်၊ အားသာချက်၊ အားနည်းချက်တွေကို တွေ့ရတာမျိုးပါ။ အားသာချက်တွေ့တဲ့အခါ ဒါကို ဆုပ်ကိုင်ထားမယ်။ ဒီထက် ကောင်းနိုင်မယ့် ပြောင်းလဲမှုမျိုးဖြစ်လာအောင် ထပ်အားထုတ်မယ်။ အဲဒီတော့ လုပ်ငန်းက ပိုအသက်ဝင်လာရုံတင်မကဘူး။ ကိုယ့်အစွမ်းအစနဲ့ရလာတဲ့ အောင်မြင်မှုကို ကိုယ်တိုင်ကိုယ်ကျ ခံစားခွင့် ရမယ်။ အဲဒီ ပီတိက ဘာနဲ့မှလဲလို့မရအောင် ချိုမြိန်လွန်းရုံတင်မက ဘဝကိုမောင်းနှင်တဲ့အခါ အခက်အခဲကို ကျော်လွှားရမယ့်၊ ရုန်းကန်ရမယ့် ခံနိုင်ရည်အား ပိုကောင်းလာစေပါတယ်။ ဒါက အတွေ့အကြုံကို အခြေခံပြီး ရလာတဲ့ အောင်မြင်မှုပါ။

အဲဒီ အတွေ့အကြုံဆိုတာ ကိုယ်ကိုယ်တိုင် အားထုတ်ရတာမျိုးပါ။ မိဘရဲ့ အရှိန်ပါဝါနဲ့လည်း မရနိုင်သလို ငွေနဲ့ ဝယ်လို့လည်း မရနိုင်ပါဘူး။ ကပ်ဖားရပ်ဖားလုပ်လို့လည်း မရနိုင်ပါဘူး။ တကယ့်ကို ကိုယ့်ရဲ့လူ့အား၊ ဉာဏ်အားသုံးပြီးမှ အတွေ့အကြုံကို ရမှာပါ။

နောက်တစ်မျိုးက "အားနည်းချက်"။ စောစောက ပြောသလို အလုပ်ကို အကွက်စေ့၊ ထောင့်စေ့အောင်လုပ်ရင်း အားနည်းချက်တွေကို တွေ့လာရတဲ့အခါ ပြန်ပြင်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်မှုကလည်း ဘဝကို ထိရောက်အောင်မြင်စေနိုင်တာပါပဲ။ ကိုယ်ဘယ်နေရာမှာ အားနည်းနေလဲ။ လုပ်ငန်းတူ မိတ်ဆွေတွေက ဘယ်လို ကြံစည်စီမံသလဲ။ ကိုယ်က ဘယ်နေရာမှာ ချို့ယွင်းနေလဲ။ ကိုယ့်အတွေးအခေါ် ဘာမှားနေလဲ။ ဒါတွေက အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်မှရနိုင်တဲ့ ကျိုးကြောင်းဆင်ခြင်တွေးခေါ်မှု တွေပါ။

ထပ်ပြောရရင် ပိုင်ရှင်နေရာကရပ်ရပ်၊ ဝန်ထမ်းနေရာဝင်ဝင် လုပ်ငန်း

တစ်ခုရဲ့ အမျိုးအစား၊ သဘာဝ၊ ရပ်တည်မှု၊ ဆက်စပ်လုပ်ငန်းများနဲ့ လုပ်ငန်းရဲ့ တင်းအား၊ တောင့်အား၊ တုံ့ပြန်အားတွေကို "က" ကြီးကနေ "အ" အထိ တိတိပပ သိအောင်လုပ်နိုင်မှ အဲဒီလုပ်ငန်းရဲ့ ကောင်းကျိုး ချမ်းသာကို ပိုင်ဆိုင်နိုင်မှာပါ။ အဲဒီ အောင်မြင်မှုက တစ်နှစ်အတွင်း ခံစား ရမှာလား။ သုံးနှစ်အတွင်းလား။ ဆယ်နှစ်လားဆိုတာကတော့ ကာလ၊ ဒေသ၊ ပယောဂအပေါ် မူတည်ပေမယ့် သေချာတာကတော့ ဘာသာရပ် တစ်ခုမှာ ကျွမ်းကျင်အဆင့်နဲ့ ရပ်တည်လာနိုင်တဲ့အခါ ကျွမ်းကျင်မှုကို ပတ်ဝန်းကျင်က တလေးတစား အသိအမှတ်ပြုခံလာရတယ်ဆိုတာပါပဲ။ စောတာနဲ့ နောက်ကျတာပဲ ကွာပါလိမ့်မယ်။

ကျွန်မတို့အတွက် အဓိက ရင်းနှီးမြှုပ်နှံမှုက အချိန်ပါ။ အချိန်ပေး ရပါမယ်။ ကျွန်မနဲ့ နီးစပ်တဲ့ အင်ဂျင်နီယာလောကအကြောင်း ပြောချင်ပါ တယ်။ အရင်တုန်းက YIT လို့ခေါ်တဲ့ ကြို့ကုန်းစက်မှုတက္ကသိုလ်ကျောင်း သားတွေက နှစ်ပြည့် (၆) နှစ်တိတိ ပညာသင်ကြရပါတယ်။ ကျောင်းပြီးတဲ့ အခါ BE ဘွဲ့ပေးပြီး အလုပ်ဝင်တာနဲ့ လုပ်သက်အတော်အသင့်ရရင် အကြီး တန်း အင်ဂျင်နီယာအဖြစ် အမှုထမ်းကြရပါတယ်။

အရင် ကြို့ကုန်း တက္ကသိုလ်ကထွက်တဲ့ YIT ဘွဲ့ရ အင်ဂျင်နီယာ ကြီးတွေ ကမ္ဘာတစ်လွှားမှာ တာဝန်ကြီးကြီး ယူထားသူတွေ အများကြီးပါ။ နောက် အင်းစိန်မှာ စက်မှုလက်မှုသိပ္ပံဆိုပြီး (၃) နှစ်သင်၊ သင်တန်းဆင်းတာနဲ့ AGTI ဘွဲ့ပေးပါတယ်။ အငယ်တန်းအင်ဂျင်နီယာတွေ ဖြစ်ကြပါတယ်။

ပညာသင်ယူသက် (အချိန်) ကွာခြားသလို ပညာသိနှုန်းကွာတဲ့ အတွက် တာဝန်ယူရတာကွာပြီး ခံစားခွင့် ကွာပါတယ်။ ရိုးရိုးရှင်းရှင်း လေးပါ။

တိုင်းပြည်တည်ဆောက်ရေးမှာ တိုက်ရိုက်တာဝန်ယူရတဲ့ အင်ဂျင် နီယာတွေက အရည်အချင်းပြည့်ဝပြီး တကယ်တတ်၊ တကယ်တော်၊ တကယ်သိတဲ့ အင်ဂျင်နီယာတွေဖြစ်မှ မြန်မာနိုင်ငံ လှပခေတ်မီတဲ့နိုင်ငံ ဖြစ်မှာပါ။ အင်ဂျင်နီယာတွေ စံနှုန်းမမီရင် အုတ်ပုံကြားက မြန်မာနိုင်ငံကြီး ဖြစ်သွားပါလိမ့်မယ်။

ဒါက နမူနာပြောတာပါ။ မန်နေဂျာလည်း မန်နေဂျာအလျောက်၊ စာရင်းကိုင်လည်း စာရင်းကိုင်အလျောက်၊ ဆရာဝန်၊ သူနာပြုဆရာမ၊ ကျောင်းဆရာမ အစရှိသဖြင့်ပေါ့လေ အားလုံးသော ဝန်ထမ်းလူငယ်တွေဟာ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းပေါ် စိတ်ရှည်လက်ရှည် သည်းခံပြီး သင်ယူလေ့ကျင့်အချိန်ပေးသင့်ပါတယ်။

နောက် ကျွန်မရဲ့ ဖြစ်ရပ်မှန်ကိုယ်တွေ့ကလေးကို ချပြပါ့မယ်။ နေပြည်တော်၊ သပြေကုန်းဈေးမှာ "လဝန်းဖြူ" ဆိုတဲ့နာမည်နဲ့ စာအုပ်နဲ့ စာရေးကိရိယာအရောင်းဆိုင်လေးတစ်ဆိုင် ဖွင့်ထားပါတယ်။ ဆိုင်မှာ တာဝန်ခံ မောင်နှမနှစ်ယောက်ကို ကွန်ပျူတာစာရင်းကိုင်က ၁၂၀၀၀ဝိ/- နဲ့ အရောင်းစာရေး ၁၀၀၀၀ဝိ/- ပေးပြီး ဆိုင်တစ်ခုလုံး အပ်ထားပါတယ်။ အပေါ်ထပ်မှာပဲ သူတို့နေဖို့ အခန်းပေးထားပြီး ရေ၊ မီး၊ ဖုန်း၊ အဲယားကွန်း အားလုံး အပြည့်အစုံပါ။ အဆောင်လခ၊ ရေ၊ မီး၊ ခရီးစရိတ် မကုန်ဘဲ သူတို့ စားတာလေးတစ်ခုပဲ သူတို့လခထဲက ကုန်ကျရတာပေါ့။ (ရေသန့်ဘူးတောင် ရေအလှူဆိုပြီး ဆိုင်ဝန်ဆောင်စရိတ်ထဲ ထည့်ခိုင်းထားတာကိုး)

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှာ သူတို့အလုပ် စဝင်တဲ့ ဩဂုတ်လအတွက် ဖုန်းဘီလ်ထွက်လာတော့ ၃၅၀၀၀ ကျပ် ကျသင့်ပါတယ်။ ကျွန်မဆီကလွဲရင် ဘယ်ကိုမှ ဆက်သွယ်စရာမရှိတဲ့၊ ဆက်သွယ်စရာမလိုတဲ့ ဖုန်းတစ်လုံးရဲ့ ဖုန်းဘီလ်ကို လက်ခံနိုင်စရာမရှိလို့ ၂၀၀၀ဝိ/- ဖြတ်လိုက်ပါတယ်။ (၁) ရက်နေ့ လစာထုတ်ပြီး (၂) ရက်နေ့ နေ့လယ်မှာ ကျွန်မဆီ ဖုန်းဆက်ပါတယ်။ နေပြည်တော်ကနေ ရန်ကုန်ကို ဆက်တာပါ။

"အခု ချက်ချင်း လွှဲပြောင်းလက်ခံလာလုပ်ပါ။ မလုပ်ရင် ဆိုင်ပိတ်ပြီး ထွက်သွားမယ်" တဲ့။ သူတို့လုပ်သက် (၃) လ မပြည့်ပါဘူး။ ငါရှိမှ ဖြစ်မယ်၊ ငါ့စကား နားထောင်ရမယ်ဆိုတဲ့ "မာန်"က ဘဝကို ပျက်စီးဆုံးရှုံးစေမှာပါ။ ချက်ချင်းမလာနိုင်ကြောင်း၊ သတ္တိရှိရင် ဆိုင်ပိတ်ပြီးထွက်သွား၊ ဖြစ်သမျှပြဿနာ ရင်ဆိုင်ဖို့ပဲ အကြောင်းပြန်ပြီး ၁၂-၁၂-၂၀၁၁ မှာ လူသစ်တွေနဲ့ လွှဲပြောင်းလက်ခံလုပ်လိုက်ပါတယ်။ အမျိုးအမည်များတဲ့ စာရေးကိရိယာတွေ၊ စာအုပ်တိုက်ကြီး (၃၃) တိုက်က ပို့ထားတဲ့ စာအုပ်ပေါင်း

၆၀၀၀ ကျော်၊ ဒါတွေကို တစ်ခုချင်းစာရင်းနဲ့ မြေပြင် တိုက်ဆိုင်စစ်ဆေးခြင်း မလုပ်ဘဲ ထွက်သွားကြတာပါ။

ရှိင်းစိုင်းတဲ့ အပြောအဆိုတွေကို လက်သင့်မခံနိုင်လို့ ဘာမှမပြောဘဲ ဒီအတိုင်း လက်ခံလိုက်ပါတယ်။ ကျွန်မ မကျေနပ်လို့ ရဲတိုင်မယ်၊ ပြဿနာရှာမယ်ဆိုရင် သူတို့ မလွဲမသွေ ဖြေရှင်းရင်ဆိုင်ရမှာပါ။ (တာဝန်ခံနေရာမှာ သုံးလလောက် လက်မှတ်ထိုး ငွေသွင်း၊ ငွေထုတ်လုပ်ခဲ့ပြီး စာရင်းမအပ်ဘဲ စိန်ခေါ်ပြီး ထွက်သွားတဲ့ ဝန်ထမ်းတစ်ယောက်ကို ပိုင်ရှင်ဖြစ်သူက ဘာလုပ်လို့ ရသလဲ၊ ဘယ်လိုတုံ့ပြန်လို့ရသလဲ၊ အားလုံးသိပြီး ဖြစ်မှာပါ)

လွယ်လွယ်ကလေးပါ။ တကယ်လျော့နည်းနေတဲ့ ပစ္စည်းတွေအတွက် ရဲစခန်းမှာ တိုင်ချက်ဖွင့်လို့ ရပါတယ်။ ကျွန်မ မလုပ်ခဲ့ပါဘူး။ လူငယ်တွေရဲ့ အပြစ်ကို ခွင့်မလွှတ်ဘဲ ဘဝအထိနာစေမယ့် ရဲတိုင်တဲ့အလုပ်ကို ကျွန်မ မလုပ်နိုင်ပါဘူး။ သံသရာမရှည်ချင်သလို သူတို့ရိုင်းတိုင်း ကျွန်မ မရိုင်းနိုင်ပါဘူး။ ဒါ ကျွန်မရဲ့ သမိုင်းပါ။ သူတို့သမိုင်းက သူတို့ ရေးပြီးကြပါပြီ။ နောက် မကြာပါဘူး။ အလုပ်လုပ်ညှိုရှာနေတဲ့သတင်း ကျွန်မဆီ ရောက်လာပါတယ်။ သူတို့ဆိုင်မှာနေတုန်း ခင်မင်ခဲ့တဲ့ နေပြည်တော်စည်ပင်က အရာရှိတွေက ကျွန်မကို လာပြန်ပြောတာပါ။

အဆုံးသတ်အနေနဲ့ ပြောရရင် အလုပ်ဝင်တယ်။ အလုပ်က ထွက်ကြတယ်။ ဘာဖြစ်လို့လဲ။ လက်ညှိုးတွေ ထိုးနေကြတယ်။ ရှုထောင့်ပေါင်းစုံကို လက်ညှိုးထိုးတာပါ။ သူများကို လက်ညှိုးထိုး အပြစ်ရှာတယ်ဆိုတာ ကိုယ့်အပြစ်ကို သက်သာစေလို၊ ဖုံးကွယ်စေလိုတဲ့အတွက်လို့ ကျွန်မ မြင်ပါတယ်။

ကိုယ့်ဘဝအတွက် ကိုယ်ကြိုးစားကြတဲ့ အပြိုင်အဆိုင်ခေတ်ကြီးထဲမှာ သူများကို လက်ညှိုးထိုးနေမယ့်အစား-

ဖြစ်သမျှ တာဝန်ရှိပါတယ်ဆိုပြီး တာဝန်ယူလိုက်ကြစမ်းပါ။

ပြန်ပြင်ဆင်လိုက်ကြစမ်းပါ။

သတ္တိတွေ၊ ခံနိုင်ရည်တွေ မွေးလိုက်ကြစမ်းပါ။

အားတင်းလိုက်စမ်းပါ။ လေ့ကျင့်ကြစမ်းပါ။

သည်းခံနိုင်စွမ်းတွေကို ကိုယ့်ဘဝတက်လမ်း အောင်မြင်ဖို့အတွက် အသုံးချလိုက်စမ်းပါ။

အောင်မြင်မှုဆိုတာ လွယ်လွယ်နဲ့ မရပါဘူး။ ကိုယ်ပိုင်အရည်အချင်း မရှိဘဲ လောကအလယ်မှာ ထောင်လွှားနေသူ တချို့က "အောင်မြင်သူ" တွေ မဟုတ်ဘဲ "ရေသာခို အချောင်သမားတွေ" ပဲ ဖြစ်နေတာကို သတိပြုပြီး သူတို့နဲ့နှိုင်းလို့ စိတ်ဓာတ်ကျဖို့ မလိုပါကြောင်း သတိပေးလိုက်ချင်ပါတယ်။

ကိုယ်ပြင်ဆင်ဖို့ မတတ်နိုင်တဲ့ လူ့လောကဥပဒေတွေ၊ ဖြစ်ပျက်ပြောင်းလဲနေမှုတွေ၊ ကြီးနိုင်ငယ်ညှဉ်းမှုတွေ အပါအဝင် အကြောင်းအရာတိုင်းကို လက်ညှိုးထိုး တရားခံရှာနေမယ့်အစား ကိုယ့်ကိုယ်ကိုယ် ဘက်ပေါင်းစုံကတော်တည့်မှန်ကန် ကျွမ်းကျင်လိမ္မာသူတွေဖြစ်အောင် ကြိုးစားလိုက်စမ်းပါ။ သင်ယူလို့ မကုန်နိုင်အောင် ကြီးမားကျယ်ပြန့်တဲ့ ပညာရပ်တစ်မျိုးမျိုးကို တစ်ဖက်ကမ်းခပ်တတ်ကျွမ်းတဲ့အထိ အချိန်ပေးသင်ယူစမ်းပါလို့ လေးလေးစားစား အကြံပြုရင်း လက်ညှိုးတွေ ပြန်သိမ်းလိုက်ဖို့ လေးလေးနက်နက် တိုက်တွန်းလိုက်ရပါတယ်။

အဖြူရောင် (ရွှေ)

၂၄-၂-၂၀၁၂

- အိမ်ရှေ့မင်းက အကဲခတ်ကြည့်ရင်း မျက်စိတစ်ဖက် စောင်းနေသယောင်ပါလားဆိုတော့ ဒီမျက်စိမျိုးရှိတဲ့သူက နှစ်နေရာကို တစ်ပြိုင်နက် ကြည့်ရှုနိုင်တာမို့ အရှင့်အမှုတော်သာမက တိုင်းပြည်အရေးကိုပါ တစ်ပြိုင်နက် ကြည့်နိုင်ပါမယ်လို့ လျှောက်တင်တယ်။

- မောင်ရစ်ရဲ့ မလျှော့သောဖွဲလုံ့လဝီရိယနဲ့ အခြေအနေနဲ့ အချိန်အခါအပေါ် ကောင်းစွာ အသုံးချနိုင်ခဲ့မှုတွေက ဘဝရဲ့ အထွတ်အထိပ်ကို ရောက်ရှိစေခဲ့တယ်။ မောင်ရစ် အကြောင်း ရေးကြပြောကြတဲ့အခါတိုင်း တပ်စခန်း တစ်နေရာမှာ ရန်သူ အင်္ဂလိပ်စစ်ဗိုလ် ဆတန်လီဘာရု(ခ်)ကတောင် တလေးတစား အလေးပြုနေရတဲ့ အင်္ဂလိပ်ပန်းချီဆရာ ဒဗလျူအိပ်(ချ်) အိုဟာရမ်ရေးဆွဲတဲ့ပုံကို ဂုဏ်ယူဝင့်ကြွားစွာ ရည်ညွှန်း ပြောဆိုလေ့ ရှိကြပါတယ်။

# သမိုင်းထဲက သင်ခန်းစာ

**တင်နိုင်တိုး**

သမိုင်းထဲက သင်ခန်းစာယူစရာတွေ အများကြီးပါပဲ။ အဲဒီ သင်ခန်းစာပေါင်းများစွာထဲက သာမန် အညတရတောသားကလေး ဘဝကနေ လွှတ်တော်မှာ အမြင့်ဆုံးဆိုတဲ့ ရာထူးကြီးအထိ တက်လှမ်းနိုင်ခဲ့တဲ့ မြန်မာလူငယ်တစ်ယောက်ရဲ့အကြောင်းက အားကျစရာ၊ အတုယူစရာ ကောင်းလှပါတယ်။ အဲဒီလူငယ်ကလေးရဲ့ နာမည်က မောင်ရစ်လို့ ခေါ်တယ်။

မောင်ရစ်ကို အထက်အညာဒေသ ဗဒုံစီရင်စုနယ်ထဲက ပန်းရင်းဆိုတဲ့ ရွာကလေးမှာ မွေးဖွားခဲ့တယ်။ သူ့ရဲ့မိဘတွေက နှမ်းစိုက်ပျိုးတဲ့ သာမန်လက်လုပ်လက်စား လယ်သမားတွေပါပဲ။ နှမ်းခင်းကလေးကို ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးရင်း ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်ရသူတွေပါ။ မောင်ရစ်ကို မွေးပြီး ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပဲ မောင်ကလေး၊ မောင်မြတ်ဝေ၊ မောင်မြတ်နေ၊ မတုတ်တို့ကို မွေးတော့ ကလေးတွေကများစီးပွားရေးက အဆင်မပြေနဲ့ မောင်ရစ်အဖို့ ကလေးဘဝကတည်းက အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။

မောင်ရစ်ရဲ့အဖေ လယ်သမားကြီး ကိုပေါက်တောက ဆင်းရဲကျပ်တည်းပေမယ့် မောင်ရစ်ကိုတော့ ပညာတတ်ကလေး ဖြစ်စေချင်တယ်။ ဒါကြောင့်လည်း မောင်ရစ် ခုနစ်နှစ်သားအရွယ်မှာ အုန်းပွဲငှက်ပျောပွဲ ရွက်ပြီးငါးဆောင်ကျောင်းဆရာတော်ဆီ သွားအပ်ပေးခဲ့တယ်။ ငါးဆောင်ကျောင်းက

ဘုန်းကြီး ဦးဖွယ်ဆိုတာကလည်း စည်းကမ်းကြီးပါဘိ။ စာအသင်အပြက လည်းကောင်းဆိုတော့ မောင်ရစ်အဖို့ ပညာတွေ အများကြီး ရတာပေါ့။

လယ်သမားကြီး ကိုပေါက်တောက သားကြီး မောင်ရစ်ကိုသာ ပညာတတ်စေချင်တာ မဟုတ်ဘူး။ အရွယ်ကလေးရတော့ သားလတ် မောင်ကလေးကိုလည်း စာတတ်ပေတတ် ဖြစ်စေချင်တယ်။ ဒါကြောင့် ငါးဆောင်ကျောင်းမှာ ရှင်သာမဏေဝတ်ရင်း စာသင်စေပြန်တယ်။ ညီအစ်ကို နှစ်ယောက် ဘုန်းကြီးဦးဖွယ်ဆီမှာ စာသင်နေကြတုန်း ဘဝက တစ်ဆစ်ချိုး ပြောင်းလဲသွားတယ်။ မောင်ရစ် ၁၁ နှစ်သားအရွယ်မှာ ဖခင်ကိုပေါက်တော ကွယ်လွန်သွားလို့ပဲ ဖြစ်ပါတယ်။

ဘုန်းကြီးဦးဖွယ်ကိုယ်တိုင်က ဉာဏ်ထက်မြက်တဲ့ မောင်ရစ်ကလေး ကို တစ်နေ့ ထွန်းပေါက်မယ့်သူဆိုပြီး စာကြိုးစားသင်အံစေပေမယ့် အခြေ အနေက ပြောင်းလဲသွားတယ်။ မောင်ရစ်ရဲ့ စိတ်ကူးယဉ်အိပ်မက်လည်း ပျက်သွားရတော့တာပေါ့။ ဖခင်ဆုံးတော့ မိခင်မုဆိုးမကြီးနဲ့ မောင်နှမတွေကို ကျွေးမွေးပြုစုဖို့ မောင်ရစ် ဘုန်းကြီးဦးဖွယ်ကျောင်းကို ကျောခိုင်းလိုက်ရ တော့တယ်။ မောင်ရစ်က အပြင်မှာ ဖခင်လက်ငုတ်နှမ်းခင်းကလေးကို ထွန်ယက်စိုက်ပျိုးရင်း ဆက်လက်စီးပွားရှာတယ်။ ဒါပေမဲ့ ဒီအလုပ်က သူ့အတွက် မကြီးပွားနိုင်ဘူး။ စားရုံသောက်ရုံလောက်ပဲ ရမယ်ဆိုတာ တွက်ဆမိလာတယ်။

အလုပ်ကောင်းကောင်းရချင်ရင်တော့ မင်းနေပြည်တော်ကို တက်မှ ရမယ်။ နောက်ဆုံး မိခင်မုဆိုးမကြီးကို ခွင့်ပန်ပြီး မောင်ရစ် မင်းနေပြည်တော် အမရပူရကို တက်သွားတယ်။ မောင်ရစ်ရဲ့ အသက်က နှစ်ဆယ်ကျော် လောက်ပဲ ရှိသေးတယ်။ အရာရာကို ရင်ဆိုင်ဆုံးဖြတ်ဖို့ အခြေအနေက စိန်ခေါ်နေပြီ။ မောင်ရစ်က မင်းနေပြည်တော်ထဲရောက်ဖို့ နန်းတွင်းထဲ ဝင်နိုင်ဖို့ ကြံတယ်။ အကောင်းဆုံးက သူတို့အဘိုးလို့ဆိုတဲ့ တံခါးနီတော်မှူး ဦးအောင်ရ နဲ့ တွေ့ဖို့ပဲ။

မောင်ရစ်က တံခါးနီတော်မှူးနဲ့တွေ့ပြီး အခြေအနေကို ပြောပြတယ်။ ဦးအောင်ရက အိမ်ရှေ့စံရွှေတောင်မင်းသားကြီးကို လျှောက်တင်ကြည့်မယ်။ လက်ခံရင်တော့ မင်းမှုထမ်းအဖြစ် သူကောင်းပြုမှာပေါ့လို့ ဆိုတယ်။ အိမ်ရှေ့

မင်းသားကြီးနဲ့တွေ့ဆုံဖြစ်တော့ နှမ်းခင်းထဲမှာ ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့ရလို့ ခွန်အားဗလ တောင့်တောင့်တင်းတင်းဖြစ်နေတဲ့ မောင်ရစ်ကို ကြည့်ပြီး ချက်ချင်းသဘောကျသွားတယ်။ စာဘက်ပေဘက်မှာ ဝါသနာထုံလှတဲ့ မောင်ရစ်ဟာ အိမ်ရှေ့အိမ်တော်စောင့် မင်းမှုထမ်းဖြစ်လာတယ်။ ဒီတော့လည်း စားခုတ်၊ လှံထိုးတွေ လေ့ကျင့်ရတော့တာပေါ့။ မကြာပါဘူး အလုပ်ကို တန်ဖိုးထားလေးစားတတ်တဲ့ မောင်ရစ်ကြောင့် အိမ်ရှေ့အိမ်တော်မှာ ရှေးယခင်ကနဲ့မတူ ဘီလူးစောင့်လျက်ရှိနေပြီလို့ ပြောသံဆိုသံတွေ ထွက်ပေါ်လာတော့တယ်။

မောင်ရစ်က သွက်လက်တယ်။ သူ့ကိုခိုင်းရင် တာဝန်ကျေတယ်။ ပြီးတော့ အိမ်တော်အမှုထမ်းအားလုံးနဲ့လည်း အဆင်ပြေတယ်။ ကြာတော့ အိမ်ရှေ့အိမ်တော်မှာ မောင်ရစ်မှ မောင်ရစ် ဖြစ်လာတယ်။ တစ်နေ့ အိမ်ရှေ့မင်းက မောင်ရစ်ကို ရှေ့တော်ခေါ်သွင်းပြီး တရင်းတနှီး တွေ့ဆုံတယ်။ အိမ်ရှေ့မင်းက အကဲခတ်ကြည့်ရင်း မျက်စိတစ်ဖက် စောင်းနေသယောင် ပါလားဆိုတော့ ဒီမျက်စိမျိုးရှိတဲ့သူက နှစ်နေရာကို တစ်ပြိုင်နက် ကြည့်ရှုနိုင်တာမို့ အရှင့်အမှုတော်သာမက တိုင်းပြည်အရေးကိုပါ တစ်ပြိုင်နက် ကြည့်နိုင်ပါမယ်လို့ လျှောက်တင်တယ်။ အိမ်ရှေ့မင်းက မောင်ရစ်ရဲ့အဖြေကို သဘောကျသွားလို့ ကိုယ်ရံတော်အဖြစ် တိုးမြှင့်ပေးတယ်။

မောင်ရစ် အသက် ၂၇ နှစ်အရွယ်မှာ အိမ်ရှေ့စံရွှေတောင်မင်းသားကြီး နတ်ရွာစံလွန်ပြီး သားတော်စစ်ကိုင်းမင်းသား အိမ်ရှေ့မင်း ဖြစ်ပါတယ်။ အသစ်တက်လာတဲ့ အိမ်ရှေ့မင်းလက်ထက်ရောက်တော့ မောင်ရစ်ကို အရင် အိမ်ရှေ့မင်းလို မြှောက်စားချီးမြှင့်ခြင်း မပြုတော့ဘူး။ အကြောင်းမသိသေးလို့လည်း ဖြစ်မှာပေါ့။ ဒီတော့ မောင်ရစ် စဉ်းစားရပြီ။ သူ့ကို အသိအမှတ်ပြုအောင် အလေးဂရုပြုအောင် ဘာလုပ်မလဲ။

တစ်နေ့ အိမ်ရှေ့အိမ်တော်မှာ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားရှိနေခိုက် မောင်ရစ်က အမှုထမ်းငယ်တစ်ယောက်ကို ရုတ်တရက် ထပြီး ထုရိုက်လိုက်တယ်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး မောင်ရစ် အိမ်ရှေ့မင်းရှေ့တော်မှောက် ရောက်သွားတာပေါ့။ ဒီတော့မှ မောင်ရစ်က သူ အမှုတော်ကို သက်စွန့်ဆံဖျား ကြိုးပမ်းထမ်းရွက်လာခဲ့တာ ကြာပြီ။ ထင်ထင်ပေါ်ပေါ်

မရှိ၊ ချီးမြှောက်ခံရတာမျိုး မရှိလို့ အရှင့်ရှေ့တော်မှာ ထင်ပေါ်လိုလို့ ဒီလို ပြုမူရကြောင်း ရဲရဲဝံ့ဝံ့လျှောက်တင်လိုက်တယ်။

မောင်ရစ်ရဲ့ လျှောက်ထားမှုကြောင့် အိမ်ရှေ့စံ စစ်ကိုင်းမင်းက သဘောကျပြီး သူ့ကို အိမ်ရှေ့သံတော်ဆင့်အရာ ပေးအပ်ခဲ့တယ်။ (တချို့ စာအုပ်တွေမှာလည်း ဗြဲတိုက်သံတော်ဆင့်ရာထူး ရတယ်လို့ဆိုတယ်။) ဘာပဲ ဖြစ်ဖြစ် မောင်ရစ်အတွက် အခွင့်အလမ်းက လမ်းပွင့်သွားပါပြီ။ မကြာမီ မောင်ရစ် သံတော်ဆင့်ရာထူးရတယ်။ သံတော်ဆင့်ရာထူးကနေ ဒီပဲယင်း မြို့ဝန် တက်ဖြစ်တယ်။ အဲဒီမှာ မောင်ရစ်အတွက် အထက်ကို တက်လှမ်း နိုင်ဖို့ အခွင့်အခါ ကြုံလာပြန်တယ်။

မဏိပူရနယ်မှာ နန်းလုပွဲဖြစ်လို့ ရာထူးလက်လွှတ်ခံရသူ စော်ဘွားက မြန်မာဘုရင်ထံ စစ်ကူတောင်းခံလာတယ်။ မြန်မာဘုရင်က တပ်တွေ စေလွှတ်တဲ့အခါ ဒီပဲယင်းမြို့ဝန် မောင်ရစ်က တပ်တစ်တပ်ကို အုပ်ချုပ်ရင်း လိုက်ပါရတယ်။ အဲဒီတိုက်ပွဲတွေမှာ ဒီပဲယင်းမြို့ဝန် မောင်ရစ် နာမည်ရခဲ့ တယ်။ နောက်တစ်ခေါက် အာသံတိုက်ပွဲဖြစ်တော့ မောင်ရစ်က ဒီပဲယင်း မြို့ဝန်ရာထူးနဲ့ပဲ လိုက်ပါစစ်မှုထမ်းရပြန်တယ်။ ဒီတစ်ခါ အာသံတိုက်ပွဲ အပြန် မောင်ရစ်တို့အဖွဲ့ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်နိုင်ခဲ့လို့ အလုံမြို့ဝန်ရာထူး တိုးမြှင့်ခန့်အပ်ခဲ့ရတယ်။ အဲဒီနောက်ပိုင်းလည်း အာသံ မဏိပူရတွေကို စစ်ထွက်ရသေးတယ်။

စစ်ကိုင်းမင်းလို့ခေါ်တဲ့ ဘကြီးတော်မင်းလက်ထက်မှာပဲ မောင်ရစ် မင်းကြီး မဟာဗန္ဓုလဘွဲ့ ရတယ်။ အာသံစစ်မြေပြင်မှာ အောင်ပွဲရခဲ့တဲ့ မောင်ရစ်ဟာ စစ်ပွဲအပြန်မှာပဲ လွှတ်တော်မှာ အမြင့်ဆုံးဖြစ်တဲ့ ဝန်ကြီး ရာထူးခန့်အပ်ခံခဲ့ရတယ်။ မကြာပါဘူး 'သတိုး' ဘွဲ့ထပ်ရတာမို့ စစ်တောင်း မြို့စားဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလရယ်လို့ အမည်ကျော်ကြားခဲ့တယ်။ မောင်ရစ်ဟာ ဝန်ကြီးရာထူးရပေမယ့် ဘဝင်မြင့်မသွားဘူး။ သူ့စိတ်ထဲမှာ တိုင်းပြည်ကိုကာကွယ်ဖို့၊ ရန်ပြုလာတဲ့ ရန်စွယ်ဟူသမျှကို ချေမှုန်းဖို့ပဲ သိတယ်။

မကြာမီ ရှင်မဖြူကျွန်းပိုင်ဆိုင်မှု ပြဿနာကို အကြောင်းပြုပြီး အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့တယ်။ စစ်ပွဲဖြစ်စက မောင်ရစ်တို့

တပ်တော် အနောက်မြောက်ပိုင်း စစ်မျက်နှာမှာ ရှိနေကြတယ်။ ဗြိတိသျှတပ်တွေက ရေကြောင်းကဝင်ပြီး ရန်ကုန်ကို ရုတ်တရက် သိမ်းလိုက်လို့ ပြန်ခေါ်တော့ ဗမာ့တပ်မတော်ကို အုပ်ချုပ်ပြီး ရခိုင်ရိုးမကို ဖြတ်ကျော်ရင်း ရန်ကုန်ကို ခရီးကြမ်းနှင်ခဲ့ကြရတယ်။ အဲဒီတုန်းက မောင်ရစ်က မိုးမိုး ဝန်ကြီးရာထူးနဲ့ မဟုတ်တော့ဘူး။ ဗိုလ်မှူးရာထူးပါ တွဲဖက်ပြီး ဗိုလ်မှူး ဝန်ကြီး ဖြစ်နေပြီ။

ရန်ကုန်မှာ တိုက်ပွဲတွေ ပြင်းပြင်းထန်ထန် ဖြစ်ပွားပြီး မောင်ရစ်တို့ တပ်ဆုတ်ကြရတယ်။ နောက်ဆုံး ဓနုဖြူခံတပ်တိုက်ပွဲမှာ ရန်သူကို မရှောဘဲ မြန်မာခံတပ်ကို အုပ်ချုပ်ကွပ်ကဲနေရင်း ဗိုလ်မှူးဝန်ကြီး သတိုးသုခမ္မမဟာ ဗန္ဓုလဘွဲ့ခံ မောင်ရစ်ကျဆုံးသွားတယ်။ သူက ကွယ်လွန်သွားသည့်တိုင် နာမည်ကျန်ရစ်နေဆဲပါပဲ။ သာမန်အရပ်သား လူငယ်တစ်ယောက်အဖြစ်က နေ ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်လာခဲ့တဲ့ မောင်ရစ်ရဲ့ ဘဝ ခရီးလမ်းက ကြမ်းတမ်း ခက်ထန်လှတယ်။

မောင်ရစ်ရဲ့ မလျှော့သောဇွဲလုံ့လဝီရိယနဲ့ အခြေအနေနဲ့ အချိန်အခါ အပေါ် ကောင်းစွာ အသုံးချနိုင်ခဲ့မှုတွေက ဘဝရဲ့ အထွတ်အထိပ်ကို ရောက်ရှိ စေခဲ့တယ်။ မောင်ရစ်အကြောင်း ရေးကြပြောကြတဲ့အခါတိုင်း တပ်စခန်း တစ်နေရာမှာ ရန်သူ အင်္ဂလိပ်စစ်ဗိုလ် ဆတန်လီဘရု(ခ်)ကတောင် တလေးတစား အလေးပြုနေရတဲ့ အင်္ဂလိပ်ပန်းချီဆရာ ဒဗလျူအိပ်(ချ်) အိုဗာရမ်ရေးဆွဲတဲ့ပုံကို ဂုဏ်ယူဝင့်ကြွားစွာ ရည်ညွှန်းပြောဆိုလေ့ ရှိကြပါ တယ်။

**တင်နိုင်တိုး**

<u>စာကိုး</u>

၁။ မြန်မာသူရဲကောင်း (သတင်းစာဆရာ ဦးသိမ်းမောင်)
၂။ စစ်သူကြီး မဟာဗန္ဓုလ (မောင်ခေတ်ထွန်း)

■ ထူးခြားသည်က လက်ကလေးပိုက်ထားသော ကျောင်းသားကလေးတစ်ယောက်သည် ခေါင်းကို ငုံ့ကာ စာသင်ခန်းထဲမှ တစ်လှမ်းချင်း ထွက်ခွာသွားခြင်းပင် ဖြစ်သည်။ မကြာပါ။ တိုင်ပင်မထားသော်လည်း အခြားသော ကျောင်းသူ ကျောင်းသားကလေးများသည်လည်း ရှေ့က ကျောင်းသားငယ်နည်းတူ လက်ကလေးပိုက်လျက် အခန်းပြင်သို့ ငြိမ်သက်စွာ ထွက်ခွာသွားကြလေသည်။ တစ်ယောက်ပြီး တစ်ယောက်။

# မဒီပ်ခင် ဆက်သွားရဦးမယ့် ခရီးမိုင်များစွာ

**မင်းချမ်းမွန်**

အချိန်ကား ၁၉၀၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ နံနက်ခင်း။

နေရာကား ရန်ကုန်ဟိုက်စကူးကျောင်း Rangoon High School ၏ အင်္ဂမတန်းစာသင်ခန်း။ အတန်းပိုင်ဆရာဖြစ်သူ မစ္စတာမတ်သည် စာသင်ခန်းထဲဝင်လာပြီး ခြင်္သေ့တစ်ကောင်လို မားမားမတ်မတ် ရပ်သည်။ ထို့နောက် မိမိရှေ့ဝယ်ရှိ ကျောင်းသူကျောင်းသား လူမမည်ကလေးများကို သားကောင်ငယ်တွေလို ကြည့်ရှုရင်း ပါးစပ်မှ စကားလုံးကျည်တို့ဖြင့် တရစပ် ပစ်ခတ်လေသည်။

'ယနေ့မှစ၍ မောင်မင်းတို့ ကျွန်ုပ်ကို ထိုင်ရှိခိုးကြ၊ အဲသလို ထိုင်ရှိခိုးပြီးမှ ကျွန်ုပ် စာသင်ကြားမယ်။ ဒါဟာ ပညာဝန် မစ္စတာကောက်ရဲ့ အမိန့်ပဲ'

တကယ်တော့ 'ကျောင်းသားများသည် လူမျိုးခြားဆရာများကို လက်အုပ်ချီ နှုတ်ဆက်ရမည်' ဟူသော ပညာမင်းကြီး၏ အမိန့်ကို ချဲ့ကားအကောင်အထည် ဖော်လိုက်ခြင်းပင် ဖြစ်သည်။ စာသင်ခန်းတစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။ တစ်ဦးတစ်ယောက်မျှ တုတ်တုတ်မလှုပ်ကြ။ ပကတိကျောက်ရုပ်တွေအလား။ ထိုအခါ အတန်းပိုင်ဆရာက မေးကြောတင်းလာပြီး 'မောင်မင်းတို့

ဘာလုပ်နေကြသလဲ၊ ကျွန်ုပ်ကို ထိုင်ရှိခိုးကြလေ’ ဟု သတိပေးနှိုးဆော် ပြန်၏။ ဒါလည်း အခြေအနေက ထူးခြားမလာ။ ထူးခြားသည်က လက်ကလေးပိုက်ထားသော ကျောင်းသားကလေးတစ်ယောက်သည် ခေါင်းကိုငုံ့ကာ စာသင်ခန်းထဲမှ တစ်လှမ်းချင်း ထွက်ခွာသွားခြင်းပင် ဖြစ်သည်။ မကြာပါ။ တိုင်ပင်မထားသော်လည်း အခြားသော ကျောင်းသူကျောင်းသားကလေးများသည်လည်း ရှေ့က ကျောင်းသားငယ်နည်းတူ လက်ကလေးပိုက်လျက် အခန်းပြင်သို့ ငြိမ်သက်စွာ ထွက်ခွာသွားကြလေသည်။ တစ်ယောက်ပြီး တစ်ယောက်။

အတန်းပိုင်ဆရာ မစ္စတာမတ်၏ ခံပြင်းမှုဒေါသသည် ငယ်ထိပ်သို့ ရောက်သွားလေပြီပေါ့။ ဒါ...ငါ့ဆရာကိုသာမက ဗြိတိသျှအင်ပါယာကိုပါ အာခံတာပဲ။ အားလုံးကို ကျောင်းထုတ်ပစ်ရမယ်ဟု ကြိမ်းဝါးကာ အသားတွေက တဆတ်ဆတ်တုန်လျက် ရှိသည်။ ထိုအခါ အတန်းထဲမှ ပထမဦးဆုံး ထွက်သွားသော ကျောင်းသားကလေးက ဤသို့ ဆိုလေသည်။

‘ဆရာ...နားနဲ့မနာ ဖဝါးနဲ့နာပါ။ ကျွန်တော်တို့ဟာ ဆရာကို ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားတဲ့ လူမျိုးတွေပါ။ အနန္တောအနန္တငါးပါးထဲ ထည့်ထားကြသူတွေမို့ ကြည်ညိုလေးစားပြီးသားပါ။ ဒါပေမဲ့ ယုံကြည်မှုဆိုတာ အမိန့်ပေး စေခိုင်းလို့မရပါဘူးဆရာ။ ယုံကြည်မှုဆိုတာ ဟောဒီနှလုံးသားထဲက လာတာပါ ဆရာ”

ရင်ဘတ်ကို ကော့ပုတ်ပြရင်း ချက်ကျလက်ကျ ထုချေဖြေရှင်းလိုက်သော ကျောင်းသားလူငယ်ကလေးကို အတန်းပိုင်ဆရာက ရုတ်ခြည်းတုံ့ပြန်ခြင်းငှာ မစွမ်း။ မည်သို့ဆိုစေ ဤသို့ နှုတ်လှံထိုးခြင်းသည်ပင် မှုန်မှုန်ဆန်ဆန် ပုန်ကန်ခြင်း၊ တော်လှန်ခြင်းဟု အနက်အဓိပ္ပာယ် ကောက်ယူလိုက်သဖြင့် ဤပြဿနာသည် ကျောင်းသားမိဘတွေနှင့် ဆရာတွေကြား မီးပွားလို လွင့်စဉ်ကာ ကူးစက်ပြန့်ပွားသွားလေသည်။ သို့ဖြင့် နှစ်ဦးနှစ်ဖက်အတော်ပင် ညှိနှိုင်းဖြေရှင်း ငြိမ်းသတ်လိုက်ရသည့် သမိုင်းဖြစ်ရပ်လေးတစ်ခု အမှန်တကယ် ရှိခဲ့ဖူးပါသည်။

ပထမဦးဆုံး လက်ကလေးပိုက်၍ အခန်းထဲမှ ထွက်သွားသူ၊

မကြောက်တရားဖြင့် မှန်ရာကို ပြောဆိုဖြေရှင်းဝံ့သူ လူငယ်လေးဟာ အဘယ် သူနည်း၊ အခြားသူမဟုတ်ပါ။ မောင်တင်။ နောင်တစ်ချိန်သော ကာလတွင် မြန်မာအမျိုးသားတွေထဲမှ ပထမဆုံး ရန်ကုန်တောလိပ်၌ ပါဋ္ဌိပါမောက္ခ ခန့်အပ်ခံရသူ၊ ၁၉၃၇-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်လာသူ၊ ဆရာကြီး ဦးဖေမောင်တင်ပင် ဖြစ်သည်။ ထို့ကြောင့် လူငယ် ကလေး မောင်တင်သည် မြန်မာ့သမိုင်းတွင် နယ်ချဲ့တို့ ပထမဦးဆုံး ဆန့်ကျင် တော်လှန်ခဲ့သော ကျောင်းသားခေါင်းဆောင်ဟု ဆိုနိုင်ပါသည်။

ပြန်လည်ငဲ့စောင်းကြည့်ပါလျှင် လူငယ်ချာတိတ်ကလေး မောင်တင် သည် ရှစ်တန်းကျောင်းသားဘဝကတည်းက မှန်ရာဘက်ရပ်တည်ကာ ယုံကြည်သည့်အတိုင်း မကြောက်မရွံ့ နောက်မတွန့် တွန်းလှန်ငြင်းဆန် တိုက်ပွဲဝင်ခဲ့သည်။ အောင်မြင်ခဲ့သည်။ သို့ပါသော်လည်း အောင်မြင်မှု၏ အရိပ်ဝယ် မေ့စက်ငိုက်မျှဉ်းမနေ။ ဆိုချင်သည်က ရောက်ရာမှာ ရပ်တန့် မနေဘဲ ရှေ့သို့ ချီတက်ခဲ့သည်။ တတ်အပ်သင်အပ် ဆည်းပူးအပ်သော ပညာရပ်တို့ကို မရပ်မနား သင်ယူ၍ ငယ်ငယ်ရွယ်ရွယ်ဖြင့် အောင်မြင်မှု သရဖူကို ရယူခဲ့တာ တွေ့ရသည်။ အသက် ၂၄ နှစ်အရွယ်မှာပင် မြန်မာ တွေထဲမှ ပထမဦးဆုံး ပါမောက္ခဖြစ်ခဲ့ရုံမက နောင်တွင် ကမ္ဘာ့သိပညာရှင် ကြီးဘဝသို့ ဝင့်ထည်စွာ ရောက်ရှိသွားခဲ့သည်။

အထူးခြားဆုံးကား ဆရာကြီး၏ အတွေးအခေါ် အမြော်အမြင်ပါပဲ။ 'တပည့်တို့...တပည့်ဆိုတာ ဆရာထက် တော်ရမည်။ ဤသို့မဟုတ်လျှင် မိမိတို့ တိုင်းပြည် ဘယ်သောအခါမှ တိုးတက်မည်မဟုတ်။ ထို့ကြောင့် တပည့်တို့အနေဖြင့် ဆရာထက်တော်အောင် ကြိုးစားကြ' ဟူသော ဩဝါဒ နှင့် မိန့်မှာချက်။ မည်မျှထက်မြက်စူးရှ လင်းလက်တောက်ပလိုက်ပါသလဲ။ သို့ဖြင့် တစ်ခေတ်က တပည့်တွေ ဆရာတွေထက် ပိုတော်အောင် ကြိုးစား ရင်း သမိုင်းတာဝန်ကို ကျေပွန်အောင် လက်ဆင့်ကမ်းထမ်းရွက်ခဲ့ကြသည်မှာ အထင်အရှား မဟုတ်ပါလား။

ဤနေရာတွင် ပညာရှင်ကြီး နယူတန်၏ စကားတစ်ခွန်းကိုလည်း

သတိရမှတ်သားဖွယ် ကောင်းပါသည်။ အဘယ်မျှ တန်ဖိုးရှိလိုက်ပါသနည်း။ ကြည့်ပါ။ 'ကျွန်တော်ဟာ ကျွန်တော့်ရှေ့က မျိုးဆက်တွေရဲ့ ပခုံးပေါ် တက်ကြည့်ခွင့်ရခဲ့လို့သာ သူတို့ထက် ပိုဝေးဝေးနဲ့ ပိုကျယ်ကျယ် မြင်နိုင်တာပါ' တဲ့။ ထို့ပြင် လက်တွေ့နယ်ပယ်တွင် 'မာက့်စ်' 'အိုင်စတိုင်း' တို့က 'နယူတန်' ၏ ပခုံးပေါ် တက်ကြည့်ခဲ့ကြသလို နာမည်ကျော် ပညာရှင် 'စတီဗင်ဟော့ကင်း' သည်လည်း 'အိုင်စတိုင်း' ၏ ပခုံးပေါ် တက်ရပ်ကြည့်ခဲ့သည်သာ ဖြစ်သည်။ မိမိတို့ရှေ့က ကြယ်ပွင့်များ၏ ပခုံးပေါ် တက်ရပ်ရင်း ပိုမိုတောက်ပသော အနာဂတ်ကို ခြယ်မှုန်းအလှဆင်ခဲ့ကြသည် မဟုတ်လား။ ဤသို့ဖြင့် အသိပညာ မိုးကုပ်စက်ဝိုင်းသည် ပို၍ပို၍ ကျယ်လွင့်မြင့်မားလာရခြင်း ဖြစ်ပါသည်။

အကယ်၍ မိမိတို့မျိုးဆက်သည် ရှေ့ကမျိုးဆက်ထက် အဘက်ဘက်က နိမ့်ကျနေပါလျှင် မိမိတို့၏ အနာဂတ်ဘဝသည် မည်သို့မျှ သစ်လွင်ဖွံ့ဖြိုးလှပလာမည်မဟုတ်။ တစ်စတစ်စ အနုတ်လက္ခဏာပြကာ ဆုတ်ယုတ်ဆွံ့ပါးမှုဆီသို့ ဦးတည်လျှောကျသွားမည်သာ ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်တို့သည် ဆရာကြီး ဦးဖေမောင်တင် ညွှန်ပြသလို ဆရာထက်တော်သော တပည့် ဖြစ်ရမည်။ တစ်ဆက်တည်း အဖထက်တော်သော၊ လက်ဖောင်းထက်သော 'အတိဇာတ သား' ဖြစ်ရပေလိမ့်မည်။

× × × × ×

ဘဝဆိုတာ ဘာလဲ။

ဤအရာကို စဉ်းစားမိတိုင်း ဆရာကြီး မဟာဂီတ ဦးပြုံးချို၏ 'တေဘုမ္မာ' သီချင်းစာသားများကို သတိရလာမိပါသည်။ ဘဝဆိုတာ သံသရာခရီးတဲ့။ ရှည်လျားထွေပြားမနေမနား တစ်သွားတည်းသွားရတဲ့ခရီး။ နောက်ဆုံးပန်းတိုင်သို့ မရောက်မချင်း တစ်ယောက်ဆင်းတစ်ယောက်တက် ဆက်လက်ထွက်ခွာနေရသည့် ရထားတစ်စီးနှင့်လည်း ပမာနှိုင်းပြု ဖော်ပြခဲ့ပါသည်။

ကျွန်တော့် မိတ်ဆွေတစ်ဦးကတော့ ဒီလို ပြောခဲ့ဖူးသည်။ ကြာတောင့်

ကြာလှပြီ ဖြစ်သော်လည်း အခုထိ ကျွန်တော့်နားထဲ စွဲမြဲစွာ ဝိမြည်နေဆဲ။

'ကျွန်တော်တို့ ဆရာ၊ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) ကျောင်းတုန်းက ပြောခဲ့တာဗျ။ ဘဝဆိုတာ ရေးလက်စဝါကျတစ်ကြောင်း ပါပဲ။ မပြီးဆုံးသေးဘူး။ ပြီးဆုံးအောင် ဆက်ရေးရမှာပဲ' တဲ့။

ကျွန်တော် အလွန်သဘောကျခဲ့သည်။ ပညာရှိကဝိ ဆရာကြီး၏ စကားက ဟိသစ္စ မှန်လိုက်ပါဘိ။ အမိဝမ်းမှ ကျွတ်ကတည်းက ကျွန်တော်တို့သည် မိမိ၏ ဝါကျတစ်ကြောင်းကို စခဲ့သည်။ အရွယ်အသက်နှင့်အမျှ ဆက်၍ဆက်ကာ ရေးခဲ့သည်။ ဒီကနေ့ အထိ မပြီးဆုံးနိုင်သေး။ ထိုဝါကျမှာ သဒ္ဒါအထားအသိုတွေ မှားခဲ့တာလည်း ရှိမည်။ စကားလုံးအသုံး မှန်ကန်၍ လှပဂုဏ်တက်ခဲ့ရတာလည်း ရှိမည်။ စာလုံးပေါင်းမှား၍ အဓိပ္ပာယ်ချော်လွဲကာ သိမ်ငယ်ခဲ့ရတာလည်း ရှိမည်။ ထို့ကြောင့် ဘဝဟူသည် အမှားအယွင်း အချွတ်အချော်မရှိအောင် တည်တည်ငြိမ်ငြိမ်ဖြင့် ပြီးဆုံးသည်အထိ ရေးရမည့် ဝါကျတစ်ကြောင်း။ ဒါကို လူငယ်တွေ ကောင်းကောင်း နားလည်သဘော ပေါက်ကြဖို့ လိုပါသည်။

ပြီးတော့... ဘဝခရီးနှင့် စပ်လျဉ်းသော ရောဘတ်ဖရော့စ်တ် (Robert Frost) ၏ ကဗျာတစ်ပုဒ်အကြောင်းကိုလည်း ပြောပြချင်ပါသေးသည်။ ကဗျာအမည်က "မိုးနှင်းကျညနေခင်း၊ တောတန်းနံဘေးရပ်မိခြင်း" Stopping by woods on a snowy evening။ ဆရာမောင်သာနိုး၏ ဘာသာပြန်အတိုင်း ဖော်ပြပါရစေ။

ဘယ်သူ့တောတန်းလဲ ငါသိတယ် ထင်ပါတယ်
သူ့အိမ်ကတော့ ရွာထဲမှာပါပဲ။
နှင်းဖွေးဖွေး သူ့အပင်တွေကိုကြည့်ရင်း
ဒီမှာ ငါရပ်နေတာကိုတော့ သူမြင်မှာ မဟုတ်ဘဲ။
နှစ်ရဲ့အမှောင်ဆုံး ညနေခင်းမှာ
ရေခဲ ရေအိုင်နဲ့ တောတန်းရဲ့အကြား
အနီးအနား လယ်သမားအိမ်လည်းမရှိဘဲ ရပ်နေတာ
ဆန်းတယ်လို့ ငါ့မြင်းခမျာ ထင်ရှာရော့လား။
ဟုတ်မှ ဟုတ်ရဲ့လား မေးလိုဟန်ထင်ရဲ့

သူ့ခမျာ ကကြိုးချုလေးတွေ လှုပ်ရှာတယ်
တခြား အသံဗလံဆိုလို့ ပေါ့ပါးပါးလေးနဲ့
ငှက်မွေးလို မိုးနှင်းတို့ လွင့်မျောသံပဲ ရှိတယ်။
ညို့ဆိုင်းနက်ရှိုင်းတောတန်းကဖြင့် လှပေသား
ဒါပေမဲ့ ငါ့မှာတည်ရမယ့် ကတိတွေနဲ့ပါလား
မအိပ်ခင် သွားရဦးမယ့် ခရီးမိုင်တွေနဲ့ပါလား
မအိပ်ခင် သွားရဦးမယ့် ခရီးမိုင်တွေနဲ့ပါလား။

ကဗျာက ရိုးရိုးစင်းစင်းလေးပင် ဖြစ်သည်။ မိုးနှင်းတွေ တဖွဲဖွဲ သွန်းကြဲကျဆင်းနေသည့် ဆောင်းတစ်ညနေခင်းတွင် ကဗျာဆရာခမျာ မြင်းလှည်းကလေးမောင်းလျက် တောဘက်ခရီးနှင်ခဲ့ခြင်းပါပဲ။ တောတန်း တစ်ခုအနားရောက်လာသည့်အခါ သစ်ပင်တွေပေါ် မိုးနှင်းဖြူဖြူလေးတွေ ကျဆင်းလိမ်းကျံထားတာကို မြင်လိုက်ရသည်။ အို… သဘာဝရှုခင်း၊ လှလိုက်ပါဘိခြင်း။ ကြည့်လို့ကို အားမရနိုင်။ သို့ဖြင့် မြင်းလှည်းကလေးကို ရပ်ပြီး တမေ့တမော ငေးငူစူးစိုက် ကြည့်နေလိုက်မိတာ ဘာပြောကောင်း မလဲ။ တော်တော်ကြီး ကြာသွားခဲ့သည်။

တကယ်တော့ ဤနေရာက ခေါင်လှဘိခြင်း။ အချိန်ကလည်း မတော်မလျော် ကာလ။ ဒီလိုနေရာမျိုးကား ဖြတ်လို့သာသွားရသည်။ တစ်ချက်ကလေးမျှ ရပ်နားနေဖို့ မသင့်သည့်နေရာ။ ဒါကို လူမပြောနှင့် တိရစ္ဆာန်ပင် သိလို့နေသည်။ ဒါကြောင့် သူ့မြင်းကပင်လျှင် သူ့ဆရာ သခင် လုပ်နေတာ ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်ကာ သတိပေးသည့် အနေဖြင့် ချုလေးတွေကို လှုပ်ပြလိုက်ပါသတဲ့။

တောတန်းက ညို့ဆိုင်းသည်၊ နက်ရှိုင်းသည်၊ လှပသည်။ သို့သော် ညို့ငင်နိုင်အားသော တော၏အလှဝယ် ကြည်နူးငေးမောရပ်ကြည့်နေဖို့ အချိန်မရှိ။ ထားခဲ့သည့် ကတိတွေ၊ ပေးခဲ့သည့်ကတိတွေအတွက် သွားရ မည့်တာဝန်၊ ရှေ့ဆက်ရမည့်ခရီးက ရှိသေးသည်။

မှန်သည်။ မအိပ်ခင် သွားရဦးမည့် ခရီးမိုင်တွေ များစွာရှိသေးသည်။ ရပ်နားငေးမောနေလို့ မဖြစ်။ မအိပ်စက်ခင် ဆက်လက်ထွက်ခွာရဦးမည့်

ခရီးတွေ၊ မိုင်တွေက များစွာ ရှိသေးသည် မဟုတ်လား။

ကဗျာကို စစ်လိုက်လျှင် အနှစ်ချုပ်က ဒါပဲ ဖြစ်သည်။

ဘဝဆိုတာ မနေမနား တစ်သွားတည်းသွားနေရမည့် ခရီးရှည်။ တစ်ခါတစ်ရံ ဘဝလမ်းတွင် ကြုံတောင့်ကြုံခဲ ရှားရှားပါးပါး ကြည်နူးဆွတ်ပျံ့စရာ အလှရသလေးတွေနှင့် ကြုံရဆုံရတတ်ပါဘိ။ ပုထုဇဉ်ဆိုတော့လည်း ဘဝတာတိုတိုမှာ အရသာချိုချိုကို တပ်မက်မိတာမျိုးလည်း ရှိလေသပေါ့။ သို့သော် သာယာကြည်နူးခွင့်တို့ကို ကြာရှည်ခံစားနေလို့မဖြစ်။ ပခုံးပေါ် ထမ်းပိုးထားရသော တာဝန်တွေ၊ ဝတ္တရားတွေက ရှိသေးသည်။ လူပီပီ ထားခဲ့သည့် ကတိတွေတည်ဖို့အရေး ရှန်းကန်ရွေ့ပျား၊ ခရီးဆက်သွားနေရဦးမည်ဆိုသည့်သဘောကို ကဗျာဆရာကြီး ရောဘတ်ဖရော့စ်တ်က ကျွန်တော်တို့ကို လှလှပပ ကျကျနန ပြောခဲ့ပေသည်။ ဒါကြောင့် ကျွန်တော်တို့သည် ဘဝခရီးကို နှင်ရာတွင် မိမိတို့ ရောက်ရှိနေသည့်နေရာတွင် ဘယ်လိုမှ ကျောက်ချရပ်နားနေလို့မရ၊ ဆက်လက်ရွေ့လျားသွားနေကြရမှာပဲ ဖြစ်သည်။

ကဗျာဆိုတာ ကြည်နူးမှုနှင့်စပြီး ဉာဏ်အသိမှာဆုံးရမည်ဟု ကဗျာဆရာကြီး ရောဘတ်ဖရော့စ်တ်က ပြောခဲ့ပါသည်။ ယခုကဗျာက ဆိုခဲ့ပါ အတွေးအယူကို ပုံဖော်ပြခဲ့သည်မှာ အထင်အရှားပါပဲ။ ဒါကြောင့် ဤကဗျာသည် ကမ္ဘာကျော်ခဲ့သည်။ ကမ္ဘာကျော်ခဲ့သည့်အလျောက် အမေရိကန်သမ္မတ ရောဘတ်ကနေဒီ အင်မတန်ကြိုက်သော အသည်းစွဲကဗျာတစ်ပုဒ် ဖြစ်ခဲ့သည်။

ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည် ထင်ပါသည်။ ဖြစ်ခေါင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ ဖြစ်ရပ်ဟု ဆိုရမှာပါပဲ။ ဤသို့ အနောက်တိုင်းက အမေရိကန်သမ္မတကြီး ရောဘတ်ကနေဒီ၏ အကြိုက်ကြီး ကြိုက်၍ အစွဲကြီး စွဲခဲ့သော ဤကဗျာကို ကျွန်တော်တို့ အနောက်တိုင်းက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တစ်ဦးဖြစ်သူ ဂျဝါဟာလာနေရူးကလည်း အသေအလဲ စွဲကြိုက်ခဲ့တာကတော့ တော်တော်ကြီး ထူးဆန်းပါသည်။ အဘယ်သို့ သိပါသနည်းဟူမူ ဝေဒနာခံစားနေရာမှ နေရူးကွယ်လွန်ဆုံးပါးသွားသည့်အခါ

မိသားစုဝင်တို့က ဖခင်ကြီး နာမကျန်းဖြစ်ခဲ့စဉ်က နားနေအိပ်စက်ခဲ့သော အိပ်ရာခင်းမွေ့ရာတို့ကို ရှင်းလင်းဖယ်ရှားသည်။ ထိုစဉ် နေရှူး၏ အိပ်ရာ ခေါင်းအုံးအောက်မှ ဝါကြင့်ကြင့် နွမ်းလျလျ စာရွက်တစ်ရွက်ကို တွေ့ရှိ သဖြင့် ဖွင့်ဖတ်လိုက်လေရာ အို...အမေရိကန်သမ္မတကြီး ရောဘတ်ကနေဒီ ကြိုက်ခဲ့သော ကဗျာဆရာကြီး ရောဘတ်ဖရော့စ်တ်၏ 'မိုးနှင်းကျညနေခင်း တောတန်းနံဘေးရပ်မိခြင်း' Stopping by woods on a snowy evening ကဗျာ ဖြစ်နေပါကောလား။

**The woods are lovely, dark and deep.**

**But I have promises to keep,**

**And miles to go before I sleep**

**And miles to go before I sleep**

ဆိုသော အမြိုက်အရသာနှင့် တွေ့ဆုံမိခြင်းဟုလည်း ပြောနိုင်ပါ သည်။

မနီးတဲ့ခရီး...

သွားလေသူ သတင်းစာဆရာ စာရေးဆရာကြီး လူထုဦးလှကလည်း ဘဝကို မနီးတဲ့ခရီးဟု တင်းစားခဲ့တာကို မှတ်သားခဲ့ရဖူးသည်။ မှန်ပါသည်။ ဘဝဟူသည် မနီးတဲ့ခရီး။ ဘဝဟူသည် နေခြည်ထဲက နှင်းတစ်စက်။ ရေပွက်ပမာ ခဏတာလေး။ ထိုတဒင်္ဂဘဝတာ တိုတိုလေးတွင် မနေမနား တစ်သွားတည်း သွားနေရခြင်း ဖြစ်သည်။ ရောဘတ်ဖရော့စ်တ်၏ မိုးည နေခင်း ကဗျာထဲကလို သာယာကြည်နူးမှုနှင့်ဆုံသော်ငြား စိမ်ပြေနပြေ နားနေခွင့်ရသည်မဟုတ်။ ရောက်သည့်နေရာမှာ ရပ်တန့်ထားလို့ရသည် မဟုတ်။

တေးသစ်ကိုသီ၍ ရှေ့ခရီးကို ချီတက်ရမည်သာ ဖြစ်သည်။ လမ်း တစ်ဆစ်၌ အားသစ်မာန်ကြွေ ဝင်သည့်နေကြောင့် ရေကြည်တစ်မှုတ် အလွမ်း ရပ်နှင့် လှုပ်ရှားမှုဆွံ့ကာ နောက်တွန့်နေခဲ့လို့မဖြစ်။ အရှေ့ကို ငုံ့လင့်ရင်း ညဉ့်နက်ရင့်လည်း ရွက်ဖွင့်တက်ဆင် ခရီးနှင်ရမည်သာ ဖြစ်သည်။

ကျွန်တော်တို့မှာ လုပ်စရာ ကိုင်စရာ တာဝန်တွေများစွာ ရှိသေးသည်။ လဲသူကိုထူ၊ ငူသူကိုမတ်၊ ရပ်သူကိုဖေး၊ ကိုယ်ငွေ့ပေးရန် ရှိသေးသည်။ မိမိ ကောင်းကျိုးအတွက် လုပ်ဆောင်ရင်း သူတစ်ပါးကောင်းကျိုး၊ အများ ကောင်းကျိုးအတွက်လည်း သယ်ပိုးရပါဦးမည်။ မိမိပခုံးပေါ် ခေတ်သမိုင်း က တင်ပေးလိုက်သော တာဝန်များကို စွမ်းသမျှ ထမ်းရွက်ရပါဦးမည်။ ဆရာကြီး ဦးဖေမောင်တင် သင်ပြပေးခဲ့သည့် ဩဝါဒအတိုင်း ဆရာထက် တော်သော တပည့်၊ အဖထက်တော်သော အတိဇာတသားကောင်းတစ် ယောက် ကျောက်ကောင်းတစ်စေ့ဖြစ်ရန် မိမိတို့ကိုယ်ကို မိမိတို့ မွေးမြူ ထုဆစ်ရပါဦးမည်။ လေ့လာဆည်းပူးအပ်သည့် ကမ္ဘာကြီးမှလည်းကောင်း၊ ဘင်ယူ၍ မဆုံးနိုင်သော လောကကြီးမှလည်းကောင်း များလှစွာသော အသိပညာ အတတ်ပညာတို့ကို ယက်သဲ့ကျင်ယူရပါဦးမည်။

သို့ဖြင့်...

မဖွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းတွင်၊ စိတ်ကောင်းနှင့်ယှဉ်၊ ခရီးနှင်လျက်...

မအိပ်ခင် ရှေ့ဆက်သွားရဦးမည့် ခရီးမိုင်များစွာ

မအိပ်ခင် ရှေ့ဆက်သွားရဦးမည့် ခရီးမိုင်များစွာ...များစွာမဟုတ်လား။

**မင်းချမ်းမွန်**

■ လောကအတွင်း ခရီးသွားများနဲ့ နှိုင်းစာရင် လောကုတ္တရာ ခရီးသွားများထဲက အညံ့ဆုံးသောတာပန်နဲ့ယှဉ်ရင်တောင်မှ ခရီးသွားများရဲ့ ခရီးသွားကာလ (ဝါ) ဒုက္ခခံစားရတဲ့ကာလ ဟာ နှိုင်းစာလို့ မရအောင် ကွာခြားနေပါတယ်။ ဝီရိယ ကြီးမားသူ၊ ဉာဏ်ပညာကြီးမားသူ သေက္ခ (ကျင့်ကြံဆဲ) ပုဂ္ဂိုလ်များကတော့ အရှိန်အဟုန်နဲ့ ပစ်လွှတ်လိုက်တဲ့ မြား တစ်စင်းလိုပဲ မြန်ဆန်စွာနဲ့ အန္တိမ (လမ်းဆုံး) ပန်းတိုင် နိဗ္ဗာန်နန်းကို လျင်မြန်လွယ်ကူစွာ လျှောက်လှမ်းတော်မူကြ လို့ ဒုက္ခခံရာကာလဆိုတာ မရှိသလောက်ကို တိုတောင်းလှ ပါတယ်။

# ခရီးသွားခြင်းနှစ်မျိုး

ဒေါက်တာခင်ဇော်လွင် (သုခချမ်းသာ)

**နိဒါန်း**

"ရောက်တဲ့နေရာမှာ ရပ်နေမှာလား" ဆိုတော့ "ရပ်တော့မှာလား၊ ဆက်သွားမှာလား" ဆိုတာကို မေးချင်တဲ့သဘောပေါ့။ ဒါကို ဆုံးဖြတ်ဖို့က ပထမဆုံးအချက်အနေနဲ့ ပြောရရင် မိမိဘယ်ခရီးကို သွားနေတာလဲဆိုတာ အရင်ဆုံးသိရမယ်။ ဒုတိယအချက်က ကိုယ်သွားနေတာ ခရီးလမ်းရဲ့ ဘယ်နေရာကို ရောက်နေပြီလဲ၊ ခရီးဘယ်လောက်ပေါက်ပြီလဲဆိုတာကိုလည်း သိဖို့ လိုအပ်တယ်။ ဒီအချက်နှစ်ချက်ကို အခြေခံပြီးတော့ ဒီမေးခွန်းရဲ့ အဖြေကို ဖြေရမှာ ဖြစ်ပါတယ်။

**ခရီးသွားခြင်းနှစ်မျိုး**

လောကသားတွေဟာ လောကမှာ အရှည်ဆုံးခရီးဖြစ်တဲ့ "သံသရာခရီး" ကို သွားနေကြရတဲ့ "သံသရာခရီးသည်တွေ" လို့ဆိုရရင် မမှားပါဘူး။ ဒီခရီးသည်တွေဟာ (၁) လောကအတွင်း ခရီးသွားခြင်း၊ (၂) လောကလွန်ခရီး (လောကုတ္တရာခရီး) သွားခြင်းဆိုပြီး ခရီးသွားခြင်းနှစ်မျိုးနဲ့ ခရီးသွားနေကြပါတယ်။ လောကသား အများစုကတော့ "လောကအတွင်း ခရီးသွားခြင်း" မျိုးနဲ့ပဲ ခရီးသွားနေကြတာများပြီး၊ လောကသား အနည်း

စုကသာ "လောကလွန်ခရီးသွားခြင်း" မျိုးကို အသုံးပြုပြီး ခရီးသွားကြပါတယ်။ ဗုဒ္ဓရှင်တော်မြတ်က "လောကအတွင်း ခရီးသွားသူများ" ရဲ့ အရေအတွက်က ကမ္ဘာမြေကြီးအထုလောက်ရှိတဲ့ သဲမှုန့်အရေအတွက်နဲ့ တူပြီး "လောကလွန်ခရီးသွားသူများ" ရဲ့ အရေအတွက်ကတော့ လက်သည်းခွံပေါ်မှာ တင်ထားတဲ့သဲမှုန့်ပမာဏ အရေအတွက်နဲ့တူတယ်လို့ နှိုင်းယှဉ်ပြီး ပြတော်မူခဲ့ပါတယ်။

## (၁) လောကအတွင်း ခရီးသွားခြင်း

"လောကအတွင်းခရီး" ကို တစ်နည်းပြောရရင် "သံသရာအတွင်း ခရီး" လို့လည်း ခေါ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် အနေနဲ့ပြောမယ်ဆိုရင် "သံသရာလည်စက်" ထဲမှာပါနေတဲ့ ခရီးစဉ်ဖြစ်လို့ ပါ။ ပုထုဇဉ်သတ္တဝါတွေဟာ သံသရာခရီးသည်တွေအနေနဲ့ လောကအတွင်း ခရီး (ဝါ) "သံသရာအတွင်းခရီး" ကို အနမတဂ္ဂသံသရာတစ်လျှောက် လှည့်လည်ပြီးသွားနေကြရပါတယ်။ (၃၁) ဘုံမှာ တစ်ဘုံပြီးတစ်ဘုံ လှည့် လည်ပြီး ပြောင်းရွှေ့သွားလာနေရတာကိုပဲ လောကအတွင်း ခရီးသွားတယ်လို့ ဆိုရပါတယ်။

ဆုံလည်နွားလို၊ ကရှတ်ခွေပေါ်က ကင်းလို တဝဲလည်လည်နဲ့ (၃၁) ဘုံကို တစ်ပတ်ပြီးတစ်ပတ် ပတ်နေကြရတာဟာ မဆုံးနိုင်အောင်ပါပဲ။ အဲဒီလို လှည့်လည်ပြီးသွားနေရတာကို ပုထုဇဉ်သတ္တဝါတွေဟာ မမောနိုင်၊ မပန်းနိုင်နဲ့ နှစ်ခြိုက်ပျော်ပိုက်နေကြပါတယ်။ အဲဒီ ပုထုဇဉ်သတ္တဝါတွေဟာ ရောက်တဲ့နေရာမှာ ရပ်နေမှာလားဆိုတော့ (၃၁) ဘုံလောကအတွင်းမှာ ခဏတစ်ဖြုတ်ရပ်တဲ့နေရာ၊ အကြာကြီးရပ်တဲ့နေရာရယ်လို့ ရှိပေမယ့်လည်း ဒါတွေဟာ အနားယူတဲ့ သဘောလောက်ပါပဲ။ အပြီးတိုင်ရပ်ပြီး လုံးဝအနား ယူရတဲ့ အနေအထား မဟုတ်ပါဘူး။ ကမ္ဘာနဲ့ချီပြီး ရပ်နေနိုင်တဲ့ ဗြဟ္မာဘုံ တွေမှာတောင် ကံအရှိန်အဟုန်ကုန်တာနဲ့ အဲဒီဘုံတွေကနေ တခြားဘုံတွေ ကို ရွှေ့ပြောင်းပြီး သွားကြရပြန်ပါတယ်။ အဲဒီတော့ ရောက်တဲ့နေရာ ဘုံဌာနမှာ ခဏ (သို့မဟုတ်) အကြာကြီး ရပ်နားပြီး နောက်ခရီးကို

ဆက်သွားကြရမှာကတော့ ပုထုဇဉ်သတ္တဝါတို့ရဲ့ ဓလေ့ဆိုတာ သိထားရမှာပါ။ ဘာကြောင့်လဲဆိုတော့ အဝိဇ္ဇာလောင်းရိပ်အောက်က မထွက်နိုင်သရွေ့၊ ခရီးဖော်အဖြစ် တဏှာပါနေသရွေ့၊ အဲဒီအကြောင်းတွေ မကင်းသေးရင် ပုထုဇဉ်သတ္တဝါတွေဟာ မဆုံးနိုင်တဲ့ သံသရာခရီးကို ဆက်ပြီး အထက်အောက် စုန်ဆန်သွားလာနေကြရမှာ ဖြစ်လို့ပါပဲ။ ဒီ 'ဘုံ' မှာတော့ ငါပျော်ပိုက်တယ်။ ဒီ 'ဘုံ' မှာပဲနေတော့မယ်ဆိုပြီး ရပ်နေလို့လည်း မရပါဘူး။ ဒီဘုံကိုတော့ ဆင်းရဲလှတယ် ငါမကြိုက်ပါဘူး။ တခြား ဘုံကိုပြောင်းဖို့ ခရီးဆက်မယ်ဆိုပြီး သွားချင်တိုင်းလည်း သွားလို့မရပါဘူး။ အဲဒီလို မိမိအလိုအတိုင်း မဖြစ်နိုင်တာဟာ "အနတ္တ" သဘောတရားပါပဲ။ မိမိ အတိတ်ဇနက ကံက စီမံပစ်ချတဲ့ဘုံမှာ ကံအရှိန်အဟုန် မကုန်သရွေ့ နေရမှာဖြစ်သလို၊ မိမိဆက်သွားရမယ့် ခရီးကိုလည်း မိမိပြုခဲ့ဖူးတဲ့ ဇနက ကံတွေနဲ့ ပစ္စုပ္ပန်မှာပြုတဲ့ ဇနက ကံတွေကပဲ စီစဉ်ပေးမှာ ဖြစ်ပါတယ်။ (ခြွင်းချက်။ ။ ဥပစ္ဆေဒကကံဝင်ရင်တော့ အတိတ်ကံအရှိန် မကုန်ခင်မှာ ခရီးဆက်ရတတ်ပါတယ်။) ဒါကြောင့် လောကအတွင်း ခရီးသွားရင် လောကအတွင်း ခရီးဟာ "ကံလမ်းခရီး" ဖြစ်လို့ "ကံသာလျှင်အမိ၊ ကံသာလျှင် အဖ" ဆိုတဲ့ ဆောင်ပုဒ်ကို အမြဲစွဲမြဲမှတ်ယူထားကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လောကအတွင်းခရီးမှာ လမ်းကောင်းကောင်းကို သွားနိုင်ဖို့အတွက် မကောင်းမှုကိုရှောင် (အကုသိုလ်ကံကို မပြုကြဘဲ) ကောင်းမှုကိုဆောင် (ကုသိုလ်ကံကိုသာဆည်းပူး) ကြရမှာ ဖြစ်ပါတယ်။

## (၂) လောကလွန်ခရီးသွားခြင်း

လောကလွန်ခရီးကတော့ ကလျာဏပုထုဇဉ်တွေထဲက သံဝေဂဉာဏ်ရသူတွေ၊ ပါရမီပြည့်ပြီးသူတွေ၊ ဉာဏ်ပညာထက်မြက်တဲ့ တိဟိတ်ပုဂ္ဂိုလ်တွေ သွားကြရတဲ့ ခရီးစဉ် ဖြစ်ပါတယ်။ လောကကြီးကို လွန်မြောက်အောင် (ဝါ) လောကုတ္တရာနယ် (လောကကိုလွန်မြောက်ရာနေရာ) ကိုရောက်အောင် ခရီးသွားဖို့ရာအတွက် လောကရဲ့ဖြစ်မှု ပျက်မှုတွေကို ယထာဘူတဉာဏ် (ဝိပဿနာဉာဏ်) နဲ့ ရှုမြင်ရတဲ့လုပ်ငန်းစဉ်ကို လုပ်ကြရမှာ ဖြစ်ပါတယ်။

တစ်နည်းပြောရရင် မိမိရဲ့ ဓမ္မာရုံ (မိမိမနောစိတ်၏ အာရုံ) ထဲမှာ ဝိပဿနာ ဉာဏ်စဉ်တွေနဲ့ ခရီးသွားရတဲ့နည်း ဖြစ်ပါတယ်။ လောကအတွင်း ခရီးလို (၃၁) ဘုံအတွင်းမှာ သတ္တဝါတွေ ဘုံတစ်နေရာ တစ်ဌာနကနေ တခြား ဘုံတစ်နေရာ တစ်ဌာနကို ပြောင်းရွှေ့ပြီး သွားရတဲ့ခရီးသွားနည်းမျိုး မဟုတ် ပါဘူး။ ဒါကို နားမလည် သဘောမပေါက်တဲ့ ရောဟိတာသရသေ့ဟာ ဂေါတမမြတ်စွာဘုရား မပွင့်ခင် သာသနာပကာလမှာ လောကရဲ့အဆုံး (ဝါ) လောကကို လွန်မြောက်တဲ့နေရာ (လောကုတ္တရာ) ကို ရှာဖွေဖို့အတွက် မိမိရဲ့ဈာန်အဘိညာဉ်တန်ခိုးကို အသုံးပြုပြီး မိမိအတ္တဘောခန္ဓာကိုယ်နဲ့ရင်းပြီး စကြဝဠာတွေကို တစ်ခုပြီးတစ်ခု ဖြတ်သန်းပြီး လောကရဲ့ အဆုံးကို ရှာပုံတော်ဖွင့်ခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ လောကရဲ့အဆုံးကို မရောက်နိုင်ဘဲ စုတိကျကာ သေပွဲဝင်ခဲ့ရပါတယ်။

တကယ်တော့ သူဟာ လောကသုံးပါးမှာပါတဲ့ "သင်္ခါရလောက" ရဲ့ သဘောတရားကို နားမလည်လို့ အမှားကြီးမှားခဲ့ရတာ ဖြစ်ပါတယ်။ လောကသုံးပါးဖြစ်ပေါ်ဖို့ရာမှာ "သင်္ခါရလောက" ဟာ အချုပ် (ဝါ) သော့ချက် (Key Point) ဖြစ်တယ်ဆိုတာကို သမ္မာသမ္ဗုဒ္ဓဘုရားရှင်နဲ့ သူရဲ့ တပည့် သာဝကတွေက ထုတ်ဖော်ဟောကြား ပြသတော်မူမှ သိနားလည်ကြ ရမှာမို့ သူ့ခမျာ မသိနားမလည် ဖြစ်ခဲ့ရရှာတာပါ။

ဘုရားရှင်ဟောကြားတော်မူတာက သစ္စာလေးပါးကို မသိမှုဆိုတဲ့ အဝိဇ္ဇာကြောင့် အဘိသင်္ခါရအမှုတွေ (လောဘ၊ ဒေါသ၊ မောဟနဲ့ ယှဉ်တဲ့ ကာယ၊ ဝစီ၊ မနောသင်္ခါရ) တွေကိုပြုရင်း ပဋိစ္စသမုပ္ပါဒ်စက်လည်လို့ "သင်္ခါရလောက" ရယ်လို့ ဖြစ်လာရတယ်။ (အဝိဇ္ဇာပစ္စယာ သင်္ခါရာကို ထောက်)။ အဲဒီ သင်္ခါရလောကကို အကြောင်းပြုပြီး သတ္တဝါတွေဖြစ်လာ ရလို့ "သတ္တလောက" ရဲ့ တည်ရာဖြစ်တဲ့ "ဩကာသလောက" ကြီး ဆက်ပြီး ဖြစ်ပေါ်လာရပါတယ်။ ဒါကြောင့်မို့ "လောကသုံးပါး" ဖြစ်ပေါ် ဖို့ရာ "သင်္ခါရလောက" ဟာ အကြောင်းရင်းဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာပါ။

အဲဒီ "သင်္ခါရလောကကြီး" ရဲ့ သဘာဝ (အဖြစ်အပျက်) တွေကို "ဝိပဿနာဉာဏ်" တွေနဲ့ ရှုမြင်ပြီးနေတာဟာ ဉာဏ်နဲ့ခရီးသွားနေတာ

ဖြစ်ပါတယ်။ ဒါကြောင့်မို့ "လောကလွန်ခရီး" ကို "ဉာဏ်လမ်းခရီး" လို့ ဆိုနိုင်ပါတယ်။ ဒီ "ဉာဏ်လမ်းခရီး" ကို သွားမယ့် "သေက္ခပုဂ္ဂိုလ်များ"(လောကကို လွန်မြောက်ဖို့ ကျင့်ကြံဆဲပုဂ္ဂိုလ်များ)ဟာ မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော် (ခန္ဓာ၊ အာယာတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် စသည်) တို့ကို "သုတမယဉာဏ်" ရအောင် ပထမဦးဆုံး နာကြားကြရပါမယ်။ အဲဒီနောက် ရပြီးတဲ့ "သုတမယဉာဏ်" ကို အမှီပြုပြီး သင်္ခါရလောကရဲ့ သဘာဝကို "စိန္တာမယဉာဏ်" နဲ့ ကြံစည်ခြင်း (သမ္မာသင်္ကပ္ပ) ပြုရမှာ ဖြစ်ပါတယ်။ "သင်္ခါရလောက" ရဲ့ "ဥပ္ပါဒဝယ" ဆိုတဲ့ "ဖြစ်ပျက်လက္ခဏာ" (သင်္ခတလက္ခဏာ) ကို အကြောင်းအကျိုးနဲ့ တကွ မြင်ပြီဆိုရင် "ဘာဝနာမယဉာဏ်" (ဝါ) "ယထာဘူတဉာဏ်" (ဝါ) "ဝိပဿနာဉာဏ်" ကို ရပြီလို့ ဆိုရမယ်။ "သေက္ခပုဂ္ဂိုလ်" (ကျင့်ကြံဆဲ)များဟာ ကြားလမ်းခရီးမှာ "မဂ္ဂသစ္စာ" ထိုက်တဲ့ ဝိပဿနာဉာဏ်ယာဉ်တွေ၊ မဂ်ဉာဏ်ယာဉ်တွေ (သောတာပတ္တိမဂ်ဉာဏ်ယာဉ်၊ သကဒါဂါမိမဂ်ဉာဏ်ယာဉ်၊ အနာဂါမိမဂ်ဉာဏ်ယာဉ်၊ အရဟတ္တမဂ် ဉာဏ်ယာဉ်) တို့ကို အဆင့်ဆင့်ပြောင်းစီးပြီး "သမုဒယသစ္စာ" ထိုက်တဲ့ (အနုသယ ၇ ပါး၊ သံယောဇဉ် (၁၀) ပါး၊ အာသဝေါတရား (၄) ပါး၊ ဥပါဒါန် (၄) ပါး) အစရှိ တဲ့ ဆူးငြောင့်တကျင်း ခလုတ်ကန်သင်း၊ ချောက်ကမ်းပါးတွေကို ဖယ်ရှားကျော်လွှားပြီး "ဒုက္ခသစ္စာ" ဖြစ်တဲ့ သင်္ခါရလောကရဲ့အဆုံး၊ အန္တိမပန်းတိုင် "နိရောဓသစ္စာ" "နိဗ္ဗာန်နန်း" ကို မျက်မှောက်ပြုပြီး ဆိုက်ရောက်ပါတယ်။

အဲဒီအခါမှာ ခရီးလမ်းဆုံးပြီးမို့ ခရီးဆက်သွားစရာ မရှိတော့ပါဘူး။ ဒါကြောင့်မို့ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်များဟာ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်ပြီးပြီ၊ မဂ်ကိစ္စကိုလည်း ပြုပြီးပြီ၊ မဂ်ကိစ္စအလို့ငှာ အခြားတစ်ပါးသော ပြုဖွယ်မရှိတော့ပြီ" လို့ဆိုပြီး ဥဒါန်းကျူးရင့်ကြပါတယ်။ ဒါကို အဓိပ္ပာယ်ဖွင့်ဆိုရရင် "ခရီလမ်းဆုံးပြီ၊ ခရီးလမ်းကိုလည်း ဖောက်ခဲ့ပြီးပြီ၊ ခရီးကိုလည်းသွားခဲ့ပြီးပြီ၊ လောကကိုလည်း လွန်မြောက်ပြီးလို့ နောက်ထပ်ခရီးဆက်ရန် မရှိတော့" လို့ အဓိပ္ပာယ်ရပါတယ်။ ခရီးဆက်ရန် မရှိတော့ (ဝါ) ကျင့်ကြံအားထုတ်ဖို့ မလိုတော့လို့ ရဟန္တာ

ပုဂ္ဂိုလ်ကို (အသေက္ခ) ကျင့်ကြံမှုပြီးဆုံးသောပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

"လောကလွန်ခရီး" (လောကုတ္တရာခရီး) ဟာ လမ်းဆုံးပန်းတိုင်ရှိတဲ့ခရီး ဖြစ်ပါတယ်။ "လောကအတွင်းခရီး" လို လမ်းလည်းမဆုံးနိုင်၊ ပန်းတိုင်လည်းမရှိနဲ့ ပတ်ချာလည်နေတဲ့ခရီးမျိုး မဟုတ်ပါဘူး။ ဒါကြောင့်မို့ သံသရာခရီးသည်တွေဟာ လောကကို လွန်မြောက်နိုင်တဲ့ လောကလွန်ခရီးကို သွားပြီးမှသာ အပြီးတိုင် ရပ်နားခွင့်ရှိမှာ ဖြစ်ပါတယ်။

## ခရီးလမ်းလေးသွယ်

လောကအတွင်းခရီးသွားများအတွက် (၁) အပါယ်လမ်း၊ (၂) လူ့လမ်း၊ (၃) ဗြဟ္မာ့လမ်းဆိုပြီး လမ်းသုံးသွယ် ရှိပါတယ်။ ဘယ်ယာဉ်ကို စီးရင် ဘယ်လမ်းခရီးပေါ်ရောက်တယ်ဆိုတာ အခုခေတ် လိုင်းကားတွေလို သတ်မှတ်ပြီးသားပါ။ (၁) မှားယွင်းသော အယူရှိတဲ့ "မိစ္ဆာဒိဋ္ဌိယာဉ်" ကို စီးရင် အပါယ်လမ်းပေါ်ရောက်လို့၊ အပါယ်ခရီးကိုသွားရပြီး၊ အပါယ်လေးဘုံမှာ ဂိတ်ဆုံးပါတယ်။ (၂) ကံ ကံ၏အကျိုးကို ယုံကြည်တဲ့အယူရှိတဲ့ "ကမ္မသကတသမ္မာဒိဋ္ဌိ" ယာဉ်ကို စီးရင်တော့ လူ့လမ်း၊ နတ်လမ်းခရီးပေါ်ရောက်ပြီး လူ့ဘုံ၊ နတ်ဘုံတွေမှာ ခရီးစဉ်ဆုံးပါတယ်။ (၃) နီဝရဏတရားတွေကို လောင်ကျွမ်းပြီး ကာမဂုဏ်ကို ဆိတ်စေတဲ့ "ဈာနသမ္မာဒိဋ္ဌိ" ယာဉ်ကို စီးရင်တော့ ဗြဟ္မာလမ်းခရီးပေါက်ပြီး ဗြဟ္မာ့ဘုံမှာ ခရီးအဆုံးသတ်ပါတယ်။ သတ္တဝါတွေဟာ မိမိရောက်ချင်တဲ့ ကောင်းတဲ့ဘုံတွေကို ရည်မှန်းပြီး (ဒါန၊ သီလ၊ ဘာဝနာ) ဆိုတဲ့ ကုသိုလ်လက်မှတ်တွေဝယ်ပြီး ကောင်းတဲ့ခရီးကို သွားရပါတယ်။ လက်မှတ်အဝယ် မှားရင်သော်လည်းကောင်း၊ ကုသိုလ်လက်မှတ်မပါဘဲ စီးရင်သော်လည်းကောင်း ခရီးစဉ်မှားရောက်ပြီး ရောက်ချင်တဲ့ ဘုံအကောင်းတွေကို မရောက်နိုင်ဘဲ မရောက်ချင်ကြတဲ့ အပါယ်လေးဘုံကို ရောက်ကြရပါတယ်။ ခရီးစဉ်သာဆုံးတယ်၊ လမ်းဆုံးပန်းတိုင်ကို မရောက်တဲ့အတွက် လောကတွင်းခရီးမှာ သတ္တဝါတွေဟာ ဖော်ပြခဲ့ပြီးတဲ့ လမ်းသုံးသွယ်ကို ယာဉ်အမျိုးမျိုးပြောင်းစီးပြီး တစ်လမ်းပြီးတစ်လမ်း၊ တစ်ခရီးပြီးတစ်ခရီး အပြောင်းအလဲနဲ့ တရစပ်သွားနေ

ကြရပါတယ်။

နံပါတ် (၄) လမ်းသွယ်ကတော့ လောကလွန်ခရီးသွားတွေအတွက် ဖြစ်ပါတယ်။ သစ္စာလေးပါးကို သိမြင်သော အယူရှိတဲ့ စတုသစ္စသမ္မာဒိဋ္ဌိယာဉ်၊ မဂ္ဂသမ္မာဒိဋ္ဌိယာဉ်၊ ဖလသမ္မာဒိဋ္ဌိယာဉ်တွေကိုစီးပြီး နိဗ္ဗာန်ကို ပေါက်တဲ့ခရီးကို သွားကြရမှာပါ။ နိဗ္ဗာန်သွားတဲ့လမ်းပေါ် ရောက်ပြီးတဲ့ ဝေနေယျ (ကျွတ်သင့်ကျွတ်ထိုက်တဲ့) သတ္တဝါတွေဟာ လမ်းဆုံးနိဗ္ဗာန် ပန်းတိုင်ကို ရောက်ပြီးတဲ့အခါ အပြီးတိုင်ရပ်နား အနားယူကြရပြီး တခြား လမ်းခရီးတွေပေါ် ပြန်မရောက်တော့ပါဘူး။ လမ်းလေးသွယ်ကို ခြုံငုံ ကြည့်မယ်ဆိုရင် လမ်းသွယ်နံပါတ် (၁) (၂) (၃) တို့ဟာ "လောကအတွင်း ခရီး" မှာ အကျုံးဝင်ပြီး၊ လမ်းသွယ်နံပါတ် (၄) ကတော့ "လောကလွန် ခရီး" လမ်းသွယ် ဖြစ်ပါတယ်။ "လောကအတွင်းခရီး" ကို ထပ်ပြီး ခွဲမယ်ဆိုရင် နံပါတ် (၁) လမ်းသွယ်ကို "အောက်သံသရာခရီး" လမ်း သွယ်လို့ ခေါ်ဆိုနိုင်ပြီး နံပါတ် (၂) နဲ့ (၃) လမ်းသွယ်တို့ကို "အထက် သံသရာခရီး" လမ်းသွယ်များလို့ ခေါ်ဆိုနိုင်ပါတယ်။

လောကအတွင်းခရီး
- (၁) အပါယ်လမ်းသွယ်ခရီး → အောက်သံသရာခရီး
- (၂) လူလမ်းသွယ်၊ နတ်လမ်းသွယ်ခရီး ┐ အထက်သံသရာခရီး
- (၃) ဗြဟ္မာလမ်းသွယ်ခရီး ┘

လောကအလွန်ခရီး (၄) နိဗ္ဗာန်လမ်းသွယ်ခရီး → လောကုတ္တရာခရီး

**အထက်သံသရာခရီးသွားများကို ရောက်တဲ့နေရာမှာ ရပ်နေမှာလားလို့ မေးခြင်း**

ရောက်တဲ့နေရာမှာ ရပ်နေမှာလားဆိုပြီး အထက်သံသရာခရီးသွား များကို မေးရင် အထက်သံသရာဆိုတဲ့ ဝေဒယိတသုခချမ်းသာ (သုခဝေဒနာ နဲ့တကွဖြစ်တဲ့ ချမ်းသာမှု) တွေနဲ့ ပြည့်နှက်နေတဲ့ ဘုံတွေမှာ လူ့ချမ်းသာရဲ့

အဖြစ်၊ နတ်ချမ်းသာရဲ့အဖြစ်၊ ဗြဟ္မာချမ်းသာရဲ့အဖြစ်တွေကို ရတဲ့အခိုက်မှာ နိစ္စ၊ သုခ၊ အတ္တအထင်တွေနဲ့ သိမ်းပိုက်ထားတဲ့အတွက် ရပ်နေချင်ပါရဲ့လို့ ပြန်ဖြေကြမှာပါ။ ဒါပေမဲ့ ရပ်ချင်တိုင်းလည်း ရပ်နေလို့ မရပါဘူး။ ကုသိုလ်ကံ (ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ) တွေရဲ့ အရှိန်အဟုန်ဟာ အနိစ္စဓမ္မ (မမြဲဘူးဆိုတဲ့ သဘောတရား) ကို မလွန်ဆန်နိုင်လို့ "ခယဓမ္မာ၊ ဝယဓမ္မာ" ဆိုတဲ့ သဘောတရားအတိုင်း ကုန်ခန်းပျက်စီးကြရပါတယ်။ အဲဒီအခါမှာ "အနတ္တ" ဆိုတဲ့ သဘောတရား အရ မိမိအလိုကို မလိုက်ဘဲ အဲဒီဘုံတွေက မခွဲခွာချင်သော်လည်း ခွဲခွာပြီး ခရီးဆက်ကြရပြန်ပါတယ်။ ဒါကြောင့် အထက်သံသရာမှာ လောကအတွင်း ခရီးသည်တွေဟာ ရောက်တဲ့နေရာမှာ ရပ်ချင်ပေမယ့်လည်း ရပ်မနေရဘဲ ခဏနားရင်နား ကြာကြာနားရင်နား၊ အဲဒီလို နားရုံသာနားရပြီး ဩကာသ လောကအတွင်း ခရီးဆက်ကြရတာဟာ လောကဓမ္မတာပဲ ဖြစ်ပါတယ်။

### အောက်သံသရာခရီးသွားများ၏ ဖြေကြားချက်

အောက်သံသရာလို့ခေါ်တဲ့ အပါယ်လေးဘုံမှာကျရောက်ပြီး ဆင်းရဲဒုက္ခခံနေကြရသူတွေကို ရပ်နေမှာလားမေးရင် သူတို့က ကျုပ်တို့ ဘယ်ရပ်နေချင်ပါ့မလဲ။ (၃၁) ဘုံမှာ တခြားဘုံတွေဟာ အပါယ်လေးဘုံထက် စာရင်တော့ သာတာချည်းပါပဲ။ ဘယ်ဘုံကိုရောက်ရောက် ဒီဘုံတွေက လွတ်ရင် တော်ပါပြီ။ ဒါကြောင့် ရပ်မနေဘဲ ခရီးဆက်ချင်လှပါပြီလို့ ပြောကြပါလိမ့်မယ်။ ဒါပေမဲ့ ဆက်ချင်တိုင်းလည်း ဆက်လို့မရပါဘူး။ အကုသိုလ်ကံ အရှိန်အဟုန် မကုန်သေးတော့ အဲဒီနေရာက တစ်ဖဝါးမှ ခွာလို့မရပါ။ ဒုက္ခတွေကို ဆက်ခံစားရင်း မရပ်နားချင်သော်လည်း ရပ်နားနေရမှာက "အနတ္တဓမ္မ" သဘာဝပါ။ "ဒုက္ခ ဒုက္ခ" တွေ ပြည့်နှက်နေတာကတော့ အပါယ်လေးဘုံပါပဲ။ ဒီနေရာမှာ "အနိစ္စဓမ္မ" သဘောတရားက အပါယ်လေးဘုံက ခရီးသည်တွေရဲ့ ကယ်တင်ရှင်ပေါ့၊ သတ္တဝါ

တစ်ဦးရဲ့ အကုသိုလ်ကံအရှိန်ကုန်ခန်းမှု (အနိစ္စဓမ္မ) သဘောဟာ အပါယ်လေးဘုံမှာ သူခံစားနေရတဲ့ ဒုက္ခဝေဒနာတွေကိုလည်း ကုန်ခန်းစေပါတယ်။ ဒါကြောင့်လည်း **အပါယ်လေးဘုံမှာ ကျရောက်နေတဲ့** လောကအတွင်း ခရီးသည်တွေမှာ **ဩကာသလောကအတွင်း** ကောင်းတဲ့ဘုံတွေကို ခရီးဆက်ခွင့် ရှိရပြန်ပါတယ်။

**အထက်နဲ့အောက် သံသရာလောက (ဩကာသလောက) အတွင်း သတ္တဝါများ ခရီးဆက်နေကြရခြင်း၏ အကြောင်းရင်း**

အဲဒီလို သံသရာခရီးသည် သတ္တဝါတွေဖြစ်တဲ့ "**သတ္တလောကသား**" တွေဟာ "ဩကာသလောက" အတွင်း **သုခဘုံ၊ ဒုက္ခဘုံ၊** ကြုံရာဘုံကို အထက်အောက် စုန်ဆန်ခရီးဆက်နေကြရတာဟာ "**သင်္ခါရလောက**" ကနေ မလွတ်မြောက်နိုင်ကြလို့ပါပဲ။ ဘာကြောင့် **မလွတ်မြောက်**နိုင်ကြသလဲဆိုတော့ သစ္စာလေးပါးတရားကို မသိကြလို့ **မသိမှုဆိုတဲ့** "အဝိဇ္ဇာ" ဟာ သတ္တဝါတွေသန္တာန်မှာ အရင်ဖြစ်ပေါ်ပါတယ်။ **အဲဒီ** "အဝိဇ္ဇာ" ကို အကြောင်းခံပြီး "အဘိသင်္ခါရ" ဆိုတဲ့ လောဘ၊ **ဒေါသ၊** မောဟဆိုတဲ့ အကြောင်းတရားတွေ ခြံရံတဲ့ ကာယကံ၊ ဝစီကံ၊ **မနောကံမှု**တွေကို သတ္တဝါတွေ ပြုကြပါတယ်။ ဒါကို ပဋိစ္စသမုပ္ပါဒ်မှာ "**အဝိဇ္ဇာပစ္စယာသင်္ခါရာ**" လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ **အဲဒီ** "အဘိသင်္ခါရတရား" တွေ ဖြစ်ပျက်နေတာကိုပဲ "သင်္ခါရလောက" လို့ ခေါ်တာမို့ "သင်္ခါရလောက" ရဲ့ဖြစ်ကြောင်း "အဝိဇ္ဇာ" တရား ဖြစ်ပေါ်မှုဟာ သင်္ခါရလောကကနေ မလွတ်မြောက်နိုင်ရတဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဝိဇ္ဇာတန်းလန်းနဲ့ လောကအတွင်းခရီး (သံသရာခရီး) ကို မမောနိုင် မပန်းနိုင် သွားနေကြသူများအဖို့ အပြီးတိုင်ရပ်နားလို့ မရနိုင်တာကြောင့် ခရီးဆက်ပြီး သွားပြီးရင်း သွားနေကြရမှာပါ။

## သံသရာခရီးမှ လွတ်မြောက်ရန်နည်းလမ်း

မောလှပန်းလှပါပြီ၊ ခရီးအသွားရပ်ပြီး အနားယူချင်လှပါပြီဆိုပါတော့ ပန်းတိုင်ရှိတဲ့ "လောကလွန်ခရီး" ကို သွားကြရမှာ ဖြစ်ပါတယ်။ "လောကလွန်ခရီး" (ဝါ) "လောကုတ္တရာခရီး" ကို သွားဖို့ရာမှာ အရင်ဆုံး သစ္စာလေးပါးကို မသိမှုဆိုတဲ့ "အဝိဇ္ဇာ" ကို စပြီးတော်လှန် ဖြိုခွဲရမှာမို့ သစ္စာလေးပါးကို သိမှုဆိုတဲ့ "ဝိဇ္ဇာဉာဏ်" (ဝါ) "သမ္မာဒိဋ္ဌိ ဉာဏ်" စတင်ဖြစ်ပေါ်ဖို့က အရေးကြီးပါတယ်။ သစ္စာလေးပါးသိမှု ဝိဇ္ဇာ ဉာဏ်ဟာ ပထမတော့ "သုတမယဉာဏ်" ဆိုတဲ့ သညာသိနဲ့ အရင် သိရမှာပါ။ အဲဒီလိုသိဖို့အတွက် သပ္ပုရိသဆိုတဲ့ သူတော်ကောင်းဆရာသမား ကို မှီဝဲဆည်းကပ်ရမှာ ဖြစ်ပါတယ်။ ဒါကို "ပဏ္ဍိတာနဉ္စသေဝနာ" (ပညာရှိကို ဆည်းကပ်ပါ) လို့ မင်္ဂလာတရားတော်မှာလည်း ဘုရားရှင် ဟောကြားတော်မူထားပါတယ်။ "ပရတောဃောသော" ဆိုတဲ့ အဲဒီ သူတော်ကောင်းဟောကြားတဲ့ သူတော်ကောင်းတရား (ဘုရားရှင်ရဲ့ သစ္စာ လေးပါးတရားတော်မြတ်) ကို နာကြားပြီးမှ မိမိသန္တာန်မှာ "သုတမယ ဉာဏ်" ကို ဖြစ်ပေါ်စေရပါတယ်။ ပြီးတော့မှ မှန်ကန်သော ကြံစည်မှု (သမ္မာသင်္ကပ္ပ) နဲ့ "စိန္တာမယဉာဏ်" ကို ဆက်ဖြစ်စေရပါတယ်။ အဲဒီ စိန္တာမယဉာဏ်ကနေ တစ်ဆင့်တက်ပြီး ပရမတ္ထသဘာဝကို နည်းမှန်လမ်းမှန် သိမြင်ပြီး၊ သင်္ခါရလောကရဲ့ အဖြစ်အပျက်ကို သိမြင်နိုင်တဲ့ "ယထာဘူတ ဉာဏ်" လို့ခေါ်တဲ့ "ဘာဝနာမယ" ဉာဏ်ကို ရရှိနိုင်ပါတယ်။ စိန္တာမယ ဉာဏ်နဲ့ ဘာဝနာမယဉာဏ် (၂) ခုပေါင်းကိုခြုံပြီး "ယောနိသောမနသိ ကာရ" နည်းမှန်လမ်းမှန် နှလုံးသွင်းခြင်းလို့ "ပရတောဃောသော" နဲ့ ဆက်စပ်ပြီး ဘုရားရှင်ဟောကြားတော်မူပါတယ်။ "ယထာဘူတဉာဏ်" ကိုရမှသာ "လောကလွန်ခရီး" ကို စတင် လျှောက်လှမ်းနိုင်မှာ ဖြစ်ပါ တယ်။ ဒါကြောင့်မို့ "ယထာဘူတဉာဏံယသတ္တာပရိယေသိတဗ္ဗာ" (ယထာဘူတဉာဏ်ကို ပိုင်နိုင်အောင်ပြသနိုင်သော ဆရာသမားကို အရေး

တကြီး ရှာမှီးအပ်၏) လို့ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကပင် အထပ်ထပ် မိန့်မှာတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒီမိန့်ခွန်းတော်ဟာ ဝေနေယျသတ္တဝါတွေကို လောကအတွင်း ခရီးလမ်းမှ လောကုတ္တရာခရီးလမ်းသို့ ပြောင်းလဲပြီး ခြေလှမ်းချစေချင်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဆန္ဒတော်နဲ့ ကရုဏာတော်၊ မေတ္တာတော်တို့ကို ဖော်ညွှန်းပြသနေပါတယ်။

## လောကလွန်ခရီးသွားတွေလည်း ရောက်တဲ့နေရာမှ ရပ်နေမှာလား

အဲဒီလို မေးခဲ့ပြန်ရင် လောကလွန်ခရီးသည်တွေဟာ အန္တိမ (အဆုံးစွန်) ပန်းတိုင်ကို မရောက်မချင်း ခရီးဆက်ကြရမှာလို့ ဖြေမှာပါ။ လမ်းခရီးမှာ လုံးဝရပ်လို့တော့ မရပါဘူး။ ရပ်ပြီးနားလို့တော့ ရပါတယ်။ ဒါပေမဲ့ နားနေတဲ့အခိုက်ဟာ "လောက" ဆိုတဲ့ "ဒုက္ခသစ္စာ" နယ်ပယ်ထဲမှာ ရှည်ကြာနေပြီး ဒုက္ခများနေမှာသာ ဖြစ်ပါတယ်။

ပထမဆုံး မဂ်ဆိုတဲ့ "သောတာပတ္တိမဂ်ဉာဏ်" မရမချင်း "မုချ" အနေနဲ့ လောကလွန်ခရီးရဲ့ လမ်းစပေါ်ကို မရောက်သေးပါဘူး။ "ယထာဘူတဉာဏ်" ကိုရရင် လောကလွန်ခရီးရဲ့ လမ်းစပေါ်ကို ရောက်တယ်ဆိုတာ "ဥပစာ" အနေနဲ့ တင်စားပြောဆိုတာသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ သောတာပတ္တိမဂ်ဉာဏ်ရမှ လမ်းစပေါ် အမှန်အကန်ကျရောက်ပြီး စိတ်ချရပါတယ်။ ဒါကို သာသနာမှာ ထောက်တည်ရာရတယ်လို့ ခေါ်ပါတယ်။ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ယာဉ်ကို ရပြီးတဲ့သူကို ရပ်နေမှာလားလို့မေးခဲ့ရင် တဏှာအထုံအာသေဝနများတဲ့ သောတာပန်များက အနုပါဒိသေသနိဗ္ဗာန် (ဥပါဒါန်အကြွင်းမရှိချုပ်ရာ နိဗ္ဗာန်) ကို မရောက်မချင်း ရပ်လို့တော့ မရပါ။ ဒါပေမဲ့ ဘုံစဉ်စံပြီး ကြာကြာကလေးတော့ နားချင်ပါတယ်လို့ ပြောလိမ့်မယ်။

ရိုးရိုးသတ္တက္ခတ္တုပရမ သောတာပန်များအတွက်တော့ "မြတ်စွာဘုရားရှင်က ရောက်နေတဲ့ဘုံဘဝမှာ သတိတရားမထားဘဲ ပြင်းထန်စွာ မေ့လျော့နေသည်ဖြစ်ပါစေ၊ ထိုသတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်သည်

ရှစ်ကြိမ်မြောက်သောဘဝကို မယူတော့ပါ” ဆိုပြီး ရတနသုတ္တာန်မှာ ထိုသောတာပန်ပုဂ္ဂိုလ်ရဲ့ ခရီးလမ်းဆုံးပန်းတိုင်ရောက်ဖို့ အချိန်ကာလကို ပိုင်းခြားပြီး ဘုရားရှင် ဟောကြားတော်မူထားပါတယ်။

ဒါကြောင့်မို့ လောကအတွင်း ခရီးသွားများနဲ့ နှိုင်းစာရင် လောကုတ္တရာခရီးသွားများထဲက အညံ့ဆုံးသောတာပန်နဲ့ယှဉ်ရင်တောင်မှ ခရီးသွားများရဲ့ ခရီးသွားကာလ (ဝါ) ဒုက္ခခံစားရတဲ့ကာလဟာ နှိုင်းစာလို့ မရအောင် ကွာခြားနေပါတယ်။ ဝီရိယကြီးမားသူ၊ ဉာဏ်ပညာကြီးမားသူ သေက္ခ (ကျင့်ကြံဆဲ) ပုဂ္ဂိုလ်များကတော့ အရှိန်အဟုန်နဲ့ ပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းလိုပဲ မြန်ဆန်စွာနဲ့ အန္တိမ (လမ်းဆုံး) ပန်းတိုင် နိဗ္ဗာန်နန်းကို လျှင်မြန်လွယ်ကူစွာ သွေ့ရာက်လှမ်းတော်မူကြလို့၊ ဒုက္ခခံရာကာလဆိုတာ မရှိသလောက်ကို တိုတောင်းလှပါတယ်။

## လမ်းဆုံးပန်းတိုင်ရောက်နေသူကို ရပ်နေမှာလားလို့မေး

အဲဒီလိုမေးတဲ့အခါမှာတော့ လမ်းဆုံးကိုရောက်နေတဲ့ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်က သံသရာခရီးလမ်းတစ်လျှောက် ခရီးသွားခြင်းကိစ္စကို လမ်းဆုံး ပန်းတိုင်သို့ ရောက်ပြီဖြစ်လို့ အပြီးတိုင် ရပ်တန့်လိုက်ပါပြီ။ နောင်ဆက်ရန် ခရီးလည်း မရှိတော့လို့ ထာဝရအနားယူပါပြီ။ ခရီးသွားရတဲ့ ဒုက္ခဘေးဘျမ်း အပေါင်းမှလည်း ကင်းဝေးပါပြီ။ “သင်္ခါရလောက” ရဲ့ အဆုံးဖြစ်တဲ့ “နိစ္စထာဝရ၊ သန္တိသုခ၊ အမြတ်ဆုံးပရမတ္ထ လက္ခဏာတော်တို့နှင့် ပြည့်စုံ တော်မူသော အသင်္ခတဓာတ်နိဗ္ဗာန်တော်မြတ်၌ လဲလျောင်းခိုဝင်ကိန်းအောင်း အနားယူစံပယ်တော်မူပါပြီ” လို့ ဖြေကြားတော်မူမည်မှာ မုချမလွဲမသွေ ဖြစ်ပါပေတော့သည်။

## နိဂုံး

“ရောက်နေတဲ့နေရာမှာ ရပ်နေမှာလား” ဆိုတဲ့ ခေါင်းစဉ်ရဲ့အောက် မှာ အဲဒီမေးခွန်းကို ဖြေဆိုရန်အတွက် “လောကအတွင်း ခရီးသွားခြင်း”နဲ့

"လောကလွန်ခရီးသွားခြင်း" ဆိုတဲ့ ခရီးသွားခြင်းနှစ်မျိုးကို အခြေခံပြီး ဗုဒ္ဓဘာသာရှုထောင့်ကနေပြီး ဖြေဆိုလိုက်ပါတယ်။ စာဖတ်သူများ လောကီ၊ လောကုတ္တရာ ဗဟုသုတများ တိုးပွားကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်း နိဂုံးချုပ်လိုက်ပါတယ်။

မေတ္တာမွန်ဖြင့်
ဒေါက်တာခင်ဇော်လွင်
(သုခချမ်းသာ)

■ ဒီတော့ ကျွန်မက သံဖြူနဲ့ လုပ်တဲ့ ရေခဲသေတ္တာလေးပဲ ဝယ်လိုက်တယ်။ အသီးအရွက်စုံအောင် ထည့်ထားတယ်။ ဆလတ်ရွက်သုပ်၊ ခါကျသုပ်၊ သခော်သီးသုပ်၊ ပဲသီးသုပ်၊ ဆေးဘဲဥသုပ်တွေ ရောင်းနိုင်အောင် စီစဉ်ထားလိုက်တယ်။ သူတို့စားချင်တာ ယူလာပြီး သုပ်ခိုင်းလည်း သုပ်ပေးလိုက်တာပဲ။ ရောင်းကောင်းနေတော့ ကျောင်းတွေပြန်ဖွင့်တော့မှ ကျောင်းကိုသတိရတယ်။

# ရဲရဲဝါတဲ့နေကြာ

**နှင်းဆီအောင်**

ကျွန်မအတွက် ဆယ်တန်းကျောင်းသူဘဝကို လွယ်လွယ်နဲ့ ရောက်ခဲ့ရတာ မဟုတ်ပါဘူး။ စာသင်ခန်းထဲ အချိန်မီရောက် ပြီးရောဆိုတဲ့ စိတ်နဲ့ အဝတ်အစား နွမ်းနေတာ၊ မုန့်ဖိုးမပါတာ၊ ထမင်းမစားခဲ့တွေကို မသိချင်ယောင် ဆောင်နေခဲ့ရတယ်။

"ခုခေတ် ဆယ်တန်းအောင်တော့ကော ဘာထူးမှာလဲ"

လို့ ပြောကြသူတွေ...

"ကိုယ့်အိမ်ကဖြင့် ထမင်းတောင် နပ်မမှန်ဘဲနဲ့များ ကျောင်းနေနေသေးတယ်"

လို့ အပြစ်တင်တဲ့သူတွေ...

"ရုပ်ရည်ကလေးသင့်တင့်သားပဲ၊ ကျောင်းထွက်ပြီး အလုပ်လုပ်ရင် ပိုက်ဆံရမယ့်အလုပ်တွေပြည့်လို့"

ဆိုကြသူတွေ အားလုံးကို မနိုင်မနင်း သည်းခံခဲ့ရတယ်။ အတန်းပညာနဲ့ အသက်မမွေးနိုင်ရင်တောင် ကျွန်မက ဆယ်တန်းတော့ အောင်ချင်တယ်။ ဒါကြောင့် ပေပြီး လုပ်နေခဲ့ရတယ်။ အဖေက ဆိုက်ကားနင်း၊ အမေက အဝတ်လျှော်ဆိုတဲ့ ဘဝပုံစံမှာ ကျွန်မက သိပ်ကြိုးကျယ်ရာ ကျနေ

မလားတော့ မသိဘူး။ ဒါပေမဲ့ ကျွန်မ ကြိုးစားခဲ့ပါတယ်။ ဆယ်တန်း စာမေးပွဲ ဖြေပြီးတော့ ကျွန်မ အလုပ်ဝင်လုပ်တယ်။

စတိုးဆိုင်ကြီးတစ်ခုရဲ့ အောက်ခြေဝန်ထမ်းပါ။ ဆယ်တန်းအောင်နဲ့ ဘွဲ့ရတွေကြား ပညာအခြေခံနည်းသူက တံမြက်လှည်း၊ ဖုန်သုတ်ရတာ ထုံးစံ။ ကျွန်မ အားမငယ်ပါဘူး။ စာမေးပွဲအောင်ရင် အခြေအနေက ပြောင်း သွားမှာပဲလေ။ ကောင်တာမှန်တွေ၊ ပြတင်းမှန်တွေ လိုက်သုတ်ရင်းနဲ့ တူညီ ယူနီဖောင်းကိုယ်စီနဲ့ လှလှပပပြုံးပြီး ကိုယ့်ကောင်တာကပစ္စည်းလေးပြ၊ ရောင်းပေး။ နေ့လယ်ရောက်တော့ ထမင်းစားကြ။ နေစောင်းတော့ မုန့်ဝယ် စား၊ အချိန်တန်တော့ အိမ်ပြန်ကြတဲ့ အစ်မလေးတွေကို ငေးကြည့်မိတယ်။ သူတို့ကို ကြည့်ရတာ သက်သောင့်သက်သာ ရှိလိုက်တာ။

အောင်စာရင်းထွက်တဲ့အခါ ကျွန်မ အောင်ပါတယ်။ စာမေးပွဲအောင်ခဲ့ လို့ (၆) လပြည့်ရင် အလုပ်နေရာ ပြောင်းပေးမယ်လို့ သိရတယ်။ လစာ လည်း တိုးမှာပါတဲ့။

ညီအစ်မလို ခင်နေတဲ့ အစ်မ တစ်ယောက်က...

"လူသက်သာတာကို မမြင်နဲ့ ညီမလေးရေ၊ လစာကလည်း ကိုယ့် အိမ်ကလေးရှိမှလောက်တာ။ အဆောင်နေရမယ်ဆို မကိုက်ဘူး။ အိမ်ကို လက်ဖြန့်တောင်းရသေးတယ်။ ငါ့ညီမ ဒီ့ပြင်အလုပ်သာ ရှာလုပ်" တဲ့။

ဟုတ်တော့ ဟုတ်သားရယ်။ ယူနီဖောင်း ဝတ်ရတယ်ဆိုပေမယ့် လိမ်းရခြယ်ရသေးတယ်။ ဖိနပ်ကအစ ကောင်းတာမှန်တာလေးစီးမှ။ အောက် ခြေဝန်ထမ်းက သိပ်အရေးမကြီးဘူးလေ။ ထမင်းချိုင့်ယူရသေးတယ်။ နေ့ခင်း နေ့လယ် မုန့်စားဖို့ မုန့်ဖိုးပါရတယ်။ မနက် (၈) နာရီ အလုပ်ဝင်။ နေ့လယ် (၁၂) နာရီ ထမင်းစားတော့ ညနေ (၄) နာရီ ၊ (၅) နာရီဆို ဆာပြန်ပြီ။ ထမင်းအပိုထည့်လာတာကလည်း အခန့်မသင့်ရင် သိုးတာပြုတာ ရှိသေး တယ်။ နေကပြင်းတယ်လေ။ ဒီတော့ ညနေစောင်းရင် မုန့်ဝယ်စားကြရရော။ တစ်ခါတလေ ကျွန်မ အပြင်ထွက်ဝယ်ပေးရတယ်။ ခိုတောင်မုန့်တီသည်များ

ဝင်လာရင် အုံခဲနေအောင် စားကြတော့တာ။ ကျွန်မလစာ အကုန်ပေးတာတောင် အမေက မုန့်ဖိုးပြန်မပေးနိုင်ပါဘူး။ သူ့ခများလည်း ဒီပိုက်ဆံက တစ်ပတ်သုံးလို့ မလောက်ဘူးလေ။

ဒီလိုနဲ့ ကျွန်မ အလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုရဲ့ အရောင်းဝန်ထမ်းလုပ်ဖြစ်တယ်။ အခြေခံလစာက သိပ်ကိုနည်းလွန်းပါတယ်။ ကိုယ်ရောင်းနိုင်တဲ့အပေါ်မှာ ရာခိုင်နှုန်းနဲ့ တွက်ပေးတာဖြစ်လို့ များများရောင်းနိုင်အောင် အားထုတ်ရပါတယ်။ သူတို့ကားနဲ့ ချပေးတဲ့ရပ်ကွက်ထဲဝင် တစ်အိမ်တက်ဆင်း လှည့်ရောင်း။ အချိန်ကျတော့မှ စုရပ်ပြန်။ ဒီကြားထဲ တစ်နေကုန်ခြေတိုအောင်သွားတော့ပဲ။ ထမင်းလည်း ကြုံတဲ့နေရာမှာ ကြုံသလိုစားပဲ။ လွယ်တော့ မလွယ်ပါဘူး။ ကိုယ့်ပစ္စည်းကောင်းကြောင်း အမြှုပ်ထအောင် ပြော၊ ဝယ်ချင်အောင်စည်းရုံးရတယ်။ အလှအပ ပစ္စည်းဆိုတော့ တချို့ကလည်း စိတ်မဝင်စားဘူး။ အလှူခံထင်လို့ "ကန်တော့ပါသေးရဲ့" လို့ ပြောတဲ့ကသူက ပြောသေးတယ်။ တချို့ကျတော့လည်း ဘာရယ်မဟုတ်ဘူး။ စပ်စုချင်တာရယ်။ အားနေလို့ အပျင်းပြေလှမ်းခေါ်မေး။ ကိုယ်ကတော့ အဟုတ်မှတ်လို့ အာခြောက်အောင် ရှင်းပြ၊ ပြောပြပြီးတော့ ဝယ်တာလည်း မဟုတ်ဘူး။ စိတ်တွေ တိုလိုက်တာ။

တစ်ခါတုန်းကတော့ စက်ရုံထမင်းစားနားချိန်နဲ့ကြုံလို့ မိန်းကလေးတွေစုနေတဲ့နားသွားပြီး ကျွန်မ ကြော်ငြာဝင်ရတယ်။ မိန်းကလေးတွေဆိုတော့ မေးကြ ကြည့်ကြနဲ့ပေါ့။ ကိုင်ကြပေါ့။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ကြေးချွတ်ဆေး၊ ကိုယ်လိမ်းပေါင်ဒါတွေကလည်း လိုချင်စရာတွေကိုး။ ဒါပေမဲ့ သူတို့ မဝယ်နိုင်ကြဘူး။

"မဝယ်တာ စိတ်မဆိုးပါနဲ့ အစ်မရယ်၊ မဝယ်နိုင်ပေမယ့်လည်း သွားရည်ကျရ နည်းလားဆိုပြီး ကိုင်ကြည့်ကြတာပါ" တဲ့။

ကျွန်မ စိတ် မဆိုးပါဘူး။ စိတ်မကောင်းဖြစ်မိတယ်။ ဒီပစ္စည်းတွေ ကိုင်ရောင်းနေတဲ့ ကျွန်မကိုယ်တိုင်တောင်မှ ဝယ်မသုံးနိုင်ခဲ့ဘူးလေ။ မိတ်ကပ်

တစ်ဘူးက ကျွန်မ နေ့တွက်ထက်တောင် များနေတဲ့ကိစ္စ။ ကျွန်မကိုယ်ချင်း စာနိုင်ပါတယ်။ နမူနာ ပေးလို့ရတဲ့ပစ္စည်းကလည်း အဲဒီနေ့ကမှ ပြတ်နေခဲ့တယ်။ မဟုတ်ရင် ကျွန်မ သူတို့ကို လက်ဆောင်ပေးနိုင်မှာ။

တစ်လောဆီက ဆင်ခြေဖုံးရပ်ကွက်တစ်ခုက သီချင်းဆိုတဲ့ ခပ်ရွယ်ရွယ် မိန်းကလေးတွေ စုနေတဲ့ အိမ်တစ်အိမ်ကို ဝင်ရောင်းရတယ်။ အို... သူတို့တွေ ဝယ်လိုက်ကြတာများ အလကားပေးပစ်နေရသလိုပဲ။ သူတို့မှာတော့ ပိုက်ဆံတွေ ပေါလိုက်တာ။ စက်ရုံက အလုပ်သမကလေးတွေနဲ့ တခြားစီပဲ။ ရိုးသားတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ဘဝမျိုးကို ပိုင်ဆိုင်ကြသူတွေဟာ ဘာကြောင့်များ မပြည့်စုံရတာလဲလို့ တွေးမိတယ်။

ကျွန်မကိုယ်တိုင်ကရော ကိုယ်ရောင်းနိုင်သလောက် ရာခိုင်နှုန်းနဲ့ ပြန်ရမှာဆိုတဲ့ မျှော်လင့်ချက်ကို အစာတပ်ပေးထားတော့ အဲဒီ အစာနောက်ကို လိုက်ဟပ်နေခဲ့ရတာမျိုးပဲ။

လုပ်လို့သာ လုပ်နေခဲ့ရတာ ဒီအလုပ်ကို အမြဲ မဟုတ်ဘူးလို့တော့ တွေးထားခဲ့တယ်။ အလုပ်ထဲဝင်လာတုန်းကတော့ လုပ်သက်လေးရလာရင် စတိုးဆိုင်မှာပဲ ထိုင်ရတဲ့ ပီဂျီ ဖြစ်ချင်တယ်။

ပီဂျီ ဆိုတာ ပရိုမိုးရှင်းဂဲလ်ပါ။ စတိုးဆိုင်တစ်ခုမှာ ကျကျနန ဝတ်စား ပြင်ဆင်ပြီး ဝင်လာတဲ့လူကိုပဲ ရောင်းရတဲ့ မိန်းကလေးမျိုးပေါ့။ သူက ကျွန်မတို့ထက် လစာများတယ်။ အဲဒီကမှ တစ်ဆင့် ရာထူးက တက်တက် သွားမှာကိုး။

ခုတော့ လုပ်ရင်း လုပ်ရင်းနဲ့ သံသယတွေ ဖြစ်လာတယ်။ တစ်နေ့တစ်နေ့ ပင်ပန်းလိုက်တာ တအားပဲ။ အိမ်က အဆင်မပြေတော့ ထမင်းဝယ်စားရတယ်။ ဆီဆမ်းတစ်ပွဲသုံးရာ။ တစ်နေကုန်ဆိုရင် ကိုယ်သုံးတာ တစ်ထောင်လောက် ကုန်တယ်။ ကြာတော့ ကိုယ့်ဝင်ငွေထဲက ထိတာပဲ။ ဒီထက် ချွေတာလို့လည်း ရမှ မရတာ။

တစ်ခါမှာတော့ ဒီလိုပဲ ပစ္စည်းဝင်ရောင်းရင်း အစ်မကြီးတစ်ယောက်နဲ့

စကားပြောဖြစ်တယ်။ သူက ကျွန်မကို "ဈေးရောင်းတာ ဝါသနာပါသလား" လို့ မေးတယ်။ အဲဒီမေးခွန်းက ကိုယ့်ကိုယ်ကိုယ် မမေးဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ပြန်လည်း မဖြေတတ်ဘူး။

"အခု ငါ့ညီမ ဈေးရောင်းနေတာပဲ မဟုတ်လား။ သူများ ပစ္စည်းကိုတောင် ဒီလောက်စိတ်ရှည်လက်ရှည် ရောင်းပေးနိုင်သေးတာ၊ ကိုယ့်ပစ္စည်းကိုယ် ရောင်းရင် ဘယ်လောက်များ တော်လိုက်မလဲ။ ဒီအလှကုန်ပစ္စည်းဆိုတာက လူတန်းစားရွေးတယ်၊ လူတန်းစားမရွေး မကင်းတဲ့ သုံးတဲ့ဟာမျိုးရောင်းနိုင်ရင် ငါ့ညီမ တော်တော်အလုပ်ဖြစ်မယ်" တဲ့။

သူ့စကားတွေက စဉ်းစားစရာတွေပါ။ ကျွန်မ ကျောင်းလည်းတက်ရဦးမယ်။ အိမ်ကိုလည်း ကြည့်ရဦးမယ်။ ကိုယ့်မှာ ဝင်ငွေကောင်းကောင်းလိုတယ်။ စဉ်းစားရင်း စဉ်းစားရင်း ကျွန်မ စိတ်ထဲမှာ ကျပ်သိပ်လို့လာခဲ့တယ်။ လူတန်းစားမရွေး မကင်းတဲ့ သုံးတဲ့အရာမျိုးဟာ ဘာဖြစ်မလဲ။

ဟား... ကျွန်မနားထဲမှာ ငယ်ငယ်က အပြေးပြိုင်ပွဲအတွက် တာထွက်ပေးလိုက်တဲ့ ခရာတုတ်သံကို ကြားလိုက်တယ်။ ကျွန်မ တာထွက်ရတော့မယ်။ အပြေးကို ကျွန်မ ရပြီ။ တစ်ဆင့်ချင်း ထွက်သွားဖို့ပဲ လိုမယ်။

ဒီခေတ်မှာ ဆယ်တန်းလေးအောင်ရုံနဲ့ ဘာလုပ်မှာလဲဆိုတဲ့စကားကနည်းနည်းလေးလွဲတယ်။ ကျွန်မ ဆယ်တန်းကို ကုတ်ကုတ်ကျစ်ကျစ်နဲ့ရောက်ခဲ့၊ အောင်ခဲ့လို့ အသိမှတ်ပြုပေးခဲ့တဲ့ ဆရာတွေ၊ ဆရာမတွေ ရှိခဲ့တယ်။ ခု သူတို့ဆီ ကျွန်မ ရောက်ရပြန်ပြီ။ သူတို့အကူအညီလိုပြီ။ ကျွန်မကျောင်းဈေးမှာ ဈေးရောင်းခွင့် တောင်းရမှာကိုး။ ကျွန်မဘဝကို သိနေတဲ့ဆရာ၊ ဆရာမတွေက ကူညီကြပါတယ်။ ကျွန်မ ကျောင်းဈေးမှာ ထမင်းဖြူနဲ့ အသုပ်တွဲရောင်းတဲ့ဆိုင်လေး ဖွင့်တယ်။ လိုအပ်တဲ့ ငွေကြေးတချို့ကိုလည်း ဝိုင်းဝန်းချေးငှားပေးခဲ့ကြတယ်။ ကျွန်မသာ ဆယ်တန်းမှာ မကြိုးစားခဲ့ရင် ဒီကိစ္စ အထမမြောက်နိုင်ပါဘူး။

ထမင်းဆီဆမ်းတစ်ပွဲနှစ်ရာကို ဟင်းချိုရည်ပူပူကလေးရယ်၊ အသုပ်

ရယ် တွဲပေးတယ်။ သုံးရာဆိုရင် ကလေးတွေအဖို့ များမယ်။ တစ်ရာ ရောင်းရင်တော့ ကျွန်မ မကိုက်တော့ဘူး။ ဒီတော့ ကြားမှာ မျှခြေထားပြီး နှစ်ရာ ရောင်းရတယ်။ လက်ဖက်သုပ်၊ ဂျင်းသုပ်နဲ့ မုန်လာချဉ်သုပ်တွေကို ပဲမှုန့်ကောင်းကောင်း၊ ငံပြာရည်ကောင်းကောင်းနဲ့ သုပ်တယ်။ ကျောင်းဆင်း ကာနီးမှာ ဇလုံကြီးတွေနဲ့ နယ်ထားလိုက်တယ်။ သူတို့ကြိုက်တဲ့အသုပ်ကို ပန်းကန်ထဲ တစ်ခါတည်း ပုံထည့်ပေးလိုက်ရုံပဲ။ ပိုတတ်နိုင်လို့ စားချင်တဲ့ ကလေးတွေကိုတော့ ကြက်ဥကြော်ပေးတယ်။ ကျန်တာကိုတော့ အများစား နိုင်အောင် လုပ်ပေးထားရတယ်။ ကိုယ်တိုင် ဖြစ်သလိုစားခဲ့တာတွေ သတိရ တိုင်း ကလေးတွေကို စားဖြစ်ပါစေဆိုတဲ့ စေတနာများများနဲ့ ရောင်းပေးခဲ့လို့ ကျွန်မ ရောင်းလို့ကောင်းတယ်။

ကျောင်းကြီးပိတ်ခါနီးတော့ ကလေးတွေက "နွေရာသီ ကျူရှင် တက်ရင်း လာစားရအောင် တစ်နေရာမှာ ရောင်းပါလား" လို့ ဝိုင်းပြော လာကြတယ်။ ဒါနဲ့ နွေရာသီရောက်တော့ လမ်းထောင့်တစ်ခုက ကုက္ကိုပင် အောက်မှာ ကျွန်မ ထမင်းသုပ်ဆိုင်လေး ဖွင့်ဖြစ်တယ်။ ကလေးတွေ ရည်ရွယ်တာဆိုပေမယ့် ကျွန်မဆိုင်က ထမင်းနည်းနည်းပိုများတယ်၊ အသုပ်ကလေးတွေလည်း ကောင်းလို့ဆိုပြီး တခြားဈေးဝယ်တွေပါ ရောက် ရောက်လာပါတယ်။ ဟင်းချက်ရောင်းဖို့ အကြံပေးကြပေမယ့် ကျွန်မ မရောင်းဖြစ်ဘူး။ ဟင်းချက်ရောင်းမယ်ဆိုရင် ဈေးဝယ်တာ၊ ချက်တာ လူအားလိုလာမယ်။ မကုန်လို့ကျန်ရင် ပစ်ရမှာ။ ဒီတော့ ကျွန်မက သံဖြူနဲ့ လုပ်တဲ့ ရေခဲသေတ္တာလေးပဲ ဝယ်လိုက်တယ်။ အသီးအရွက်စုံအောင် ထည့် ထားတယ်။ ဆလတ် ရွက်သုပ်၊ ခါကျသုပ်၊ သင်္ဘောသီးသုပ်၊ ပဲသီးသုပ်၊ ဆေးဘဲဥသုပ်တွေ ရောင်းနိုင်အောင် စီစဉ်ထားလိုက်တယ်။ သူတို့စားချင်တာ ယူလာပြီး သုပ်ခိုင်းလည်း သုပ်ပေးလိုက်တာပဲ။ ရောင်းကောင်းနေတော့ ကျောင်းတွေပြန်ဖွင့်တော့မှ ကျောင်းကိုသတိရတယ်။ ဒီဆိုင်ကလေးရဲ့ ရောင်းအားကိုလည်း မလွှတ်နိုင်ဘူးလေ။ ဒါနဲ့ ရွာကတူလေးကို အကူခေါ်ရ

တယ်။ အမေရယ်၊ သူရယ်၊ ကျွန်မရယ်၊ အဖေရယ် ကျောင်းဈေးရော၊ အပြင်ဆိုင်ရော မှုရောင်းနိုင်အောင် လုပ်ရတော့တယ်။

ကိုယ့်လုပ်အားနဲ့ကိုယ် ရပ်တည်ခွင့်ရလို့လား မသိဘူး။ ကျွန်မဖြင့် မောလို့မောမှန်း မသိဘူး။ ရောင်းကောင်းတယ်ဆိုပြီး ကျွန်မ လောဘမကြီးပါဘူး။ စားတဲ့သူအပေါ် မလျော့စေရပါဘူး။ ကျောင်းဈေးမှာ နှစ်ရာ ဆိုပေမယ့် တစ်ရာနဲ့ရောက်လာတဲ့ကလေး၊ ဘာမှမပါတဲ့ကလေးတွေကိုလည်း ကျွန်မ ရောင်းပေးလိုက်ပါတယ်။ မလှူနိုင်ရင် ဈေးရောင်းလို့ ကျွန်မတို့ မြန်မာလူမျိုးတွေ ပြောလေ့ရှိကြတာ တကယ် အမှန်တရားပါပဲ။ အရှုံးထဲက ဖဲ့ပေးရတာမို့ မသိသာဘူး။

အဝေးသင်တက္ကသိုလ်ကိုလည်း ကျွန်မ ဖြောင့်ဖြောင့်တန်းတန်း တက်ခွင့်ရခဲ့တယ်။ တက္ကသိုလ်မှာဆိုတော့ သူငယ်ချင်း မိတ်ဆွေတွေ၊ ဆရာသမား အသစ်တွေကို ကျွန်မ ရခဲ့ပါတယ်။ အင်္ကျီချုပ်ဆိုင်ဖွင့်ရင်း ကျောင်းတက်တဲ့ သူ၊ မူကြိုဆရာမလုပ်ရင်း ကျောင်းတက်သူ၊ ကားမောင်းရင်း ကျောင်းတက် သူတွေနဲ့ ခင်မင်ခွင့်ရခဲ့သလို ဆန်ပွဲရုံ၊ ဆီပွဲရုံကသူတွေနဲ့လည်း ရင်းနှီးခဲ့ရ ပါတယ်။ သူတို့တွေ ကျွန်မဆိုင်ကလေးကို လိုက်လာတတ်ကြပြီး လိုတာ ကို ယူသုံးဖို့လည်း ပြောကြပါရဲ့။

အရင်က အလှူခံနဲ့မှားပြီး ပြောလွှတ် လိုက်တာမျိုးကို ခုထိ ကျွန်မ သတိရနေတုန်းပဲ။ ဒါ နာကျင်စရာ မဟုတ်ပါဘူး။ ဒါ အတွေ့အကြုံပဲ။ ကျွန်မဆိုင်ကလေးကို အဲဒီလို မိန်းကလေးဝင်လာရင် ဖွယ်ဖွယ်ရာရာ ပြင်ပေး မိသလို ကိုယ့်အတွေ့အကြုံကိုလည်း မျှဝေမိပါရဲ့။

သူတို့ အချိန်ရတဲ့အခါ၊ သတိရတဲ့အခါ တွေးနိုင်အောင်လို့ပါ။

ကျွန်မလည်း ဒီလို စခဲ့တာကိုး။

ကဲ... ဒါဆိုရင် မင်းက သိပ်ကို ပြည့်စုံနေပြီလား ဆိုရင်တော့ ဟင့်အင်းပါ။

ဒါပေမဲ့ ကျွန်မ စုတ်ပြတ်၊ နွမ်းဖတ် မနေတော့ပါဘူး။ အစေ

ဆိုက်ကား မနင်းရတော့သလို အမေလည်း အဝတ်မလျှော်ရတော့ဘူး။ ကိုယ့်မောင်လေးတွေ၊ ညီမလေးတွေလည်း စာသင်ခန်းထဲမှာ အေးအေးချမ်းချမ်း စာသင်ခွင့်ရတယ်။ ထိုက်တဲ့ဘွဲ့တစ်ခုကိုလည်း ကျွန်မ ရပါပြီ။ ကိုယ်ကူညီပေးရမယ့်သူကို မငြိုမငြင်ပေးနိုင်ခဲ့တယ်။ ဆာနေတဲ့ဝမ်းတွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးတယ်လို့လည်း ဂုဏ်ယူရတဲ့အလုပ်ကို လုပ်နေရပြီ။ ကျွန်မ ကိုယ့်အလုပ်ကိုယ် တကယ် ဂုဏ်ယူတာပါ။ ကျွန်မကို လာအားပေးတဲ့ ဘယ်သူမဆို စိတ်ကျေနပ်မှုပြည့်ဝအောင်၊ တွက်ခြေကိုက်အောင် ဝန်ဆောင်ပေးပါတယ်။ ကျွန်မရဲ့ ဖောက်သည်တွေကို အဲဒီနည်းနဲ့ ကျေးဇူးတုံ့ပြန်တဲ့ သဘောပါ။ ခုဆိုရင်... ကွက်သစ်ဘက်မှာ ပိုင်းမြေလေး တစ်ကွက် ဝယ်ထားတယ်။ လောလောဆယ် နေနိုင်မယ့်သူကို အငှားချထားပြီး အဲဒီက ရတဲ့ငွေနဲ့ ကျွန်မတို့က ဈေးဆိုင်ဖွင့်ဖို့ ဖြည့်ငှားလိုက်တယ်။ ဆိုင်ကလေး ပိုပြီး သန့်ရှင်းသပ်ရပ်တာပေါ့။

ကုမ္ပဏီဝတ်စုံဝတ်ပြီး ကြော့ကြော့ကလေးတော့ ဘယ်နေနိုင်မလဲ။ ချွေးနဲ့ လုပ်ရတာမျိုးလေ။ ဒါပေမဲ့ ကျွန်မ ကိုယ့်ဘဝကိုယ် ကျေနပ်တယ်။ မသေချာတဲ့ ဝင်ငွေကို မျှော်ကိုးပြီး ရင်မောရတဲ့ဘဝက လွတ်မြောက်ခဲ့ရတာလောက် ကောင်းတာ ဘာရှိမလဲ။

ဆယ်တန်းအောင်ရုံ၊ ဘွဲ့ရရုံနဲ့ အလုပ်မဖြစ်ဘူးဆိုတဲ့အကြောင်းအရာက ကျယ်ပြန့်လွန်းတော့ ကျွန်မ လက်လှမ်းမမီပါဘူး။ ကျွန်မ ကြိုးကြိုးစားစားနဲ့ ပညာသင်၊ ရနိုင်သလောက် အခွင့်အရေးကလေးနဲ့ အခုလို လုပ်ကိုင်စားတဲ့အခါကျတော့လည်း လူတွေက...

"မဆိုးဘူး၊ ဘွဲ့လေးလည်းရတယ်၊ ကိုယ်လုပ်တတ်တာလေးနဲ့ လုပ်နေတယ်"

ဆိုပြီး လေးလေးစားစား ဆက်ဆံကြတယ်။ တမင်ကို လာအားပေးပြီး ဝယ်ကြတယ်၊ တန်ဖိုးထားကြတယ်။

အဲဒါတွေဟာ ကျွန်မအတွက်တော့ ဘဝလောင်စာပဲ။ သူတို့ပေးတဲ့

ယုံကြည်မှုက ကျွန်မကို ပိုပြီး ယုံကြည်ရဲဝံ့ စေပါတယ်။ လူဆိုတာ ဘဝမှာ အကောင်းဆုံးကို လိုချင်ကြသူတွေချည်းပါပဲ။ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့တော့ နည်းနည်းမေ့လျော့နေကြတယ်လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မကတော့ တတ်နိုင်သလောက် ကောင်းအောင် ကြိုးစားနေထိုင်ခဲ့ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ကျွန်မ တစ်ဆင့်ချင်း တက်ခဲ့ရတဲ့ လှေကားက ခုဆို ခိုင်နေပြီ။

ကြုံတဲ့အခါ ကျွန်မရဲ့ ဆိုင်ကလေးကို အားပေးဖို့ ဖိတ်ခေါ်ပါတယ်။ အဆင်မသင့်လို့ ငွေကြေးခက်ခဲနေခဲ့ရင်လည်း စိတ်အေးအေးနဲ့ ဝင်လာခဲ့ပါ။ ကျွန်မ ဆိုင်ကလေးက အတန်းအစားမရွေး အဆင်ပြေအောင် ရည်ရွယ်ပြီး ဖွင့်ထားတာ ဖြစ်ပါတယ်။

ကျွန်မ ဆိုင်ကလေးနာမည်က "သုံးရာသီ" ပါတဲ့။

နှင်းဆီအောင်

■ အကြိမ်ကြိမ် လဲကျရာက ပြန်ထပြီး လျှောက်လှမ်းနိုင်သူရဲ့ 'အတွေ့အကြုံ' နဲ့ 'မိမိကိုယ်မိမိ ယုံကြည်မှု' မျိုးကို ကံအားလျော်စွာ အလွယ်တကူ ဖြတ်တက်သွားသူက မရနိုင်ပါဘူး။ ဒီအတွေ့အကြုံနဲ့ စိတ်ဓာတ်ခွန်အားဟာ ရေရှည်ဘဝလမ်းမှာ ကြုံလာမယ့် အချိုးအကွေ့တွေကျတော့ အရေးကြီးတဲ့ အသုံးအဖြစ်ရလဒ်တွေကို ပေးတတ်ပါတယ်။

## ခွန်အားပါတဲ့ ခြေလှမ်းများ

**မောင်လွင်မွန် (ကသာ)**

ကျွန်တော်တို့ရဲ့ ဘဝခရီးမှာ အချိုးအကွေ့ အတက်အကျ အနိမ့်အမြင့်တွေ ရှိပါတယ်။ တချို့ အချိုးအကွေ့တွေက အကျဘက်ကို ဦးတည်ပြီး တချို့ အချိုးအကွေ့တွေက အတက်ဘက်ကို ရှေးရှုပါတယ်။ တချို့သော အချိုးအကွေ့များမှာ ကျွန်တော်တို့က ဆက်လက် ရပ်တည်လျှောက်လှမ်းဖို့ အားအင်တွေ ကုန်ခန်း၊ စိတ်ဓာတ်တွေ ယိုယွင်းပျက်ပြားပြီး ဗုန်းဗုန်းလဲကျတဲ့ အခြေအနေမျိုး ကြုံရတတ်ပါတယ်။

တချို့သော အချိုးအကွေ့များမှာတော့ အောင်မြင်မှုများကို ကျေနပ်နှစ်သိမ့်ပြီး ဘဝမှာ ပင်ပန်းကြီးစွာ အားထုတ်ကြိုးပမ်းခဲ့ရသမျှအတွက် အတိုးချ အနားယူဖို့ ဆုံးဖြတ်ချက်ချရင်း ဒီလောက်ဆို တော်ပြီပေါ့လို့ တွေးမိနေတတ်ပါတယ်။

ဒီတော့ ဘယ်လို အချိုးအကွေ့များမှာဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်မေးရမယ့် မေးခွန်းက 'ဒီနေရာမှာ ရပ်နေတော့မှာလား' ဆိုတာပါပဲ။ ဘယ်တော့ဖြစ်ဖြစ် ဒီမေးခွန်းရဲ့ အဖြေက ရပ်မနေဘဲ ဆက်လက်ရှင်သန်လျှောက်လှမ်းသွားမယ်ဆိုတာပဲ ဖြစ်သင့်ပါတယ်။

အထူးသဖြင့် ပျိုမျစ်နုနယ်တဲ့ လူငယ်ဘဝမှာ ရှေ့လျှောက်ရမယ့်ဘဝခရီးက မှန်းကြည့်ရခက်လောက်အောင် ရှည်လျားနေနိုင်သေးတာ ဖြစ်ပေမယ့်

အကြောင်းအမျိုးမျိုးကြောင့် လက်ရှိနေရာကနေ ဆက်လျှောက်လှမ်းချင်စိတ် ကုန်ခန်းသွားတတ်ပါတယ်။ များသောအားဖြင့်တော့ ကိုယ်မျှော်မှန်းထားသလို မဖြစ်တဲ့အခါ ကိုယ့်စိုက်ထုတ်ခဲ့မှုနဲ့ ထိုက်တန်တဲ့ ရလဒ်မျိုးရနိုင်ပါလျက် မရလိုက်တဲ့အခါ သို့မဟုတ် မမျှော်လင့်ဘဲ ဆုံးရှုံးပျက်ယွင်းမှုတို့၊ သစ္စာဖောက်ခံရမှုတို့နဲ့ ရင်ဆိုင်ရတဲ့အခါတွေမှာ ဒီလိုစိတ်ခံစားမှုမျိုး ဖြစ်လာတတ်ပါတယ်။

တကယ်တော့ ဘဝဆိုတာက ကိုယ်စီ ရည်မှန်းချက်တွေနဲ့ ကြိုးပမ်းအားထုတ်ကြလေ့ ရှိတာပါပဲ။ ဒါပေမဲ့ ရည်မှန်းချက်ကို တချို့က လွယ်လင့်တကူ ရောက်ရှိတတ်ကြပြီး အချို့ကတော့ ခဲခဲယဉ်းယဉ်း ကြိုးပမ်းအားထုတ်သည့်တိုင် အဆင်မပြေ မအောင်မြင် ဖြစ်တတ်ပါတယ်။ ဒီလို မအောင်မြင်သူတွေထဲ ကိုယ်ပါတဲ့အခါ 'ငါ့ဘဝကတော့ ဒီလောက်ပဲ နေမှာပါပဲ၊ ဆက်လုပ်လို့လည်း အလကားပါပဲ' ဆိုပြီး စိတ်ပျက်အားလျော့ချင်စိတ်မျိုးတွေ ဖြစ်တတ်ပါတယ်။

တကယ်တော့ ဒီလို အဖြစ်မျိုးကြုံရတဲ့အခါ ကိုယ့်ရည်မှန်းချက်က မဖြစ်နိုင်တဲ့ဟာမျိုးကို စိတ်ကူးယဉ်ခဲ့တာ မဟုတ်ဘဲ ကြိုးစားရင် ရနိုင်တာမျိုးကို အားထုတ်ကြိုးပမ်းခဲ့ရက်နဲ့ မဖြစ်ခဲ့တာမျိုးဆိုရင် ဒီနေရာမှာ ရပ်မနေဘဲ ဆက်ကြိုးစား လျှောက်လှမ်းရမှာပါ။

လျှပ်စစ်မီးသီးကို တီထွင်ခဲ့တဲ့ အယ်ဒီဆင်ဟာ စမ်းသပ်မှုအကြိမ်တစ်သောင်းအထိ မအောင်မမြင် ဖြစ်ခဲ့ပြီး စမ်းသပ်မှုတစ်သောင်းနဲ့ တစ်ကြိမ်မြောက်မှာမှ အောင်မြင်ခဲ့တယ်လို့ အဆိုရှိပါတယ်။ အယ်ဒီဆင်သာ မအောင်မြင်ဖြစ်တဲ့အချိန် အဲဒီနေရာမှာ ရပ်သွားခဲ့မယ်ဆိုရင် ကျွန်တော်တို့တစ်တွေဟာ အခုအချိန်မှာ ရေနံဆီမီးခွက် သို့မဟုတ် ဖယောင်းတိုင်နဲ့ပဲ စခန်းသွားကောင်း သွားနေရမှာပါ။

တစ်ခါတလေကျတော့ ဘဝမှာ ကိုယ်ကြိုးစားသလောက် ပြန်မရဘူး၊ ဒါမှမဟုတ် ကံကြမ္မာက ကိုယ့်ကိုတော့ မျက်နှာသာမပေးဘူးလို့ ထင်စရာအကြောင်းလေးတွေ ရှိတတ်ပါတယ်။ မှန်ပါတယ်။ ဘဝခရီးကိုအတူလျှောက်လှမ်းကြရာမှာ တစ်ယောက်နဲ့တစ်ယောက် ကံအကျိုးပေးချင်း ကွာနိုင်ပါ

တယ်။ တချို့ကျတော့ ရည်မှန်းထားတာကို လွယ်လင့်တကူနဲ့ရပြီး တချို့ကျတော့ ခဲခဲယဉ်းယဉ်းလုပ်ရသည့်တိုင် မရနိုင် ဖြစ်တတ်ပါတယ်။

ကျောင်းတစ်ကျောင်းတည်း၊ စာသင်ခန်းတစ်ခုတည်းက ဆရာတစ်ယောက်တည်းသင်တဲ့ အတန်းဖော်ချင်းမှာ နားလည်လွယ်သူနဲ့ နားမလည်နိုင်သူ၊ စာရလွယ်သူနဲ့ မမှတ်မိနိုင်သူ၊ ကိုယ်နားလည်တာကို ပြန်ဖြေဆို တင်ပြနိုင်သူနဲ့ မတင်ပြနိုင်သူ စသဖြင့် ကွာခြားနေနိုင်ပါတယ်။ ဒီလို ကွာတာက ပင်ကိုဉာဏ် အရည်အသွေး၊ ဒါမှမဟုတ် အာရုံစူးစိုက်နိုင်မှု ဒါမှမဟုတ် စိတ်တည်ငြိမ်စွာ ဖြေရှင်းရင်ဆိုင်နိုင်မှုတွေ ကွာခြားတာ ဖြစ်နိုင်ပါတယ်။ ဒီကွာခြားချက်မှာ ကိုယ့်အားနည်းချက်ကိုရှာပြီး ပြုပြင်သွားရင်လည်း ဖြစ်ပါတယ်။ သို့မဟုတ် မပြုပြင်နိုင်ရင် ဒါမှမဟုတ် အရည်အသွေးချင်း မယှဉ်နိုင်ရင်လည်း အားငယ်စရာ မရှိပါဘူး။

သူများက လွယ်လင့်တကူနဲ့ ကိုယ့်ကိုကျော်သွားတာကို ကိုယ်က အားငယ်ရပ်ကျန်မနေဘဲ သူ့ထက်ပိုကြိုးစားပြီး အမီလိုက်ဖို့ပဲ ရှိတာပါ။ ဒီလို ပိုအားထုတ် ကြိုးစားရခြင်းကိုလည်း ကိုယ့်ဘက်က နစ်နာချက် ဒါမှမဟုတ် အရှုံးလို့ ထင်စရာမလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးက တစ်ဖက်က နစ်နာသွားတာကို တခြားတစ်ဖက်ကနေ အမြဲဖြည့်ဆည်းပေးတတ်ပါတယ်။ ဒါကို ကိုယ်က မြင်တတ်ဖို့ပဲ လိုပါတယ်။ အကြိမ်ကြိမ် လဲကျရာက ပြန်ထပြီး လျှောက်လှမ်းနိုင်သူရဲ့ 'အတွေ့အကြုံ' နဲ့ 'မိမိကိုယ်မိမိ ယုံကြည်မှု' မျိုးကို ကံအားလျော်စွာ အလွယ်တကူ ဖြတ်တက်သွားသူက မရနိုင်ပါဘူး။ ဒီအတွေ့အကြုံနဲ့ စိတ်ဓာတ်ခွန်အားဟာ ရေရှည်ဘဝလမ်းမှာ ကြုံလာမယ့် အချိုးအကွေ့တွေကျတော့ အရေးကြီးတဲ့ အဆုံးအဖြတ်ရလဒ်တွေကို ပေးတတ်ပါတယ်။

တက္ကသိုလ်ကျောင်းသားဘဝမှာ ကြုံခဲ့ရဖူးတဲ့ အားကစားပြိုင်ပွဲ အတွေ့အကြုံတစ်ခုကို သတိရမိလို့ မျှဝေချင်ပါတယ်။ တက္ကသိုလ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲမှာ ကိုယ့်တက္ကသိုလ်က သိပ်ထက်မြက်တဲ့ အသင်းတွေနဲ့ မတွေ့ဘဲ အုပ်စုအတော်ချောင်ပါတယ်။ ဒီကြားထဲမှာ ကိုယ့်အသင်းမှာ စပေးဘောကို တစ်ဖက်ကွင်းထဲကို စိုက်သွားအောင် ရိုက်ပြီး အမှတ်ယူနိုင်သူ တစ်ယောက်ကလည်း ပါသေးတယ်။ ဒီလိုနဲ့ အုပ်စုပွဲများ ကစားရာမှာ

ခပ်လွယ်လွယ် အသင်းများနဲ့ပဲတွေ့ပြီး ကိုယ့်ဘက်က ထူးခြားတဲ့ စပေး ဘောကိုလည်း သူတို့ မဆယ်နိုင်တဲ့အတွက် ဘာမှ သိပ်ပင်ပင်ပန်းပန်း မကစားရဘဲ အမှတ်အပြတ်နဲ့ချည်း ပွဲတွေနိုင်ပြီး ဆီမီးဖိုင်နယ်ကို တက်လာ ခဲ့ပါတယ်။

ဆီမီးဖိုင်နယ်မှာ ကိုယ်နဲ့ပြိုင်ရတဲ့အသင်းက တစ်ဖက်အုပ်စုမှာ ပွဲကျပ် တွေ အကြိတ်အနယ်ကစားပြီးမှ အုပ်စု ဒုတိယနဲ့ တက်လာခဲ့တာပါ။ ကိုယ်က အုပ်စုဗိုလ်မို့ စိတ်ဓာတ်အရလည်း အသာစီး ရထားပါသေးတယ်။

ဒါပေမဲ့ တကယ်တမ်း ကစားတဲ့အခါ လက်ရည်မကွာပေမယ့် အသင်းလိုက်စည်းလုံးမှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ မိမိကိုယ်မိမိ ယုံကြည် မှုတွေမှာ ပွဲကျပ်တွေ ကစားခဲ့တဲ့အသင်းက အများကြီးသာနေခဲ့ပြီး နောက်ဆုံး နှစ်ပွဲပြတ်ရှုံးပြီး ထွက်ခဲ့ရပါတယ်။

အဓိကကတော့ တစ်ခါမှ မရှုံးဖူးလို့ တစ်ဖက်က အမှတ်နည်း နည်း သာတာနဲ့ ပြာသွားပါတော့တယ်။ တစ်ဦးတည်း အစွမ်းနဲ့ အမှတ်တွေ သဲ့ယူနိုင်ခဲ့တဲ့ စပေးဘောပိုင်ရှင်ကလည်း စိတ်လှုပ်ရှားပြီး ဘေးထွက်လိုက် ပိုက်ထိလိုက်နဲ့ အမှတ်တစ်မှတ်မှ ရအောင်မယူနိုင်ခဲ့ဘူးလေ။ ဒါတွေကို ခြုံကြည့်လိုက်တော့ အရင်ကပွဲတွေ ချောင်ခဲ့တယ်ဆိုတဲ့ ကံကောင်းမှုရဲ့ ဘေးထွက်ဆိုးကျိုးကို လိမ့်ခံရတာပါပဲ။

ဒီတော့ ဘဝမှာ ကံကောင်းခြင်းက ဘေးထွက်ဆိုးကျိုးရှိနိုင်သလို ကံဆိုးခြင်းကလည်း ပိုကောင်းတဲ့နေရာကို ပို့ပေးမယ့် အကောင်းဆုံးလှေကား ထစ် ဖြစ်ချင် ဖြစ်နေတတ်တာပါ။

အဲဒီ အားကစားပွဲမှာ ဆီမီးဖိုင်နယ်ကနေ ဗိုလ်လုပွဲဆီကို ဆက်တက် လှမ်းချင်ပေမယ့် မလှမ်းနိုင်တော့ဘဲ အဲဒီနေရာကနေ ရပ်နားထွက်ခွာခဲ့ရတာ ဟာ ဘာကြောင့်လဲဆိုတော့ ကိုယ်လျှောက်လှမ်းဖြတ်သန်းလာတဲ့ အဖြစ်မှန် ကို ဝေဖန်သုံးသပ်မှု အားနည်းလို့ပါပဲ။ တကယ်လို့သာ ကိုယ်လွယ်လွယ် ကူကူ ဖြတ်သန်းခဲ့ရမှုရဲ့ ဘေးထွက်ဆိုးကျိုးကို ကြိုမြင်ပြီး ပြင်ဆင်လေ့ကျင့် ထားရင် ရှေ့ကို တက်လှမ်းနိုင်မှာပါပဲ။ ဒီတော့ ရှေ့ကို ဆက်လျှောက် လှမ်းလိုသူတို့အတွက် သတိထားရမယ့်တစ်ချက်ထဲမှာ ကိုယ့်ခြေလှမ်းများကို

ဝေဖန်စိစစ်ပြီးတော့ အနာဂတ်ခရီးအတွက် ကြိုပြင်ဆင်ထားရမယ်ဆိုတာ လည်း ပါပါလိမ့်မယ်။

အထက်မှာ ပြောခဲ့သလိုပဲ တစ်ခါတလေကျတော့ ကိုယ့်လုပ်ဖော် ကိုင်ဖက်၊ ကိုယ့်ချစ်သူ၊ ကိုယ်ယုံကြည်စိတ်ချရသူရဲ့ သစ္စာဖောက်တာ လိမ်လည်တာကို ခံရတဲ့အခါမှာလည်း ရှေ့ခရီးကို မဆက်ချင်တော့အောင် စိတ်ပျက်သွားတတ်ပါတယ်။ ဒါပေမဲ့ ဒီလိုအဖြစ်မျိုးကြုံတဲ့အခါ နှစ်ယောက် လက်တွဲလှမ်းမယ်လို့ မှန်းထားတဲ့ခရီးကို တစ်ယောက်တည်း လှမ်းရတော့ မှာမို့ ခြေလှမ်းပျက်သွားတာလည်း ပါပါလိမ့်မယ်။ ဒီအခါမှာလည်း ရှေ့ဆက် နိုင်ဖို့ စိတ်ဓာတ်အင်အားတွေကို ကိုယ့်ဘာသာ မွေးမြူအားပေးရမှာပါ။

အနီးဆုံးလက်တွဲဖော်က လိမ်လည်တာကို ခံရတယ်ဆိုတာ ကံဆိုး တာလို့ ထင်စရာဖြစ်ပေမယ့် တကယ်တော့ လိမ်တဲ့သူကို လိမ်နေမှန်း သိလိုက်ရတာဟာ စောစောသိလေ ပိုကံကောင်းလေပါပဲ။ ဒီထက်နောက်ကျ သိရမယ်ဆိုရင် ကိုယ့်ဘဝမှာ ဆုံးရှုံးရမှုတွေက ဒီထက်များနိုင်တယ် မဟုတ် လား။ စောစောသိလိုက်ရတဲ့အတွက် တခြား လက်တွဲဖော်တစ်ယောက်နဲ့ အစားထိုးဖို့လည်း အချိန်ရသွားနိုင်ပါတယ်။

ဟုတ်ပြီ။ ဒါဆိုရင် ဘဝမှာ အောင်မြင်မှုတွေ ရည်မှန်းချက်တွေဆီကို မရောက်ခင် ဘယ်လိုအခက်အခဲတွေ့တွေ့ ကျော်လွှားပြီး ရောက်အောင် လျှောက်လှမ်းသင့်တာကတော့ သေချာပါတယ်။ ဒါဆိုရင် ဘဝမှာ ကိုယ် ရည်မှန်းတဲ့အတိုင်း အောင်မြင်သွားပြီဆိုတော့ကော ဆက်လျှောက်လှမ်းဖို့ လိုသေးရဲ့လား။

ဒီနေရာမှာ လက်ရှိအောင်မြင်နေသူတွေရဲ့ သူတို့ရောက်နေတဲ့ နေရာ တွေကို ကြည့်လိုက်တော့ အောင်မြင်မှုတွေရပြီ၊ ရည်မှန်းချက်တွေ ပြည့်ပြီ ဆိုပေမယ့် လုပ်သင့်တာကို ဆက်လုပ်၊ လျှောက်သင့်တဲ့လမ်းကို ဆက် လျှောက်ပြီး ခြေလှမ်းတွေ သွက်နေဆဲဆိုတာ မြင်ရမှာပါ။

ဘီလ်ဂိတ်ဟာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဘဝကနေ သန်း ကြွယ်သူဌေးဘဝကို လျှောက်လှမ်းခဲ့ပါတယ်။ အဲဒီကတစ်ဆင့် လူအများကို ကူညီပေးနိုင်တဲ့ လူမှုအကျိုးဆောင်သူဘဝဆီ ဆက်လျှောက်လှမ်းခဲ့ပါတယ်။

ဒီလိုပါပဲ။ မစ္စစ် ဟီလာရီကလင်တန်ဟာ သမ္မတကတော်ဘဝမှာ

ကတည်းက လူသိများပြီး အောင်မြင်ကျော်ကြားခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ အဲဒီနေရာမှာ ရပ်မနေခဲ့ပါဘူး။ ပထမဆုံး အမေရိကန်ရဲ့ အမျိုးသမီးသမ္မတလောင်းအဖြစ် အိုဘားမားနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီမှာ နောက်ဆုံးတော့ သူ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒါပေမဲ့ ရှုံးနိမ့်တဲ့နေရာမှာ သူ ရပ်မနေပါဘူး။

သူဟာ သမ္မတ အိုဘားမားရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဘဝနဲ့ အမေရိကန် ပြည်သူတွေရဲ့ အရေးသာမက နိုင်ငံတကာအရေး၊ ဒီမိုကရေစီရေးနဲ့ ကမ္ဘာ့ပြည်သူများအရေးကို သူ ယုံကြည်တဲ့အတိုင်း ဆောင်ရွက်သူအဖြစ် ဘဝအောင်မြင်မှုလမ်းပေါ်မှာ ဆက်လျှောက်လှမ်းနေပါတယ်။

ဒီတော့ ဘဝဆိုတာ ရည်မှန်းချက်တွေကို ပြည့်ဝအောင် ကြိုးစားရာမှာ ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းရမှာဖြစ်သလို အောင်မြင်မှု အထိုက်အလျောက် ရရာမှာဖြစ်စေ၊ စိတ်ပျက်အားငယ်စရာတွေ ကြုံရတဲ့အခါမှာဖြစ်စေ အဲဒီနေရာမှာ ရပ်မနေဘဲ ဆက်လျှောက်လှမ်းရမှာဖြစ်တာ သေချာပါတယ်။

ဒါတင်မကဘဲ အောင်မြင်မှုပန်းတိုင်ဆီ ရောက်သွားပြီဆိုတဲ့ သူများပင်လျှင် ဆက်လျှောက်နေကြစမြဲဆိုတာ မြင်သာပါတယ်။ ကိုယ်လျှောက်နေတဲ့ လမ်းပေါ်မှာဖြစ်စေ၊ ဆင့်ပွားလျှောက်လှမ်းရတဲ့ လမ်းသစ်ပေါ်မှာဖြစ်စေ မူလအောင်မြင်မှုများရဲ့ အရှိန်အဟုန်နဲ့ ပိုကြီးမားကျယ်ပြန့်တဲ့ ထပ်ဆင့်အောင်မြင်မှုများဆီ လျှောက်လှမ်းကြတာ ဖြစ်ပါတယ်။ ဒီနည်းနဲ့ အောင်မြင်တဲ့ ဆရာဝန်ကြီးဘဝကနေ ကျန်းမာရေးအသိပညာပေး စာရေးဆရာ၊ ဒီကတစ်ဆင့် သုတရသဖွဲ့ စာရေးဆရာဘဝအထိ အောင်မြင်သူမျိုးတွေကို မြင်နိုင်ပါတယ်။ အလားတူ ကျော်ကြားတဲ့ အနုပညာသည်ဘဝကနေ အများကိစ္စကို ငွေအားလူအား စိုက်ထုတ်ကူညီသူ၊ ဒီကတစ်ဆင့် ပရဟိတလုပ်ငန်းမှာ ဘဝမြှုပ်နှံထားသူ၊ ဘဝကို အောင်မြင်စွာ လျှောက်လှမ်းသွားသူမျိုးတွေကိုလည်း အနုပညာချစ်သူတို့အနေနဲ့ အားကျစရာ အတုယူစရာအဖြစ် မြန်မာလူ့ဘောင်ထဲမှာ တွေ့မြင်နေရတာပါပဲ။

ဒီတော့ ခေတ်သစ်ဆီ မျှော်မှန်းပြီး ပြောင်းလဲခြင်းလမ်းပေါ်မှာ

လျှောက်လှမ်းနေကြတဲ့ မြန်မာနိုင်ငံမှာ နိုင်ငံသားများ အထူးသဖြင့် လူငယ်များရဲ့ ကိုယ်စီဘဝလမ်းပေါ်မှာ လေးနက်တဲ့ ခြေလှမ်းများနဲ့ ကြိုးစားလျှောက်လှမ်းခြင်းက နိုင်ငံအတွက် ခွန်အားပါတဲ့ ခြေလှမ်းကြီးများနဲ့ တိုးတက်ဖွံ့ဖြိုးမှု မနက်ဖြန်ဆီကို သွက်သွက်ကြီး လှမ်းနေတာနဲ့ အတူတူပဲ ဆိုတာ သေချာပါတယ်။

ဒါကြောင့် ကိုယ့်အတွက်ရော အများအတွက် တိုင်းပြည်အတွက်ပါ လေးနက်တဲ့သူတိုင်း ရောက်တဲ့နေရာမှာ ရပ်မနေဘဲ လေးနက်ခိုင်မာတဲ့ ခြေလှမ်းတွေ ခပ်သွက်သွက် လှမ်းကြရအောင်လို့ နှိုးဆော်လိုက်ချင်ပါတယ်။

**မောင်လွင်မွန် (ကသာ)**

■ "သမီး ထီးယူလေ့မရှိပါဘူး ဆရာမ၊ သမီးမိုးကာအင်္ကျီနဲ့ပဲ သွားမှာပါ။ ထီးယူရင် သမီးအတွက် ဒီထီးကို သယ်ရတာနဲ့ ခရီးမရောက်နိုင်လို့ပါ၊ သမီး သွားမယ်နော်"ဆိုပြီး အပြေး တစ်ဝက်ထွက်သွားတဲ့ သမီးငယ်လေးကိုကြည့်ရင်း ဆရာမ ရင်ထဲမှာ သူ့အတွက် ဂုဏ်ယူဝမ်းမြောက်လိုက်ရတာ သားတို့၊ သမီးတို့ရယ်။ အဲဒီသမီးလေးကတော့ **Lotus foundation** က အဖွဲ့ဝင်သမီးလေး တစ်ယောက်ပါ။

# ကိုယ့်ကိုယ်ကိုယ်ကိုး ကိုယ်ပင်နှိုး

**ခင်မြစိမ်း (ပညာရေး)**

ပဒ္မာနှန်မိုးက အရှိန်အဟုန်ပြင်းထန်စွာဖြင့် သွန်ချနေဆဲ။ ပြတင်းက တစ်ဆင့် မြင်နေရတဲ့ မိုးရေစက်တွေကို မျှော်ကြည့်ရင်းက ဆရာမရင်ထဲမှာ လူငယ်တွေအတွက် အတွေးပုံရိပ်တို့ ထင်ဟပ်လာပြန်တယ်။ တစ်ခါတစ်ရံ လူ့ဘဝမှာ အရှိန်အဟုန်ပြင်းထန်စွာ ကြိုးစားလုပ်ကိုင်ရတဲ့ အနေအထားတွေ ရှိသလို၊ တစ်ခါတစ်ရံ နှေးနှေးမှန်မှန် ကြိုးစားအားထုတ်ရတဲ့ အနေအထား တွေလည်း ရှိနေတတ်ပါတယ်။ တကယ်တော့ မိမိကိုယ်တိုင် တိုးတက် အောင်မြင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် နှိုးဆော်တိုက်တွန်းဖို့ လိုအပ်တယ် မဟုတ်ပါလား။

ဒီနေ့အောင်မြင်နေတဲ့ သူတွေကို ကြည့်မယ်ဆိုရင် သူတို့ဟာ သူတို့ ကိုယ် သူတို့ တိုးတက်အောင်မြင်ဖို့ နှိုးဆော်ခဲ့ရတာပဲ မဟုတ်လား။ ဒါကြောင့် ဆရာမက ဒသမတန်း အင်္ဂလိပ်စာ ပုံနှိပ်စာအုပ်ထဲက အတ္ထုပ္ပတ္တိတစ်ခု ဖြစ်တဲ့ "ဟင်လင်ကဲလား" (Helen Keller) အကြောင်းကို ပြောပြချင် ပါတယ်။

တကယ်တော့ "ဟယ်လင်ကဲလား" က (၁) နှစ်နဲ့ (၇) လ သမီးအရွယ်မှာပဲ ထူးဆန်းရောဂါတစ်ခုကြောင့် ဆွံ့အနားမကြား၊ မျက်မမြင် ဘဝကို ရောက်ခဲ့ရတယ်။ အဲဒီမှာ သူ့အဖေက ဘော့စတွန်မြို့ (Boston)က ပါကင်းမျက်မမြင် (Perkins In stitute for the Blind) သင်တန်းကျောင်း

ကို ဆက်သွယ်အကူအညီတောင်းလိုက်တယ်။ ''အယ်နီဆူလီဗန်'' ဆိုသူ ဆရာမလေးက ဟယ်လင့်ဘဝရဲ့ မီးအိမ်ရှင်မလေးသဖွယ် အလင်းဆောင် ပေးခဲ့တဲ့အတွက် အသက် (၇) နှစ်အရွယ်မှာ စကားပြန်ပြောလာနိုင်ခဲ့ တယ်။ ဒါပေမဲ့ ဟယ်လင့်အနေနဲ့ စကားပြန်ပြောနိုင်တဲ့ အနေအထားမှာ ရပ်မနေပါ။ သူက ရေးတတ်ဖတ်တတ်အောင် အနိုင်မခံအရှုံးမပေးဘဲ ကြိုး စားခဲ့တယ်။ ဒါကြောင့် (၁၉၀၄) ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ အကောင်းဆုံးကောလိပ်တွေက တစ်ခုဖြစ်တဲ့ Radcliff College က ဘွဲ့ရ ခဲ့တယ်။ ကမ္ဘာမှာ ပထမဦးဆုံး ဝိဇ္ဇာဘွဲ့ကို ရယူနိုင်ခဲ့တာလို့လည်း သိရ ပါတယ်။ ဒီနေရာမှာ ဆရာမ ပြောပါရစေ။

သားတို့ သမီးတို့ရေ၊ သူက ဘွဲ့ရရုံနဲ့ မကျေနပ်သေးဘဲ ဆက်လက် ကြိုးစားခဲ့တဲ့အတွက် ကမ္ဘာက အသိအမှတ်ပြုတဲ့ ကမ္ဘာကျော်စာရေးဆရာမ ကြီးလည်းဖြစ်လာ၊ တစ်ခါတစ်ရံ ရုပ်ရှင်တွေထဲမှာ ပါဝင်သရုပ်ဆောင်တာကို တွေ့ရပါတယ်။ တကယ်လို့သာ သူဟာ ရောက်တဲ့နေရာလေးမှာပဲ ရပ်နေ မယ်ဆိုရင် ဒီလိုအောင်မြင်ကျော်ကြားတဲ့သူတစ်ယောက် ဖြစ်လာမှာ မဟုတ် ပါဘူး။

ဒါကြောင့် ဆရာမ တိုက်တွန်းချင်တာတစ်ခုက ဘယ်လောက်ပဲ အခက်အခဲတွေ ကြုံတွေ့ပါစေ။ ပြင်းပြလိုချင်တဲ့ စိတ်ဆန္ဒရှိရင် ကိုယ် လိုချင်တာ၊ ဖြစ်ချင်တာတွေကို ရနိုင်၊ ဖြစ်နိုင်တယ်ဆိုတာကိုပါပဲ။

ဒါကြောင့် သားတို့၊ သမီးတို့ရေ၊ ကလေးတို့ဟာ တိုးတက်အောင်မြင် ချင်ကြတယ်၊ ကိုယ့်မိဘ၊ ကိုယ့်ဆရာ၊ ကိုယ့်တိုင်းပြည်ကို ကောင်းကောင်း အလုပ်အကျွေးပြုချင်ကြတယ်ဆိုရင် ...

သားတို့၊ သမီးတို့ ဘာလုပ်သင့်ကြသလဲ။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး မေးခွန်းထုတ်သင့်ကြပြီပေါ့နော်။ ငါ တိုးတက်ဖို့၊ ငါ အောင်မြင်ဖို့ ဘာလုပ် သင့်သလဲ။

စသဖြင့်ပေါ့ကွယ်။ မေးခွန်းတွေမေးရင်းက ကိုယ့်ကိုယ်ကိုယ် နှိုးဆော် ကြရတော့မှာပေါ့။ နောက်ဥပမာတစ်ခု ဆရာမ ပြောပြချင်ပါတယ်။ ပရဟိတ လုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်နေတဲ့ လူငယ်လေးတွေ

အကြောင်းပေါ့။ တစ်နေ့မှာ အဲဒီအဖွဲ့က လူငယ်အမျိုးသမီးလေးတစ်ဦး အသက်ကတော့ (၂၀) ကျော် ပတ်ဝန်းကျင်ပေါ့ကွယ်။ ဆရာမဆီကို ရောက်လာတယ်။ ပါးနှစ်ဖက်မှာ သနပ်ခါးအစင်းကလေးတွေနဲ့ နုပျိုဝင်းဝါနေတဲ့ သူ့မျက်နှာလေးမှာ မိုးရေစက်ကလေးတွေ တွဲလွဲခိုနေလေရဲ့။

ဆရာမနဲ့ သူ အကြောင်းအရာတစ်ခုပြောပြီးလို့ သူ ပြန်မယ်လုပ်တော့ ဆရာမက ပြောမိတယ်။ "သမီး ထီးဆောင်းဖို့ မမေ့နဲ့ဦး၊ မိုးမိရင်ဖျားတတ်တယ်နော်" လို့ ပြောလိုက်တော့ သူက ရွှန်းလဲ့တောက်ပနေတဲ့ မျက်လုံးအစုံနဲ့ ဆရာမကို ပြန်ကြည့်ရင်း "သမီး ထီးယူလေ့မရှိပါဘူး ဆရာမ၊ သမီးမိုးကာအင်္ကျီနဲ့ပဲ သွားမှာပါ။ ထီးယူရင် သမီးအတွက် ဒီထီးကို သယ်ရတာနဲ့ ခရီးမရောက်နိုင်လို့ပါ၊ သမီး သွားမယ်နော်"

ဆိုပြီး အပြေးတစ်ဝက်ထွက်သွားတဲ့ သမီးငယ်လေးကိုကြည့်ရင်း ဆရာမ ရင်ထဲမှာ သူ့အတွက် ဂုဏ်ယူဝမ်းမြောက်လိုက်ရတာ သားတို့၊ သမီးတို့ရယ်။ အဲဒီသမီးလေးကတော့ Lotus Foundation က အဖွဲ့ဝင်သမီးလေး တစ်ယောက်ပါ။ အဲဒီသမီးငယ်လေးလို အများအကျိုးလုပ်ဆောင်မယ့် လူငယ်လူရွယ်တွေ များလာရင် တို့တိုင်းပြည်လည်းပိုလို့ တိုးတက်လာနိုင်မယ် မဟုတ်ပါလားကွယ်။ ပထမဦးစွာ ကိုယ့်ကိုယ်ကိုယ် တိုးတက်ကြီးပွားအောင်လုပ်ပြီး အများအကျိုးအတွက် ဆက်လက်လုပ်ဆောင်ရမှာပေါ့။ အဲဒီတော့ သားတို့၊ သမီးတို့အနေနဲ့ အစမှာ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့စိတ် မွေးမြူရမှာပေါ့နော်။

တကယ်တော့ ဆရာမတို့ရဲ့ ရှင်တော်မြတ်ဘုရားကလည်း ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမယ်၊ အတ္တာဟိ အတ္တနော နာထော - မိမိကိုယ်သာ ကိုးကွယ်ရာလို့ အတိအလင်း ဟောတော်မူခဲ့တာပဲကွယ်။ ဒီနေရာမှာ လူငယ်တွေကို အားမာန်ပေးပြီး ဆရာမကိုယ်တိုင်လည်း ကြိုက်နှစ်သက်တဲ့ ဝီသကြည်မြ အသံပိုင်ရှင် အဆိုကျော် ဦးအံ့ကြီး သီဆိုထားတဲ့ -

"ယောကျ်ားကောင်း၊ အတောင်နှစ်ဆယ်ဆိုတာ၊ **ကောင်းကင်ထကြယ်** မလွတ်စတမ်းပါ၊ ဝီရိယလုံ့လဆိုတာ **အမှန်ပင်ရှိဖို့ သတိရှပါ၊** အထက်ကိုချိန်ကာ ဝတီသာဘုံထိပ် မောင့်စိတ်က **တလူလူပါ။ သူများ** အားကိုးခါးကျိုးနာလန်မထူ၊ တကယ့်လူဆိုတာ **အတ္တာဟိ အတ္တနောနာထော**

မိမိကိုယ်သာ ကိုးကွယ်ရာ"

သီချင်းစာသားထဲကလိုပဲ လူငယ်တွေဟာ မိုးစွန်တစ်မွတ်၊ ကြယ်ကို ဆွတ်ရင်တောင် မလွတ်တမ်း ရနိုင်ပြီး၊ လုံ့လဝီရိယ အမြဲရှိကြဖို့ နှိုးဆော်ထားတာလည်း တွေ့ရပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မဆုတ်နစ်သော ဝီရိယလုံ့လ အမြဲထာဝရရှိကြဖို့ ဆရာမ တိုက်တွန်းချင်ပါတယ်။ လူငယ်တွေဟာ မြင့်မားတဲ့၊ ရည်မှန်းချက်တွေထားကြဖို့ လိုပါတယ်။ လူငယ်တစ်ဦးချင်းအနေနဲ့ ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ တွေးတောပြီး လုပ်ဆောင်နေရပါမယ်။

ဥပမာ ပြောရရင်တော့ လူငယ်တစ်ယောက်ဟာ ကျေးလက်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းဆရာလေး တစ်ယောက် ဖြစ်လာပြီဆိုပါစို့။ ဒီဆရာလေးအနေနဲ့ ငါ့ရည်မှန်းချက်ပြည့်ပြီပဲလို့ ရပ်တန့်မနေဘဲနဲ့ ကိုယ်အလုပ်လုပ်နေတဲ့ ကျေးလက်ရဲ့ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်လုပ် ဆောင်နေရမှာပေါ့။ ဒါ့အပြင် ကိုယ့်အတွက် တိုးတက်ဖို့ "စာအုပ် စာပေ လူ့မိတ်ဆွေ" ဆိုတဲ့ စကားလို တန်ဖိုးရှိတဲ့ စာပေတွေနဲ့ မွေ့လျော်သင့်တယ်ပေါ့။

ဒီဆရာလေးလိုပဲ တခြားသော နေရာဌာနတွေမှာ တာဝန်ထမ်းဆောင်မယ် ဆိုပြန်ရင်လည်း ကိုယ်ရောက်တဲ့နေရာလေးမှာ ရပ်မနေဘဲ ကိုယ့်ကိုယ်ကိုယ် တိုးတက်ဖို့ ဆက်လက် လုပ်ဆောင်သင့်ကြတာပေါ့။

သားတို့၊ သမီးတို့ရေ...

ဆရာမအနေနဲ့ ဥပမာလေးတစ်ခု ပြောပြပါရစေနော်။ ကြာပန်းကလေးတွေ အကြောင်းပါ။ ကြာပန်းဟာ မနှစ်မြို့စရာ ရွှံ့၊ နုန်းနွံနဲ့ ရေမှာ အမြစ်တွယ်ပြီးပေါက်ရပေမယ့် အဲဒီနုန်းနွံနဲ့ ရေတွေကို ကျော်လွှားနိုင်လို့ ကြာပန်းကလေးဟာ လေထဲမှာ သင်းရနံ့ မွှေးပျံ့ပြီး စင်စင်ကြယ်ကြယ် ပွင့်နေနိုင်ပါသတဲ့။ အဲဒီကြာပန်းကို နမူနာယူရင်း ကိုယ့်ရဲ့အသိစိတ်နဲ့ ကြာပန်းလေး ရွှံ့နွံတွေကို ကျော်လွှားနိုင်သလို အခက်အခဲတွေကို ကျော်နိုင်ပြီး ကြိုးစားမှုကို ရပ်မနေဘူးဆိုရင် ကိုယ့်ဘဝလည်းလှပ၊ ကြာပာရေကန်ကို တန်ဆာဆင်နိုင်သလို ကိုယ့်ပတ်ဝန်းကျင်ကသူတွေကို အကျိုးပြုနိုင်တဲ့သူ ဖြစ်လာနိုင်တာပေါ့ကွယ်၊ ဒါမှပဲ ကိုယ်ရောက်တဲ့နေရာလေးမှာ ရပ်တန့်မနေ

ဘဲ ကိုယ့်အတွက်၊ အများအတွက် ကြိုးစားရာရောက်တော့မှာပေါ့နော်။

ဒါကြောင့် အားမာန်အပြည့်ရှိကြတဲ့ သားတို့ သမီးတို့လို လူငယ်တွေဟာ တစ်နေ့မှာ ဆရာမတို့ တိုင်းပြည်က အားထားရမယ့်သူတွေဖြစ်လာနိုင်မှာ သေချာတာပေါ့ကွယ်။ ဒီလိုဆိုရင် ဆရာမငယ်ငယ်က သိပ်ကြိုက်ပြီး ကိုယ်တိုင်လည်း လိုက်နာခဲ့တဲ့ ဩဝါဒစကား တစ်ခုပြောပါရစေ။

"ကိုယ့်ကိုယ်ကိုယ်တိုး ကိုယ်ပင်နှိုး" ဆိုတဲ့ အဆိုအမိန့်အတိုင်း အများကို မနှိုးဆော်ခင်မှာ ကိုယ့်ကိုယ်ကိုယ်နှိုးဆော်ကြဖို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ဒါ့အပြင် သားတို့၊ သမီးတို့အနေနဲ့ ရေဆန်၊ လေထန်၊ မုန်တိုင်းဒဏ်ကို တွန်းလှန်ပယ်ရှင်း ဖြတ်ကျော်နင်းပြီး ပန်းခင်းတဲ့ ဘဝလမ်းကို ကြိုးစားအားထုတ်ရင်း လျှောက်လှမ်းနိုင်ဖို့ ဆုမွန်ခြွေလိုက်ပါတယ်ကွယ်။

စေတနာ အနန္တဖြင့်

ဆရာမ

ခင်မြစိမ်း (ပညာရေး)

■ သူတို့ကို မင်းတို့က အထင်ကြီးသလို မင်းတို့ဆီမှာလည်း သူတို့က အထင်ကြီးစရာတွေ အများကြီးရှိနေပါတယ်။ ကိုယ့်မှာရှိနေတာကို တန်ဖိုးထားတတ်ကြဖို့ လိုတယ်လေ။

■ ဖြစ်ချင်တာကိုဖြစ်အောင်လုပ်တဲ့သူ၊ ဝါသနာကိုအရင်းခံပြီး တီထွင်မှုနဲ့ပေါင်းစပ်တတ်တဲ့သူ။ ဒါဟာ ရောက်တဲ့နေရာမှာ ရပ်တန့်မနေဘူး။ ဒါ့အပြင် အသစ်ဖန်တီးလိုစိတ်၊ ပြောင်းလဲချင်တဲ့စိတ်၊ အဲဒီစိတ်နဲ့ ကိုယ့်ဘဝကို မြှင့်တင်လိုက်နိုင်တဲ့သူလို့ ပြောချင်တာပါ။ အဲဒီ ဆရာကတော့ 'ပန်းချီဆရာ မင်းဝေအောင်' တဲ့။

## ရောက်တဲ့နေရာမှာ ရပ်နေမှာလား

**ရွှေစကား**

သားတို့၊ သမီးတို့ရေ...

ဒီတစ်ပတ်တော့ လက်တလော ကြုံတွေ့နေတာလေးတွေ ပြောပြချင်နေတယ်။ Channel - 7 က လွှင့်တဲ့ 'အိပ်မက်ဆုံရာ' ဆိုတဲ့ အစီအစဉ်လေးပါ။ အစီအစဉ်လေးက တော်တော်ကောင်းတယ်။ ဝါသနာရှင်လူငယ်တွေကို ဖော်ထုတ်စင်တင်ပေးတဲ့ အစီအစဉ်မို့လည်း ကြိုဆိုပါတယ်။

တေးသီချင်းမျိုးစုံကို လေ့ကျင့်သီဆို ယှဉ်ပြိုင်ကြရတာမို့ လူငယ်တွေအတွက်လည်း အတွေ့အကြုံ တော်တော်ကိုရမှာပါ။ တကယ်လည်း မူရင်းအဆိုရှင်တွေနီးပါး၊ တချို့ သူတို့ထက်တောင် ကောင်းအောင် (ကော်ပီတေးများကို) ကြိုးစားသီဆိုကြတာတွေ့ရတော့ ဝမ်းသာမိတယ်။

ဒါပေမဲ့ အရေးအကြီးဆုံး အချက်ကို ပြောရရင်တော့ သူတို့အားလုံးနီးပါးဟာ မြန်မာသီချင်းကို မြန်မာသံ ပီပီသသ၊ ဟန်ပန်တကျ မဆိုနိုင်ကြတာကို ဝမ်းနည်းဖွယ် တွေ့ရတယ်။

နေ့စဉ် ပြောနေကြ၊ ကြားနေကြရတာ မြန်မာစကား၊ မြန်မာစာပါ။ တစ်ချိန်က 'တို့ဗမာအစည်းအရုံး' ရဲ့ ကြွေးကြော်သံကို သားတို့၊ သမီးတို့ သတိရဦးမယ် ထင်တယ်။

ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ... တဲ့။

တို့စာ၊ တို့စကား၊ တို့ယဉ်ကျေးမှု အားလုံးပေါ့။

သူတို့ သီချင်းတွေကို တို့ မပိုင်ဘူးလေ။ တို့ကိုယ်တိုင် အားထုတ်ရှာဖွေထားတာကမှ 'တို့ရဲ့ကိုယ်ပိုင်' ဖြစ်မှာ။

အဲဒါနဲ့ ဝတ်သက်လို့ ဆရာမ ကြုံခဲ့ရတာတစ်ခုကို ပြောပြမယ်။ မင်းတို့ စိတ်ဝင်စားမှာပါ။ ဆရာမတို့ငယ်ငယ်က အကြောင်းလေးပေါ့။

မြန်မာနိုင်ငံကို လာလည်ကြတဲ့ နိုင်ငံခြားသား ဧည့်သည်တွေက ရန်ကုန်ကနေ မန္တလေးကိုဖြစ်စေ၊ ကျိုက်ထီးရိုးကိုဖြစ်စေ သွားကြရင် ဆရာမတို့မြို့ရဲ့ စေတီတော်ကြီးကို ကားပေါ်၊ ရထားပေါ်က မြင်ရရင်ပဲ မဝင်လာဘဲ မနေနိုင်ကြဘူးတဲ့။ ခဏဖြစ်ဖြစ် ဝင်လာတတ်ကြတယ်။

ဧည့်သည် နှစ်ယောက်ကတော့ စေတီတော်ကြီးရဲ့ ခြေရင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှာ နားခိုပြီး ရက်အတော်ကြာကြာ နေသွားခဲ့ကြတယ်။ သူတို့က ဂီတဝါသနာပါတယ်။ ဂစ်တာကိုယ်စီပါလာတယ်။ ညဘက် အေးအေးဆောင်းဆောင်း ဆိုကြ တီးကြတယ်တဲ့။

အဲဒီမှာ ဂီတဝါသနာပါတဲ့ ဆရာမတို့မြို့က လူငယ်လေးအချို့က အဲဒီနိုင်ငံခြားသားတွေနဲ့ ဆိုကြတီးကြရင်း ခင်မင်သွားကြတယ်။ စကားကတော့ အနည်းအကျဉ်းလောက် ပြောနိုင်ပေမယ့် များသောအားဖြင့်တော့ နိုင်ငံတကာသင်္ကေတလို့ခေါ်တဲ့ လက်ဟန်နဲ့ပေါ့။ ဧည့်သည်တွေက ဆယ်ကျော်သက်ရွယ် မြန်မာလူငယ် ဆယ့်လေးငါးယောက်အဖွဲ့ကို ခင်ကြတယ်။ သူတို့က တစ်ဦးက သုတေသနပညာရှင်၊ တစ်ဦးက တက္ကသိုလ်က

ဆရာတဲ့။ အသက် ကတော့ ၂၅ နဲ့ ၃၀ ဝန်းကျင်ပေါ့။ အဲဒီတော့ အသက် လည်းကွာသလို အသိပညာလည်း ကွာတာပေါ့။

ဧည့်သည်တွေကလည်း သူတို့ရဲ့ဂီတကို တီးပြ၊ ဆိုပြတယ်။ မြန်မာ လူငယ်လေးတွေကိုလည်း တီးပြ၊ ဆိုပြဖို့ ပြောတယ်တဲ့။ အဲဒီတော့ လူငယ် တွေကလည်း ဆိုပြ၊ တီးပြတာပေါ့။ တစ်ပုဒ်ပြီးတော့ ကောင်းပါတယ်လို့ ပြောတယ်တဲ့။ နှစ်ပုဒ်ပြီးသွားတော့ သူတို့က 'Burma Song' လို့ ပြောတယ် တဲ့။ ကလေးတွေက တစ်ပုဒ်ဆိုလိုက် မဟုတ်ဘူး ပြောလိုက်နဲ့ပေါ့။

နောက်တစ်ခါ 'Country Song' လို့ ပြောပြန်တယ်တဲ့။ သူတို့က လည်း သူတို့ရတာ ဆိုတီးပြပြန်တယ်။ ဧည့်သည်တွေကလည်း မဟုတ်ဘူး ဘဲ ပြောနေတယ်တဲ့။

ခက်တာက ဧည့်သည်တွေရဲ့ သီချင်းဂီတကို သူတို့က နားလည် တယ်။ ခံစားလို့ရတယ်။ တစ်ခါတစ်ရံ လိုက်ဆိုနိုင်ကြတယ်။ သူတို့ရဲ့ ဂီတကိုတော့ ဧည့်သည်တွေက နားမလည်ဘူး ဖြစ်နေတယ်။

မြန်မာလူငယ်တွေက ၁၅ နှစ်၊ ၁၆ နှစ်ရွယ် ကိုးတန်း၊ ဆယ်တန်း ကျောင်းသားတွေ။ အချိန်က ဒီဇင်ဘာကျောင်းပိတ်ရက်။ သူတို့အားလပ် ရက် ညတိုင်း စုဝေးဆိုတီးကြတာက စတီရီယိုသီချင်းလို့ သိနေကြတဲ့ ကော်ပီတေးတွေ။ တကယ်တော့ အဲဒီအချိန်က နယ်မြို့တွေမှာ မြန်မာသံ သီချင်းအဆိုရှင်တွေရဲ့ သီချင်းတွေဟာ ဓာတ်ပြားတွေ၊ ကက်ဆက်တွေက နေပြီး နေ့စဉ်လို ကြားနေရတာပါ။ ဒါပေမဲ့ သူတို့က နားမထောင်ဘူး။ ရေဒီယိုက သီချင်းလည်း သူတို့က မကြိုက်ဘူး။ သူတို့ ကြိုက်တာကိုပဲ ဆိုတီးပြနေကြတာကလည်း ကော်ပီသီချင်းတွေချည်းပဲလေ။

နိုင်ငံခြားသားနှစ်ယောက်မှာ တစ်ယောက်က ဂျာမနီ၊ တစ်ယောက် က ပြင်သစ်လူမျိုး၊ အင်္ဂလိပ်စကား ပြောကြတယ်။ သူတို့သိပြီး၊ ရင်းနှီးပြီး သား တေးသွားအလိုက်တွေကို သူတို့နားမလည်တဲ့ ဘာသာစကားဖြစ်တဲ့ မြန်မာစကားလုံးနဲ့ ဆိုနေကြတော့ သူတို့က အစပိုင်းမှာတော့ ယဉ်ကျေးမှုအရ နားထောင်တယ်။ နောက်ပိုင်းကျတော့ သူတို့ လက်မခံချင်ကြတော့ဘူးလေ။

အဲဒီတော့ လူငယ်လေးတွေ အခက်တွေ့နေတာပေါ့။ ညွှန့်သည်တွေကလည်း Country Song ပဲပြောနေ၊ တောင်းဆိုနေတယ်။ တကယ်တော့ ညွှန့်သည်တွေ တောင်းဆိုနေတာက မြန်မာသံစဥ်နဲ့ ရေးဖွဲ့ထားတဲ့၊ မြန်မာလိုဆိုထားတဲ့ သီချင်းတစ်ပုဒ်ဆိုတာ **သူတို့** တစ်ယောက်မှ နားမလည်နိုင်ကြတာပဲ။

နောက်နေ့မှာတော့ **သူတို့** ပြောနေသံကြားတာကြောင့် ဒေသကောလိပ် တက်နေဆဲဖြစ်တဲ့ သူတို့ရဲ့အစ်မက အကြံပေးလိုက်တယ်တဲ့။ စိုင်းထီးဆိုင်၊ ကိုခင်မောင်တိုး၊ ကိုမင်းအောင်၊ ကိုခိုင်ထူးတို့သီချင်းတွေဆိုပြလိုက်ပါလား လို့ပေါ့။ **အဲဒီညမှာတော့** သူတို့က–

**ရေဒီယိုကမာရွတ်တို့၊ မောင့်လပြည့်ဝန်း တို့၊ ဝိုင်းရဲ့ဆည်းဆာ တို့၊ မင်းသားလေးလိုလွမ်းပြမယ် တို့၊ သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ် တို့** အစုံပါပဲ အားပါးတရ ဆိုပြလိုက်တယ်တဲ့။

အဲဒီတော့ ညွှန့်သည် နှစ်ယောက်လည်း တကယ့်ကို သဘောတကျနဲ့ ကျေနပ်နားထောင်ကြတာပေါ့။ ပြီးသွားတော့ သူတို့ တီးနေတဲ့ ဂျာမန်လုပ် ပေါ်လိုဂစ်တာကို ကလေးတွေ တီးနေတဲ့ မြန်မာပြည်ဖြစ် ဂစ်တာနဲ့ ချစ်ကြည်စွာ လဲလှယ်ပြီး နှုတ်ဆက်ပွဲသိမ်းကြတာပေါ့။ အဲဒီ လူငယ်တွေကတော့ ဆရာမရဲ့ မောင်လေးနှစ်ယောက်နဲ့ သူတို့ရဲ့ သူငယ်ချင်းတွေပဲ။

တကယ်တော့ စန္ဒရား၊ တယော ဆိုတာဟာလည်း မြန်မာ့တူရိယာ မဟုတ်ပါဘူး။ ရိုးရာဆိုင်းဝိုင်းကြီး၊ နှဲ၊ ပတ္တလားစတာတွေနဲ့ တီးခတ်နေရာက စန္ဒရား၊ တယောတွေကိုလည်း မြန်မာသံစဥ်နဲ့ ညှိပြီး မြန်မာသီချင်းတွေ တီးခတ်နိုင်အောင် ရှေးက ပညာရှင်ကြီးတွေက တီထွင်ကြံဆခဲ့ကြတယ်။ အခုတော့ ကော်ပီတေးကိုပဲ ခုံခုံမင်မင်ဆိုခဲ့ကြတဲ့အတွက်ရော၊ ကိုယ့်ဂီတစစ်စစ်ကို မလေ့လာကြတဲ့အတွက်ရော လူငယ်တွေ ကြုံနေကြရတဲ့ အခက်အခဲတွေကို ဆရာစိုင်းခမ်းလိတ်၊ ဆရာကိုနေဝ…၊ ကိုမောင်မောင်၊ ကိုရဲလွင်၊

ကိုမင်းအောင် စတဲ့ တေးရေး ပညာရှင်ကြီးတွေက ကူညီဖြေရှင်းပေးလိုက်တယ်လေ။ အဲဒါ လွန်ခဲ့တဲ့ ၁၉၈၀ ခုနှစ်လောက်က တကယ့်အဖြစ်ပါပဲ။

အဲဒါက ဘာကိုပြသလဲဆိုတော့ 'ကိုယ်ရေးကြံ့ရင် သက်လုံကောင်းဖို့လိုတယ်' ဆိုတဲ့ စကားပဲ။ တကယ်တမ်းအရေးကြုံလာတဲ့အခါ ကိုယ့်ဇာတိ၊ ကိုယ့်ဗီဇ အရင်းအမြစ်ကသာ ကိုယ့်ရဲ့ မူလဇာစ်မြစ်ကို ဖော်ထုတ်ပေးနိုင်တယ်ဆိုတာကို သိစေချင်လို့ပါ။

အဲဒါနဲ့ပတ်သက်ပြီး ဆရာမ မှတ်သားထားတာလေးတစ်ခု ပြောပြချင်သေးတယ်။ ၂၀၁၁ ခုနှစ်ကပေါ့။ အာဆီယံနိုင်ငံများရဲ့ ရစ်သမ်ဂီတဖွဲ့စပ်မှုကို ပြိုင်ပွဲတစ်ရပ်အဖြစ်ကျင်းပတဲ့အခါမှာ အာဆီယံနိုင်ငံအားလုံးက ဂီတပညာရှင်အချို့ရဲ့ တေးဂီတပုဒ်ရေပေါင်း ကိုးဆယ်ကျော် ပါဝင်ယှဉ်ပြိုင်ကြတယ်။ (မြန်မာနိုင်ငံက ဆယ့်သုံးပုဒ် ပါဝင်ယှဉ်ပြိုင်တယ်။) အဲဒီမှာ တေးပြုပညာရှင် ဆရာမြင့်မိုးအောင်ရဲ့ တေးသီချင်းက အကောင်းဆုံးဆယ်ပုဒ်(Top ten) စာရင်းဝင်တယ်တဲ့။ မြန်မာနိုင်ငံတစ်ခုတည်းဆိုရင်တော့ ပထမပေါ့။ ဒါကိုယ်ပိုင်သံစဉ်ရှာဖွေစပ်ဆိုပြီးမှ ပြိုင်ပွဲဝင်လို့ရတာလေ။ အဲဒီတော့ တကယ်တမ်း မဖြစ်မနေလုပ်ရတော့မယ်ဆိုတဲ့အခါမှာ တို့ဗမာတွေမညံ့ဘူးဆိုတာ ပြလိုက်တာပဲ။

ဒါကြောင့် အခုလို နိုင်ငံတကာနဲ့ ဆက်သွယ်ပေါင်းကူးပြီး လွတ်လပ်ပွင့်လင်းလာတဲ့အခါမှာ မင်းတို့ရဲ့ဂီတကိုပြဖို့ လိုအပ်လာရင် ရိုးရာတူရိယာဖြစ်တဲ့ အိုးစည်၊ ဒိုးပတ်၊ ပတ္တလားတွေကို မတီးခတ်တတ်သည့်တိုင်အောင် မင်းတို့နဲ့ နီးနီးစပ်စပ်ရှိနေတဲ့ ဂစ်တာနဲ့ပဲ မင်းတို့ကိုယ်တိုင် စပ်ဆိုရေးသားတဲ့ သီချင်းကို ဆိုတီးပြနိုင်ရင် အကောင်းဆုံးပေါ့။ ကိုယ့်ဂီတကိုတော့ ဘယ်တော့မှ ပစ်ပယ်မထားသင့်ပါဘူး။

နိုင်ငံတကာရဲ့ ဂီတကိုပဲ အဆင်ခြင်မဲ့စွာနဲ့ တုပနေကြမယ်ဆိုရင်တော့ ကိုယ်တိုင် တီထွင်ဖန်တီးထားတဲ့ ကိုယ်ပိုင်ဂီတတွေ တစ်စတစ်စ မှေးမှိန်

သွားနိုင်ပါတယ်။ သူတို့ကို မင်းတို့က အထင်ကြီးသလို မင်းတို့ဆီမှာလည်း သူတို့က အထင်ကြီးစရာတွေ အများကြီး ရှိနေပါတယ်။ ကိုယ့်မှာ ရှိနေတာကို တန်ဖိုးထားတတ်ကြဖို့ လိုတယ်လေ။

ကိုယ့်ကိုယ်ကိုယ် လေးစားတန်ဖိုးထားကြရင် ကိုယ့်စာပေ၊ ကိုယ့်စကား၊ ကိုယ့်ဂီတကိုလည်း တန်ဖိုးထားတတ်လာပါလိမ့်မယ်။ ဒါ့အပြင် ဘယ်နေရာမဆို ကိုယ်တိုင် တီထွင်ဆန်းသစ်နိုင်ဖို့ လိုပါတယ်။ သူများ ဖန်တီးထားတာကို သည်အတိုင်းလုပ်မယ်ဆိုရင်တော့ ပထမလူ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ **'သူထက်တော့ ဒုတိယကိုးစိမ့်ပဲ'** ဆိုတဲ့စကားကို ကြားဖူးကြမယ် ထင်တယ်။

ခရီးကတော့ ဆက်လျှောက်ရမှာပဲ။ ရပ်နေလို့မှ မရတာ။ ဒါပေမဲ့ ကိုယ်နဲ့အတူ သယ်ဆောင်သွားရမယ့် အရာတွေဟာ ဘာတွေလဲ ဆိုတာကို သိဖို့ လိုသလို ကိုယ်တိုင်လည်း ရပ်မနေဘဲ ကိုယ့်စာ၊ ကိုယ့်စကား၊ ကိုယ့်ဂီတကိုလည်း ထားမပစ်ခဲ့ဘဲ အတူသယ်ယူသွားကြပါလို့ မှာလိုက်ချင်ပါတယ်။ ဘယ်အရာတွေက ကိုယ်နဲ့အတူ သယ်ယူသွားရမယ့် အရာတွေလဲ။

အဲဒါနဲ့ ပတ်သက်ပြီးတော့ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အတွေးနဲ့ ကိုယ်တိုင် တီထွင်အားထုတ်ပြီး ကမ္ဘာအထိ ထိုးဖောက်နိုင်ခဲ့တဲ့ မြန်မာလူမျိုး အနုပညာဖန်တီးရှင် တစ်ယောက်အကြောင်း ပြောပြဦးမယ်။

သင်ဆရာ၊ မြင်ဆရာတွေရဲ့ သင်ကြားပေးသမျှကိုလည်း လိုက်နာမှတ်သားပြီး လေ့ကျင့်အားထုတ်ခဲ့တယ်။ ပြီးတော့ ဆရာတွေရဲ့ လမ်းကြောင်းအတိုင်း တစ်သမတ်တည်း မလိုက်ဘဲ ကိုယ့်ရဲ့ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်တွေးကြံမှုကို အသုံးပြုတယ်။ စူးစူးစမ်းစမ်းနဲ့ ရှာဖွေလေ့ကျင့်ပြီး ကြိုးပမ်း အားထုတ်နိုင်ခဲ့တဲ့အတွက် သမာရိုးကျ အတွေးကနေ လမ်းအသစ်ထွင်ပြီး စူးစူးရှရှ ထိုးဖောက်နိုင်ခဲ့တဲ့ ပန်းချီပညာရှင်တစ်ယောက် အကြောင်းပေါ့။

သူကလည်း တစ်ချိန်က မင်းတို့လို လူငယ်ကျောင်းသားလေးပါပဲ။

ဒါပေမဲ့ သူက သူ့စိတ်၊ သူ့ဦးတည်ရာလမ်းကြောင်းကို သိတယ်။ ကိုယ့်ကိုယ်ကိုယ် မြင်အောင်ကြည့်နိုင်တဲ့အတွက် အောင်မြင်မှုကို ထိုက်ထိုက်တန်တန် ရယူနိုင်တဲ့တယ်။

သင်ကြားပေးတဲ့ ဆရာတွေရဲ့ နည်းစနစ်တွေကို အခြေခံတယ်။ ကိုယ်ပိုင်စိတ်ကူးဉာဏ်နဲ့ အသစ်ထွင်တယ်။ 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်' ဆိုတဲ့ စကားအတိုင်းပဲ။ ရှေ့ကသွားသူရဲ့ ပခုံးပေါ်ကနေ ကျော်ကြည့်ပြီး ပိုဝေးတဲ့မြင်ကွင်းကို ကောင်းကောင်းအသုံးချနိုင်ခဲ့လို့ပဲ။ အဖေတည်ပေးတဲ့အုတ်မြစ်ကို ပိုမြင့်တဲ့အဆောက်အအုံဖြစ်ဖို့ သားတွေက တာဝန်ယူကြတယ်။ အမြင့်ဆုံးဖြစ်လာမယ့် 'အထွတ်'ကိုတင်ဖို့က မြေးတွေရဲ့တာဝန်ပဲ။ ဆရာတွေက သမားစဉ်အတိုင်း သင်ပြတယ်။ တပည့်က ဆန်းသစ်တဲ့အတွေးနဲ့ ဉာဏ်ကိုကွန့်ပြီး သူတကာ မတွေးတဲ့ဘက်က သူတကာ မကြည့်တဲ့မြင်ကွင်းကိုယူပြီး ရေးဆွဲလိုက်တယ်။ အဲဒီတော့ သူ့ရဲ့ပန်းချီကားတွေက လင်းတယ်၊ ထင်းတယ်၊ ကြည့်သူရဲ့အာရုံမှာ အတွေးအသစ်ကို ပေးတယ်။

ဆရာမက ပန်းချီသဘောကို နားလည်လှလို့ မဟုတ်ပါဘူး။ ပန်းချီကားတွေကို ကြည့်ရတာ ကြိုက်တယ်။ တွေးလို့ကောင်းတယ်။ တချို့ကိုတော့ လုံးဝ နားမလည်တာတွေလည်း ရှိပါတယ်။

ဒါပေမဲ့ ဆရာမ ယုံကြည်တာတစ်ခုကတော့ ပန်းချီဆိုတာ အနုပညာပဲ။ အနုပညာရဲ့သဘောက 'ခံစားမှု' ပဲလို့ ယုံကြည်တယ်။ သီချင်းတစ်ပုဒ်၊ ဂီတဖွဲ့စည်းမှုတစ်ခု၊ ပန်းချီကားတစ်ချပ်၊ ရသစာပေ တစ်ပုဒ်၊ ကဗျာတစ်ပိုဒ်ဟာ ဖန်တီးသူရဲ့ ခံစားမှုအဖုံဖုံက ထွက်ပေါ်လာတာ ဖြစ်သလို ကြည့်သူ၊ ဖတ်သူ၊ နားဆင်သူကလည်း ခံစားမှုအပြည့်အဝ ရှိမှသာ အဲဒီ အနုပညာရဲ့ 'ရသ' ကို ဖမ်းဆုပ်နိုင်မှာကိုး။

ဆရာမက စာအုပ်တွေမှာ၊ မဂ္ဂဇင်းတွေမှာ သာသနာ့နွယ်ဝင်၊ ရဟန်းဝတ်နဲ့ ကိုရင်လေးတွေ၊ ဦးပဉ္စင်းတွေကို ထီးဆောင်းထားပုံ၊ သပိတ်ပိုက်ထားပုံလို ပုံမျိုးတွေကို နောက်ကျောကနေ ရိုက်ထားတာမျိုးတွေကို မြဝတီ

ဓာတ်ပုံပြိုင်ပွဲမှာ မြင်ဖူးထားတယ်။ ဓာတ်ပုံဆရာကတော့ အလင်းအမှောင်၊ နေရာအထားအသို၊ ဖွဲ့စည်းမှု ဆိုတာတွေကို သူ့ရဲ့ဓာတ်ပုံပညာနဲ့ ခံစားမှုပေါ် အောင် ရိုက်ကူးတင်ပြထားတာပေါ့။ ရှေးခေတ်က ဘုန်းတော်ကြီးကျောင်း တွေရဲ့ အုတ်လှေကားကြီးကနေ ဆင်းလာပုံ၊ ကျောပေးပြီး လှေကားကို တက်သွားပုံ၊ ကျောင်းကြီးရဲ့ဘေး အဆောင်ကလေးမှာ ကိုရင်လေးတွေ ထိုင်နေပုံ အမျိုးမျိုး တွေ့ဖူးတယ်။ ချစ်စရာကောင်းလွန်းလို့ သတိထားပြီး ကြည့်မိတယ်။

နောက် ကိုရင်တွေ တန်းစီပြီး ကြွသွားပုံကို နောက်ကျောဘက်က နေပြီး ဆွဲထားတဲ့ ပန်းချီကားလေးကို မဂ္ဂဇင်းတွေထဲမှာ သတင်းအဖြစ်ဖော်ပြ ထားတာ မြင်ရတော့ လှလွန်းလို့ မကြည့်ဘဲ မနေနိုင်ဘူး။

ဘာကြောင့်လဲဆိုတော့ သူများနဲ့မတူတဲ့ မြင်ကွင်းတစ်မျိုးကို သတိ ထားခံစားမိတယ်လို့ ထင်တယ်။ ဒီပန်းချီကားတွေကို ဖန်တီးတဲ့ပန်းချီ ဆရာကလည်း အဲဒီကားတွေနဲ့ပဲ ကမ္ဘာကျော်သွားတယ်ဆိုတာ စာအုပ်တွေ ထဲမှာ ဖတ်လိုက်ရတယ်။ အဲဒီ ဆရာက သင်ယူထားတဲ့ ပညာရယ်၊ မြင်ဖူးထားတာရယ်ကို ကိုယ်ပိုင်စိတ်ကူးနဲ့ အသစ်ထွင် ဖန်တီးလိုက်တာလို့ ဖတ်ရဖူးတယ်။ အဲဒါ တီထွင်လိုစိတ်ကြောင့် ရလာတဲ့ အောင်မြင်မှုပဲပေါ့။

တကယ်တော့ ငယ်စဉ်မှာ ပင်ပန်းကြီးစွာ ကြိုးစားခဲ့ရတာ၊ အခက် အခဲတွေ၊ ဆင်းရဲမှုတွေဆိုတာကတော့ ကြိုးစားရန်းကန်သူတိုင်းလိုလို ကြုံ တွေ့ရတတ်တာမို့ အထူးမပြောပြတော့ဘူး။ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တဲ့ သူ၊ ဝါသနာကို အရင်းခံပြီး တီထွင်မှုနဲ့ ပေါင်းစပ်တတ်တဲ့သူ။ ဒါဟာ ရောက်တဲ့နေရာမှာ ရပ်တန့်မနေဘူး။ ဒါ့အပြင် အသစ်ဖန်တီးလိုစိတ် ပြောင်း လဲချင်တဲ့စိတ်၊ အဲဒီစိတ်နဲ့ ကိုယ့်ဘဝကို မြှင့်တင်လိုက်နိုင်တဲ့သူလို့ ပြော ချင်တာပါ။ အဲဒီ ဆရာကတော့ 'ပန်းချီဆရာမင်းဝေအောင်' တဲ့။ ခုအချိန် မှာတော့ အလွန်ကို အောင်မြင်ကျော်ကြားပြီး ကိုယ်ပိုင် Gallary တစ်ခုကို

လည်း ပိုင်ဆိုင်ထားတယ်။ သူ့ရဲ့ ပန်းချီကားတွေကိုလည်း ကမ္ဘာတစ်ဝန်းက အနုပညာ ပြတိုက်တွေမှာ တခမ်းတနား ချိတ်ဆွဲပြထားကြတယ်လေ။

အဲဒီတော့ စောစောကပြောခဲ့သလို လျှောက်တာတော့ ဆက်လျှောက်ရမှာပဲ။ ရပ်နေလို့မှ မရတာ။ အဲဒီလို ဆက်လျှောက်တဲ့အခါမှာ သူများဖော်ပေးထားတဲ့လမ်းအတိုင်း ဆက်လျှောက်မလား။ ကိုယ့်လမ်းကိုယ်ထွင်ပြီး လျှောက်မလား။ လူတိုင်းကတော့ ကိုယ့်ဘဝအောင်မြင်ရေးအတွက် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဆက်လျှောက်နေကြတယ်လေ။ အောင်မြင်မှုဆိုတာက မြင့်မားလေ ကျယ်ပြန့်လာလေလို့ ခံစားရတဲ့အရာမျိုးပဲ။ အကကာသဟင်းလင်းပြင်ကြီးလိုပဲ မဟုတ်လား။ အဲဒီအောင်မြင်မှုဆီကို ရောက်ဖို့က ဘယ်လမ်းက သွားသွား ရောက်ပါတယ်။ ဦးတည်ချက်မပျောက်ဖို့သာ အရေးကြီးတာပါ။

လမ်းဟောင်းအတိုင်း သွားမလား။

လမ်းသစ်ထွင်ပြီး လျှောက်မလား။

ရလာမယ့်အောင်မြင်မှု အရသာကတော့ မတူနိုင်ဘူး။

ရလဒ်ကလည်း အလွန်ကို ကွာခြားနေမှာလေ။

သားတို့သမီးတို့ရေ - ကိုယ်ပိုင်ဉာဏ်နဲ့ လမ်းသစ်ဖောက်ပြီး ကိုယ်တိုင် အောင်မြင်မှုတွေ ရနိုင်ကြပါစေလို့ ဆရာမက ဆန္ဒပြုလိုက်ပါတယ်။

**သားတို့၊ သမီးတို့ရဲ့ ဆရာမ**

**ရွှေစထား**

**'မင်းအချိန်ကိုမင်းပိုင်တယ် ' (လူငယ်အကျိုးပြုစာစု)** အတွက်

**'စာမှုဖိတ်ခေါ်ခြင်း'**

စာပေမြတ်နိုးသူ**လူငယ်များ၊**
စာပေဝါသနာရှင်**လူငယ်များ၊**
ကိုယ်တိုင်ကြိုး**စားအားထုတ်**နေသူလူငယ်များ၊
**လူငယ်ကလောင်ရှင်များ သို့ —**

စာပေခရီးသွားများ၏ အထူးအစီအစဉ်အဖြစ် ထုတ်ဝေမည့် "**မင်းအချိန်ကိုမင်းပိုင်တယ်**" စာအုပ်အတွက် ဖိတ်ခေါ် **'ဆောင်းပါးစာမှု'** များကို **'နှစ်သက်ရာခေါင်းစဉ်'** ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

လူငယ်အချင်းချင်း အတွေ့အကြုံ အသိအမြင် ဖလှယ်ကြခြင်းဖြင့်၄င်း အသိ၊ အတတ်၊ အားထုတ်မှု၊ ချင့်ချိန်ဝေဖန်မှုများကို မျှဝေကျင့်သုံးကြခြင်းဖြင့်၄င်း မိမိနှင့်ဝန်းကျင် တိုးတက်အောင်မြင်ရေး၊ မိမိကိုယ်ကို အသိဉာဏ်တိုးတက်မြင့်မားစေရန် ကြိုးစားကျင့်သုံးနိုင်ရေး၊ တစ်ပါးသူ အတွက် မျှဝေလိုစိတ်ရှိရေး၊ မှန်ကန်သော အတွေးအကြံ လုပ်ဆောင်ချက်များကို ဖော်ဆောင်နိုင်ရေး တို့အတွက် **'စာပေခရီးသွားများ'**၏ အစီအစဉ်သစ်တစ်ရပ်အဖြစ် **'လူငယ်ကလောင်ရှင်များ'** အား ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။

အပြုသဘောဆောင်သော အားမာန်ပါသည့် အရေးအသားဖြင့် **'မိမိအချိန်ကို အကျိုးရှိစွာ အသုံးပြုနေသော၊ မိမိသူတစ်ပါး ကောင်းစားရေးရှုသော'** အရေးအသားမျိုးဖြင့် ရေးသားဖော်ပြစေလိုပါသည်။

ရွေးချယ်ခြင်းခံရသော ဆောင်းပါးစာမူများကို

**"မင်းအရိပ်ကိုမင်းပိုင်တယ်"**

ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ဝေမည့် စာအုပ်တွင် ဖော်ပြပြီး ထိုက်သင့်သော ညာက်ပူဇော်ခြင်းဖြင့် ချီးမြှင့်ပါမည်။

**ကိုယ်တိုင်ရေးဖြစ်ကြောင်း၊ မည်သည့်စာအုပ်စာစောင်တွင်မျှ ဖော်ပြဖူးခြင်းမရှိသေးသော အသစ်စက်စက်ဆောင်းပါးဖြစ်ကြောင်း ကိုယ်တိုင်ကတိပြုလက်မှတ်ရေးထိုး၍ ပေးပို့ရပါမည်။**

*အမည်ရင်း* -
*ကလောင်အမည်* -
*နိုင်ငံသားမှတ်ပုံတင်အမှတ်* -
*မွေးသက္ကရာဇ်* -
*ပညာအရည်အချင်း* -
*အလုပ်အကိုင်* -
*နေရပ်လိပ်စာအပြည့်အစုံ* -
*ဖုန်းနံပါတ်* -

တို့ကို ပြည့်စုံစွာဖော်ပြ၍

**စာပေခရီးသွားများ စာအုပ်တိုက်**

အမှတ်-၄၃၃(စီ)၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊

(၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ သို့ ---

**၃၀-၁၂-၂၀၁၂ နောက်ဆုံးထား၍ ပေးပို့ပါရန်။**

**ကျေးဇူးတင်လျက်**

**ရွှေစကား**

**(စာပေခရီးသွားများ)**